www.burmeseclassic.com

# ခင်ခင်ထူး

## ဈေးခြင်းတောင်း ဝတ္ထုတိုများ

BURMESE CLASSIC .com



(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကိုဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံး ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

BURMESE CLASSIC .com

# ဈေးခြင်းတောင်းဝတ္ထုတိုများ

---

## ခင်ခင်ထူး

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၈၀၁၀၅၀၈

**အဖုံးခွင့်ပြုချက်အမှတ်**
၅၀၁၄၅၄၀၀၀၈

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ်၊ ၂၀၀၉ မတ်လ

**အုပ်ရေ**
၁၀၀၀

**မျက်နှာဖုံးပန်းချီ**
မောင်မောင်သိုက်

**အတွင်းဖလင်**
မျိုးညွန့်နှင့်အဖွဲ့ (A-7 Group)

**အဖုံးဖလင်**
Eagle

**တန်ဖိုး**
၁၅၀၀

ထုတ်ဝေသူ ဦးဝင်းချို ရွှေဝံစာအုပ်တိုက်
အမှတ် ၂၁၂၊ ၃၁လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍
ဒေါ်ချိုချိုအေး ရွှေဝံပုံနှိပ်တိုက် အမှတ်(၈၈)၊ ၅၁လမ်း၊
ပုဇွန်တောင်မြို့နယ်၌ အတွင်းနှင့် မျက်နှာဖုံးကို ပုံနှိပ်သည်။

## ရွှေဝံ စာအုပ်တိုက်က ထုတ်ဝေပြီးစာအုပ်များ

BURMESE CLASSIC .com

| | | |
|---|---|---|
| ၁၀၁။ | ဝတ်လည်းတော်ရွှေပုဆိုး တန်းထိုးလို့ကြိုမယ် | ခင်ခင်ထူး |
| ၁၀၂။ | ပီမိုးနင်းဝတ္ထုတိုများ(၄) | ပီမိုးနင်း |
| ၁၀၃။ | ဆုံးမကွပ်ကောင်း၊ မကွပ်ကောင်းဟု | နေဝင်းမြင့် |
| ၁၀၄။ | အညာသူ အညာသား ကျွန်မချွေမျိုးများ | ခင်ခင်ထူး |
| ၁၀၅။ | နောင်ခေတ်တက္ကသိုလ် ဘဝမှတ်တမ်းများ(ဒုတိယအကြိမ်) | မြကေတု |
| ၁၀၆။ | သင့်ဘဝအတွက် အရေးကြီးဆုံးအရာ | မြတ်ငြိမ်း |
| ၁၀၇။ | ပီမိုးနင်းဝတ္ထုတိုများ(၅) | ပီမိုးနင်း |
| ၁၀၈။ | ပညာခေတ်၏ နောက်ဆုံးပေါ် ဝေါဟာရအသစ်အဆန်းများ | လူအောင် |
| ၁၀၉။ | Stylistic Transformation for High School Student | ဒေါ်ခင်သီတာ |
| ၁၁၀။ | တောကျီးကန်းဝတ္ထုများ | နေဝင်းမြင့် |
| ၁၁၁။ | အလယ်တန်းကျောင်းသားများအတွက် အင်္ဂလိပ်စာ အက်ဆေးနှင့် ပေးစာများ | ဦးကျော်ဆန်းလင်း |
| ၁၁၂။ | ပဲသင်းကောက်ဝတ္ထုတိုများ | ခင်ခင်ထူး |
| ၁၁၃။ | အိပ်ကလေး(၁၆)လုံး (ဒုတိယအကြိမ်) | နေဝင်းမြင့် |
| ၁၁၄။ | အင်္ဂလိပ်စကားပြော အီဒီယမ် | ဆန်းလင်းထွန်း |
| ၁၁၅။ | သိပ္ပံရဲ့လားကျွန်းမာရေး | ဒေါက်တာခင်ပန်နှင်း |
| ၁၁၆။ | ရသစာပေ၏သဘော | ဇော်ဂျီ |

**ယခု**

| | | |
|---|---|---|
| ၁၁၇။ | ချောခြင်းတောင်း | ခင်ခင်ထူး |

**ဆက်လက်၍**

| | | |
|---|---|---|
| ၁၁၈။ | ဆရာကောင်းတစ်ယောက် ဖြစ်ရလေအောင် | လူအောင် |

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| - | အမှာစာ | ၁ |
| ၁။ | ဈေးခြင်းတောင်း | ၅ |
| ၂။ | တစ်စွန်းဈေး | ၁၉ |
| ၃။ | တောဈေး | ၃၁ |
| ၄။ | တစ်မနက်ခင်းဈေး | ၄၅ |
| ၅။ | အမေနှင့် ဈေးသည်များ | ၆၇ |
| ၆။ | အမေနှင့် ဈေးဝယ်များ | ၈၃ |
| ၇။ | ပွဲဈေးတန်း | ၉၇ |
| ၈။ | ဈေးစာရင်း | ၁၁၁ |
| ၉။ | ဈေးသည်မ မပိုင် | ၁၂၅ |
| ၁၀။ | ရထားဈေးသည်များ | ၁၃၉ |
| ၁၁။ | မီးဈေး | ၁၅၃ |
| ၁၂။ | အမေ့ဈေးသေတ္တာကလေး | ၁၆၉ |
| ၁၃။ | ဗီဒီယိုဈေး | ၁၈၃ |


BURMESE CLASSIC .com

# အမှာစာ

ကျွန်မ ရေးဖြစ်သမျှ ဝတ္ထုတိုကလေးများကို စုစုစည်းစည်း ပြန်ဖတ်ဖြစ်သည့်အခါ ကျွန်မ ကျင်လည်ရာပတ်ဝန်းကျင်ကို ရေးဖွဲ့သည့် ဝတ္ထုတိုကလေးများ ချည်းဖြစ်နေတာ တွေ့ရပါသည်။ ကျွန်မ စာသင်ရာကျောင်းနှင့် ကျွန်မတပည့်ကလေးများ၊အကြောင်း၊ ကျွန်မ နေထိုင်ကြီးပြင်းရာ ကျေးလက်က လူတွေအကြောင်း၊ မိဘများနှင့်အတူ နေထိုင်ရာ ကျွန်မတို့ မန္တလေးမြို့ စွန် ရပ်ကွက်ကလေးအကြောင်း၊ မြစ်ကမ်းနားက ဘဝတွေအကြောင်း။ သည့်အထဲမှာ ဈေးနှင့် ပတ်သက်သည့် ဝတ္ထုတိုကလေးတွေလည်း ပါနေသည်။ သီးသန့်ထုတ်လိုလ်တော့ ၁၀ ပုဒ်ကျော်လောက် ရှိပါလိမ့်မည်။ အခု သည့်ဝတ္ထုတိုကလေးများကို စုစည်းပြီး **"ဈေးခြင်းတောင်း ဝတ္ထုတိုများ"** ဟု ကျွန်မ အမည်ပေးလိုက်ပါပြီ။

အိမ်မှာ အစ်ကိုမောင်ဖားများကြား တစ်ဦးတည်းသောသမီးဖြစ်သူ ကျွန်မမှာ အမေနှင့်အတူ သို့မဟုတ် ကျွန်မကိုယ်တိုင် ဈေးကို အမြဲလိုက်ရသူ၊ အမြဲ ဈေးဝယ်ပေးရသူဖြစ်ခဲ့သည်။ ဝယ်ရုံမျှမက ချက်ပြုတ်ပြင်ဆင် ခြင်းခပ်ဆိုသလို ကျွန်မပဲ မိန်းကလေးပီပီ စီစဉ်ရသည်။ နောင်မှာ အမေက ဈေးမသွားတော့ဘဲ ကျွန်မကိုသာ လွှတ်ပါတော့သည်။ သည်ဝတ္ထုတိုကလေး

www.burmeseclassic.com

www.burmeseclassic.com



များသည် ကျွန်မ၏ ဈေးအတွေ့အကြုံများချည်း မဟုတ်ဘဲ ကျွန်မတို့ မိသားစု၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်နေသည့် အတွေ့အကြုံများလည်း ပါပါသည်။

ကျွန်မမိဘနှစ်ပါးသည် ကျွန်မငယ်စဉ်တောင်ကျေးဘဝကတည်းက တောသူတောင်သားများပီပီ ရေးလှေကြီးများဖြင့် ကုန်စည်ရောင်းဝယ်ခြင်း၊ မိခင်မှာလည်း ဆယ့်နှစ်ပွဲဈေးသည်ဘဝဖြင့် ရပ်တကာလှည့်ကာ ပင်ပင်ပန်းပန်း ဈေးဆိုင်တည်ခင်းရောင်းချခြင်းဖြင့် ဘဝဝမ်းစာရှာခဲ့ကြသူများ ဖြစ်ပါသည်။ အဖေက ပျဉ်ဆယ်ပြားခင်း ရေးလှေကြီးကို ထိုး၊ အမေက လှေသူကြီးကတော်ဘဝဖြင့် လှေပေါ်ပါလာသည့် အကြေအညာ ကုန်မျိုးစုံကို ဧရာဝတီမြစ်ကမ်းတစ်လျှောက်က ရွာစဉ် ဆိပ်ကမ်းတကာမှာ လည်ရောင်း။ နောက်တော့ ဂေဇက်ရ တန်ခိုးကြီး အညာဘုရားပွဲတော်စဉ် လှည့်ကာ စဉ့်အိုး စဉ့်ခွက် မြေထည်မျိုးစုံ ရောင်းချရင်း အသက်မွေးခဲ့ကြရသည်။ အရပ်တကာ မလှည့်နိုင်တော့သည့်အခါ မြင်းခြံမြို့ဈေးကြီးအတွင်း အိုးဆိုင်ဖွင့်ကာ ရောင်းခဲ့သေးသည်။

မိဘနှစ်ပါး၏ ကြမ်းတမ်းသော အသက်မွေးဘဝများနှင့် ကပ်လျက် ကျွန်မသည်လည်း ငယ်စဉ်ဘဝကတည်းကပင် ဆယ့်နှစ်ပွဲဈေးသည်ကလေး ဖြစ်ခဲ့ဖူးသည်ဟု ဆိုချင်ပါသည်။ ကျွန်မ အရွယ်ကလေးရောက်လာတော့ အမေကိုယ်တိုင် ဈေးမရောင်းနိုင်တော့ပါ။ တစ်သက်လုံး ဈေးရောင်းခဲ့သမျှ အနားယူသည့်အချိန်မှာတော့ ကျွန်မကို ဈေးရောင်းဈေးဝယ်ဘဝ တွေ့အကြုံတွေကို အမြဲလိုလို စိတ်ကူးရတိုင်း ပြောပြနေတတ်ခဲ့သည်။ အထူးသဖြင့် ဈေးသည်ဘဝကလာသည့် အမေ့ဈေးဝယ်နည်းတွေကို တစ်လျှောက်လုံးလိုလို ကျွန်မ ကြားနာခဲ့ရသည်။ ဈေးဝယ်ခြင်းသည်လည်း လူ့ဘဝအတွက် လိုအပ်သော အတတ်ပညာတစ်ခုအဖြစ် ကျွန်မ သဘောပေါက်နားလည်ခဲ့ရ၏။



ကျွန်မ မန္တလေးတက္ကသိုလ်မှ ဘွဲ့ရပြီးသည့်အခါ အဖေက ရေးဝိုစံ လေးဆင့်မှန်ဘီရိုကြီးတစ်လုံး လက်သမားနှင့် ကျကျနနလုပ်ကာ အိမ်ရှေ့တွင် စတိုးဆိုင်ဖြင့်ဈေးရောင်းဖို့ ပြင်ဆင်ပေးခဲ့သည်။ သည်တုန်းက ကျွန်မကလည်း ဈေးသည်မလုပ်ချင်၊ အဖေကလည်း ဝန်ထမ်းမလုပ်စေချင်၊ သည်နှစ်ခုကြားမှာ ကျွန်မ မျက်ရည်ကျခဲ့ဖူး၏။ အတန်းပညာ ဘွဲ့ယူပြီးသည်အထိ ပညာတွေသင်ပေးပြီးကာမှ အဖေကပဲ ဈေးရောင်းစေချင်သတဲ့လား။ ကျွန်မ သင်ယူခဲ့ရသည့်ပညာတွေ နှမြောစရာလို့လည်း တွေးမိပါသည်။ ဒါက ကျွန်မ၏ အမြင်။ အဖေကတော့ ပညာသင်တာ သပ်သပ်၊ အသက်မွေးဝမ်းကျောင်းစေချင်တာက သပ်သပ် ဖြစ်ပုံရပါ၏။ သူ့လှေလှော် လှေခတ်ဘဝနှင့် နှိုင်းယှဉ်ကာ ကျွန်မကို ပြောခဲ့ဖူးသည်။

"ယက်ကန်းတတ်တော့ တစ်မတ် ... ဈေးရောင်းတတ်တော့ တစ်ကျပ်တဲ့ ... ဈေးရောင်းဈေးဝယ်များတတ်ရင် ဘဝမှာ မိုးမခေါင်ဘူးသမီးရဲ့ ..."

ကျွန်မနှင့် အဖေ ဘယ်သူ့အတွေးအခေါ်က မှန်သလဲတော့ ကျွန်မ မဝေခွဲတတ်ခဲ့ပါ။ အခုတော့ ကျွန်မမှာ အဖေကိုယ်တိုင် လိုလိုလားလား ခင်းပေးခဲ့သော လမ်းကို မလျှောက်ဖြစ်လို့များ မိုးမခေါင်း ချောင်းမစီး ဖြစ်နေရတာလားလို့ တစ်ခါတစ်ခါ တွေးမိရသည်။ ကျွန်မကိုယ်တိုင် ဈေးဆိုင်ထိုင်ကာ ဈေးမရောင်းဖြစ်ခဲ့သော်လည်း နေ့စဉ် ဈေးဝယ်ခြင်း အလုပ်ကို လုပ်နေရသော အိမ်ရှင်မတစ်ယောက်မို့ ဈေးနှင့်တော့ စိမ်းနေချင်လို့ မရခဲ့ပါ။ သည်အတွေ့အကြုံများထဲက တစ်ချို့ကို ကျွန်မ ဝတ္ထုတိုကလေးများ ရေးဖွဲ့ထားခြင်း ဖြစ်ပါ၏။

သည်ဝတ္ထုတိုကလေးတွေ ရေးနေစဉ်တုန်းကတော့ သည်လို ဈေးဝတ္ထုကလေးတွေချည်း သီးခြားထုတ်ဖို့ စိတ်ကူးမရှိခဲ့ပါ။ ရေးရင်းဖြင့် ဝတ္ထုတိုတစ်အုပ်စာ ဖြစ်လာတော့လည်း ဝတ္ထုတိုပေါင်းချုပ်ကလေး ထုတ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖို့ စိတ်ကူးရပြန်သည်။ ထို့ကြောင့် ကျွန်မထုတ်ဖြစ်ခဲ့သော အခြား ဝတ္ထုတိုပေါင်းချုပ်များတွင် မထည့်ဘဲ သီးသန့်ဖယ်ထားဖြစ်ခဲ့ပါသည်။ အခုတော့ သည်ဝတ္ထုတိုကလေးတွေကိုပဲ ဈေးခြင်းတောင်းလို့ အမည်ပေးကာ ထုတ်ဝေဖြစ်ခဲ့ပါပြီ။

သည်ဝတ္ထုတိုပေါင်းချုပ်ကလေးဖြစ်အောင် စီစဉ်ဆောင်ရွက်ကူညီပေးခဲ့ကြသော ဦးထွန်းဦး (ထွန်းဦးစာပေ)၊ ကိုမြင့်အောင် (ယနေ့မန္တလေးစာအုပ်တိုက်) နှင့် ကျွန်မ၏ ဈေးဝတ္ထုတိုများကို ဖော်ပြပေးခဲ့ကြသော သက်ဆိုင်ရာ မဂ္ဂဇင်းအယ်ဒီတာများနှင့်တကွ စာဖတ်ပရိသတ်များကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

လေးစားလျက်

**ခင်ခင်ထူး**

၂၀၀၅ ခုနှစ်၊ ဖွန်လ (၁) ရက်၊

မန္တလေး။



www.burmeseclassic.com

# ဈေးခြင်းတောင်း

## (၁)

ကျွန်မတို့မိသားစု သည်ရပ်ကွက်ကလေးဆီကို ပြောင်းရွှေ့လာခဲ့တာ သိပ်မကြာသေးပါ။ နှစ်လလောက်သာ ရှိပါဦးမည်။ မန္တလေးမြို့သစ်က ရပ်ကွက်တစ်ခုမှာ ကျွန်မတို့ နေထိုင်ရမှာဆိုတော့ ပြောင်းမလာခင်ကတည်းက ဘုန်းကြီးကျောင်းတွေ၊ ဈေးတွေ၊ စာသင်ကျောင်းတွေ၊ ကျန်းမာရေးအတွက် ဆေးခန်းတွေကို အရင်စနည်းနာထားခဲ့ရသည်။ ကံကောင်းသည်မှာ အလွန်စည်ကားသော ဈေးကြီးတစ်ဈေးနှင့် သိပ်မဝေးခြင်းဖြစ်ပါသည်။ ဈေးဆိုတာကလည်း ကျွန်မတို့ အိမ်ရှင်မများအဖို့တော့ အဓိကကျသော အကြောင်းရင်းတစ်ခုလို့ပင် ဆိုချင်ပါသည်။ နိစ္စဓူဝ စာရေးနေရေးဝတ်ရေး ကိစ္စတွေမှာ ဈေးကလည်း အရေးပါသည်။ အထူးသဖြင့် ဈေးနှင့်နီးတော့ သွားရလာရ လွယ်ကူသလို ကိုယ်တိုင်လည်း ဈေးသွားဖြစ်သည်။ နေ့စဉ်နှင့်အမျှ မနက်မိုးလင်းသည်နှင့် ပြည့်စုံတာ မပြည့်စုံတာထား။ မိသားစု စားရေးသောက်တာကို စီမံချက်ပြုတ်ရခြင်း အလုပ်သည်ပင် လွယ်အယောင်နှင့် ခက်သည့်ကိစ္စဖြစ်သည်။ မိသားစုဝင် တစ်ဦးချင်းစီ၏ အကြိုက်ဖြစ်ဖို့၊

www.burmeseclassic.com

www.burmeseclassic.com



မိသားစုအားလုံး တစ်ပြေးညီဖြစ်ဖို့၊ ချိုချိုချောင်ချောင် ပေါပေါလောလော ဆိုသော်လည်း အစပ်အဟပ်တည့်ဖို့ စဉ်းစားရတာ၊ ထမင်းမြိန်အောင် ဟင်းစပ်ကလေး အဟပ်ညီအောင် စဉ်းစားရတာ လွယ်တာတော့မဟုတ်။

ရှိတာလေးနှင့် လုအောင်ဝတ်၊ ရတာလေးနှင့် လောက်အောင်စားဆိုသည့်စကားက စကားလေးလှသလောက် တကယ်တမ်းကျတော့ တွေးရတာကပင် ခေါင်းစားလှပါသည်။ မနက် ဘာဝယ်ရမလဲ၊ ဘာချက်ရမလဲ ဆိုတာကို မနက်မိုးလင်းလင်းချင်း မေတ္တာသုတ်မှ မရွတ်ရခင် (တစ်ခါတရံ ညအိပ်ရာထဲမှာပင်) စိတ်လက်မအား တွေးတောဆင်ခြင်နေရပါသည်ဟု ဆိုလျှင် လွန်သည်ဟု မထင်စေချင်ပါ။ တကယ်လက်တွေ့ ဈေးနှင့် မျက်နှာချင်းဆိုင်ရတာ၊ ဝယ်ရ ခြမ်းရတာ ကျွန်မတို့ အိမ်ရှင်မများ မဟုတ်လား။ အိမ်ဦးနတ်၏ ကျေးဇူးလည်းကြီးပါ၏။ ကျွန်မတို့ မိန်းမသားတွေကလည်း သက်သာလှတာတော့ မဟုတ်ပါ။

ကျွန်မတို့နေထိုင်မည့် မြို့သစ်က ဈေးနှင့်နီးသည့်အတွက် မနက်ခင်း တာဟီရကလေးတွေပြီးလျှင် ဈေးခြင်းတောင်းကလေးဆွဲ ဈေးသွားရင်း လမ်းလျှောက်ဖြစ်မည်။ ကိုယ်တိုင်မျက်မြင် ဝယ်ရတာဆိုတော့ စိမ်းစိမ်းစိုစို လတ်လတ်ဆတ်ဆတ်ကလေး စားရမည်။ အနည်းဆုံး ဈေးသွားဆိုက်ကားခ သက်သာမည် စသည့် အတွေးများဖြင့် မြို့သစ်ကို မပြောင်းခင်ကတည်းက ကြိုတင်ပျော်ထားနှင့်နေပြီ။ သည်ပြောင်းမလာခင် ကျွန်မတို့နေခဲ့သော မြစ်ဆိပ်ကမ်းနားက တစ်ဆယ့်သုံးလုံးတန်း ဧရာထွန်းရပ်ကွက်တိုက်တန်းကြီးတွေက ဈေးနှစ်ဈေးကြားမှာ ရှိသည်ဆိုသော်လည်း လေးထပ်တိုက် အပေါ်ဆုံးအလွှာမှာနေသော ကျွန်မအဖို့ ဈေးကို ချက်ချင်း ထသွားဖို့ရာက မလွယ်ကူလှပါ။ ဈေးနှစ်ဈေးကြားဆိုသော်လည်း ကျွန်မတို့နေခဲ့သော တိုက်နံပါတ် (၁၂)ကတော့ တောင်ဈေး၊ မြောက်ဈေး နှစ်ဈေးစလုံးနှင့်



မဆိုသလောက်ဝေတာလည်းပါသလို ကျွန်မကိုယ်တိုင်က လေးထပ်တိုက် လှေကားထစ်ငါးဆယ်လောက်ကို တက်ဟယ် ဆင်းဟယ်လုပ်ဖို့ ဝန်လေးတာလည်း ပါပါလိမ့်မည်။

တောင်ဘက်ဧရာထွန်းဈေးသွားလိုလျှင် တိုက်တန်းရှည်ကြီး နှစ်တိုက်ကို ကျော်ဖြတ်ရသည်။ မြောက်ဘက်မိုးကောင်းဈေးကို သွားချင်လျှင်တော့ တာပေါင်ရိုးလမ်းပေါ်ကတစ်ဆင့် ဈေးအရောက် နာရီဝက်စာလောက် တစ်ဆန့်တစ်လျား လျှောက်ရသည်။ ဈေးခြင်းတောင်းကြီးဆွဲပြီး အသွားကြော့ကြော့ သွားနိုင်သည်ဆိုဦးတော့ ဈေးဝယ်အပြန်မှာ သည်ခရီးကို ခြေလျှင်မလျှောက်နိုင်တော့ ဈေးထိပ်က ဆိုက်ကားတစ်စီးမငှားမဖြစ်ငှားရသည်။ ဆိုက်ကားခက နှစ်ရာ။ အသွားရော အပြန်ရောဆိုလျှင် လေးရာ။ ဈေးပြန်စီးလို့ကုန်သည့် ငွေနှစ်ရာဆိုလျှင် ကြက်ဥ လေးလုံးရသည်။ ဘုရားပန်း ဝေဝေဆာဆာ ထိုးနိုင်သည်။ ဟင်းသီးဟင်းရွက် ဖောဖောသီသီကြီး ဝယ်နိုင်သည်။ ဆိုက်ကားစီးရတာ နှမြောစရာ။ သည်တော့လည်း တတ်နိုင်သမျှ ကျွန်မကိုယ်တိုင် ဈေးမသွားဖြစ်တော့ဘဲ အခန်းနီးနားချင်းတွေ ဈေးအသွားမှာ ဈေးဖိုးပေး၍ လိုချင်တာမှာရသည်။

ဈေးကို ကိုယ်တိုင်မရောက်နိုင်တော့လည်း မြင်ကာမတ်တပ် စိတ်ကူးတည့်ရာ တွေ့တွေ့ရာရာကလေးတွေ မဝယ်ဖြစ်၊ မစားဖြစ်။ ဈေးထဲမှာ ဘာတွေပေါနေမှန်းမသိ၊ ဘာတွေဝယ်ချင်စရာရှိမှန်းမသိ။ လူကြုံနှင့် ဈေးမှာလိုက်သည့် ဟင်းချက်စရာကိုသာ ကောင်းကောင်း မကောင်းကောင်း ချက်စားရုံသာ။ ဈေးထဲမှာ ဘာတွေပေါနေပြီလဲ။ ဘာတွေ လှိုင်နေပြီလဲ။ ဘာတွေ ဈေးတက်လို့၊ ဘာတွေဈေးချိုသလဲ။ ဘာကလေးတော့ ဖွယ်ဖွယ်ရာရာ စားလို့သင့်တော်မလဲ။ မနက်ခင်း မီးဖိုချောင်စိတ်ကူးတွေ ကျွန်မမှာ မရတော့။ အိမ်နီးချင်းကို မှာရတာဆိုတော့ ကိုယ်မှာတာပဲ ပါတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ တကယ်တော့ ဈေးဝယ်ရမည့် အလုပ်ဆိုတာ ပျော်စရာလည်းကောင်း၊ ဉာဏ်ကစားခွင့်လည်းရသည့်အလုပ်ဟု ကျွန်မ တစ်ခါတစ်ခါ တွေးမိပါ၏။ ကိုယ်မှ လက်ထိလက်ရောက်မသွားနိုင်တော့ သည်အခွင့်အရေးကို ကျွန်မ ဆုံးရှုံးခဲ့ရတာကပဲ တိုက်တန်းမှာ နေထိုင်ခဲ့သည့် သုံးနှစ်ကျော် လေးနှစ်နီးပါးကြာခဲ့သည်။ လုံးဝမရောက်တော့တာမဟုတ်။ ဖြိုးဖြိုးဖျောက်ဖျောက် မလွဲမကင်းသာ ရောက်ရတာရှိသော်လည်း အရောက်ကျဲသည်။ သည်တော့ ဈေးနှင့် ကျွန်မ ဝေးနေရသည်ဆိုပါစို့။

အခုတော့ ဈေးနှင့်နီးသော မြို့သစ်မှာ မဖြစ်မနေကို ကျွန်မ ဈေးသွားခွင့်ကလေးရှိရ ကြုံရတော့မည်။ ကြိုတင်တွေးတော စိတ်ကူးယဉ်တာလေးတွေ တစ်လှေကြီးဖြင့် ကျွန်မ ပျော်နေမိသည်။ မြို့သစ်ရပ်ကွက်ကလေးကို ရောက်လာရပြီဆိုတော့ ဈေးခြင်းတောင်းကလေးဆွဲကာ ကိုယ်တိုင်ဈေးဝယ်ခွင့်ကလေးရဖို့သာ ကျွန်မ စိတ်စောနေမိပါ၏။

(၂)

ထိုနေ့မနက်က ကျွန်မတို့ သားအမိသားအဖသုံးယောက် ဈေးသို့ထွက်လာခဲ့ကြသည်။ ကျွန်မ ခင်ပွန်းသည်က ကလေးချီရင်း ဈေးမုန့်ကလေးစားရင်း ဈေးကလေးကို လိုက်ကြည့်ချင်သတဲ့။ မိသားစု တပျော်တပါးဈေးသွားရတာ ကြည်နူးစရာတော့ အကောင်းသား။ ကျွန်မကတော့ကျွန်မ လက်များဖြင့် ဝေးနေခဲ့သည့် ဈေးခြင်းတောင်းကလေးဆွဲကာဝယ်လိုက် ခြမ်းလိုက်မဟဲ့ဆိုသည့်စိတ်ဖြင့် ခြေလှမ်းတွေ သွက်နေခဲ့သည်။ ဈေးခြင်းတောင်းကလေးကို လက်ကဆွဲရင်း ကျွန်မငယ်ငယ် ရွာမှာနေခဲ့ရစဉ်က ကလေးသဘာဝ ထမင်းအိုးတမ်း ဟင်းအိုးတမ်း ကစားခဲ့ရပုံကို ဖျတ်ခနဲ သတိရလိုက်မိ၏။



သည်လိုပါပဲ။ ကလေးကစားစရာ ဝါးခြင်းတောင်း ခါးသိမ်ကလေးကိုဆွဲပြီး ကျွန်မငယ်ငယ်က ဈေးဝယ်ထွက်တမ်းကစားခဲ့ဖူးသည်။ သည်တုန်းက ရွာမှ ဆွေမျိုးသားချင်းအဖော်မတွေနှင့် ရွာခရီး တောစပ်ကို ကျွန်မတို့ ဈေးဝယ်ထွက်ကြခြင်း ဖြစ်သည်။ ရွာခရီးစပ်မှာ အလေ့ကျပေါက်နေတတ်သည့် အရွက်အသီးကလေးတွေကိုဆွတ်ပြီး ဈေးခြင်းတောင်းထဲထည့်သည်။ ပါးစပ်ကလည်း လူကြီးလူကျယ်လုပ်ပြီး ဈေးစကား နှာစကားစကားကြီးစကားကျယ်တွေ ပြောရတာကိုက အရသာတစ်မျိုးပင်။ အမေကြီးတို့၊ ကြီးတော်တို့ ဈေးသွားရင် ပြောကြတာမျိုး၊ ဈေးဝယ်ကြာတာမျိုး၊ ဈေးဆစ်ကြတာမျိုး၊ ဈေးဝယ်ပန်းလို့ ညည်းတာမျိုးတွေ လိုက်တုပြောကြခြင်း ဖြစ်၏။ ကိုယ့်ကိုကိုယ် လူကြီးလုပ်တမ်းကစားရတာကိုပင် ခုံမင်နှစ်သက်စရာ အောင်းမေ့ခဲ့မိသည်ကော။

အသက်တွေ မြန်မြန်ကြီးချင်လှပြီ။ ဈေးသွားချင်လှပြီ။ ဈေးခြင်းတောင်းဆွဲကာ စုံစီနဖာဝယ်ချင်လှပြီ။ ဈေးသွားတာများ ဘာညည်းစရာရှိလို့လဲ။ အမေတို့များ ညည်းလိုက်တာ။ ဈေးခြင်းတောင်းဆွဲရတာကိုပဲ မနိုင်ဝန်ထမ်းလာရတာကျလို့။ ကျွန်မငယ်ငယ်က အမေ့ဈေးပြန်ခံစားမှုကိုပင် အားမလိုအားမရ ဖြစ်ခဲ့ရသည်။

အိမ်ခေါင်းရင်း မန်ကျည်းပင်ရိပ်မှာ မနက်ခင်းဆိုလျှင် ကျွန်မတို့ကလေးတွေစုကြပြီ။ ထမင်းအိုးတမ်း ဟင်းအိုးတမ်း စကားဖို့ ပြင်ကြပြီ။

"အစ်မကြီးရေ ဈေးသွားရအောင်လေ၊ အိမ်မှာ ချက်စရာကုန်နေပြီ၊ ဒီနေ့တော့ ကြက်သားလည်းဝယ်မယ်၊ ခရမ်းချဉ်သီးရော၊ အာလူးရော၊ ငါးခြောက်ရော အများကြီး ဝယ်ကြမယ်နော်"

"အေးအေး... သွားမယ်လေ၊ ရော့... ညီမလေးက ခြင်းတစ်ခြင်းဆွဲခဲ့၊ ဟိုအစ်မကြီးတွေရော ဈေးလိုက်မှာမို့လား၊ အတူသွားရအောင်လေ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနှင့် ကျွန်မကစားဖော် မြပုကတစ်တွဲ၊ မိဆွဲနှင့် မယ်ပုံကတစ်တွဲ၊ ဘုတ်မနှင့် သေးတာက တစ်တွဲ။ ဈေးခြင်းတောင်းကလေးတွေကိုယ်စီဆွဲရင်း ရွာခရိုးစပ် အလေ့ကျပင်တွေ ပေါက်ရာဈေးကို ဈေးဝယ်ထွက်ကြရတာ အမော။ ရွာခရိုးစပ်ရောက်တော့ ကိုယ့် စိတ်ကူးရရာ လူကြီးလုကျယ်စကားတွေ ပြောကြရင်း အလေ့ကျပင်တွေက အသီးတွေ အရွက်တွေ တပျော်တပါး ခူးကြသည်။

"ဟောဒီမှာ ဘောက်သီးတွေဟေ့၊ ဘောက်သီးတွေက ခရမ်းချဉ်သီးပေါ့ဟယ်၊ ခရမ်းချဉ်သီး တစ်ပိဿာ ဝယ်မယ်နော်၊ များများရအောင်ခူးကြ"

"ခရမ်းချဉ်သီးက တစ်ပိဿာ ဘယ်လောက်တုန်းဟ"

"တစ်ရာနှစ်ဆယ် တစ်ရာပဲထားလိုက်ပါ ပိဿာလုံးယူမှာနော်"

သည်တုန်းက ကျွန်မ မှတ်မိသလောက် ကျွန်မတို့ရွာမှာ ခရမ်းချဉ်သီးတစ်ပိဿာမှ ပေးရမှ တစ်ကျပ်၊ လျှော့လျှော့ ပြားရှစ်ဆယ်လောက်ပဲရှိမည်ထင်ပါသည်။ သို့သော် ဈေးဝယ်တမ်းကစားကြတာဆိုတော့ ကျွန်မတို့က ကိုယ့်ပါးစပ်ထဲရှိတာ ပြောချင်ရာပြောနေကြခြင်းသာ ဖြစ်၏။ ကျွန်မတို့ ခြင်းတောင်းကလေးတွေထဲ ဘောက်သီးတွေမောက်နေအောင် ခူးထည့်ကြသည်။ ပိုက်ဆံအဖြစ် အိမ်ခေါင်းရင်းက အလှစိုက် ပုဏ္ဏရိုပ်ပင်အရွက်တွေကို သုံးကြသည်။ ပုဏ္ဏရိပ်ရွက်တစ်ရွက်ကို ငွေတစ်ဆယ်သတ်မှတ်ကာ ငွေစက္ကူတွေလို ဟဲန်ပါပါရေတွက်ပြီး ဘောက်ချုံတွေပေါ်တင်ခဲ့ကြသည်။ ဘောက်သီးများကိုမှ မဟုတ်ပါ။ ကျွန်မတို့ ဈေးခြင်းတောင်းထဲမှာ မိုးနံ့ရွက်၊ တဖောင်းဖူး၊ ကျီးအာသီး၊ ကြက်နဖောင်းရွက်၊ တရုတ်မန်ကျည်းသီးခွေ စသဖြင့် အညာကျေးလက်ဒေသတွေမှာ လွယ်လင့်တကူ တွေ့ရနိုင်သော အသီးအရွက်တွေ ခြင်းတောင်းနှင့်အပြည့်အသိပ်ခူးကြဆွတ်ကြသည်။ ဒါတွေကလည်း ဟင်းချက်စရာ အမယ်များသာဖြစ်သည်။ လက်ထဲမှာ ဆုပ်ယူလာခဲ့သည့် အိမ်စိုက်ပုဏ္ဏရိပ်ရွက်တွေလည်းကုန်၊ ဈေးခြင်းတောင်းကလေးလည်း ပြည့်ပြီဆိုလျှင်တော့ အိမ်ပြန်ခဲ့ကြပြီး မြေအိုးပုတ်ကလေးတွေနှင့် ထမင်းဟင်းချက်တမ်း ကစားကြသည်။



"ဈေးသွားရတာ မောလိုက်တာ အစ်မကြီးရယ်၊ ကျုပ်ကတော့ လက်ထဲပါတဲ့ပိုက်ဆံ ကုန်တာပါပဲတော်၊ ဆန်ဝယ်သွားတဲ့လူတွေ မလာကြသေးဘူးလား၊ သူတို့ကလဲ ကြာလိုက်တာ"

"ဈေးဝက ကြီးတော်မြဆိုင် သွားကြတာကိုအေရဲ့"

ကျွန်မနှင့် မောင်နှမဝမ်းကွဲ ဖိုးထောင်တို့ ညွှန့်လွင်တို့ကို ရွာတောင်ပိုင်းက ဘကြီးမြ လှည်းစက်ရှေ့မှာပုံထားတဲ့ လွှစာမှုန့်တွေ သွားကျုံးခိုင်းပြီး ဆန်အဖြစ် ကျွန်မတို့ ထမင်းချက်တမ်း ကစားခဲ့ကြသည်။ လွှစာမှုန့်ကို ရေနဲ့ဆေး။ မီးမပါသော မီးဖိုခွင် ခဲသုံးလုံးပေါ်တင်ကာ ထမင်းချက်ကြသည်။ ခူးလာသည့် သစ်သီး သစ်ရွက်တွေကို သင်ဖျင်ပြီး စဥ့်ရုတ်ဆုံကလေးထဲထည့်ထောင်းပြီး ဟင်းချက်ကြသည်။ ပခန်းနယ်ထွက်သည့်မြေထည် မီးဖိုချောင်သုံး ကစားစရာကလေးတွေကလည်း ပေါသည်ကိုး။

"မွှေးလိုက်တာနော် ထမင်းတောင် ဆာလာပြီ၊ ဒေါ်မိဆွဲတို့အိမ်က ဘာများချက်ကြတာတုန်းတော့်"

"ဝက်သားနဲ့ သရက်သီးခြောက်နဲ့ ချက်တာလေ၊ အစ်မကြီးတို့ကော ဘာချက်တုန်း"

"ကျုပ်တို့က အမဲသားတစ်တွဲရလိုက်လို့ ဗူးသီးနဲ့ သဖြွမ်းချက်မလို့၊ ငပိရည်လည်း ဖျော်ဦးမှာ၊ တို့စရာတွေလည်း အစုံပဲ၊ ဆွမ်းလောင်းဖို့တောင်နောက်ကျနေပြီလား မသိပါဘူး မြန်မြန်ချက်မှ"

"ဟောတော့်... ဟင်းချက်မယ်လုပ်မှ ဆီကုန်နေပြီ၊ ဆီကလေးတစ်မှုတ်လောက် ချေးပါဦး အစ်မကြီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဆီကလည်း မခက်ပါ။ နမ်းရွက်တွေကို ကြိတ်လိုက်လျှင် ထွက်လာသည့် ပျစ်ချွဲချွဲအရည်များက ကျွန်မတို့အတွက် ဆီဖြစ်သည်။

"ဆီဈေးက ခေါင်ခိုက်နေတာ ဒေါ်မယ်ပုံရဲ့၊ ဈေးကတော့ မဈေးနိုင်ဘူး၊ သုံးဖို့လောက်ဝယ်ချင်ရင်တော့ နည်းနည်းပါးပါး ရောင်းမှာပေါ့"

"တစ်ပိဿာ ဘယ်လောက်တုန်းတော့"

"တစ်ထောင်ပေါ့ရှင် ဆီကြိတ်ရတာ လွယ်တာမဟုတ်ဘူး၊ ဒီမှာဖြင့် လက်မောင်းကိုအောင့်လို့လေ"

ကျွန်မတို့ဘာသာ လူကြီးလူကျယ်ပြောပြီး ကျွန်မတို့ဘာသာပင် ရယ်ကြမောကြရသေးသည်။ နမ်းရွက်တွေကို ဒိုင်ခံကြိတ်နေရသော မြပုက လက်မောင်းကို ဆန့်ထုတ်ပြရင်း အညောင်ဖြေပြပုံကိုကြည့်ပြီး ကျွန်မတို့ ရယ်ကြခြင်းဖြစ်၏။ သို့သော် ကျွန်မတို့ ရယ်သံများကို ရေနွေးကြမ်းသောက်ရာက လှမ်းဟောက်လိုက်သော အဘ၏အသံက လွှမ်းမိုးသွားပါသည်။

"ဟဲ့... ကလေးတွေ မဦးမချွတ်ဗျာ၊ ကတည်း ဘာမဟုတ်က ဟုတ်ကတွေ ပြောဆော့နေကြတာလဲ၊ ငါ ထရိုက်လိုက်ရ၊ ဟင်း... ဘာများမှတ်လို့တုန်းဗျ၊ သဘင်သည်စကား၊ ကလေးစကား၊ အရူးစကားတဲ့၊ အတိတ်တဲ့ နိမိတ်ဟဲ့ အကောင်းမှတ်လို့၊ ရိုးရိုးဆော့ကြ"

ရိုးရိုးဆော့ကြဆိုသည့် အဘ၏စကားအဓိပ္ပာယ်ကို ကလေးဘဝတုန်းကတော့ ကျွန်မ နားမလည်တတ်ခဲ့ပါ။ ကျွန်မတို့ ကလေးများ ထမင်းဟင်းချက်တမ်းကစားရာမှာ ဘာများ မရိုးသားတာပါပါလိမ့်။ သည်တုန်းက ဆီတစ်ပိဿာမှ တစ်ဆယ် ဆယ့်ငါးကျပ်လောက်ပဲ ရှိမည်။ ကျွန်မတို့ကတော့ ပုဏ္ဏရိပ်ရွက်ပိုက်ဆံတွေဆိုတော့ ကိုယ့်ပါးစပ်ထဲရှိရာ ဈေးလုပ်ပြောခဲ့ကြခြင်းသာ ဖြစ်၏။ များတာ နည်းတာမသိ။ အတိတ်တွေ နိမိတ်တွေနားမလည်။ ရွာမှာ ပုဏ္ဏရိပ်ပင်တွေ အိမ်တိုင်းလိုလိုရှိကြတာဆိုတော့ ခူးပါလေ့။ ခူးနိုင်



သမျှ ပိုက်ဆံ။ များများခူးနိုင်လျှင် များများ ချမ်းသာ၊ များများဝယ်နိုင်ခြမ်.နိုင်။ ခါကို အဘကငေါက်တော့ ကျွန်မတို့ ခေါင်းကလေးတွေ ပုနေရတော့သည်။

ကျွန်မငယ်ငယ်ကအကြောင်းတွေကို ဈေးသွားရင်း ခင်ပွန်းသည်အား ပြောပြတော့ ရယ်ပါသည်။ သူတို့ငယ်ငယ်ကတော့ ကြွေပန်းကန်ကွဲ၊ အိုးခြမ်းကွဲ၊ ကျောက်သင်ပုန်းကွဲတွေကို ပိုက်ဆံအကြွေလုပ်ကြသတဲ့။

"ရှေးလူကြီးတွေက အတိတ်၊ နိမိတ်၊ တဘောင် စနည်းတွေ သိပ်ယုံကြည်ကြတာ။ မြောက်တဘောင် တောင်နိမိတ်ဆိုတာကို သိပ်ပြောတတ်ကြတယ်။ ရိုးရိုးသားသား အပတ်တကုတ် နေထိုင်စားသောက်ဘတ်ကြသူတွေဆိုတော့ ကလေးစကားကို အဓိပ္ပာယ်ကောက်ဘဲ့အခါ မင်္ဂလာရှိဘူးလို့ ထွက်ကြတာပေါ့"

ကျွန်မငယ်ငယ်က အကြောင်းအရာ အဖြစ်အပျက်အပေါ်မှာ ခင်ပွန်းသည်က သူ့သဘောထားကိုပေးသည်။

(၃)

ကျွန်မတို့ပြောင်းလာခဲ့သည့် မြို့သစ်အိမ်ကနေ အရှေ့လမ်းအတိုင်းထွက်လိုက်လျှင် ဘုန်းကြီးကျောင်းဝင်းကြီး ရှိသည်။ တဖန် ထိုဘုန်းကြီးကျောင်းဝင်းကြီးကို ဖြတ်ထွက်လိုက်လျှင် ဈေးကြီး၏ အဆွယ်ဈေးတန်းကလေးကို သွားခန့် တွေ့ရမြဲ ဖြစ်သည်။ ဈေးအနောက်ထိပ် ကျောက်လမ်းရှည်ကြီးတစ်လျှောက် ပျံ့ကျဲဘန်းခင်းရောင်းကြသော 'တောသည်'ခေါ်ကြသည့် အသီးအရွက်သည်တွေ တစ်ပုံတစ်ပင် ဝယ်ချင်စရာကောင်းလောက်အောင် ပြည့်နှက်လို့နေသည်။ ရာသီစာ သရက်သီးသည်တွေကတော့ မျက်စိတစ်ဆုံး။ ဈေးပေါက်ဝကိုရောက်တော့ မြို့သစ်ပတ်ဝန်းကျင်ရပ်ကွက်တွေက ဈေးဝယ်တွေကို မနည်းတိုးရတော့၏။

"မြို့သစ်ဈေးကြီးက အစည်သားဟ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပနော် စုံနေတာပဲ"

ဈေးကြီးက ကျွန်မတို့စိတ်ကူးနှင့် ထင်ထားသည်ထက် ပိုပြီး စည်စည်ကားကား မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှွန်းလှသည်။ အသားငါးရုံကြီးတွေဆိုတာများ ဇာတ်ရုံကြီး နှစ်ရုံစာမကပါ။ ပေါလိုက်သည့် ငါးတွေဆိုတာလည်း များလည်းများ၊ စုံလည်းစုံ။ ငါးအုံတုံ၊ ငါးဘတ်၊ ငါးခူ၊ ငါးမြင်း၊ ငါးကြင်း၊ တီးလားဗီးယား ပြီးတော့ ပုစွန်ကျောကြီးတွေ၊ ပုစွန်ထုပ်ကြီးတွေ။ တကယ့်ကို ဝယ်ချင်စရာ။ ပိုက်ဆံပေါပေါနဲ့ ဝယ်လိုက်ရလို့တော့လား။ ကြက်သားတွေကရော မြန်မာကြက် ယူမလား၊ စီပီကြက်ခေါ်သည့် မွေးမြူရေးကြက် ယူမလား။ သည်ဘက်မှာ မရနိုင်လောက်ဘူးထင်သည့် မြစ်ငါးကလေးတွေတောင် ရှိသေး။ မြစ်ငယ်မြစ်ဘက်က လာတာတဲ့။

ဈေးတန်းကြားဈေးဝယ်လမ်းကျဉ်းကလေးထဲ ကြိတ်ကြိတ်တိုးနေသည့် ဈေးဝယ်တွေကိုက တိုးမပေါက်။ ကျွန်မမှာ ကလေးတစ်ဖက်နှင့်မို့ ဈေးဆိုင်တကာ စုံအောင်ပင် မကြည့်နိုင်ပါ။ မျက်စိထဲတွေ့ရာကို ကပျာကသီ ဝယ်ရသည်။ အသီးအရွက်တွေကလည်း လတ်လတ်ဆတ်ဆတ် လန်းလို့ကော့လို့။ ဈေးမပေါလှသော်လည်း အမျိုးတူ ရောင်းသူတွေများတော့ ကောင်းတာရွေးနိုင်သည်။ ပစ္စည်းကလည်း လိုချင်တာ အကုန်စုံအောင် ရနိုင်သည်မို့ တရုတ်ဟင်း ချက်စားချင်သလား။ ကုလားဟင်းချက်စားချင်သလား။ ရှမ်းဟင်းချက်စားချင်သလား။ ဒေသစာတွေလည်း ရှိသည်။

ကျွန်မ မမောနိုင် မပမ်းနိုင် လောဘတစ်ကြီး ဈေးဝယ်တာကိုကြည့်ပြီး ခင်ပွန်းသည်က ဘာတွေတွေးနေသည် မသိ။ ပြုံးယောင်သမ်းနေသော သူ့မျက်နှာကို ကျွန်မ လှမ်းအကဲခတ်လိုက်မိပါသည်။ စုံလောက်အောင် ဝယ်ခြမ်းအပြီး ဈေးခြင်းတောင်း ပြည့်လုပြည့်ခင်ဖြစ်သွားတော့မှ ဈေးဝယ်ရပ်ကာ ဈေးမုန့်တန်းမှာ မုန့်စားကြသည်။



မုန့်သည်တွေကလည်း များမှများ။ ဈေးရုံထဲမှာ ထမင်းဆိုင်ရှိသည်၊ လက်ဖက်ရည်ဆိုင်ရှိသည်။ ခေါင်းဆွဲသုပ်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ရွှေရင်အေးဆိုင်တွေကတော့ ရောင်လို့ပင် မလွှတ်ချင်။ ဆနွင်းမကင်း၊ ကျောက်ကျောရောင်းသည့်ဆိုင်တွေလည်း ရှိသည်။ ကျွန်မတို့နှစ်ယောက် ခေါက်ဆွဲသုပ်စားနေစဉ်မှာ သမီးက အိပ်ချင်စိတ်ဖြင့် ခေါင်းထိုးကာ ဂျီကျလေတော့သည်။ ခေါက်ဆွဲဖိုးရှင်းပြီး အိမ်ပြန်ဖို့ ပြင်ရပြီ။

"ပြန်ကြစို့လား"

"ပြန်ရုံပဲ ရှိတော့တာပဲကွာ၊ မင်းခြင်းတောင်းထဲလည်း နောက်ထပ်ထည့်စရာမှ မကျန်တော့တဲ့ဟာ"

ဈေးကအပြန် လမ်းတစ်လျှောက်လုံး ဈေးအကြောင်းတွေချည်းပြောပြီး ပြန်ခဲ့သည်။ ဈေးဝယ်ကောင်းတဲ့အကြောင်း၊ လိုချင်တာတွေ အကုန်ရနိုင်ကြောင်း၊ သားငါးကအစ ဟင်းသီးဟင်းရွက်အဆုံး ပေါပေါများများ လတ်လတ်ဆတ်ဆတ်ရှိသည့်အကြောင်း၊ ဈေးချိုဈေး၊ မြို့ထဲဈေးတွေထက်ပင် ဈေးသင့်တော်တဲ့အကြောင်း။ တော်ရုံတန်ရုံပစ္စည်း မြို့ထဲသွားဝယ်စရာ မလိုတဲ့အကြောင်း။

အိမ်ရောက်တော့ ကျွန်မဝသီအတိုင်း ဈေးဖိုးတွက်ချက်ကြည့်မိသည်။ ဒါကလည်း ကျွန်မအကျင့်။ ဘယ်လောက်ပဲဝယ်ဝယ် စာရင်းတို့တာ စာရင်းမှတ်တာ ဝါသနာပါသည်။ ကျွန်မ ဈေးခြင်းတောင်းကလေးက ဘာမှသာမဟုတ်ဘူးထင်ရတာ တစ်ထောင်တန်ငါးရွက်လောက် ထွက်ခဲ့ပါပကော။ ဆီတစ်ပိဿာကိုက တစ်ထောင့်ရှစ်ရာ။ ကြက်သားရှေ့ချိုးကလေးတစ်ချိုးတောင်မှ တစ်ထောင့်နှစ်ရာဆိုတော့ သည်နှစ်မျိုးပေါင်း သုံးထောင်။ ဈေးဖိုးကို အပြန်ပြန် အလှန်လှန်တွက်ရင်း ကျွန်မ ဈေးခြင်းတောင်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ငေးမောကြည့်နေမိပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်မကိုယ်တိုင်ကိုယ် ကျ ဈေးသွားပြီး ဝယ်ခွင့်ရတာကိုပဲ ကျွန်မ ပျော်ရပါသည်။ ကိုယ်လိုချင်တာ ကိုယ်ဝယ်နိုင်ခွင့်ရဖို့ကိုသာ မျှော်လင့်မိပါ၏။

*

မနေ့တစ်နေ့ကတော့ မြစ်ဆိပ်ကမ်းနားဘက်မှာနေသော ကျွန်မ တူမကလေးနှစ်ယောက်ကို ကျွန်မမောင်က ဆိုင်ကယ်နှင့် လာပို့သည် ကျောင်းမဖွင့်ခင် ညအိပ်ညနေလာလည်ကြခြင်း ဖြစ်သည်။ ကလေးများပီ ရောက်သည့်ဆိုကတည်းက ဆော့လိုက်ကြတာ ဒေါင်းတောက်လို့။ ကျွန်မ တို့ အနောက်ဘက်အိမ်နီးနားချင်းအိမ်က ရွယ်တူမိန်းကလေးနှစ်ယောက်နှင့် ပေါင်းမိတော့ လေးဦးသား မိုးပျံကုန်ကြတော့၏။ မနက်စောစော အိမ်ရှေ့ ကွက်လပ်မှာ ဆောလုံးပုတ်တမ်း ကစားကြသည်။ နေ့လည် နေပူချိန်ရောက် တော့ အိပ်ရိပ်နိုကာ ဈေးရောင်းတမ်း ကစားကြလေသည်။ ဈေးရောင်းတမ်း ဆိုသည့်ကစားနည်းက ခေတ်အဆက်ဆက် တိမ်ကောမသွားပါလား။ ကျွန်မ အိမ်ထဲမှာ စာဖတ်နေတာမို့ သူတို့ ကစားကြတာတွေကို မမြင်ရ သော်လည်း ကြားနေရသည်။ အင်းလေ ဈေးရောင်းနဲ့ ဈေးဝယ်ဆိုတာက လည်း လူတွေရှိနေသ၍ ရှိနေမှာပဲ မဟုတ်လား။

"အန်တီရေ ကျွန်မတို့က အသုပ်စုံရောင်းတာနော်၊ ဝယ်လှည့်ဦး"

"ဟုတ်လား ဘာအသုပ်တွေများ ရောင်းတာတုန်း အစ်မကြီးရဲ့"

"လက်ဖက်သုပ်၊ ဂျင်းသုပ်လည်းရတယ်၊ ရောက်သီးသုပ်တို့၊ မြင်းခွာ ရွက်သုပ်တို့လည်း ရတယ်၊ ဟင်းခါးပါ ပေးတာပါရှင်"

"တစ်ပွဲဘယ်လောက်လဲရှင့်"

"တစ်ပွဲ တစ်ထောင်လေ"



"ဈေးကြီးလိုက်တာ၊ ကဲပါလေ ရောက်သီးသုပ်တစ်ပွဲ ပေးပါ၊ ရော့... ရော့ ပိုက်ဆံ"

"ဈေးမကြီးပါဘူးရှင် ရောက်သီးကတော်တော် ပုစွန်ခြောက်က ထည့်ရသေးတာကိုး အစ်မကြီးရဲ့"

ကျွန်မတို့ငယ်ငယ်တုန်းကလိုပဲ သူတို့လည်း ဆော့ကြတာပဲလား။ မိန်းကလေးတွေဆိုတော့လည်း အိုးပုတ်ကလေးတွေ ခွက်တိုခွက်စကလေး တွေနှင့် ဈေးရောင်းဈေးဝယ် ထမင်းအိုးတမ်း ဟင်းအိုးတမ်း ကစားတာ ဝါသနာပါကြပုံရသည်။

"ဟောသည်က ဈေးသည်လေ"

"လာပါဦးရှင့် ဘာတွေရောင်းတာလဲ"

"တီဗီရောင်းတာ"

အလို ဘယ့်နယ်ဟာပါလိမ့်။ တီဗီကို ခေါင်းရွက်ဗျပ်ထိုး ဈေးအော် ရောင်းကြတာတဲ့။ သူတို့ခေတ်နဲ့ သူတို့ပစ္စည်း ဟုတ်တော့လည်းဟုတ်သား။ ကျွန်မတို့ငယ်ငယ်ကနဲ့တော့ ဘယ်တူနိုင်ပါလိမ့်မလဲလို့လည်း တွေးနေ မိသည်။

"တီဗီက ဘယ်လိုရောင်းတာလဲရှင်"

"တစ်လုံးကို ငါးသိန်းထားပေးမယ်လေ၊ ဟောဒါက ရေခဲသေတ္တာနဲ့ အဝတ်လျှော်စက်၊ ဂြိုဟ်တုစလောင်းဖမ်းစက်လည်း ပါတယ်"

"ကဲ... ကဲ... တီဗီတစ်လုံးပေး၊ ရေခဲသေတ္တာတစ်လုံးလည်းပေး၊ ရော့... ပိုက်ဆံ"

သည်နေရာမှာပင် သူတို့ ပြဿနာတက်တော့သည်။ ပါးစပ်က ပိုက်ဆံတွေရေတွက်ရင်း ငြင်းကြခုန်ကြ ဆူပွက်လို့နေသည်။ ကျွန်မကိုယ် တိုင်က သူတို့ကစားရာ အိမ်ရိပ်ကို ထွက်လာခဲ့သည်။ ခြင်းဆေးခွေစက္ကူ

www.burmeseclassic.com

www.burmeseclassic.com



ဖူးခွံတွေက တီဗီတဲ့။ သူတို့ကမှဟုတ် ဟုတ်သေးတော့။ ရှေ့မှာလည်း ပိတောက်ရွက်တွေ ရေကြတွက်ကြလို့။

"တစ်ရွက်ကို တစ်ထောင်ဆိုတော့ ဆယ်ရွက်ကိုတစ်သောင်း၊ ရော့ ဒီမှာ ငါးသိန်း ရေကြည့်ဦး"

အိမ်ရှေ့ ပိတောက်ပင်မှာတော့ လက်လှမ်းမီသမျှကိုင်းတွေ ပြောင် တလင်း ခါကုန်တော့၏။ သူတို့ကစားပြီးတော့ ကျွန်မမှာ လှဲလိုက်ကျင်း လိုက်ရတဲ့ ပိတောက်ရွက်တွေ။ အမှိုက်ခြင်းတောင်းတစ်လုံးအပြည့်။ သူတို့ ဈေးခြင်းတောင်းလုပ်ကစားကြသည့် ကြွပ်ကြွပ်အိတ်တွေဆိုတာကလည်း မြင်ရာမကောင်း။


"မင်း ဈေးမသွားပြန်ဘူးလား"

သည်ရပ်ကွက်ကလေးမှာ သုံးလလောက် နေသားရလာတော့ ကျွန်မ ဈေးသိပ်မသွားဖြစ်တော့ပါ။ ဈေးတစ်ခါသွားလျှင် လေးငါးခြောက်ရက်စာ ဝယ်ပြီး ရေခဲသေတ္တာထဲမှာပဲ ထည့်ထားဖြစ်တော့သည်။ တစ်ခါတစ်ရံ အိမ်နားနီးချင်းတွေ ဈေးသွားချိန်မှာ လိုတာလေးလှမ်းမှာတာမျိုးတော့ ရှိသည်။ ခင်ပွန်းသည်၏ ခပ်ထေ့ထေ့အမေးကို ကျွန်မက ဘာမှပြန်မဖြေ ဘဲနေလိုက်သည်။ သူ ဘာသိတာမှတ်လို့။ ချက်ပြီးရင် စားဖို့ပဲသိတာ။

ကျွန်မကိုယ်တိုင် လက်ထိလက်ရောက် ဈေးဝယ်ဖို့ စိတ်ကူးယဉ်ခဲ့ သော မြို့သစ်ဈေးကို မရောက်ဖြစ်တော့လည်း ကျွန်မ ဈေးခြင်းတောင်း ကလေးသည်လည်း မီးဖိုချောင်သံချိတ်မှာ ငုတ်တုပ်ငိုက်နေရတာ ကြာပြီ။

ကျွန်မကတော့ အိမ်ရှေ့ပိတောက်ပင်ကလေးကိုပဲ ငေးနေလိုက်မိ ပါသည်။

□



www.burmeseclassic.com

# တစ်ခွန်းဈေး

## (၁)

ကျွန်တော်တို့ လမ်းထဲကိုဝင်လိုက်တာနဲ့ ဦးမှတ်တင်ရဲ့ ကုန်စုံဆိုင်ကြီးကို တန်းမြင်ကြရတာပဲ။ သူ့ဆိုင်က တကယ့်ဆိုင်ကြီး။ ဆန်၊ ဆီကလို့ အထည်စတို့၊ ကလစ်တို့လို ကျုံလျှာကုန်လေးတွေအထိ ရှိတယ်။ သူပိုင်ဆိုင်သမျှ မြေဧရိယာပေါ်ကို အပြည့်ဆောက်ထားတဲ့ သူ့အိမ်တစ်ဝက်တော့်ကျော်ဟာ ကုန်ပစ္စည်းတွေနဲ့ ပြည့်နှက်လို့ပဲ။

သူ့အိမ်မှာ ရှိသမျှလူအားလုံး ဈေးသည်ချည်းပဲ။ ဈေးသည်ဆိုပေမယ့် အပေါက်အစပ်ကတော့ ဆိုးသလားမမေးနဲ့။ ဈေးဝယ်မျက်နှာကိုကြည့်တာ ရန်သူတစ်ယောက် ကြည့်သလိုမျိုးဗျ။ မျက်ခုံးနှစ်ဖက်တွန့်တဲ့ပြီး မှုန်သိုးသိုးကြည့်တာ။ မျက်နှာတွေကလည်း လေးထောင့်ပုံတွေဆိုတော့ သူတို့ကိုမြင်လိုက်တာနဲ့ ဈေးဝယ်ချင်စိတ်ကို ကုန်ရော။ ဦးမှတ်တင်ကြီးကိုယ်တိုင်ကိုက ဆယ်ပြားစေ့လို မျက်နှာကြီးနဲ့။ သူ့ဆိုင်ရှေ့က ကုလားထိုင်ကြီးမှာ မိန့်မိန့်ကြီးထိုင်ပြီး လာသမျှဈေးဝယ်တွေကို ပုလိပ်ကြည့်ကြည့်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူတို့ဆိုင်က ရောင်းကောင်းတယ်။ ညတိုင်ကျရင် ပွဲဈေးတန်းတမျှ လူတွေ ကြိတ်ကြိတ်တိုးနေတော့တာပဲ။ တို့ဆို ကျွန်တော်တို့တစ်ရပ်ကွက်လုံးကို သူက ငွေတိုးပေးထားတာဗျ။ သူပေးတဲ့ငွေနဲ့ သူ့ကုန်ပစ္စည်းပြန်ဝယ်ရတာ။ အမယ်လေး... အကြွေးစနစ်နဲ့ ငွေတိုးပေးတာမဟုတ်ဘူးခင်ဗျ။ ငွေမရှိဘူးလား ပစ္စည်းတစ်ခုခုပေါင်ထား၊ ငွေထုတ်ပေးမယ်။ ဘယ်နေ့ ဘယ်ကာလအထိ ဆိုင်းမယ်။ သူဆိုင်းတဲ့ရက်လွန်ရင်တော့ အဆုံးပေါ့။ ကျွန်တော်တို့လည်း ဆုံးဖူးတယ်။

ခက်တာက ကျွန်တော်တို့တစ်တွေပဲ။ ဘယ်လောက်ဆုံးဆုံး အမှတ်မရှိဘူး ပေါင်တာပဲ၊ ငွေတိုးယူတာပါပဲ။ ပြီးတော့ သူ့ဆိုင်မှာ ပြန်ဝယ်တာပဲ။ သံသရာကို လည်နေတော့တာ။ ဒီတော့ ဦးမှတ်တင်တို့ကို ကျွန်တော်တို့ တစ်ရပ်ကွက်လုံး မလွန်ဆန်ရဲဘူးလေ။ သံသရာထဲ ဆွဲနစ်လိုက်မှာကြောက်လို့ လည်နေရ တော်သေးတာပေါ့လို့ အောက်မေ့ကြရတာ

ကျွန်တော်ကတော့ ဦးမှတ်တင်ကို လုံးလုံးမကြည့်မရဘူး။ လူတွေအပေါ် အညှန့်ခူးလွန်းတယ်လို့ ထင်တယ်။ လူတွေက သူ့ကို အမြတ်ကြီးစားကြီး၊ ဘဏ္ဍာကြီးလို့ ကွယ်ရာမှာ ခေါ်ကြတယ်။ ဒါပေမဲ့ ရှေ့ကျရင် ဘကြီးမှတ် ဘကြီးမှတ်နဲ့ မျက်နှာချိုသွေးကြရတာဗျ။ ဒီလိုမျက်နှာချိုသွေးမှလည်း သူက လူရာသွင်းတာ။ ကျွန်တော်ကတော့ သိပ်ဂရုမစိုက်ပါဘူး ကိုယ် ဝယ်စရာရှိတာကိုဝယ်ပြီး ခပ်တည်တည်နဲ့ ပြန်ထွက်လာတာပဲ သူ့ကိုများ တစ်ခွန်းတစ်လေတောင် ကျွန်တော် မဖားဘူး။ သချာစဉ်းစားကြည့်လေ ကိုယ့်ငွေနှင့်ကိုယ် ဝယ်ရတာမို့လား။ သူက အလကားပေးတာမှ မဟုတ်တာ။ ဒီတော့ ကျွန်တော်ကတော့ ခပ်တန်းတန်းပဲနေဟယ်

ကျွန်တော့်အိမ်က မိန်းမကတော့ ဒီလိုမဟုတ်ဘူးခင်ဗျ။ မိရွှေပိုက စကားသိပ်တတ်တာ။ ရှင်းရှင်းပြောရရင် ဖားတတ်တယ်ပေါ့ဗျာ။



"ဘကြီးမှတ်ရယ်... ဘယ့်နှယ်၊ ညာ့နှယ်..." နဲ့။

ကျွန်တော်ပြောလည်း မရပါဘူး။ ရှင် ဘာသိလို့လဲ အစချီတဲ့ စကားကြောကြီးကို နာသောတဆင်ရတော့တာပါပဲ။

(၂)

ကိုအောင်ငွေတို့များ သိပ်ခက်တာပဲ။ ပါးစပ်ထဲက လေထုတ်ရတာ ဘာဖြစ်သွားမှာမို့လဲ။ နှုတ်ချို လျှိုတစ်ပါ.ဆိုတာ သူမသိလေရောသလား။ သူက ဘယ်သိပါ့မလဲ။ မနက်လင်းရင် အလုပ်သွားမယ်၊ ကျွန်မ ချက်ကျွေးတဲ့ထမင်းစားမယ်၊ အိမ်အပြန် ပါလာတဲ့ငွေလေးထုတ်ပေးလိုက်ရင် ပြီးပြီလို့ အောက်မေ့တဲ့သူ။ ကျွန်မမှာ ကလေးငါးယောက် ဝမ်းတွေဖြည့်ရဖို့၊ ကိုယ်တွေလုံအောင် ဖုံးရဖို့ ဘယ်လောက်ခေါင်းကိုက်တယ်မှတ်သလဲ။ သူ့လုပ်စာလေးနဲ့များ ပြည့်စုံနေပြီမှတ်သလား။ ဝေးပါသေးရဲ့။

ကျွန်မမှာ ဖင်ကျပ်စွဲအောင် ဆေးလိပ်ကုန်းလိပ်လိုက်၊ ထမင်းဟင်း ပြေးချက်လိုက်၊ သူတို့သားအဖတွေကို ထမင်းချိုင့်ပို့လိုက်နဲ့ ဂျင်ခြေကို လည်လို့။ သူရတဲ့ငွေရယ်၊ ကျွန်မ ဆေးလိပ်လိပ်ခငွေရယ်၊ သားကြီး အလုပ်ဆင်းရင်ရတဲ့ငွေရယ်၊ သမီး မုန့်ထုပ်ခရတဲ့ငွေရယ် အားလုံးစုပေါင်းလိုက်မှ တစ်နေ့စာ အပြေးအလွှား လောက်ငတယ်ဆိုရုံလေး။ အငယ်သုံးယောက် ကျောင်းစရိတ်ကလည်း နည်းမှ မနည်းဘဲ။ အားလုံးကို ကျွန်မချည်း ဒိုင်ခံဖြေရှင်းရတာ။ သည်ကြားထဲ တစ်ယောက်ယောက် ဖျားကြည့်စမ်း။ ရှိတဲ့အထည်လေး ဘကြီးမှတ်ဆီ ပြေးပေါင်ရတယ်။ ကိုယ်ရှိတဲ့အထည်လေးနဲ့ ကိုယ်လိုချင်တဲ့ငွေရဖို့ ဘကြီးမှတ်ကို ဖျောင်းဖျရတာတစ်မျိုး၊ ရွေးပြန်တော့လည်း အတိုးနှုန်းလေးဘာလေးလျှော့ဖို့ ချော့ရတာတစ်မျိုး လုပ်ရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးမှတ်က အပေါက်ဆိုးတယ်သာ ဆိုကြတာပါ။ သူ့အကြိုက် ပြောရင် ဆက်ဆံရတာ မဆိုးပါဘူး။ တစ်ခါတစ်လေ သူ့ဆိုင်မှာ ဈေးဝယ်ရင်း ပိုက်ဆံလိုနေသေးရင် အကျိုးအကြောင်း တစ်ခုလောက်ပြပြီး လေပြည်ထိုးလိုက်။ “ကဲ... နောက်တစ်ခါတော့ မှတ်မှတ်ရရပေး”လို့ ဆိုလိုက်တာပါပဲ။ ဖွတ်ကပ်တောင်းမနေဘူး။ ကျွန်မကလည်း အမှတ်မရ ချင်ဟန်ဆောင်တာက ခပ်များများရယ်ပါ။

ဒီလိုပြေလည်အောင် မျက်နှာချိုသွေးရတာကိုပဲ ဖားသလေး ဘာလေးနဲ့။ ဟင်း... ကျွန်မသာ ဒီလိုမလုပ်ဘဲ ပစ်ထားကြည့် သင်းတို့ငတ်ကုန်တာ ကြာလှပြီ။ မနက်ထမင်း၊ ညထမင်း နှစ်ပြည်လောက်ချက်ရတဲ့ အိမ် တွက်သာကြည့်တော့။ လက်လုပ်လက်စားမို့သာပေါ့၊ လခစားဆိုရင် ခက်ရချည်သေးရဲ့။ ဖြစ်နိုင်ရင် ဘယ်သူ့မှလည်း မဖားချင်ဘူး၊ ဘယ်သူ့မှလည်း မျက်နှာချို မသွေးချင်ဘူး။ ကိုယ့်ဘာသာကိုယ် သီးချင်းကလေး တအေးအေးနဲ့ နေချင်တာပေါ့။ အိမ်မှာ ဆန်အပြည့်၊ ဆီအပြည့်ရှိကြည့်ပါလား။ ကျွန်မမျက်နှာကို ဟောသလို၊ ဟောသလို ပင့်ထားလိုက်သေးရဲ့။

တကယ်ဆို လူတကာကို အောက်ကျို့နေစရာမလိုဘဲ ဘကြီးမှတ်ကိုပဲ တရိုတသေ ဆက်ဆံပြရတာ ကျေးဇူးတောင် တင်ရဦးမယ်။ ကျွန်မတို့ရပ်ကွက်ထဲမှာ ဘကြီးမှတ်ရဲ့ ကုန်စုံဆိုင်မျိုး မရှိကြည့်ပါလား။ ဘယ်ပြေးဝယ်မလဲ။ ဈေးရှိတယ်ထားဦး၊ ပိုက်ဆံရှိမှ။ ပိုက်ဆံမရှိပေမယ့် နားလည်မှုလေးတစ်ခုလုပ်ပြီး ဝယ်လို့ခြမ်းလို့ဖြစ်နေတာမို့ ကျွန်မကတော့ ဝမ်းတောင်သာမိသေးရဲ့။

ကျွန်မတို့ပစ္စည်းလေး အပေါင်ထားပြီး နားလည်မှုလေးလုပ်တာကို ကိုအောင်ငွေးက အမြတ်ကြီးစားလုပ်ရပ်ကို အားပေးတာတဲ့လေ။ ဒါဖြင့် အငတ်ခံပြီး အားမပေးဘဲ နေမလားလို့လေ။



(၃)

ကျုပ်မှာလည်း တစ်နေကုန် တစ်နေခန်း ဒီပက်လက် ကုလားထိုင်ကြီးပေါ်မှာ ခါးတွေများအောင့်လို့ ကျွတ်... ကျွတ်... ကျွတ်၊ အညောင်းဖြေ အညာပြေ လမ်းကလေးထွက်လျှောက်ဖို့ စိတ်ကူးကြည့်မိပါသေးရဲ့။

ကျုပ်ဇနီးက ဆန်၊ ဆီအပိုင်းကို တာဝန်ယူရောင်းတယ်။ ကျုပ်သားက အိမ်အသုံးအဆောင်တို့၊ စက်ဘီးအပိုပစ္စည်းတို့ ကိုင်တယ်။ သမီးနှစ်ယောက်က အထည်၊ အလှကုန်ပစ္စည်းစတဲ့ ကျုလျာကုန်တွေ ရောင်းတယ်။ ချွေးမလုပ်တဲ့သူလည်း အိမ်ထဲဝင် ချက်လိုက် ပြုတ်လိုက်၊ လျှော်လိုက် ဖွတ်လိုက်နဲ့ တစ်ချက်တစ်ချက် ထွက်ကူတယ်။ သူတို့အားလုံး အရောင်းအဝယ် အအမ်းအတောလုပ်ရတာမို့ ခေါင်းမော့ကြည့်နိုင်တာ မဟုတ်ဘူး။

လူတွေဟာ အတော့်ကို မလွယ်တာပါကလား။ ဝယ်သူတအားကျလာလို့ကတော့ လစ်ရင်လစ်သလို တစ်ခုခုလုပ်သွားတတ်ကြတယ်။ ငွေမချေဘဲလစ်ထွက်သွားတဲ့သူ၊ ပစ္စည်းတစ်ခုခု တိုလျှိုသွားတဲ့လူ၊ ငွေမလောက်လို့ နောက်မှပေးမယ်ဆိုပြီး မေ့ဟန်ဆောင်တဲ့သူ၊ ပိုက်ဆံမအမ်းရသေးဘူးဆိုပြီး နောက်တစ်ခါ ထပ်တောင်းတဲ့သူ။ အို... စုံလို့ပါဗျာ၊ ဒီတော့ ကျုပ်မှာ ဟောဒီ ကုလားထိုင်ကြီးပေါ်ကနေ ပုပုအိုက်အိုက် ခြင်တကိုက်ကိုက်နဲ့ ထိုင်စောင့်ကြည့်နေရတော့တာပေါ့။

အကြွေးတော့ ကျုပ် လုံးဝ မပေးဘူး။ အစတုန်းကတော့ သနားပါတယ်လေဆိုပြီး ကျုပ် ပေးသေးတယ်။ ကျုပ်တို့ရပ်ကွက်က ဆင်းရဲသားရပ်ကွက်ကိုးဗျ။ ဒါပေမဲ့ မဆပ်ကြဘူး။ ဆင်းရဲတာတောင် ပြေးသေးရဲ့လို့ ကျုပ် အကုသိုလ်ပွားရတာပဲ အဖတ်တင်တယ်။ ဆုံးပေါင်းများလာတော့

www.burmeseclassic.com

www.burmeseclassic.com



အကြွေးပေးစနစ်ကို ရပ်ဆိုင်းပစ်လိုက်တယ်။ ဒီတော့ ဘာဖြစ်လာသလဲဆိုရင် ကျုပ်ဆိုင်ကို ဝယ်သူပါးလာတယ်။ ဈေးဆိုင်ဆိုတာ ဝယ်သူရှိမှပေါ့ဗျာ။ ကျုပ်က တစ်သက်လုံး ဈေးရောင်းစားလာတဲ့ကောင်ပါ။ ဒီရပ်ကွက်ရောက်မှ ကုန်စုံဆိုင်ဖွင့်တာ မဟုတ်ပါဘူး။ ဒီတော့ ကျုပ် တစ်မျိုးကြံရတာပေါ့။ ပစ္စည်းလေးဘာလေး အပေါင်ခံကြည့်တယ်။

အဲဒီအခါမှာ ဘယ်လိုဖြစ်ရပြန်သလဲဆိုရင် ကျုပ် ပြောပြမယ်။ ပစ္စည်းတစ်ခုကို တန်ဖိုးတစ်ခုနဲ့ အပေါင်ခံလိုက်တယ်ဗျာ။ တဖြည်းဖြည်းနဲ့ အတိုးတက်လာရော။ ဟော... အတိုးများလာတော့ ဘယ်သူမှ မရွေးကြတော့ဘူး။ မရွေးတော့တဲ့ပစ္စည်းကို ပြန်ထုတ်မယ်ဆိုရင် ကျုပ် ရင်းထားတဲ့ ငွေပေါ်မှာ ဈေးရောင်းသလောက် မမြတ်ဘူးဆိုတာ တွေ့လာတယ်။ ကျုပ် စဉ်းစားကြည့်တယ်။ အပေါင်မခံလို့လည်းမဖြစ်၊ အပေါင်ခံပြန်တော့လည်း ဈေးရောင်းသလောက် မမြတ်ဆိုတော့ ငါ ဘယ်လိုလုပ်ရမလဲပေါ့လေ၊ စဉ်းစားရတာပေါ့။ အဲသလို စဉ်းစားရာက ကျုပ် အဖြေတစ်ခု ရခဲ့တယ်။ အဲဒီအဖြေနဲ့ ကျုပ် အခု အလုပ်လုပ်နေတာ။

ပစ္စည်းကိုကြည့်လိုက်၊ ပြန်ရောင်း ရင် ဘယ်လောက်ရနိုင်မယ်၊ အဲဒီရနိုင်မယ့်ဈေးနဲ့ တစ်ဝက်ကိုပဲပေး။ ပြီးရင် အတိုးနှုန်းနဲ့ လကို သတ်မှတ်ပေးလိုက်။ ဒါဆို ကျုပ်အတွက် ကျန်တာပေါ့။ ရွေးလည်း အတိုးရ၊ မရွေးလို့ ပြန်ရောင်းလည်း အမြတ်ရတယ်။

ဆိုင်ပါသကောဗျာ။ ကျုပ်က ကျုပ်ဆီ ဈေးဝယ်တဲ့လူရဲ့ ပစ္စည်းကိုပဲ အပေါင်ခံတာ။ ခုတော့ ကျုပ်လုပ်ငန်းနှစ်ခုစလုံး အဆင်ပြေနေပါပြီ။ အဲဒီ အပေါင်အနှံကိစ္စကို ကျုပ်ကပဲ ဒိုင်ခံလုပ်တာ။ ဒါကြောင့် တစ်နေ့ကုန် တစ်နေခန်း အညောင်းမိနေရတာပေါ့။ လာသမျှလူကလည်း ဈေးဝယ်ဖို့ထက် ကျုပ်ဆီလာကြတဲ့သူ များတယ်၊ ဘကြီးမှတ် ဘကြီးမှတ်နဲ့လေ။



(၄)

သည်ကနေ့ ကျွန်တော် အလုပ်နားတယ်။ အလုပ်နားရင် ကျွန်တော်က အိမ်မှာတင် အေးအေးဆေးဆေး စာဖတ်တယ်။ ဟိုလည်း သည်လည်း လေလုပ်ပါဘူး။ လည်ရပတ်ရတာ လွယ်မှတ်လို့။ ကိုယ့်အိတ်ကပ်ထဲ အနည်းဆုံး အစိတ်၊ သုံးဆယ်လောက် ထည့်ထားနိုင်မှဗျ။ အပေါင်းအသင်းနဲ့ဆုံရင် လေကန်ရင်း လက်ဖက်ရည်သောက်၊ ဆေးလိပ်သောက်နဲ့ ချောတာပဲ။ ရုပ်ရှင်ကြည့်ဖို့တို့၊ ကစားဖို့တို့ဆိုတာကတော့ ဝေလာဝေး။ ဝါသနာမပါလို့ မဟုတ်ပါဘူး။ ငွေမရှိလို့ပါ။

သည်တော့ အိမ်မှာပဲ ဇိမ်နဲ့စာဖတ်တယ်။ ခုခေတ် မဂ္ဂဇင်းတွေများ ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်း၊ မင်းသား၊ မင်းသမီးအကြောင်း အရူမချေးခါးပါတတ်လေတော့ ရုံတွေသွားမကြည့်လည်း ကြည့်ရသလိုနီးပါးပါပဲ။ ကျွန်တော်တို့ အပြင်လက်တွေ့ဘဝနဲ့ တခြားစီဖြစ်နေတတ်တာကိုက စိတ်ပေါ့ပါးစေတာပေါ့။ အိမ်ကမိန်းမ မရွှေပိုကိုလည်း မေ့ထားလို့ရတယ်။ ကျွန်တော်က မျက်စိသိပ်မကောင်းလေတော့ မျက်မှန်လေးပါမှ ဖတ်လို့ရတယ်။

လမ်းထိပ်စာအုပ်ဆိုင်က မဂ္ဂဇင်း နှစ်အုပ်ငှားလာပြီး မျက်မှန်ရှာတယ်၊ မတွေ့ဘူး။ ဘယ်မှာထားမိပါလိမ့်လို့ စဉ်းစားတယ် မပေါ်ဘူး။ ကလေးတွေလည်း ယူမဆော့တတ်ပါဘူး။ မရွှေပိုလည်း မျက်မှန်တပ်တတ်သူမဟုတ်။ ကျွန်တော် ထားတတ်တဲ့ နေရာတွေအားလုံး နှံ့နေပြီ။ ဒီတော့ မရွှေပိုကို လှမ်းမေးရတော့တာပေါ့လေ။

"ဩော်... မျက်မှန်လား၊ ဟိုတစ်ပတ်တုန်းက သား စာအုပ်ဖိုးတောင်းလို့ လက်ထဲမရှိတာနဲ့ ဘကြီးမှတ်ဆီ ခဏပေါင်ထားတယ်"

ကျွန်တော် ဒေါသတွေ တအားထွက်သွားတယ်။ ဘာမှ မထူးဆန်း

www.burmeseclassic.com

www.burmeseclassic.com



သလို ဆေးလိပ်ကို စိမ်ပြေနပြေလိပ်နေတဲ့ မရွှေပိုရဲ့ပုံစံက ကျွန်တော့်ဒေါသကို ပိုပြီး ပင့်တင်ပေးတယ်။

"မင်းကွာ ပေါင်စရာရှားလို့ ငါ့မျက်မှန်မှ ပေါင်ရသလားကွာ၊ တောက်..."

ကျွန်တော်က တောက်ခေါက်လိုက်တော့ မရွှေပိုက မျက်နှာကို မဲ့သွားအောင် မဲ့ပြတယ်။

"ဘယ်လောက်နဲ့ပေါင်တာလဲ၊ ခု သွားရွေးမယ်"

"ငါးဆယ်"

အမယ် သူကတောင် ကျွန်တော့်ထက် အသံပိုပြတ်နေလိုက်သေးရဲ့။ ကျွန်တော် ဆက်ပြောရင် တစ်ခွန်းမှခံမယ့်ပုံ မရှိဘူး။ ကျွန်တော်လည်း စိတ်တိုတိုနဲ့သာ အခုရွေးမယ်လို့ ပြောလိုက်တာ။ လက်ထဲမှာ တစ်ပြားမှ ရှိတာမဟုတ်ဘူး။ မရွှေပိုဆီက ထွက်လာဖို့ဆိုတာကလည်း ကျောက်ခဲဆီကြိတ်ရသလိုသာ ဖြစ်တော့မယ်။ စိတ်ရှုပ်ရှုပ်နဲ့ ဘီရိုကိုဆွဲဖွင့်လိုက်တယ်။ ကျွန်တော်တို့အိမ်က တစ်လုံးတည်းသော ဘီရိုထဲမှာ အဝတ်အစား ခပ်နွမ်းနွမ်းတွေရယ်၊ ကြွေပန်းကန် ပြုတ်စဖျင်းတောင်းလေးတွေရယ်ပဲ ရှိတယ်။

ဦးမှတ်တင်ကြီးဆီ ပစ္စည်းပြောင်းပေါင်ဖို့ ကျွန်တော် စိတ်ကူးရလိုက်တယ်။ အင်္ကျီတွေ ဖွကြည့်တယ်။ ဒီလူကြီး ၅၀ ပေးမယ့် အဝတ်အစားမရှိဘူး။ ကြွေပန်းကန်တွေက ဟောင်းလည်းဟောင်း၊ ကောင်းလည်း မကောင်းဆိုတော့ ယူမှာမဟုတ်ဘူး။ ကျွန်တော် အကြံအိုက်တာနဲ့ ဟိုဟို ဒီဒီ ရှာဖွေကြည့်မိတော့ အခန်းထောင့်က သံသေတ္တာကြီးကို တွေ့လိုက်ရတယ်။ ဒီသေတ္တာက ကျွန်တော်တို့ရဲ့ အိမ်ထောင်ဦးပစ္စည်း။ မတတ်နိုင်ဘူး ကျွန်တော် မျက်မှန်ပြန်ရမှ ဖြစ်မယ်။



(၅)

ကျုပ်ရှေ့ကို သံသေတ္တာကြီး ဒိုင်းခနဲ ဆောင့်ချလိုက်တော့ ကျုပ်လန့်သွားတာပေါ့။ ဘယ်နှယ့်ကောင်လဲ၊ လူကြီးကို မထီမဲ့မြင်။ မိပို ယောကျ်ား အောင်ဒွေးတို့များ သိပ်ရိုင်းတဲ့အကောင်။ ကျုပ်လည်း မျက်နှာကြောကို ခပ်တင်းတင်းထားပြီး လှမ်းကြည့်လိုက်တယ်။

"မိပိုပေါင်ထားတဲ့ မျက်မှန်ကို ဒီသေတ္တာနဲ့ လဲထားပေးဗျာ၊ ကျွန်တော် မျက်မှန်ပြန်လိုချင်လို့"

လာလာချည်သေးဗျာ။ ထောင့်မကျိုးလိုက်ပုံ။ လဲပေးချင်စရာပဲနော်၊ ကျုပ်ကို ဒီလိုလာစမ်းလို့ ဘယ်ရမလဲ။

"ဟ... မိပို ပေါင်ထားတာ မင်းနဲ့ ဘာဆိုင်လို့တုန်း၊ ရှုပ်ရှုပ်ယှက်ယှက် ငါ လက်မခံဘူး"

ကျုပ်က ကောပစ်လိုက်တော့ ဒီကောင့်မျက်နှာကြီး နီရဲသွားတယ်။

"မိပိုက ကျုပ် မိန်းမ၊ မျက်မှန်က ကျုပ်မျက်မှန်၊ ရှုပ်နေတာက ခင်ဗျား"

စော်စော်ကားကား ကျုပ့်ကိုများ လက်ညှိုးငေါက်ငေါက်ထိုးလို့ ဧကန္တ ဒီကောင် မိပိုနဲ့ ရန်ဖြစ်လာပုံရတယ်။ ကုလားမနိုင်တာနဲ့ ရနိုင်လာမဲ တာထင်ပါရဲ့။ ဒီလောက်တော့ ကျုပ် အကဲခတ်တတ်ပါတယ်။ ကျုပ်ကလည်း အညံ့ခံမတဲ့လား။

"မင်းသေတ္တာအဆွေးကြီး ၅၀ မပြောနဲ့၊ အလကားပေးတောင် ငါ မယူဘူး"

"ခင်ဗျား ဒီလိုနှိမ်မပြောနဲ့၊ ဒီသံသေတ္တာကိုရောင်းရင် ၂၀၀ လောက်တော့ အသာလေးရတယ်"

"ဒါဖြင့် သွားရောင်းချည်ပေါ့ကွာ၊ ငါ့ဆီ ဘာလို့လာနေသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား... ခင်ဗျား"

ကျုပ်ဆိုင်ရှေ့မှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်။ တစ်ယောက်တစ်ခွန်းစကားများနေတဲ့ ကျုပ်တို့နှစ်ယောက်နဲ့ သံသေတ္တာကြီးကို လူတွေ ဝိုင်းကြည့်ကုန်ကြပြီ။ ကျုပ်သားက တုတ်တစ်ချောင်းကိုကိုင်ပြီး ကျုပ်ဆီပြေးလာရပ်တယ်။ ကျုပ်မိန်းမရော၊ သမီးတွေရော၊ ချွေးမရော ကျုပ်နားရောက်လာတယ်။

"ဒုက္ခပါပဲ ကိုအောင်ဌေးရယ်၊ ကျုပ်ထင်လို့ လိုက်လာတာ၊ ကျွန်မတောင်းပန်ပါတယ် ဘကြီးမုတ်ရယ်၊ ကျွန်မ မျက်နှာကို ထောက်ပါဦးကျွန်မလေ..."

"ဟော့... တော်စမ်း မိပို၊ ကိုယ့်ပစ္စည်းနဲ့ကိုယ် အောက်ကျတဲ့စကားတွေ မသုံးစမ်းနဲ့၊ လူပေါ်လူညွန့်ခူးစားနေတဲ့ အဘိုးကြီး၊ ခင်ဗျားရဲ့ ဆယ်ပြားစေ့မျက်နှာကြီးကို ကျုပ်လက်သီးနဲ့ ထိုးမယ်"

ကျုပ်သားက တုတ်နဲ့အရွယ်မှာ မိပိုက သူ့ယောကျ်ားရှေ့က ဝင်ခံတယ်။ အောင်ဌေးကလည်း ဆိုင်ကဲလားထောက်ထားတဲ့ သစ်သားချောင်းကို ဆွဲဖြုတ်တယ်။ အခြေအနေက တော်တော်တင်းမာလာပြီ။ သူရိုက်ကိုယ်ရိုက် ရိုက်ကြတော့မယ်။ အမှုတွေဘာတွေဖြစ်ရင် ငွေကုန်မယ်။ ဒီကောင်က မိုက်သာမိုက်တာ ငွေမရှိဘူး။ မရှိတော့ ကုန်မှာမဟုတ်ဘူး။ ကုန်ချင်းကုန် ကျုပ်ကသာကုန်မယ်။

ကျုပ်တို့ဆိုင်ရှေ့မှာ ရုန်းစု ရုန်းစုဖြစ်နေတုန်း ဆိုင်ထဲမှာ အိမ်ကလူတွေ တစ်ယောက်မှမရှိဘူး။ ဒီအသိ ဖျတ်ခနဲ ကျုပ်ခေါင်းထဲဝင်လာတာနဲ့ ဆိုင်ထဲကို လှမ်းကြည့်လိုက်တော့...

ဆိုင်မှာ တွဲလောင်းချိတ်ထားတဲ့ ပစ္စည်းတွေ ဆွဲလိုဆွဲ၊ ဟိုဟာကောက်ထည့်၊ ဒီဟာကောက်ထည့် လုပ်လိုလုပ်နေကြတယ်။ သူများရဲ့



ချွေးနည်းစာကို အချောင်လိုချင်ကြတယ်။ မဖြစ်ဘူး မဖြစ်ဘူး၊ ကျုပ်...

"ဟေ့... ဟေ့ ဆိုင်ထဲကလူတွေ အကုန်ထွက်ကြစမ်း။ ဆိုင်တံခါးပိတ်ကြ၊ ဘာကြောင်နေတာလဲ၊ ဆိုင်တံခါးကိုပိတ်စမ်းလို့ဆိုနေ၊ မိပို နင့်သေတ္တာကြီးကိုထားခဲ့၊ မသိန်း ငါ့ဘီရိုထဲက ဟိုကောင့် မျက်မှန်ယူပေးလိုက်၊ သြော်... ဟေ့ မျက်မှန်အတွက်အတိုးကို သံသေတ္တာအရင်းထဲထည့်မှတ်လိုက်၊ သွားကြ... အားလုံး သွားကြ"

ကျုပ်ဟာ ပါးစပ်ကနေ တရစပ် အော်ပြောရင်း ဆိုင်ထဲကို ပြေးဝင်သွားလိုက်တယ်။ အားလုံး ကျုပ်ကို ကြောင်ကြည့်နေကြပေမယ့် ကျုပ်ကြောင်ဘူး။

စတိုင်သစ် မဂ္ဂဇင်း၊ ၁၉၉၅-ခုနှစ်၊ နိုဝင်ဘာလ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တောဈေး

## (၁)

လေးရက်တစ်ဈေးဆိုပေမယ့် အပတ်တိုင်းတော့ မရောက်ဖြစ်ပါဘူး။ ရောက်ဆို လက်ထဲ ငဝိုင်းကလည်းပြတ်နေတာကိုး။ တစ်ဝါတွင်းလုံး ထိုင်စားလိုက်တာ ကျုပ်တို့မှာ လက်တိုငါးရိုးမျက်။ လူစာ၊ နွားစာ မော ရိုက်ရတာဆိုတာများ ဖုတ်ဖက်ဆာလို့။ ခုမှ နှမ်းကြိုငွေလေးရလို့။ ရေ လေးကျသွားလို့ ထွန်သံယက်သံကလေးများ ကြားကြရင် လာလိုက်ကြတဲ့ အဝယ်တော်တွေ၊ ပွဲစားတွေ၊ ရွာထဲရောင်လို့တောင် မလွတ်ဘူး။ ဒါပေမဲ့ ကျုပ်တို့က ရောင်းရတယ်။ ခံရပြီးပြီလေ။ တစ်နှစ်ဆီကပေါ့။ ကြိုငွေတွေ ယူပြီး သီးနှံမသွင်းနိုင်လို့ ပါသွားရောလား တစ်သီကြီး။

ဟော ... မြောက်ရွာက ဈေးလာတဲ့ လှည်းသံတွေတောင် ကြားရပြီ။ ဒီယကောင်းလိုက်တာတော်။ ခုနကမှ လင်းကြက်တွန်သွားကာရှိသေး။ မနိုင်သေးပါဘူး၊ ကိုယ်က ဘာဝယ်မှာလိုက်လို့။ ဆန်ကလေးငါးပြည် လောက်ရယ်၊ ဆီကလေး တစ်ပိဿာလောက်ရယ်။ အဲ... ဒါနဲ့တင် အမေပေးတဲ့ ငွေငါးရာ ချောရော့မယ်။ အင်း... ဒါဆို ဆီကိုလျှော့လိုက်

www.burmeseclassic.com

www.burmeseclassic.com



မယ်၊ သူမပါလို့ ထမင်းဝိုင်းက ဘာမှမဖြစ်ဘူး။ တော်ပြီ ငါးဆယ်သား ဒါမှ ငရုပ်သီးခြောက်လေး၊ ကြက်သွန်နီလေး ဝယ်နိုင်မှာ။ ဈေးရောက်တုန်း ထန်းလျက်ကလေးကလည်း ဝယ်ချင်သေးတာ။ တော်ကြာ ထွန်ဆင်းရင် မုန့်ဖြူ၊ မုန့်နီလေးက လုပ်ရဦးမှာလေ။ ကောက်ညှင်းမုန့်မှုန့်ကတော့ ဒွေးလေးသော့်တို့ မောင်းကပဲ မှုရမှာပဲ၊ နှမ်းပေါ်ပေးပေါ့။ လက်ဖက်ခြောက် ကလည်.လိုသေး။ အာဖြဲခြောက်ကလေးလည်း ရှိထားဦးပါမှ။

"ဂျုံမရေ... ဟော့... ဂျုံမ ကောင်မ မ်းခွက်ရောင်တောင် မမြင်သေးဘူး။ သောက်ပျင်းထူ ထူလွန်း"

ဟော... မိသြ အသံ။ သည်ကောင်မ ဈေးများလိုက်ရမယ် မြူလို။ သူ့လူနဲ့ တွေ့ရမှာဆိုတော့ ဘယ်လောက်များ ရင်ထဲမှာ ဒိန်း တပ်တပ်ဒိန်း ဖြစ်နေမတုန်း။

"နိုးနေပါပြီ မိသြရယ်၊ ငါတို့က ကောက်ခန့် ထလိုက်ရုံပါပဲတော်"

စောင်ကိုဆွဲခွာချလိုက်ပြီး မိသြကို လှမ်းထော့လိုက်တယ်။ တာ ပေါ်က ရေနံဆီမီးခွက်ထွန်းတဲ့ပြီး ခေါင်းကို ဘီးနဲ့ တစ်ချက်နှစ်ချက် သပ်တင်။ ရေအိုးထဲက ရေတစ်ဖလား.ခပ်ပြီး မျက်နှာရော၊ ကုပ်တွေရော ရေဆွတ်ပစ်လိုက်တယ်။ သနပ်ခါးဘူးထဲကို လက်နှိုက်ကော်တော့ သနပ် ခါးက မရှိတော့ဘူး။ ရေလေးတစ်စက် နှစ်စက်နဲ့ ဘူးထဲက အကပ်အသပ် ခြစ်ကုတ်လိမ် ရတယ်။ ဒါပဲ ကျုပ်တို့က သူများလို အလှပြင်စရာမလို ပေါင်။ အနေ်ဆိုးလို့ ကြိုက်သူမရှိတော့လည်း အေးတာပဲ။ အမေ့ကို အကြာကြီ. လုပ်ကျွေးရတာပေါ့။ အမေ့ခမျာ မုဆိုးမကြီး။ မုဆိုးမဆိုတာ သာ.သမီ.မျက်နှာ ရှိတာအေ့တဲ့။ အမေက ပြောဖူးတယ်"

"အမေ ကျုပ် ဈေးသွားတော့မယ်"

"အေးအေး... နေသိပ်မမြင့်စေနဲ့"



အမေ့ကို နှုတ်ဆက်ပြီး ထန်းခေါက်တောင်.ကို ခါးစောင်းတင် ထွက်ခဲ့တယ်။ ရွာလယ်ညောင်ပင်ကြီးအောက်မှာ မှောင်နေတုန်း။

"ဆယ်မိတို့ အေးဘုံတို့ရော"

"ရောက်နေပါပြီတော်၊ ညည်းတစ်ယောက်ပဲ လိုနေတာ ကတဲ"

သူငယ်ချင်းလေးယောက်သား အသံတစာစာနဲ့ ရွာလယ်လမ်းအတိုင်း ထွက်ခဲ့ကြတယ်။ ရွာထဲမှာ ကိုယ်လို ဈေးလိုက်မယ့်သူတွေတော့ အရှိ သား။ ဒါပေမဲ့ ကျုပ်တို့လေးယောက်က ရဲလေးဖော်။ မြေပဲဆွတ်ရာလည်း အတူတူ၊ ရေချိုးရေခပ်လည်း တတွဲတွဲ၊ ပွဲသွားလမ်းသွားကအစ မခွဲကြ ဘူး။ ပြောမနာဆိုမနာ။ တစ်ရွာတည်းနေ တစ်ရေတည်းသောက်။

ရွာပြင်ရောက်တော့ လေက အေးခနဲ တစ်ချက်တိုက်တယ်။ ထွန်းပြီး ထယ်ပြီးစ မြေသင်းနံ့လေးက နှာဝကို လာချူတယ်။ သည်နှစ် ရွာတွေ မှာ ရေလည်းဝင်တယ်၊ မိုးဦးလည်းကောင်းတယ်။ ဖြစ်လိုက်မယ့်ပဲတွေ နှမ်းတွေ။ စိတ်ကူးနဲ့တင် ပျော်မိတယ်။ သဲချောင်းလမ်းကလေးက လရောင်အောက်မှာ ဖြူးဖြောင့်လို့။ ကျုပ်တို့ရွာနဲ့ ဈေးကလေးက နှစ်မိုင် လောက်ဝေးတာ။ ဈေးကိုရောက်တော့ ရောင်နီကလေး ပျို့အန်ကျလာတယ်။ လေးယောက်သား ဆွမ်းစားမောင်းခေါက်ချိန် သရက်ပင်ကြီးအောက်မှာ ပြန်ဆုံဖို့ အချိန်းအချက်လုပ်ပြီး ဈေးထဲဝင်ခဲ့ကြတယ်။

(၂)

ဈေးကလေးက တလှုပ်လှုပ် တရွရွနဲ့ စည်စပြုနေပြီ။ ဟိုတုန်းက သည်နေရာလေးကို ဇီး(ဆီး)ပင်တန်းလို့ ခေါ်ကြတာပေါ့။ ဇီး(ဆီး)ချုံ ပင်တွေ တန်းစီပေါက်နေလို့ပေါ့။ မလှမ်းမကမ်းမှာက သဘော်ခပ်ရှိတယ်။ ပြည် ကူးတို့ သဘော်ကြီးတွေက အစုန်ကပ်လိုက်၊ အဆန်ကပ်လိုက်နဲ့။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်ရှိရာ ဓနိပင်တွေအောက် ထိုင်နားကြရင်း ရောင်းလိုက် ဝယ်လိုက် လုပ်ရာက ဈေးကလေးဖြစ်သွားတာပါ။ ဈေးဖြစ်သွားတော့လည်း ဈေးဆိုင်ကလေးတွေ ပေါ်ပေါက်လာကြတယ်။ သည်တော့ ဓနိပင်တွေက အလိုလို ဈေးအပြင်ရောက်သွားရော။ ဓနိပင်ရိပ်အောက်မှာက လှည်းတန်းကြီး၊ အရှေ့ ကြည်းတောတစ်တန်းက လှည်းတွေပေါ့။ ဈေးထဲဝင်ပြီး ဆန်ဈေး အရင်စုံစမ်းလိုက်တယ်”

“ဒီဆန်က ဘယ်ဈေးတုန်း”

“ရှစ်ဆယ်”

မှတ်ဟဲ့။ ဆန်ကောင်းမှန်းသိရက်နဲ့ မေးချင်ဦး။ သည်ဆန်မျိုးက ကျုပ်တို့နဲ့ မဆီကလေးရယ်တဲ့မှ အိုမဆိုင်ထဲကပါ။ လက်ထဲက ဆန့်စေ့ လေးတွေကို ဇလားထဲ ပြန်လျှောချလိုက်တယ်။ သည်တစ်ခါတော့ ဆိုင်ထောင့် ဇလားခွက်အိုကြီးထဲက ဆန်ဝါပေါက်တွေကို လက်ညှိုးထိုး တဲ့ပြီး…

“ဒါကရော”

“ခြောက်ဆယ်”

ဟောတော့။ အညံ့ဆုံးထင်တာတောင် ခြောက်ဆယ်တဲ့လား။

“ဒီထက် ဈေးချိုတာ မရှိဘူးလား”

“ရှိတယ် ဟောဟိုတောင်းထဲက ဆန်ကွဲတွေ”

လုပ်ချလိုက်ပါပြီ ဟောသည် မသန်းရီကြီး။ ဒါကြောင့် သူ့ဆိုင်က ဆန်မဝယ်ချင်တာ။ ဈေးတည့်အောင်ရောင်းမယ် မကြံဘူး၊ အငေါ့အတူး လေးအရင် ရှေ့တော်ပြေးလွှတ်လိုက်တာပဲ။

“ဆန်ကွဲ ကျုပ်က ဘာလုပ်ရမှာတုန်း၊ တော်သာရောင်း”

ဆောင့်ဆောင့်အောင့်အောင့်နဲ့ ထန်းခေါက်တောင်း ခါးဆက် ပြောင်းတင်ပြီး ထွက်လာခဲ့တယ်။ ဈေးထောင့်က ဦးသံလုံးဆိုင် သွားမေး



ဦးမှ။ အဲဒီ လူကြီးကတော့ အကပ်အသပ် ဆန်ကျိုးဆန်ကြေလေးတွေ ရှိတတ်တယ်။ ဆန်ကောင်းမလိုပါဘူးတော်။ ထမင်းဖြစ် ပြီးသာပါပဲ။ ဈေးသာ အဓိကပါ။ ဈေးကုန်နှိုက်ဝယ်နိုင်ရင် ကျုပ်လက်ထဲ ပိုက်ဆံပို ကျန်မယ်။ ပိုက်ဆံကျန်ရင် လိုချင်တာလေး စပ်ကာဟပ်ကာ ဝယ်လို့ရသေး တာပေါ့။ ကျုပ်တို့ တောသူတောင်သားများ မြေကြီးနဲ့သာ ရင်းနှီးတာ။ မြေကြီးကထွက်တဲ့ အဆီအနှစ်များ ကောင်းကောင်းမစားရတာ ကြာပေါ့။ အကြွေးတွေတင်ကြလို့ သီးနှံပေါ်တော့ ထိုးဆပ်ထဲပဲ။ ဗာဂျီးနီးယားဆေးတွေ စိုက်တုန်းက အမောင်လေးပြောတဲ့စကား မှတ်မိပါသေးရဲ့။ ဆေးရွက်ပုံကြီး ဘေး ပြောင်းဖူးဖက်ဆေးလိပ်သောက်ရင်းနဲ့…

“ငါတို့က မင်းတို့ကို စိုက်သာပေးလိုက်ရတာပါကွာ၊ အချိန်တန်ရင် ကျောက်စားပွဲနဲ့ လေပန်ကာနဲ့ ဇိမ်ခံကြတဲ့ လူတွေဆီ မင်းတို့ သွားကြ တာပဲ မဟုတ်လား”တဲ့။

“ဦးသံလုံး ဆန်ကလေးဘာလေး ရှိသေးလား”

“ဟ… ငါ ဆန်ရောင်းနေတာပဲ ရှိတာပေါ့အေ့”

“အိုတော် ကျုပ်ပြောတာက ထမင်းကြမ်းခဲနဲ့ ဒိုးပစ်လို့ရတဲ့ဆန်”

“ညည်းလာလိုက်ရင် ဒီလိုချည်းပဲ၊ စောစောစီးစီး လာဘ်မရှိ၊ ကိုးမရှိ”

“လုပ်စမ်းပါတော် ကျုပ်က လေးငါးပြည် ယူမှာပါ”

ဦးသံလုံးကတော့ ကျုပ်တို့ကို နားလည်တဲ့လူကြီး။ တောင်းထဲက ဆွဲတွေ၊ ဆန်ကွဲတွေနိုင်ချင်းနဲ့ ဆန်နီကြမ်းကြီးတွေကို တစ်ပြည် ငါးဆယ့် ငါးကျပ်တဲ့။ ကျုပ် ငါးပြည်ယူလိုက်တယ်။ ဦးသံလုံးက အရင်လက် သည်ဆန် ငါးဆယ်နဲ့တောင် ဝယ်မယ့်သူ မရှိဘူးတဲ့။ ဆန်ခြင်ပေးရင်း ပြောလိုက်သေးတယ်။

“ဒါဆို ငါးဆယ်ပဲ ယူပါတော့”

www.burmeseclassic.com

www.burmeseclassic.com



"အလကားတောင် ပေးချင်ပါတယ် ဂျုံမရယ်၊ ငါဖြင့် ဆန်ရောင်းချင်စိတ်တောင် ကုန်လာပါပြီ၊ ငွေရင်းကြီးလွန်းလို့"

ဘာမှ မပြောတော့ပါဘူး၊ ဆန်ငါးပြည်တောင်းရှက်ပြီး ဈေးထဲပြန်ပတ်လိုက်တယ်။ နမ်းကြိုပေးလေးတွေ ရလို့ထင်ပါရဲ့။ ဈေးကလေးစည်နေလိုက်ပုံများ ပဒူအုံ တုတ်နဲ့ဆွထားတဲ့အတိုင်းပဲ။ အင်း... ဆန်ပြီးတော့ ဆီ။ ဗိုက်ထဲကလည်း ဂွီခနဲ မြည်လာတယ်။ မုန့်တီလက်သုတ်လေးတစ်ပွဲတော့ စားလိုက်ချင်သေးတယ်။ အို... တစ်ပွဲတစ်ဆယ်ကြီးများတောင်။ ငွေတစ်ဆယ်ဆို လက်ဖက်ခြောက်တစ်ထုပ် ဝယ်နိုင်သေးတယ်။ ဆီဆိုင်ရှေ့မှာလည်း လူတွေတန်းစီလို့ပါလား။ ပုလင်းလေးတွေ၊ ပုံးလေးတွေကိုယ်စီကိုင်လို့။ ဆိုင်ရှေ့ ဖျတ်ခနဲရပ်လိုက်ပြီး ဆီဈေး စုံစမ်းလိုက်တယ်။

"ဆီ ဘယ်ဈေးတဲ့တုန်းတော့"

ကျုပ်လို ထန်းခေါက်တောင်းရွက်ပြီး ဘာလီရည်ပုလင်းခွံကိုင်ထားတဲ့ မိန်းမတစ်ယောက်ကို မေးလိုက်တယ်။ သူကလည်း ကျုပ်ကို ပြန်ကြည့်ပြီး...

"ခုနစ်ဆယ့်ငါးကျပ်တဲ့"

တစ်ပုလင်းဈေးကိုပြောတာပါ။ လေးဆယ်သားပေါ့။ ဒါက ကျုပ်တို့ဝယ်စားရတဲ့ဆီ။ ဘယ်ကလာတဲ့ဆီမှန်းတော့ ကျုပ်လည်း မသိပါဘူး။ ကျုပ် သိတာက ကျုပ်တို့စိုက်တဲ့ နှမ်းတွေ၊ မြေပဲတွေကရတဲ့ဆီ မဟုတ်ဘူးဆိုတာပါပဲ။ ဆီတစ်ပုလင်းဝယ်ပြီး တောင်းထဲထည့်လိုက်တယ်။ ဗိုက်ကလည်းဆာ၊ မောလည်းမောတာနဲ့ ဈေးအနောက်ထိပ်က ခေါ်ရုပ်ဆိုးအကြော်ဆိုင်ဘက် ထွက်ခဲ့တယ်။ ကောက်ညှင်းကြော်နှစ်ခုလောက် ဝယ်စားပြီး ရေနွေးကြမ်းနဲ့ ဖိချလိုက်ဖို့ပေါ့။ အကြော်ဆိုင်မှာလည်း လူတွေအုံ



လို့။ သြော်... လူတွေ ဗိုက်ဆံသာမရှိဘူး ညည်းကြတာ၊ ဈေးထဲမတော့ ကြိတ်ကြိတ်တိုးလို့။

ကောက်ညှင်းကြော်ကလည်း တစ်ခုတစ်ဒု ဆီမီးခွက်လောက်ပဲရှိမယ်။ အထဲက အောင်းထားတဲ့ ထန်းလျက်နဲ့ မြေပဲဆိုတာက ဘုရားဖူးလွတ်တယ်ဆိုရုံလေး။ ရေနွေးကြမ်းသောက်ရင်းနဲ့ ကျန်ငွေလေး စစ်ကြည့်မိတယ်။ တစ်ရာ့ငါးဆယ်။ ထန်းလျက်၊ ငါးခြောက်၊ ငါးပိ၊ လက်ဖက်ခြောက်၊ ငရုပ်သီးခြောက်၊ ကြက်သွန်နီ။ စိတ်ကူးထားသမျှကို လက်ထဲက ငွေနဲ့ ချင့်ချိန်ကြည့်မိတယ်။ လျာထားကြည့်မိတယ်။ ဘာက စဝယ်ရပါ့။

"အား... ဖလူး"

ရေနွေးပူလောင်လိုက်တာတော်။ အာကို ကျက်သွားတာပါပဲ။

(၃)

နည်းနည်းစီဝယ်ပြီးတော့ လက်ထဲမှာ ကျပ်တန်လေးငါးရွက် ကျန်နေတယ်။ ဘာဝယ်ရပါ့မလဲ။ စဉ်းစားစမ်း အို... တောင်းကြီးရွက်ထားရတာလည်း လေးလှပြီ။ ဈေးပြင်ထွက်ပြီး ဗီးပင်ရိပ်မှာ နားဦးမှပါ။

"ဟဲ့... ဂျုံမ ဝယ်ပြီးပြီလား"

"သြော်... ဒွေးလေးဥပါလား၊ ပြီးပြီပြောပါတော့"

"ငါလည်းအေ ဈေးမလိုက်ရတာကြာလို့ အိမ်မှာ ဆန်ပြုတ်၊ ဆီပြုတ်နဲ့မို့သာ လိုက်လာရတယ်၊ မဖြစ်လောက်ပါဘူး"

ဒွေးလေးဥက သူ့တောင်းထဲက ပစ္စည်းလေးတွေကို ထုတ်ပြလိုက်၊ ညည်းပြလိုက်။ ကျုပ်ကလည်း ကိုယ်ဝယ်လာတာလေး တွက်ပြလိုက်၊ ချက်ပြလိုက်။ စကားသာပြောနေရတာ ကျုပ်စိတ်က ကျပ်တန်ငါးရွက်ဆီ ရောက်နေတာလေ။ ဘာဝယ်ရရင် ကောင်းမလဲပေါ့။ အိမ်မှာမရှိဘာ ဝယ်ရမယ်ဆိုရင် အများကြီး။ အပ်ချည်လုံးလည်း မရှိတော့ဘူး။ အမေ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျားပရုပ်ဆီလေးလည်း ဝယ်သွားချင်သေးတယ်။ အမောင်လေးဖို့ ဆင်ဆင်ဆေးပေါ့လိပ်ကလေးပဲ ဝယ်သွားရရင် ကောင်မလား။ ကျုပ်အတွက် သနပ်ခါးဘူးလေးလည်း လိုချင်သေးတာ။ ငွေငါးကျပ်ထဲကျန်မှ ကျုပ်မှာ စဉ်းစားလို့မရဖြစ်နေပုံနော်။ ရယ်ချင်စရာတော့ အကောင်းသား။ အို… ဈေးထဲသွားပြီး ငါးကျပ်နဲ့ရတာ ဝယ်လိုက်ရုံပဲ။ သူ့ထိုက်နဲ့သူ့ကံပေါ့။

"ဒွေးလေးဥ ကျုပ် ဈေးထဲ ခဏဝင်လိုက်ချင်သေးလို့ ကျုပ်တောင်းလေး ခဏ ကြည့်ထားလိုက်ပါတော်"

"အေး… အေး၊ သိပ်မကြာစေနဲ့အေ့၊ ငါလည်း ပြန်မှာ"

"အင်းပါတော်… အင်းပါ"

ကျပ်တန်ငါးရွက် လက်ကဆုပ်ပြီး ဈေးထဲ ပြန်ဝင်ခဲ့တယ်။ သည်တစ်ခါတော့ စိတ်လွတ်ကိုယ်လွတ်နဲ့မို့ ဈေးထဲက ဆိုင်တန်းလေးတွေဆီအားလုံး ဝေ့ကြည့်မိတယ်။ တောဈေးကလေးပေမယ့် အထည်ဆိုင်ရှိတယ်၊ အလှကုန်ဆိုင်ရှိတယ်၊ ဆံပင်ကောက်ဆိုင် ရှိတယ်၊ ဆိုင်ကလေးတွေကလည်း လူ့ခါးစောင်းလောက် အမြင့်ကလေးတွေ။ ဝါးကပ်မိုးထရံကာ။ အချို့ တဲလေးတွေကတော့ သက်ကယ်ပျစ်မိုးထားတဲ့ တစ်ဖက်ရပ်တဲကလေးတွေပေါ့။ အို… လှလိုက်တဲ့ အထည်စလေးတော်။ ကြည့်စမ်း ချောကျိချောကျိနဲ့။ ဘာစကလေးပါလိမ့်။

"ဒီဟာ ဘာစခေါ်တုန်းတော့"

"ရှမ်ပိုး"

"ဘယ်လို ရှမ်ပိုး ဟုတ်လား၊ တစ်ကိုက်ဘယ်လောက်"

ကျုပ် စကားမဆုံးသေးဘူး၊ အထည်သည်က မျက်စောင်းတစ်ချက်ပစ်ထည့်ပြီး…



"ဝယ်နိုင်မှမေးအေ ငါတို့က ဈေးပြောဖို့ဖွင့်ထားတဲ့ဆိုင် မဟုတ်ဘူး၊ ရောင်းဖို့ ရောင်းဖို့"

ကျုပ် စိတ်တွေ တိုသွားတယ်။ အသားတွေ ဆတ်ဆတ်တုန်လို့ ဒေါသတွေ ထွက်လာတယ်။ လက်ထဲက ကျပ်တန်လေးငါးရွက်သာ ငါးရာတန်တွေ ဖြစ်ကြည့်ပါလား။ အဲဒီ မိန်းမမျက်နှာကို ပစ်ပေါက်လိုက်ချင်မိတယ်။ အထည်ဆိုင်ရှေ့ကနေ ချာခနဲ လှည့်ထွက်ခဲ့တယ်။

"အပ်ချည်လုံး ဘယ်လောက်လဲ"

"ဘာအရောင်လဲ"

"အဖြူပေါ့တော့"

"ခြောက်ကျပ်"

"အယ်… ငါးကျပ်တောင် မရဘူးလား"

"မရဘူး"

ရမှာမဟုတ်ဘူးလေ၊ ကျုံလျှာကုန်ဆိုင်တွေက တစ်ခွန်းဈေး။

"ဒါဖြင့် ကျားပရုပ်ဆီပေး"

"ရှစ်ကျပ်နော်"

"ဟောတော့ အရင်တုန်းက ငါးကျပ်ရယ်"

"အခု အရင်မဟုတ်တော့ဘူးအေ့"

ဈေးသည်တွေ ဘယ်လိုများ ဖြစ်ကုန်ကြတာပါလိမ့်။ ဈေးတည့်အောင် ရောင်းချင်ကြဘူးလား။ အပြောအဆို အပေါက်အစပ်တွေ ဘယ်လိုများ ပြောင်းကုန်ကြတာပါလိမ့်။ ကဲ… အမေ့ကံပေါ့။ နောက်တစ်ဆိုင်သွားပြီး အမောင်လေးအတွက် ဆေးလိပ်ဝယ်ရုံပဲ။

"ဆင်ဆင်ဆေးလိပ် ပေးပါ"

"ဆယ်လိပ် ခြောက်ကျပ်"

www.burmeseclassic.com

www.burmeseclassic.com



ဈေးမှာ ဆေးလိပ်ကို ဆယ်လိပ် အနည်းဆုံး ခွဲရောင်းတယ်။ ရွာမှာ တော့ တစ်လိပ်ချင်း တစ်ကျပ်တဲ့။ နေပါစေတော့ အမောင်လေးဘာသာ ဝယ်သောက်လိမ့်မယ်။ ကျုပ်ဖို့ပဲ သနပ်ခါးဘူး ဝယ်တော့မယ်။

"ငါးကျပ်တန် မလာတော့ဘူး ဟောဒီ ပုလင်းသေး ခုနစ်ကျပ် အနည်း ဆုံးပဲ"

လူတစ်ကိုယ်လုံး ချွေးတွေနစ်လာပြီ။ ဟော... ဆွမ်းစားမောင်းတောင် ခေါက်သွားပြီ။ မိသြတို့ သရက်ပင်အောက် ရောက်နေရောမယ်။ ကိုင်း ထူးပါဘူး။ မဝယ်တာ အေးတာပါပဲ။

(၄)

နေရောင်က သရက်ပင်ပေါ်ကို ရှူးရှူးရဲရဲ ထိုးကျနေပြီ။ ကျုပ်ရောက် သွားတော့ မိသြနဲ့ ဆယ်မိ မလာသေးဘူး။ အေးဘုံတစ်ယောက်တည်း

"ဟိုကောင်မတွေ ဈေးနိုးများမိနေသလား မသိပေါင်အေ"

"ဈေးခိုးပဲ မိရင်တော်သေးတာပေါ့၊ လင်နောက်များ လိုက်သွားရင် ပြီးရော"

အေးဘုံက တောင်းကြီးကိုဆီးချရင်းပြောတော့ ကျုပ်ကလည်း စိတ်တိုတိုနဲ့ ပြောပစ်လိုက်တယ်။ ပြီးတော့ အထည်စကလေးအကြောင်း ကို ပြောပြမိတယ်။ အေးဘုံက...

"အေးပေါ့ ဂျိုမရယ်၊ ငါတို့က တောင်သူလယ်လုပ် စားမခုတ်ဘာ တွေမို့လား၊ အဲဒီအထည်စ မဝတ်ရတော့ ဘာအရေးလဲ၊ ငါတို့မြေ၊ ငါတို့ လယ်တွေက သီးနှံအထွက်ကောင်းဖို့နဲ့ မိုးတော် ရေတော်မှန်ဖို့က အဓိက ပါအေ"

အေးဘုံကပြောတော့ ကျုပ်ကလည်း...



"ဟုတ်ပါတယ် ကောင်မရယ်။ သီးနှံအထွက်ကောင်းလို့ကတော့ သင်းတို့အထည်စတွေ ပိုက်စိတ်တိုက် ဝယ်ပြလိုက်စမ်းမယ်"

အထည်စကို မက်မကုန်လို့သာ ပြောလိုက်ရတယ်။ ကျုပ်တို့မှာ ပိုက်ကျဲကြီးနဲ့သာပါ။

"ညည်းတို့မြေ ဒီနှစ် ပဲနီစိုက်ဦးမှာလား"

"မစိုက်တော့ပါဘူးအေ၊ ဈေးမလိုက်ဘူးတဲ့၊ မြေပဲပဲစိုက်မယ်လို့ အဘက ပြောတယ်"

"မနှစ်တုန်းကတော့ နောက်ပိုင်း မြေပဲဈေးရော ပဲဈေးရော ကောင်း တာပဲအေ့၊ အခုကြည့် မျိုးစေ့တွေ မနှစ်ကထက် ဈေးကြီးတယ်"

"ဟုတ်တယ် မြေပဲမျိုးတစ်တောင်း ခုနစ်ရာကျော်အေ့"

ကျုပ်တို့ စကားကောင်းနေတုန်း မိသြတို့ ရောက်လာကြတယ်။

"ငါဖြင့် ကိုဘဂျမ်းဆိုင် ကြွေးငါးဆယ်တင်ခဲ့တာအေ့"

ထုံးစံအတိုင်း သရက်ပင်အောက်မှာ ဈေးဖိုးတွက်ကြ၊ ငြင်းကြ ခုန်ကြပေါ့။

"ငါလည်း မသက်တင်ကြီးဆီ ဆပ်ပြာချောင်းဟောင်းပေး သစ်ယူ လုပ်ခဲ့ရတာ"

"ငါတော့ ကြွေးလဲမတင်ဘူး၊ ငွေလဲ မကျန်ဘူးအေ့"

သူတို့တစ်တွေ ပြောကြမှ ကျုပ်ရင်ပုံကြားထဲက ကျပ်တန်လေး ငါးရွက်ကို သတိရမိတယ်။ ရင်ဘတ်ထဲ လက်ထိုးနှိုက်တဲ့ပြီး...

"ငါက ငါးကျပ်ပိုခဲ့တယ်တော့"

မိသြတို့က ကျုပ်ကို အထူးအဆန်းလုပ်ကြည့်နေလိုက်တာ။ ကဲ... ပြန်ကြမယ်။ နေမြင့်ရင် သဲချောင်းက ပူတယ်လေ။ တစ်ယောက်ခေါင်းပေါ် တစ်ယောက် တောင်းတွေပင့်တင်ပေးလိုက်ကြတယ်။

ဈေးကလေးကတော့ လူမကွဲသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



## (၅)

အိမ်ရောက်တော့ ကျုပ်တစ်ကိုယ်လုံး ချွေးတွေနင့်လို့။ ခေါင်းရွက်နဲ့ ပြန်ခဲ့ရတာဆိုတော့ ဇက်တွေလည်းနိုင်လို့။ အမေက ဈေးတောင်းကို ဆီးချတယ်။ ကျုပ်လည်း မြေပေါ်မှာပဲ ထိုင်ချလိုက်တယ်။ ခေါင်းခုလေးနဲ့ ချွေးသုတ်ရင်း တောင်းထဲက ငါးရာဖိုးတွေကို လှမ်းကြည့်လိုက်တယ်။ အမေက ဆန်ကောတစ်ချပ်ထဲ ခွဲထည့်ရင်း…

"ငွေငါးရာဖိုးက ဆန်ကောတစ်ချပ်တောင် မရှိပါဘူး"တဲ့။

"ငါကအေ ပရုပ်ဆီလေးမှာလိုက်ဖို့ မေ့သွားတာအေ့"

"ကျုပ် သတိရတယ် အမေရဲ့"

အမောင်လေးက နွားစာစဉ်းရာက ထလာတဲ့ပြီး…

"ငါ့ဖို့များ ဆင်ဆင်လေးလိပ်ဆယ်လိပ်လောက် ဝယ်ခဲ့ရောပေါ့ဟာ"

"ကျုပ် သတိရတယ် အမောင်လေးရဲ့"

စကားဆက်မပြောသေးဘဲ ဆုပ်ထားတဲ့ ကျပ်တန်လေး ငါးရွက်ကို အမေ့ လှမ်းပေးလိုက်တယ်။ ချွေးကလေးတွေများ စိုလို့။

"ရော့ အမေ ဈေးဖိုးပိုတာ"

အမေက ကျပ်တန်လေးတွေကို တစ်ရွက်ချင်းဖြန့်ရင်း…

"ဈေးရောက်တာများ တစ်ခုခုဝယ်ခဲ့ရောပေါ့အေ၊ ညည်းနှယ် စက္ကူတွေ ပြန်သယ်လာရတယ်လို့"

ကျုပ်ကို အပြစ်တင်နေတဲ့ အမေ့ကို မျက်စောင်းထိုးပစ်လိုက်တယ်။ အမေတို့များ ကိုယ့်အိမ်ထဲ ကိုယ်နေရင်း ဘာမှသိတာ မဟုတ်ဘူး။

"အဲဒီ စက္ကူတွေနဲ့ ဘာမှ ဝယ်လို့မရဘူးတော့"

ဆောင့်ဆောင့်အောင့်အောင့် ပြောချပစ်လိုက်တယ်။



"ဟောတော် ဒီစက္ကူက ဘာဖြစ်နေလို့တုန်း၊ မသုံးရဘူးလား"

"အင်း… အမေ့ကို ပြောဖို့ရာ သိပ်ခက်တယ်။ တစ်ဆိတ် ကျုပ် မောလာလို့ပါ"

ကျုပ်လည်း အလိုလို စိတ်တွေတိုနေတော့ အမေက…

"ကဲ… မယ်မင်းကြီးမ၊ မောလာ ရေသောက် ရေသောက်၊ ခုကတဲ ဈေးလေးတစ်ခေါက်သွားတာများ ကမ္ဘာပတ်လာရတဲ့အတိုင်း ငါတို့ငယ်ငယ်တုန်းကနဲ့များ ကွာပါ့… ကွာပါ့"

"ဟုတ်တယ် အမေရေ၊ အမေတို့ ငယ်ငယ်တုန်းကနဲ့ ကွာတယ်၊ ဒါ အမေသိဖို့ လိုတာပေါ့"

မြန်မာ့ဓနမဂ္ဂဇင်း၊ ၁၉၉၇-ခုနှစ်၊ မတ်လ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တစ်မနက်ခင်းဈေး

## (၁)

မနက်မိုးလင်းမယ်မှ မကြဲသေးဘူး။ ဈေးလမ်းကြားကလေးထဲက ထော်လာဂျီသံ တဂျုန်းဂျုန်း တဝုန်းဝုန်းက ကြားနေရပြီ။ ထော်လာဂျီသံ ချည်းဆို နည်းနည်းတော်သေးတာပေါ့။ အခုတော့ ဈေးသည်မတွေရဲ့ ငြင်းကြ ခုန်ကြ အော်ကြ ဟစ်ကြတဲ့အသံတွေက ဈေးဝန်းကျင်မှာ ကျွတ်ကျွတ်ကို ညံလို့လေ။ မှောင်ကြီးမည်းကြီးထဲ သည်အသံဆူဆူတွေထွက်နေတော့ ခွေးတွေက ဘယ်သူ့ရယ် ဘာရယ်မဟုတ်တော့ဘဲ ပွက်ပွက်ရိုက်အောင် ဟောင်နေကြတာကလည်း ကြောက်, ကြောက်စရာ။ မနက်လင်းဖို့ နေရောင်ခြည်ဆိုတာ ဘယ်နားမှာနေမှန်းတောင် မသိသေးဘူး။ ရပ်ကွက်ဈေးကလေးထဲမှာတော့ အသံဆိုတာ တစ်ဝေါဝေါနဲ့ သွပ်ပြားပေါ် မိုးပြင်းရွာနေသလား မှတ်ရတယ်။

သည်ဈေးကလေးရှိတဲ့ ရပ်ကွက်က အခုတော့လည်း သည်အသံဗလံတွေကို ကြားနေကျ ဖြစ်သွားကုန်ပါပြီ။ ဈေးကလေးဖွင့်ကာစကတော့ တော်တော့်ကို စိတ်အနှောင့်အယှက် ဖြစ်ကြရတာကလား။ မနက်စောစော

www.burmeseclassic.com

www.burmeseclassic.com



ထပြီး ဘုရားရှိခိုးတတ်တဲ့ ဘကြီးဖုန်းတစ်ယောက်များ ဩကာသတောင် ဖြောင့်ဖြောင့်ရွတ်မဖြစ်ဘူး။ ညပိုင်းကပြသမျှ မြန်မာဗွီဒီယိုဇာတ်ကားကို ငွေတစ်ဆယ်ပေးကြည့်ပြီး ညဥ့်နက်မှ အိပ်ကြရတဲ့ ဒေါ်သိန်းညွန့်တို့တစ်တွေလည်း အိပ်ကောင်းခြင်း မအိပ်ကြရဘူး။ တစ်ညလုံး လမ်းထိပ်ဂစ်တာတီး ရင်း လျှောက်ပြန်သံပေး ခြေအေးဝမ်းယောင်လုပ်တဲ့ ကျော်ဦးနဲ့ အပေါင်း အသင်းများကကော ဘာထူးလဲ။ ဇိမ်နဲ့ မနှပ်ရတော့ဘူး။ ချက်ချင်း ဝင့်လည်တော့တာပါ။ ကလေးတွေကဆို ဝေလီဝေလင်းကြီး အိပ်ရာက လန့်နိုးပြီး ငိုကြ၊ ဂျီတိုက်ကြနဲ့ တကယ့်ကို စိတ်ရောကိုယ်ပါ ဝရုန်းသုန်းကား ဖြစ်ကြရသေးတာကလား။

နဂိုက သည်ဖာသိဖာသာရပ်ကွက်ကလေးထဲ ဈေးဖွင့်မယ်ကြားတော့ လူတွေက မယုံကြဘူး။ သည်လောက်ချောင်ကျတဲ့နေရာ ဘယ်နှယ်လုပ် ဈေးရောင်းအဝယ် ဖြစ်မတုန်းပေါ့လေ။ တချို့က သည်နား ဈေးလာဖွင့်တာ အံ့ချက်တော်တဲ့။ တချို့ကတော့လည်း ဟာသပေါ့လေ။ တချို့ကလည်း ဈေးကလေးနဲ့မတူမှာ ပူကြရဲ့။ ဒါပေမဲ့ တကယ့်ကို ဈေးဆိုင်ကန့်လန့်တွေ ဆောက် သပ်သပ်ရပ်ရပ် ဆိုင်းခန်းတွေ မဲဖောက်ပေး စသဖြင့် လုပ်လာတော့မှ ယုံသွားကြတယ်။ ထူးဆန်းတာက ဈေးကလေးလည်းဖွင့်ရော ဈေးဆိုင်ကန့်လန့်ပေါ်တင်ပြီး သပ်သပ်ရပ်ရပ်ရောင်းတဲ့ ဈေးသည်ဆိုတာ မရှိသလောက်ပဲ။ လက်ချိုးရေမယ်ဆိုရင်တောင် ရတယ်။ ရှိရင် လေးငါး ဆိုင်ပေါ့။

ဆန်၊ ဆီ၊ အာလူး၊ ကြက်သွန်ရောင်းတဲ့ အပျိုကြီး မခင်တင့်တို့ ညီအစ်မရယ်၊ ကိုယ့်ခြံထွက်ကလေး ကျကျနနခင်းရောင်းတတ်တဲ့ ဒေါ်တုတ်ရယ်၊ ဘရားပန်း၊ နတ်ပန်းရောက်တဲ့ မတရုတ်မရယ်၊ ကုန်စုံရောင်းတဲ့ ကိုဝင်းတင်တို့ လင်မယားရယ်၊ ဈေးပေါပေါ အထည်စကလေးတွေကို



ပြန်ပေးနဲ့ရောင်းတဲ့ ဒေါ်ကုလားမတို့ သားအမိတွေရယ် မုန့်စုံရောင်းတဲ့ ချစ်အေးတို့ သမီးယောက်မတစ်တွေရယ် အဲဒီလောက်ပါပဲ။ သူတို့က ဆိုင်ခန်းတွေ ဈေးကောင်းရလို့ရငြား မဲနှိုက်မိလို့ မဲပေါက်ကြရာ ကနေ ဘော်တိုမစ်တစ် ဈေးရောင်းဖြစ်သွားကြတဲ့သူတွေ ပြောပါတော့။ ကျန်တဲ့ ဈေးဆိုင်ခန်းတွေကတော့ ခေါင်မိုးလန်တဲ့နေရာက လန်၊ ဟာလာ ဟင်းလင်း ဗလာကျင်းတဲ့နေရာက ကျင်း၊ နေရောင်ဒိုးယိုပေါက်နဲ့ ဆိုင် လည်း မနည်းဘူး။

တခြားဈေးသည်တွေကတော့ ဈေးဆိုင်တန်းရဲ့ တောင်ဘက်က ည်းနည်းကလေးကျယ်တဲ့ ကွင်းပြန့်ကြီးထဲမှာ ဗန်းကလေးချ၊ ကပ်ကြမ်း လေးခင်းပြီး တစ်မနက်ခင်း ဖြစ်သလို ရောင်းလိုက်ကြတာပါပဲ။ ဈေး လေးစည်တာလည်း အဲသည် ကွင်းပြန့်ကြီးထဲမှာပါပဲ။ လူတွေကလည်း ကန့်တက လုပ်မနေတော့ဘဲ ကွင်းပြန့်ကြီးထဲက ပျံကျဈေးသည်တွေ က ဝယ်ခြမ်းသွားကြတာပါပဲ။ နေကလေးရင့်လာလို့ ကိုးနာရီ၊ ဆယ် ရီလောက်ဆို ဈေးကွဲသွားပြီ။ ကွင်းပြန့်ကြီးထဲမှာ နေပူလာတော့ ျ:သိမ်းလိုက်ကြတော့တာပါ။ ကိုယ့်မှာပါလာတဲ့ ရောင်းကုန်ဆိုတာက ည်း တစ်မနက်ခင်းစာကလေးပါကြတာ မဟုတ်လား။ တစ်ခါတစ်လေ ုန်ကလေး မဖြစ်စလောက်ကျန်နေလို့ နေပူကြီးထဲ ဇွတ်ထိုင်ရောင်းတတ် ဲ့ဈေးသည် တစ်သည်စ နှစ်သည်စ ကျန်ခဲ့ပေမယ့် ဈေးဝယ်ကလည်း ွာ်လို့မရတော့ပါဘူး။ သည်တော့ ဈေးကလေးကို လူတွေက မနက်ခင်း ျ:လို့ပဲ ခေါ်ကြတယ်။ ဈေးထိပ်မှာ သစ်သားဆိုင်းဘုတ်နဲ့ နာမည်ပေး ား‌ပေမယ့် ခေါ်ရတာ လျှာခလုပ်တိုက်လို့ထင်ပါရဲ့၊ ဘယ်သူမှ တစ်ခမ်း စ်နား ခေါ်မနေကြပါဘူး။ တစ်မနက်ခင်းကလေးတင် တဖြန်ထိုးသည်တဲ့ ျ: တစ်မနက်ခင်းဈေးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်မနက်ခင်းဈေးဆိုပေမယ့် ဈေးဆိုင်ခန်းပေါ်က ဈေးသည်တွေ ကတော့ တစ်နေ့ကုန်တစ်နေ့ခမ်း ရောင်းတတ်ကြတယ်။ စိတ်ကူးရှိ ထလာတတ်တဲ့ ဈေးဝယ်တစ်ဖျောက်ဖျောက်ကို အိပ်ငိုက်ရင်း၊ အတင်း ပြောရင်း၊ သမ်းဝေရင်း၊ သန်းတုတ်ရင်း၊ သန်းဥစမ်းရင်း ရောင်းလိုက်ကြ တာ။ နေရောင်ပျောသွားမှ ဆိုင်သိမ်းတတ်ကြတယ်။ သူတို့တစ်တွေက တော့ ဈေးစောင့်နတ်တွေလိုပဲ။ မနက်ဝေလီဝေလင်းကတည်းက ကျော ချထိုင်လိုက်တာ ညနေမှောင်ရီပျိုးမှ ပြန်ကြတော့တာပါ။ ဈေးခင်းပြီးသာ ပြန်သိမ်းဖို့မလွယ်တော့ ဝယ်သော်ရှိ မဝယ်သော်ရှိ ကမ္ဘာ့သကာကိုး။

အခုတော့ တစ်မနက်ခင်းဈေးကလေးက သည်နားတစ်ဝိုက် တိုက် တွေအတွက်ရော၊ ရပ်ကွက်ကလေးအတွက်ရော အတော့်ကို နေသား နေခဲ့ပြီပြောပါတော့။

(၂)

"အေးသန်းရေ ညည်းဆိုင်နောက်မှခင်းပါအေရယ်၊ ငါ့ခေါင်း ကဟာ အရင်ချပေးစမ်းပါ"

ငါးဗျပ်ကြီး မနိုင်မနင်းရွက်လာတဲ့ မခေါစိန်ရဲ့ သံဝါကြောင်ကြ ကြောင့် အေးသန်းက ခင်းလက်စ ချဉ်ပေါင်စည်းတွေကို ဘေးချ ငါးဗျပ်ကြီးကို ချပေးလိုက်ရတယ်။ နင့်ခနဲ ဖြစ်သွားပေမယ့် တော့ ကြီးက လေးလိုက်တာတော်လို့ မပြောရဲဘူး။ ဈေးသည်ဆိုတာ သူ့ပစ္စည်း လေးတယ်ပြောရင် အရောင်းထိုင်းတတ်တယ်လို့ အယူရှိတာကိုး။

"တော် ဒီနေ့ ကြက်တွေ ဘာတွေနဲ့ပါလား"

"ဟုတ်ပတော် အိမ်က ကိုယ်တော် လုပ်ချလိုက်တာလေ၊ ငါ ကလေးကျောင်းဖွင့်အတွက် လျာထားသာလေ သင်းက ဖဲရှုံးတယ်ထ ပအေ"



မခေါစိန်က ပါးစပ်ကပြောရင်း ဘိုင်သားချောင်းကြဲကြဲရိုက်ထားတဲ့ အစ်တောင်လောက်မြင့်တဲ့ ခုံကလေးပေါ် ကြက်သားရင်ပုံခြမ်းတွေ ခင်း လိုက်တယ်။ ပြီးတော့ ငါးဗျပ်ထဲက စဉ်းတီတုံးနဲ့ ဓားမကို မြေကြီးပေါ် ထောင့်ချလိုက်တယ်။ မခေါစိန် စဉ်းတီတုံးယူလိုက်တော့ ငါးတွေက လွန့်သွားပြီး တဖျတ်ဖျတ်လူးတဲ့ ငါးကလူးလို့။ ခပ်ကြီးကြီး ငါးကြင်းမျက် လုံးနီတစ်ကောင်က ဗျပ်ထဲမှာ တဖုန်းဖုန်းလုပ်နေတော့ မခေါစိန်က ချိန့်ခွင် ခောင်းထဲက ပီသာလေးယူတဲ့ပြီး ငါးခေါင်းကို ခွပ်ခနဲ ထုပစ်လိုက်တယ်။

"ညည်း ဒီနေ့ စောလှချည်လား ကောင်မရဲ့"

"စောဆို ဖိုးပြူးမြင်းလှည်းက စောတာကိုးတော့်၊ မြင်းလှည်းသာ ောင်းနေတာ နာရီကောင်းကောင်းတစ်လုံး မသုံးဘူး၊ ကုန်စုံအောင်တောင် မကြည့်ခဲ့ရပါဘူး၊ တကတဲ လင်ပြေးလိုက်ရတဲ့ အတိုင်းပါပဲ"

"ခင်ရီကော"

"အဲသာ ကျုပ်ပြောမလို့၊ ဖိုးပြူးလောချက်တော့ ခင်ရီတောင် မမီ လိုက်ဘူး၊ ကောင်မ လိုင်းကားနဲ့ပါလာမယ် ထင်တာပဲ"

အေးသန်းတို့ ခင်ရီတို့က ဈေးချိုကို မနက်လင်းအားကြီး နှစ်နာရီ၊ သုံးနာရီလောက်ထသွားပြီး လက်ကားကုန်စိမ်းတောင်းသည်တွေဆီက ကုန်စိမ်းဝယ်ကြရတယ်။ ချဉ်ပေါင်၊ နံနံ၊ မှုစ်၊ ပဲသီးစိမ်း၊ ငရုပ်သီးစိမ်း၊ ခရမ်းသီး၊ မုံလာ၊ နှစ်ဖတ်ချဉ်စုံလို့ပါ။ သည်အမယ်ပေါင်းစုံကို ထန်းခေါက် တောင်းကြီးတစ်လုံးနဲ့ စုကျုံးဝယ်လာပြီး သည်မနက်ခင်းဈေးကလေးထဲမှာ ငါးကပ်ကြမ်းကြီးတစ်ချပ်နဲ့ ခင်းတဲ့ပြီး ရောင်းကြသူတွေပါ။ ကုန်စိမ်းသည် တွေ ဆိုပါတော့။

"ဟော... ခင်ရီ ညည်း ကြာလိုက်တာအေ၊ ဖိုးပြူးက နောက် တစ်ခေါက် အော်ဒါရှိတယ်ဆိုလို့ ညည်းကို မစောင့်ခဲ့ရတာပါအေ"

www.burmeseclassic.com

www.burmeseclassic.com



ခင်ရီ့ခေါင်းပေါ်က တောင်းကိုဆီးချရင်း အေးသန်းက လေ
ကလေးထိုးလိုက်တော့ ခင်ရီက နှုတ်ခမ်းကို မဲ့ရွဲ့ပြီး ပွစိပွစိ လုပ်
တာလေ။

"တော်စမ်းပါအေ ညည်းတို့အလှည့် ကျဦးမှာပါ၊ ငါကတော့ အေး
သန်းတော့ မရမ်းသီးရသွားမှာ မဟုတ်ဘူးဆိုပြီး စေတနာနဲ့ ပိုတော
ဝယ်ခဲ့ဦးမလို့ဟာ"

"ဝယ်ခဲ့ရောပေါ့ ကောင်မရယ်၊ ဒီအချိန်ဆို မရမ်းသီးက ထက်ဝ
ခေါက်ချိုးမြတ်သာအေ့"

"ဝယ်နိုင်ပေါင်၊ ငါ့ပစ်သွားတဲ့ ကောင်မဖို့ ငါက ဘာကိုစွ သ
ရမှာတုန်း"

တကယ်တမ်းကျ ခင်ရီဆီမှာ ပိုဝယ်ဖို့ ပိုက်ဆံလည်း မပါပါဘူး
အေးသန်းကို ငေါ့ချင်လို့ ပြောလိုက်ရတာပါ။ ဈေးသာရောင်းနေကြရတာ
ဘယ်သူမှ ငွေရယ် ကြေးရယ် ဖောဖောသီသီ ရှိကြတာ မဟုတ်ဘူး
ကိုက်လောက်မယ်ထင်တာလေးကို ရှိတဲ့ငွေလေးနဲ့ တွက်ချက်ကြရတာ
မဟုတ်လား။

"မှတ်ထားပေါ့အေ့"

"မှတ်... မှတ် ညည်းလင်နဖူးပေါ် တက်မှတ်ပါလား"

"ကောင်မတွေ စကားများမနေကြနဲ့၊ ဈေးခင်းမှာသာ ခင်းကြ"

မခေါ်စိန်က လှမ်းဟန့်လိုက်တော့မှ နှစ်ယောက်သား အထုပ်တွေ
အစည်းတွေဖြေပြီး ဈေးခင်းကြတယ်။ သူတို့သားက မတင်ကြည်ကတော့
ခရမ်းချဉ်သီးသေတ္တာထဲက ခရမ်း ချဉ်သီးတွေကို ခေါင်သီး၊ ခါးသီးရွေးပြီး
ဗန်းခွဲခင်းနေလေရဲ့။ နီနီရဲရဲက တစ်ဗန်း၊ စိမ်းဖန့်ဖန့်က တစ်ဗန်း၊ အယှော့က
တစ်ဗန်း။



"ဟော့... တင်ကြည် ဒီကနေ့ ညည်းအကွဲကို ငါယူမှာနော်"

"ငါ့အကွဲက ညည်းအတွက်မဟုတ်ဘူး ကောင်မရဲ့"

"အရေးထဲ လာကျူမနေစမ်းနဲ့၊ ငါက ခရမ်းချဉ်သီးကွဲ ပြောတာ"

"ကျုပ်ကလဲ အဲသာပြောတာပါပဲ၊ ရှင်လုခင်က မနေ့ကတည်းက
မှာထားလို့၊ မနက်ဖြန်ကျမှ ညည်းယူတော့"

ရောင်းလို့မဖြစ်တဲ့ ခရမ်းချဉ်သီး အကွဲတွေကို အလကားယူဖို့
လုနေကြတာပါ။ မတင်ကြည်အဖို့ သည် ခရမ်းချဉ်သီးအကွဲက ရောင်းမယ်
ဆိုရင် အစိတ်ဆိုလည်းဟုတ်၊ သုံးဆယ်ဆိုလည်းဟုတ် ရတယ်။ ဒါပေမဲ့
ကိုယ့်ခရမ်းချဉ်သီးအကွဲကလေးပေးတော့ သူ့ဆီက ငါးခေါင်းကလေး၊
ငါ့ဆီက ဟင်းသီးဟင်းရွက်ကလေးပြန်ပြီး အလှည့်အစား ရတယ်မဟုတ်
လား။ သူတို့တစ်တွေက ဈေးသိမ်းလို့ ရောင်းမစွံတဲ့ ပစ္စည်းချင်း လဲယှ
တတ်ကြတာလည်းရှိသေးတယ်။ မတင်ကြည်က ခရမ်းချဉ်သီးတွေ ဗန်းခွဲခင်း
ပြီးတော့ ဆေးလိပ်ကလေးဖွာရင်း ဝယ်ဈေး၊ ရောင်းဈေး တွက်ကြည့်နေတုန်း
မှာပဲ သည်ဈေးရဲ့ ဂုဏ်ထူးဆောင် ကုန်ကားဝင်လာတာပါပဲ။

"ဂျွန်း... ဂျွန်း... ဒိုင်းဒိုင်း... ဖွတ်... ရွှတ်... ရွှတ်"

ထော်လာဂျီသံ ကြမ်းကြမ်းကြီးက ဈေးဝကနေ မောကြီးပမ်းကြီး
ခြေစုံပစ် ဝင်ချလာတယ်။ ထော်လာဂျီပေါ်မှာတော့ အနောက်ဘက်ကမ်းက
တူးလာတဲ့ ဈေးသည်မတွေဆိုတာ ကုန်စိမ်းရော၊ လူရောဆိုတော့ ကားမမြင်
ရဘူး။

"သောက်ကျိုးနည်း အာလောင်ရှာသူတွေလာမှဖြင့် ဈေးထဲ စက်
သေနတ်နဲ့ ဝင်မွှေတဲ့အတိုင်းပဲ"

မတင်ကြည် ပြောမယ်ဆိုလည်း ပြောစရာပါ။ မခင်တုတ်တို့
ကျောင်စိန်တို့ အာလောင်ရှာသူတွေက ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်း
စက်ကိုင်းမင်းဝံတောင်ခြေက သည်ဘက်ကမ်းရောက်အောင် တကန့်တက

www.burmeseclassic.com

www.burmeseclassic.com



ကူးလာခဲ့ကြရတာကိုး။ အမြဲတမ်း ဖုတ်တီးလောင်တီးပါပဲ။ အာလောင်ရှာ
လို့သာ အမည်တပ်ရတာပါ။ ဝါးချက်ရှာကလည်း ပါသေးတယ်။ ပယ်ငါး
ဆယ်ရှာကလည်း ပါတာပါပဲ။ သူတို့တစ်တွေကတော့ ကိုယ့်ဟာ ကိုယ့်
အခင်းကထွက်တဲ့ သီးနှံကလေးတွေကို သည်ဈေးထဲရောက်ဖို့ အတော်
လုံးပမ်းရတာကလား။ ညဦးပိုင်းကတည်းက အသီးတွေအနှံတွေကို တောင်
တွေနဲ့ စီကာစဥ်ကာထည့်ပြီး တရေးတမေးဆိုသလို အိပ်ကြရတာပါ။
သန်းခေါင်သန်းနွဲကတည်းက အိပ်ယာကထပြီး သီးနှံတောင်းတွေရွက်လို့
မြစ်ဆိပ်ကို ဆင်းကြရတယ်။ မြစ်ဆိပ်ရောက်မှ စက်လှေနဲ့တစ်ဆင့်
အရှေ့ဘက်ကမ်းကိုကူးကြ၊ ကမ်းကနေတစ်ဆင့် ထော်လာဂျီငှားပြီး ဈေး
ကလေးထဲအရောက် အပြေးလာကြရတာပါ။ လှိုင်းကြီး လေကြီးထတဲ့
ရာသီဆိုလို့လည်း မနားရပါဘူး။ ထော်လာဂျီက သူ့ဖောက်သည် ဈေး
ဆိပ်ထဲက အေးကိုတဲ့။ ဆိပ်ကမ်းရောက်တဲ့နောက် အေးကိုကို တက်
ကြရသေးတယ်။ အိပ်မှုံစုံမွှား ထမောင်းလာရလို့ အေးကိုရဲ့ ထော်လာ
ကလည်း သူ့သခင်အတိုင်း အိပ်ချင်မူးတူးအသံကြီးနဲ့ပါ။ တစ်ခါတစ်
လမ်းမှာပျက်နေလို့ မိုးစင်စင်ကြီးလင်းမှပဲ ဈေးရောက်ရတာလည်းရှိပါရဲ့
"သာသာချပါ အေးကိုရဲ့ ကုန်တွေနာကုန်ပါဦးမယ်"
အေးကိုက သူတို့ပါလာတဲ့အိတ်တွေ တောင်းတွေကို မြစ်ဆိပ်ကတည်း
က ထမ်းတင်ရ၊ သည်ဈေးထဲရောက်တော့လည်း ထမ်းချရသေးတာလေ
ဒါက ပိုက်ဆံရတာ မဟုတ်ပါဘူး။ လိုချင်တာလေးရှိရင် ယူလို့ရတာလည်း
ပါတယ်။ တကယ် ရတာကတော့ ထော်လာဂျီခပဲ ရတာပါ။ တစ်ခါတစ်
အေးကိုက ဈေးတောင် ထိုင်ရောင်းပေးသေးတာ။
"ခင်ဖျားတို့ဟာက နဂိုကတည်းက အနာတွေ မဟုတ်လား
ကျပ်ကို ပြောင်းဖူးပေးဦး"



"သေချင်းဆို တော်တော့၊ ပြောင်းဖူးတစ်ဖူးကို ခုနစ်ကျပ် ရှစ်ကျပ် ရောင်းရတယ်၊ နင် ဆယ်ဖူးယူတော့ ရှစ်ဆယ်"

ပြောပြောဆိုဆိုနဲ့ပဲ အေးကိုက ပြောင်းဖူးဆယ်ပူးလောက် အိတ်ထဲ ဖြန့်ကိုက်တဲ့ပြီး သူ့ထော်လာဂျီပေါ် ပစ်တင်လိုက်တယ်။ အေးကိုကလည်း သည်လိုယူမှ ကိုက်တာလို့ တွက်ပြီးသားပါ။ မခင်တုတ်တို့တစ်တွေ ကလည်း ကုန်တွေ တင်ချင်တိုင်းတင်ပြီး ကားခကျတော့ သူတို့ပေးချင် သလောက်ပေးတာကိုး။

"ဟဲ့… အေးကို ငါ့ခံတောင်း ယူခဲ့ဦးလေ၊ သြော်… တော်ကြီးကျ ဖို့လောက်ပဲ စိတ်ကူးနေ"

အေးကိုရဲ့ ထော်လာဂျီနဲ့ပါလာတဲ့ ခိုဒေါင်မုန့်တီသည် မကြင်ရီက အေးကိုကို လှမ်းအော်ရင်း မီးသွေးဖိုကို ဆောင့်ချလိုက်တယ်။ မီးဖိုက မီးတက်လာတော့ ဟင်းချိုအိုးကို ကမန်းကတန်းတင်ပြီး ခင်ရီတို့ ကုန်စိမ်း ဆိုင်ဘက် ကူးလာခဲ့တယ်။ မကြင်ရီက မုန့်တီသည်ဆိုပေမယ့် ခံတောင်း တစ်လုံးနဲ့ အိုးခွက် ပန်းကန်ပဲ ပါလာတာပါ။ ဈေးထဲရောက်မှ ဆီဝယ် ပြီး ဆီချက်ချက်တယ်၊ ငံပြာရည်တို့ ဟင်းခတ်မှုန့်တို့ ဝယ်တယ်၊ ပဲမှုန့် ကလေးဝယ်တယ်၊ ခင်ရီတို့ အေးသန်းတို့ဆိုင်က မုန်လာထုပ်ကလေး၊ ပဲသီးစိမ်းကလေး၊ နံနံပင်ပိတ်စွယ်၊ သံပရာသီးကလေးတွေ တိုတိုစစ ဝယ်တယ်။ ပြီးတော့ တစ်ထိုင်တည်းနဲ့ မုန့်တီဆိုင်ကလေး ဖြစ်ကရော။ လိုးတန်တာလိုး ကြော်တန်တာကြော်၊ ဈေးထဲတင်ပဲ လုပ်တယ်။ သည့်ထက် လတ်ဆတ်တာ ဘယ်ရှိလိမ့်မလဲ။

"မုန့်တီ ရပြီလားဟေ့"

ဈေးလယ်ခေါင်က ငါးခြောက်သည် မကောင်းဆင့် လှမ်းအော်မေးလိုက်တယ်။ သည်ဈေးကလေးထဲ မကြင်ရီ ခိုဒေါင် မုန့်တီရောင်းရာမှာ ဈေးသည်အချင်းချင်းကို ပိုရောင်းရတယ်။ ဈေးဝယ်က စီးကူးတည့်မှ

www.burmeseclassic.com

www.burmeseclassic.com



စားတာလေ။ ဈေးသည်တွေကတော့ မနက်တိုင် မကြင်ရီရဲ့ ခိုဒေါင်မုန့်တီကို စားကျင့်ရနေပြီ။

"မုန့်တီဖတ်ကလွဲရင် အကုန်ရပြီတော်ရေ၊ ကောင်စုတ်ကလေးက ဒီနေ့မှ ဘာလို့ နောက်ကျနေရတာပါလိမ့်"

မကြင်ရီ စကားမဆုံးသေးဘူး၊ မုန့်တီဖတ်တွေထည့်ထားတဲ့ ခံတောင်းကို စက်ဘီးကယ်ရီယာမှာတင်ရင်း ကလင် ကလင်သံ တဆူဆူနဲ့ မုန့်တီပို့တဲ့ ကောင်လေး ဈေးထဲဝင်လာတယ်။

"သေနာ ဘာလို့ နောက်ကျနေတာတုန်း"

"ဘာနောက်ကျလို့တုန်းဗျ၊ အခုမှ ငါးနာရီရှိသေးတာပဲ"

ကောင်လေးက ရှပ်အင်္ကျီလက်နဲ့ဖုံးနေတဲ့ သူ့နာရီကို လှန်ပြလိုက်တယ်။ မကြင်ရီတို့မှာက နာရီရယ် ဘာရယ် ရှိတာမဟုတ်ပါဘူး။ သူတို့ ဈေးထဲရောက်တဲ့အချိန်က သူတို့နာရီပဲ။ မကြင်ရီက လက်ကိုရေဆွတ်ပြီး မုန့်တီဖတ်တွေကို ဖက်ခင်းထားတဲ့ ခံတောင်းကလေးထဲ ဆွဲဆွဲထည့်တယ်။ သည်အချိန်ကစပြီး သူ့ခိုဒေါင်မုန့်တီက စရောင်းရတော့တာပါပဲ။ မုန့်တီဖတ်ကလေးနည်းနည်း ပန်းကန်ထဲ ဖြန့်ခင်းထည့်ပြီး မုန်လာဖတ်တွေ၊ ပဲသီးဖတ်တွေ၊ ပဲပင်ပေါက်တွေကို လက်တွင်းတစ်ဆုပ်ဆုပ်ထည့်လိုက်တယ်။ ပြီးတော့ ရေနွေးကလေးဖွက်ထားတဲ့ ဆီနီ၊ ဆီဝါရယ်၊ ပဲမှုန့်၊ ငရုတ်သီးမှုန့်တွေရယ်ကို ဖျိုးဖျိုးဖျတ်ဖျတ် ထည့်ပေးလိုက်တာနဲ့ ခိုဒေါင်မုန့်တီတစ်ပွဲ ဖြစ်သွားတော့တာပါပဲ။ ဘာအသားရယ် ငါးရယ်မှ ပါနေတာမဟုတ်ဘူး။ အသားမပါဆို သူကလည်း တစ်ပွဲမှ အစိတ်ထဲကိုး။ အကြော်ကလေး ဘာလေးပါမှ သုံးဆယ်ဆိုတော့ မုန့်တီတစ်ပွဲနဲ့ တစ်မနက်စာ ဗိုက်ထဲကပိုးတွေ ငြိမ်ပေရော့ထဲကပေါ့။ ငရုပ်သီးနိုင်းချင်းနဲ့ လျှာအပြားလိုက်ချစားပစ်လိုက်မှ အာသာပြေကြသူတွေဆိုတော့ တစ်ပွဲကနှစ်ပွဲ နောင်ခါမှ ရောက်ရာ စားကြတာပါပဲ။



(၃)

နေကလေးစိုပြုလာတော့ ဈေးဝယ်တွေကလည်း တဖွဲဖွဲ ရောက်လာ ...န်ကြပြီ။ အရှေ့ထိပ်က ဆိတ်သားသည်ကို ဆာမိဆိုင်က ဆိတ်သားအရွတ် ...တွေ စဉ်းကောနေတဲ့အသံ တစ်ဒုန်းဒုန်းနဲ့ ထွက်လာတတ်ပြီ။ သူ့ဆိုင် ...လာဝယ်သမျှ ဆိတ်သားဝယ်တွေကတော့ ဓားကိုင်ကျွမ်းတဲ့ ကိုဆာမိကို ...ညတုန်းက ကြည့်လာခဲ့တဲ့ တရုတ်ကားထဲက ကျန်ကျောင်း အောက်မေ့ ...နေတယ် ထင်ပါရဲ့။ စဉ်းတီတုံးပေါ်က ဆိတ်သားတွေကို အရိုးနဲ့ အသားလွှာနေတဲ့ ကိုဆာမိရဲ့ ဓားကြီးကို စိုက်ကြည့်နေကြတယ်။ ကိုဆာမိ ...ကလည်း တမင် ဓားကို စောင်းလိုက် ဈွေလိုက် အပေါ်ကနေ ဆီးခုတ် ...လိုက်။ အောက်ကနေလှန် ပက်လက်ပြလိုက် လုပ်ပြနေတာ သူ့ပညာ ... ဆိတ်သားတုံးနဲ့တောင် မလိုက်ဘူး။

"တွေ့လား အလေးပြည့်နော်၊ ဟောဒါက မေတ္တာလက်ဆောင်"

တုံးပြီးသား စဉ်းပြီးသား ဆိတ်သားတွေကို ချိန်ခွင်ထဲ ထပ်ချိန်ပြ ...ဲပြီး အရိုးအသားတွဲလျက် တစ်တုံးနှစ်တုံးလောက် ထည့်ပေးလိုက်တော့ ...ဈေးဝယ်ဆိုတာက ကျေနပ်ကြရတာ မဟုတ်လား။ ဒါပေမဲ့ တကယ်ချိန် ...ကြည့်ရင် အဲဒီ မေတ္တာလက်ဆောင် အရိုးနဲ့မှ အလေးပြည့်တယ်ဆိုရုံ ...အလေးပါပဲ။ ကိုဆာမိရဲ့ အလေးမှ မဟုတ်ပါဘူး၊ သည်မနက်ခင်းဈေး ...အလေးထဲက ဈေးသည်တွေရဲ့ အလေးတွေအကုန်လုံးက တစ်လေးနဲ့ ...တစ်လေး တူကြတာမှ မဟုတ်တာ။ နာရီတွေ အချိန်ချင်း မတူကြသလိုပေါ့။ ...တက်ခဲတစ်လုံးကို ငါးကျပ်သားကိုက်ဆိုပေမယ့် အတွင်းက ကာဗွန်ချောင် ...ဖောက်ထားတဲ့ အလေးမျိုးကလည်း ရှိသေးတာကိုး။ ဈေးဝယ်တွေကလည်း ...သည်ဆိုင်က ဝယ်လာတဲ့ပစ္စည်း ဟိုဆိုင်ချိန်ကြည့် ဟိုဆိုင်ကဝယ်လာတဲ့ ...စ္စည်း သည်ဆိုင်ချိန်ကြည့် လုပ်ကြတယ်။ ချိန်ပေးတဲ့ ဈေးသည်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အလေးကိုယ် စိတ်မချတော့ မှန်းသမ်းပြီး ငါးကျပ်သားလျှော့တယ်၊ နှစ်ကျပ်ခွဲသားလျှော့တယ် ပြောလွှတ်လိုက်တာပါပဲ။ ဈေးဝယ်က ရောင်းတဲ့… ဆိုင်ပြန်သွားပြီး တော့်ဟာက ငါးကျပ်သားလျှော့သတဲ့ဆိုလိုက်ရင် ဘယ်… ကောင်မဆိုင်က ချိန်တာတုန်းနဲ့ စကားများချင်များကြပြန်ရော။ တကယ်… တမ်းကျတော့ ဘယ်ဈေးသည်ရဲ့ အလေးကမှန်တယ်ဆိုတာ ဘယ်သူ… တပ်အပ်သိတာ မဟုတ်ဘူး။ အလေးမှန် မမှန်ကတော့ ဝယ်သူ့ကံပဲ။

ဈေးလယ်က ကြာဇံကြော်၊ ခေါက်ဆွဲကြော်ရောင်းတဲ့ ဒေါ်အေးဆို… ကတော့ ဟင်းချိုအငွေ့တွေကိုဖြတ်ပြီး ယင်မမည်းကြီးတွေက တဝီဝီနဲ့… စားတဲ့သူက ဟင်းချိုနည်းနည်းပေးပါဦးဆိုရင် ဒေါ်အေးက ဟင်းချိုအိုး… တန်းလန်းတပ်ထားတဲ့ ယောက်ချိုကြီးနဲ့မွှေတဲ့ပြီး ဇွက်ခနဲ ထည့်ပေး… လိုက်တာပဲ။ အငွေ့ဟပ်လို့ ပြုတ်ကျလာတဲ့ ယင်မမည်းကြီးတွေ… ဒေါ်အေးက ဆည်တဲ့ပြီး ခပ်လှမ်းလှမ်းကို ပက်ထည့်လိုက်တယ်။ ဒေါ်အေး… ရဲ့ဘေးက သွေးခဲတွေရောင်းတဲ့ ဒေါ်တင်မေကတော့ကော ဘာထူးလို့တုန်း… ယင်မမည်းကြီးတွေကပ်နေတဲ့ ချိန်ခွင်နဲ့ သွေးခဲတုန်းတွေ ချိန်ပေးလို့…

မျက်နှာချင်းဆိုင်က မဖြူနှင်းရဲ့ ဘုရားပန်းတွေပေါ်မှာလည်း ဘာအ… အပေါက်မှ မဟုတ်ဘဲနဲ့ ယင်တွေ အုံနေတယ်။

"သစ္စာပန်းက တစ်စည်း ဘယ်လောက်လဲ"

"ငါးဆယ်"

"အမယ်လေး… ငါးဆယ်ကြီးများတောင်"

ဈေးဝယ်က ရင်ဘတ်ဖိပြီး အိုက်တင်လုပ်ပြတော့ မဖြူနှင်း… မျက်စောင်းတစ်ချက် ထိုးတဲ့ပြီး…

"ဘုရားပန်းရောင်းတာ ကုသိုလ်ရချင်လို့ အဒေါ်ရေ၊ အမြတ်ကြီး… စားချင်လို့ မဟုတ်ဘူး"

"နှစ်စည်းကို ခုနစ်ဆယ်ထားလိုက်အေ၊ ဒီကနေ့ သာသနာပွဲထိုးမှာမို့လို့သာ"

"တစ်စည်းကို လေးဆယ်၊ ဒီထက်တော့ မလျှော့နိုင်ဘူး"

ဈေးဝယ်က ဘုရားပန်းနှစ်စည်းကို ငွေရှစ်ဆယ် ပေးဝယ်ပြီးတဲ့နောက်တောင် ပါးစပ်က…

"ဘုရားပန်းထိုးရတာလည်း တစ်ရင်းတစ်နီးပါပဲတော်"နဲ့ ပြောလိုက်တော့ မဖြူနှင်းက…

"ကုသိုလ်အရေးပဲ အဒေါ်ရဲ့၊ နိဗ္ဗာန်ရောက်ဖို့ ဒီလောက်တော့ ရင်းရမှာပေါ့"တဲ့။

"ဟယ်… မှိုတွေပါလား ဘယ်ဈေးတုန်းဟေ့"

ဈေးဝယ်မိန်းမကြီးက တကယ့် မှိုကျင်းကိုတွေ့ရတဲ့မျက်နှာနဲ့ မှိုသည် ဒေါ်လှပုံကို လှမ်းမေးလိုက်တယ်။ ဒေါ်လှပုံကတော့ သည်ဈေးထဲမှာ အပေါက်အဆိုးဆုံးနဲ့ ပစ္စည်းအသန့်ဆုံး ဈေးသည်ပါ။ သူ့ ကပ်ကြမ်းခပ်မြင့်မြင့်ကလေးပေါ်မှာ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ ရှိတယ်။ မှိုတို့ ကိုက်လန့်ရွက်တို့ ရွှေပဲသီးတို့လို ရှားရှားပါးပါး အသီးအနှံကလေးတွေ ရှိတယ်။ နောက်ပြီး ရှမ်းပြည်ဘက်ကလာတဲ့ ဆီတိုဟူးတို့၊ ကြက်သွန်ဥချဉ်တို့ ဓနိတန်တို့ ရှိတယ်။ သည်တော့ ပစ္စည်းကောင်းစားတတ်တဲ့သူတွေကတော့ ဒေါ်လှပုံ ဘယ်လောက် အပေါက်ဆိုးဆိုး ချော့ဝယ်ရတာပါပဲ။

"ခြောက်ဆယ်"

"အစိတ်သားကိုလား"

"အစိတ်သား ခြောက်ဆယ်ဆိုရင် လုပ်ပုံတို့က အချိန်တစ်ထောင်လောက် ဝယ်လှောင်ထားလိုက်ချင်သေး။ တစ်ဆယ်သားကို ခြောက်ဆယ်၊ ခြောက်ရာဈေး၊ ခြောက်ရာဈေး ဝယ်နိုင်မှမေး"နဲ့ လုပ်တော့ ဈေးဝယ်မိန်းမကြီးက…

www.burmeseclassic.com

www.burmeseclassic.com



"တော့်မှိုက ဝါးရုံမှိုတွေပဲဟာ၊ မှိုဦးနက်ဆိုရင် ကျုပ်က တစ်ထောင် ဈေးလည်း ဝယ်နိုင်တယ်"နဲ့ဆိုလိုက်တော့ ဒေါ်လှပုံတစ်ယောက် ဆွေ့ဆွေ့ ခုန်ပါလေရော။ မနက်ခင်းကြီးရယ်၊ ဘာရယ်လို့လည်း ထိန်းနေတာမဟုတ် ဘူး။ ဈေးထဲပါလားလို့လည်း ဆင်ခြင်နေတာ မဟုတ်ဘူး။ သူ့ပါးစပ်က အသံကုန် အမျိုးစုံထွက်ကျကုန်တော့တာပဲ။ ဈေးထဲက လူတွေကလည်း မတ်တတ်ကြီးရပ်ပြီး ခေါင်းတရမ်းရမ်း လက်တဖြန်းဖြန်းနဲ့အော်နေတဲ့ ဒေါ်လှပုံကို ငေးကြည့်နေကြတယ်။ ဘယ်သူမှ ဈေးလည်းမဝယ်နိုင်ဘူး။ ဈေးလည်း မရောင်းအားဘူး။

"ဟဲလို... တွီ... တော်... ကျက်သရေမင်္ဂလာအပေါင်းနဲ့ ခညောင် ကြပါစေလို့ ကျွန်တော်များ ပတ္တမြားငမောက်ဆေးတိုက်မှ နှုတ်ခွန်းဆက် သလိုက်ပါတယ်ခင်ဗျာ၊ ဟုတ်ကဲ့... မိဘပြည်သူများရဲ့ မဟာဈေးရုံတော် ကြီးရှေ့မှာဖြင့် ယနေ့ ပြည်သူတွေရဲ့လက်စွဲတော် ဘယကင်းဝေး၊ ကျန်း မာရေး ပတ္တမြားငမောက်သွေးဆေးဆိုတဲ့ ဆောင်ပုဒ်နဲ့အတူ ကျွန်တော်များ ရောက်ရှိလို့လာခဲ့ပါပြီ၊ ဟုတ်ကဲ့... ကျွန်တော်များရဲ့ သွေးဆေးက ကိုးဆယ့်ခြောက်ပါးရောဂါ တစ်ပါးမကျန် ပျောက်ပါတယ်လို့ဖြင့် အာမ မခံကြောင်းပါ။ ဒါဖြင့် မင်းတို့သွေးဆေး ဘာကောင်းသလဲ၊ ဘာရောဂါ ပျောက်လဲလို့ အမေးတော်ရှိလာရင်ဖြင့် ကျွန်တော်တို့ အပြောမဟုတ်ပါဘူး ခင်ဗျာ၊ ဟောဒီ ကားနောက်ကို ခပ်မြန်မြန်ကလေးသာ ကြွလှမ်းခဲ့ကြ ပါတော့လို့၊ ဟုတ်ကဲ့ ကျွန်တော်များ ပတ္တမြားငမောက်သွေးဆေးဟာဖြင့် ရှင်...

ဈေးထိပ်ကနေပြီး အသံချဲ့စက်သံက ဈေးကလေးထဲက ဒေါ်လှပုံရဲ့ အသံကို လွှမ်းအုပ်လိုက်တယ်။ ဒေါ်လှပုံကိုယ်တိုင်တောင် ဘာပါလိမ့်လို့ ခေါင်းထောင်ကြည့်ရင်း အသံတိတ်သွားရတော့တာပါ။ သည်လို ဆေးရောင်း



ဘတ်တဲ့ လေးဘီးကားကလေးတွေကလည်း တစ်ခါ တစ်ခါ ရောက်လာ တတ်သေးတာကိုး။ ဝယ်တာ မဝယ်တာ အသာထားလို့ ဈေးဝယ်လာသူတွေ ကတော့ လက်ဝါးကလေးတွေထဲ သွေးဆေးကိုယ်စီနဲ့ တစ်ပျပ်ပျပ် လျက်နေကြတယ်။ ဆေးရောင်းတဲ့သူရဲ့ ဆေးညွှန်းကတော့ ဈေးကလေး ထဲမှာ စကားပြောလို့တောင် မဖြစ်ဘူး။ တစ်နာရီလောက်ရပ်ပြီး ရောင်း ပေမယ့် ဆေးဝယ်သူက တစ်ယောက် နှစ်ယောက်စပဲ လာတော့ အသံချဲ့ စက်လည်း တိတ်သွားတယ်။

နေကလေးရင့်လာတော့ ဈေးဝယ်ပါးစ ပြုလာပြီ။ ကုန်ကျန်ကလေး တွေကို လက်ကုန်နှိုက်ပြီး ဈေးပေါင်ကျိုးဝယ်မည့်သူတွေလောက်ပဲ လာကြ တော့တယ်။ တစ်ဆယ်တန်တဲ့ပစ္စည်းကို ငါးကျပ်နဲ့ လျှော့ရောင်းပေမယ့် လည်း နှစ်ကျပ်နဲ့ ဆစ်လို့ရချင်ရတာကိုး။ ဈေးသည်ကလည်း နောက်နေ့ ယူမည့် ရှိမည့် ညှို့နွမ်းမည့်အတူတူ ရသလောက်အမြတ်ပဲလို့ ရောင်းပစ် လိုက်တာပါပဲ။ ဈေးကလေးက ရောင်းရင်းဝယ်ရင်း သိမ်းဆည်းရင်းနဲ့ပဲ တစ်မနက်ခင်း ပြီးသွားတော့တာပါ။

(၄)

ကွင်းပြင်ထဲက ဈေးသည်တွေ ပဒုအုံ တုတ်နဲ့ထိုးသလို တရှုရှုဖြစ် နေပေမယ့် ဆိုင်းခန်းတွေပေါ်က ဈေးသည်တွေကတော့ ခပ်အေးအေးပါပဲ။

"ခင်တင့် ဆီ အစိတ်သား"

"အေးအေး... ပေး ပုလင်း၊ ဒါနဲ့ နေစမ်းပါဦး၊ မနေ့ညက ညည်း တို့နားက ကိုပေါက်မဲတို့လင်းမယား သတ်လိုက်ကြတာဆို"

"ဟုတ်ပတော် မိန်းမက အချိုးမကျလို့လို့ ပြောတာပဲ၊ အလကား ပါတော်၊ ကိုပေါက်မဲ အသုံးမကျချက်ကတော့ ကိုယ့်မယား မဟုတ်တာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတယ်ထင်ရင် ကိုယ်က မာမာမဟုတ်ဘူး၊ သူကိုက မိန်းမခံသတ္တိ ချင်စရာ"

မခင်တင့် ဆီအစိတ်သား ခြင်ပေးပြီးတဲ့နောက်တောင် တော်တော်နဲ့ စကားမကုန်ကြသေးဘူး၊ နောက်တစ်ယောက်က...

"အာလူး ဘယ်ဈေးတုန်း"နဲ့ မေးလိုက်တော့မှ ရှေ့လူကို လက်လွှတ် ပစ်လိုက်တယ်"

"ယူ... ယူ၊ အစိတ်သား သုံးဆယ့်ငါးကျပ်၊ ငါးဆယ်သား ယူ လိုက်ပါလားတော့ ခြောက်ဆယ်ပဲပေး"

ဟိုက စကားပြန်မရသေးဘူး။ သူက ငါးဆယ်သားအလေးကြိုးကို ချိတ်ထားတဲ့ ချိန်ခွင်ထဲ ပစ်ထည့်လိုက်တယ်။

"အစ်မကြီးကို တစ်ခါမှ မမြင်ဖူးသေးပါဘူး၊ အခုမှ ဈေးလာဝယ် တာလား"

"ဟုတ်တယ် ကျွန်မက ဟိုဘက်တိုက်တန်းတွေဘက် ပြောင်းလာ တာ မကြာသေးဘူး"

ပလပ်စတစ်ဆွဲခြင်းပြာပြာကလေးနဲ့ ပိုက်ဆံအိတ်မည်းကလေး ချိုင်း ကြားညှပ်လာတဲ့ သည်မိန်းမကြည့်ရတာ သနပ်ခါးပြန့်ရည်ထဲကမို့ မခင် တင့်က မိတ်ဖွဲ့လိုက်တာပါ။

"ကျွန်မဆိုင်ကို လာဝယ်နော်၊ ပစ္စည်းကောင်း အလေးကောင်း စိတ်ချရတယ်၊ ဟောဒီမှာ အာလူးနှစ်လုံး ပိုထည့်လိုက်တယ်၊ အဲဒီဘက် တန်းတွေက ကျွန်မဆီချည်း ဝယ်ကြတာပဲ၊ ကျွန်မဆိုင်က တစ်နေကုန် ထွက်တာလေ၊ တိုက်ခြောက်က မအေးမိကို သိတယ်မဟုတ်လား၊ သူက..."

ဆိုတဲ့ပြီး ဈေးဝယ်ရဲ့ ခြေလှမ်းတွေကို လှမ်းဆွဲထားလိုက်သေးတယ်။ အပျိုကြီးပီပီ အချိန်တွေကလည်း အားနေတော့ သူ့ဆိုင်ဝင်ရင် လေက



မပြတ်တော့ဘူး။ အထည်ရောင်းတဲ့ ဒေါ်ကုလားမတို့ သားအမိတစ်တွေ ကလည်း အထည်သည်ပီပီ လေပျော့ကလေးနဲ့ ဆွဲရောင်းတတ်တယ်။ လာဝယ်ကတည်းက လက်ငင်းလား၊ နေ့ပြန့်ပေးလားဆိုတာ သူတို့က အကဲခတ်တတ်နေခဲ့ပြီ။

"လက်ငင်းတစ်ကိုက်ကို လေးရာငါးဆယ်ရောင်းတဲ့အစတွေလေ ညီမရဲ့၊ တစ်လလုံး နေ့ပြန့်နဲ့ ဆပ်မှာဆိုရင်တော့ တစ်နေ့ နှစ်ဆယ် သွင်းရမယ်"

သူတို့အလုပ်ကလည်း လွယ်တာတော့ မဟုတ်ဘူး။ နေ့စဉ် ဈေးဝယ် လာနေကျ ဖောက်သည်မို့သာ ပေးလိုက်ရပေမယ့် ပျက်ကွက်ရင် အိမ်တိုင် ယာရောက် လိုက်ကြရသေးတာ မဟုတ်လား။ သည်ဈေးကလေးထဲမှာ လက်ငင်းဝယ်တဲ့သူက ခပ်ရှားရှားရယ်။ တစ်ဦး နှစ်ဦးဆိုသလောက်ပဲ ရှိမယ်။

ကုန်စုံရောင်းတဲ့ ကိုဝင်းတင်တို့လင်မယားကတော့ ခပ်မှန်မှန်ပါပဲ။ အပ်ကလေးကအစ၊ ချိတ်တွဲကလေးကနေ လက်နှိပ်ဓာတ်မီးတို့ အပေါ စားစတီးဇလုံကလေးတွေအဆုံး ကုန်စုံအောင်ရှိပေမယ့် သူက နေ့စဉ်လို နေတဲ့ ပစ္စည်းမှမဟုတ်ဘဲ။ တစ်ခါတစ်လေ ရပ်ကွက်ထဲမှာ ပွဲလမ်းသဘင် ကလေး ဘာလေးရှိရင်တော့ နှုတ်ခမ်းနီ ပါးနီဘူးတွေရော၊ ရောင်စုံဖဲကြိုး တွေရော၊ ကလစ်တွေရော၊ တစ်ခုတစ်ချောင်းမကျန် ပြတ်ချင်ပြတ်ထွက် သွားတာလေ။ မုန့်စုံရောင်းတဲ့ မချစ်အေးတို့ သမီးယောက်တစ်တွေက တော့ နေကြာစေ့ထုပ်၊ မက်မန်းသီးထုပ်ကနေ ပေါင်မုန့်၊ ကိတ်မုန့်အထိ အရောင်းသွက်တာကသွက်၊ ထိုင်းတာက ထိုင်းနဲ့ပေါ့။ တံဆိပ်မျိုးစုံ ကော်ဖီမစ် အတွဲကြီးတွေကိုလည်းဆိုင်မြိုင်အောင် ချိတ်ထားရသေးတာလေ။ သည်ရပ်ကွက်ထဲက အိမ်ဆိုင်ကလေးတွေက မချစ်အေးတို့ဆီကနေတစ်ဆင့် ပြန်ဝယ်ပြီး ရောင်းကြတယ်။ မချစ်အေးတို့ဆိုင်ကလည်း ဈေးချိုနဲ့ တစ်ဈေး

www.burmeseclassic.com

www.burmeseclassic.com



တည်းဆိုတော့ လမ်းစရိတ်သက်သာတာကတစ်ကြောင်း၊ တစ်ခါတစ်လေ ငွေလိုတာလေး မှတ်ထားလိုက်ဆိုရင် ရတာလည်းတစ်ကြောင်း ပေါ့။ မချစ်အေးတို့မှာလည်း သိပ်တော့ သက်သာလှတာ မဟုတ်ပါဘူး။ ဈေးချိန့် တစ်ဈေးတည်းရောင်းနိုင်အောင် ကုန်ပစ္စည်းကို မုန့်ထုပ်မှာပါတဲ့ လိပ်စာ အတိုင်း ပင်ရင်း မုန့်ဖိုတွေအထိ သွားဝယ်ကြရတာလေ။

ကိုယ့်ခြံထွက် သီးနှံကလေးတွေ ဆိုင်ယေါ်တင်ရောင်းတဲ့ ဒေါ်တုတ်နဲ့ ဘုရားပန်း၊ နတ်ပန်းရောင်းတဲ့ မတရုတ်မတို့ကလည်း သွေးကတော့ ခပ်ကြီးကြီးပါပဲ။ ဒေါ်တုတ်ကလည်း ကိုယ့်ခြံထွက်ဆိုတော့ အရင်းနည်းနည်း အမြတ်ကြီးကြီးပေါ့။ မတရုတ်မကလည်း ခေါင်ပန်းမှကိုင်တာ။ ခေါင်ပန်းဆိုတာ ကောင်းမှ ညှနဲ့ပေဆိုတဲ့ ပန်းစည်းကြီးတွေကို အထုံးလိုက်တင် ရောင်းတာ။ ဈေးကလည်း ကောင်းတယ်။ ကောင်းဆို သူ့ပန်းက လတ်လည်းလတ်ဆတ်၊ ပန်းမျိုးလည်း ကောင်းတာကိုး။ သူ့ဆီက ရောင်းမကုန်တဲ့ ပန်းအကျကိုမှ ကွင်းပြန့်ထဲက မဖြူနှင်းကတစ်ဆင့် ဝယ်ရောင်းရတာပါ။ ဈေးသိမ်းရင် မဖြူနှင်းက မတရုတ်မလက်ထဲက ပန်းစည်းတွေကို အကုန် ပုတ်ပြတ်သိမ်းတော့တာပဲ။ သိမ်းဆို ပန်းဖိုးက မနက်ဖြန်ရောင်းပြီးမှ ပေးရတာကိုး။ မဖြူနှင်းကမှ ပန်းကျန်ချင်ကျန်မယ်။ မတရုတ်မကတော့ ဈေးဝယ်ကိုလည်း ရောင်းရတာပဲ။ မဖြူနှင်းကိုလည်း ရောင်းရတာပဲဆိုတော့ ပန်းမကျန်ဘူး။ အမြတ်ချည်းပဲ။

ဈေးကလေး လူကျဲသွားပြီဆိုရင်တော့ ကွင်းပြန့်ထဲက ဈေးသည်တွေက ကိုယ့်ပစ္စည်းကလေးတွေ ထုတ်ဟယ်၊ ပိုးဟယ် ဖြစ်ကုန်ကြပေမယ့် ဆိုင်ခန်းပေါ်က လူတွေကတော့ ခပ်အေးအေးပါပဲ။ သူတို့က ဈေးစောင့် နတ်တွေကိုး။ စိတ်ကူးရမှ ထလာကြမယ့် ဈေးဝယ်ကို နေကုန်နေခမ်း ရသလောက် စောင့်ရောင်းကြဦးမှာလေ။



(၅)

"ညည်း အရင်ယူထားတာ သုံးရာကျန်သေးတယ် ခင်ရီရဲ့၊ ငါ အသစ် မပေးနိုင်သေးဘူး"

"ဒေါ်ကုလားမကလည်းတော် ကျုပ် ပုံမှန်သွင်းနေတာပဲဟာ၊ လုပ်ပါ တော် ဒီအစကလေး ကျုပ် ကြိုက်လို့ပါ"

"ကြိုက်ရင် လက်ငင်းဝယ်ပေါ့အေ၊ ငါတော့ ထပ်မပေးနိုင်ဘူး"

ဒေါ်ကုလားမက ခပ်ပြတ်ပြတ် ပြောချလိုက်တော့ ခင်ရီ အထည် စကလေးကိုကိုင်ပြီး ငိုင်ကျသွားတယ်။

"ကဲ... ကဲ... ကျုပ် စာရင်းကြည့်ပေးဦး"

အေးသန်းက လှာလိုက်တော့ ဒေါ်ကုလားမက လက်ညှိုးကို တံတွေးနဲ့ဆွတ်ထည့်ပြီး မည်းညစ်နွမ်းကြေနေတဲ့ စာအုပ်ကလေးကို ဟိုလှန် သည်လှန် လုပ်လိုက်တယ်။

"ညည်းက သုံးရက်တောင် ပျက်ထားတာပါလား အေးသန်းရဲ့"

"သုံးရက်ပျက်တာ အကုန်မယူပါနဲ့ဦး ဒေါ်ကုလားမရယ်၊ ဒီနေ့ တစ်ရက်တွက်သာ ဆက်မှတ်လိုက်ပါတော့ ကျုပ် ကျေအောင် သွင်းမှာပါ"

"ညည်းတို့ ဒီလိုချည်းပဲ၊ ရက်ပျက်တွေ အစားမသွင်းချင်ဘူး၊ ပါမှာ တစ်လသို့သာပြောရတာ ကျော်တာချည်းပဲ"

ဒေါ်ကုလားမဆိုင်မှာ ဈေးသည်မတွေ အုံနေသလို မခင်တင့်ဆိုင်မှာ လည်း ငြင်းလို့ ခုန်လို့

"ဒီမယ် ကြင်ရီ ခင်တင့်တို့က မဟုတ်တာ မလုပ်ဘူး၊ အစိတ်သား အစိတ်သား နှစ်ခါယူတာ ဟောဒီမှာ ဥပုသ်ထွက်နေ့က မှတ်ထားတဲ့စာရင်း"

"ထားပါ ထားဝါ၊ ငါက ညည်းလို ဖောင်တိန်မှ မကိုင်တတ်တာပဲ ခင်တင့်ရယ် ညည်း မှတ်သမျှပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တော် ဒီလိုမပြောနဲ့ ခင်တင့်တို့က မတရားဘူးထင်ရင် ကြိုက်တဲ့ ဆိုင်သွားဝယ်ချေ"

ဒါကလည်း အဆန်းတော့ မဟုတ်ပါဘူး။ မုန့်တီသည် မကြင်ရှင်က မခင်တင့်ဆိုင်ကဆီကို အကြွေးယူပြီး စိတ်ကူးရတဲ့နေ့ကျမှ ထရှင်းတာပါ။ ရှင်းတိုင်း ရှင်းတိုင်းလည်း ငြင်းနေကျ ခုန်နေကျပါ။

ကုန်စုံရောင်းတဲ့ ကိုဝင်းတင်တို့လင်မယားမှာလည်း မခေါစိန်တို့ မလှပုံတို့နဲ့ စာရင်းရှင်းနေကြတာ ချွေးတစ်လုံးလုံးနဲ့။ ကိုဝင်းတင်တို့က နေ့ပြန်ပေးနဲ့ ငွေလည်းထုတ်ချေးသေးတာကိုး။ မချစ်အေးတို့ဆိုင်မှာလည်း အိမ်အပြန် ရွာအတွက် ချိုချိုချောင်ချောင် မုန့်ဝယ်နေကြတဲ့ မခင်တုတ်တို့ မကျင်စိန်တို့တစ်တွေက တောင်းတွေ ပလုံးတွေကိုယ်စီနဲ့ ဟိုမုန့်ထုပ်ကိုင်ကြည့်၊ သည်မုန့်ထုပ်ကိုင်ကြည့်နဲ့လေ။ မတရုတ်မကလည်း မဖြူနှင်းနဲ့ အလုပ်ရှုပ်နေတယ်။ ခြံထွက်အသီးသည် ဒေါ်တုတ်ကတော့ ကီလိုမာလကာ သီးကြီးတွေကို ကျွတ်ကျွတ်အိတ်နဲ့ ထည့်ပေးရင်းက ဆိတ်သားသည် ကိုဆာမိကို ဘာတွေပြောနေတယ် မသိဘူး။ ကိုဆာမိကလည်း ခေါင်းတညိတ်ညိတ်နဲ့။

ခဏနေတော့ သူတို့လူသိုက် အိမ်ပြန်ကြဖို့ လိုင်းကားဂိတ်မှာ ဆုံကြပြန်တယ်။ တစ်ယောက်တစ်ပေါက်မှာလို့ ကြားလို့ ပြောလို့ဆိုလို့ကို မဆုံးနိုင်ကြဘူး။ တစ်မနက်ခင်းဈေး ဝေဒနာတွေ ကုန်နိုင်တာမှ မဟုတ်တာ

"ငါ့အေ အစကလေး လိုချင်ရက်နဲ့ ထားခဲ့ရတယ်၊ နှမျောချက်တော့"

"နေစမ်းပါ ခင်ရီရယ်၊ ဝတ်ဖို့ အရေးမကြီးပါဘူးဟဲ့"

"ဟော့တော့... ဘာချွေးသန်းက မှာလိုက်တဲ့ ဓာတ်ခဲဝယ်ဖို့ မေ့နေခဲ့ပြန်ပြီ သွားစမ်းပါ ခင်တုတ်ရယ်၊ ငါ မောလို့ပါ"

"ညည်းပြောမှ ငါ သတိရတယ်၊ အိမ်က ကောင်က ဗလာစာအုပ်



တဲ့တော့ မှာလိုက်သေးတာကော၊ ဒီကနေ့ ခင်တင့်ဆီ ကြွေးဆပ်လိုက်ရတာနဲ့ မဝယ်နိုင်သေးပါဘူးအေ"

"ကြက်သုံ့ကောင် ပါလာတာတောင် ငွေက သိပ်မရဘူးအေ၊ အိမ်ကလူ သောက်ပြောတော့ ခံရတော့မှာပါပဲ"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြပေမဲ့ ခရမ်းချဉ်သီးသည် တောင်ကြည်ကတော့ မြေကြီးပေါ် ပယ်ပယ်နယ်နယ်ထိုင်တဲ့ပြီး ပိုက်ဆံတွေ ထမိထဲသွန်ချပြီး ရေနေတယ်။ ရေရင်းကနေ မျက်မှောင်ကြီးကြုတ်လာပြီး သူ့ရင်ဘတ်ကို လက်နဲ့ ဖိလိုက်တယ်။

"သောက်ကျိုးနည်း နေ့ပြန်ဆပ်လိုက်ရတာနဲ့ အရင်းတောင် မှုန်မှုန်ကျန်တော့ရဲ့"

"အရင်းကျန်လို့ တော်သေးတာပေါ့ မတင်ကြည်ရယ်"

"ဘယ်လောက်ရမှာတုန်းအေ့ ညစာနှုတ်လိုက်ရင် မနက်ဖြန် ဈေးတောင် ထွက်နိုင်ပါ့မလား မသိဘူး"

ဒါပေမဲ့ မနက်ဖြန် မနက်ခင်းဈေးကြတော့ သူတို့ ရောက်လာကြဦးမှာပါ။ သည်လိုပဲ ရောင်းကြဝယ်ကြဦးမှာပါ။ မနက်ခင်းဈေးကလေးကလည်း သူတို့ကို မျှော်နေဦးမှာပါ။ ဆိုင်ခန်းတွေပေါ်မှာလည်း မခင်တင့်တို့တတွေက ဈေးစောင့်နတ်တွေလို ငိုက်ရင်းသမ်းရင်း ငုတ်တုတ်ကြီးတွေ ထိုင်နေကြဦးမှာပါ။ ပြောသာ ပြောရတာပါလေ။ တကယ်တမ်း ဈေးသည်တွေကလည်း သိပ်တော့ သေချာလှတာ မဟုတ်ပါဘူး။ သခ်ါရတွေ မဟုတ်လား။ ဈေးသည်တွေမှ မသေချာရင် သည်တစ်မနက်ခင် ဈေးကလေးကကော ဘယ်သေချာပါ့မလဲ။ သူလည်း သခ်ါရက လွတ်နိုင်တာမှ မဟုတ်တာ။

မြန်မာ့ဒနမဂ္ဂဇင်း၊ ၂၀၀၂ ခုနှစ်၊ မတ်လ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အမေနှင့် ဈေးသည်များ

## (၁)

ပြီးခဲ့တဲ့သီတင်းကျွတ်လကပဲ အမေ့အသက် ခုနစ်ဆယ် ပြည့်သွား ပြီ။ ဆံပင်တွေ တစ်ခေါင်းလုံး ဖွေးဖွေးလှုပ် ဖြူနေသလို၊ အမေ့ကိုယ် ကလေးကလည်း အတော့်ကို ပိန်လှီသွားခဲ့ပြီ။ ဟိုတုန်းကလို ၀၀ ဖိုင့် အသားအရေတင်းတင်းနှင့် ကျန်းမာသန်စွမ်းခြင်းအရိပ်တွေ အမေ့ မှာ မရှိတော့။ သည်ဘက်ပိုင်းရောက်မှ အိုစာကျသွားသော အမေ့ကို ကျွန်မ ကြည့်ရင်း ရင်ထဲမကောင်း ဖြစ်မိသည်။ အမေ အိုစာသွားခဲ့ပြီကော။ ညာ အိုမင်းလှမင်းပုံ ပေါက်နေသော်လည်း အမေ့စိတ်တွေကတော့ မအို သေးတာသေချာသည်။ မာဆဲ၊ ထန်ဆဲ၊ မာနကြီးဆဲပင်ဖြစ်သည်။ မျက်ရစ် ခြေပတ်လည်ဝိုင်းနေသော အမေ့မျက်လုံး ဝါကျင်ကျင်တွေက လည်း သမီးတွေအပေါ်ထားရှိသော မေတ္တာရည်တွေ အရောင်တစ်လက် တ်တောက်နေဆဲ။

အမေ့ မွေးနေ့က သီးတင်းကျွတ်လဆန်း (၁၄)ရက်နေ့ညကို မြေးတွေ ပျောက်တွေတစ်ဒိုင်းဒိုင်းဖောက်ကာ ဖွားအကြီးမွေးနေ့ကို ဟက်ပီး

www.burmeseclassic.com



ဘာသ်အေး လုပ်နေကြသည်။ ကျွန်မတို့ တူဝရီးကတော့ မြေဆီမီးခွက်
ကလေးတွေထဲ ဆီစိမ်၊ ပွမ်းစတွေကို မီးထွန်းညှိရင်း အမေ့ ကျန်းမာရေ
အတွက် ဆုတောင်းကြသည်။ ခုံတန်းရှည်ကလေးပေါ်မှာ မွေးနေ့ရှင်အမေ
ငုတ်တုတ်ထိုင်နေသည်။

"ငါ မွေးတဲ့ညမှာ ရွာထဲက ကာလသားတွေက ဖျောက်အိုးဖေ
ဖောက်လို့ဆိုပြီး အဖေက ထွက်ဆဲတာတဲ့၊ မီးနေသည် လန့်မှာစိုးလို့လေ

အမေက သူ့ကိုမွေးသည့်နှစ်ပေါင်း ခုနစ်ဆယ်အဝေးက ညကလေး
လှမ်းပြီး လွမ်းလိုက်သေးသည်။

"ငါ ဆယ့်နှစ်နှစ်သမီးလောက်တုန်းက အမေက ဆံပင်ဖြူနုတ်ခိုင်
တော့ ငါက အမေ့ဆံပင်ဖြူတွေနုတ်ရင်း အမေ့အသက် ဘယ်လောက်
ပြီလဲလို့မေးတော့ အမေက ငါးဆယ်ကျော်လို့ပြောတော့ ငါ့မှာ ငိုလို
ရတာအေ၊ အမေနဲ့ငါနဲ့ လူ့ဘဝထဲ သိပ်အတူမနေရတော့ဘူးထင်ပါရဲ့
တွေးပြီး စိတ်မချမ်းသာလိုက်ပုံများ၊ အင်း ခုတော့လည်း ငါကိုယ်တိုင်
အသက်ခုနစ်ဆယ်ပြည့်သွား၊ ငါ့သားသမီးတွေများတော့ ဘယ်နှယ်
မနေကြပေါင်"

အသက်ခုနစ်ဆယ် အောင်လက်မှတ်ရသွားသော အမေက သူ့အ
ကျွန်မတို့အဘွားကို တမ်းတမ်းတတဆိုလိုက်တော့ ဘာရယ်မသိဘဲ ကျွ
မျက်ရည်ဝဲသွားမိသည်။ ကျွန်မတို့ကကော အမေနဲ့ ဘယ်လောက်အ
အတူနေရဦးမှာလဲ။

"ကဲ... ငါ့မွေးနေ့မှာ ငါ့သားသမီးတွေကို အမေ ခေါက်ဆွဲကြေ
ကုသိုလ်လုပ်မယ်၊ ဝင်းနိုင် သွားဝယ်ချည်စမ်း"

ကျွန်မအထက်က အစ်ကိုက အမေ့ဆန္ဒအတိုင်း မနီးမဝေး
ခေါက်ဆွဲဆိုင်ကို ခေါက်ဆွဲကြော်သွားဝယ်ဖို့ စက်ဘီးပြင်သည်။ အမေ့



သားသမီးငါးယောက်ရှိတာမို့ ခေါက်ဆွဲကြော် ငါးထုပ်ဝယ်ရမည်။

"နေပါဦး ခေါက်ဆွဲကြော်က အခု တစ်ပွဲ ဘယ်လောက်တဲ့တုန်းဟဲ့"

အမေ မေးမှပင် ကျွန်မတို့ ခေါက်ဆွဲကြော်ဈေး စဉ်းစားမိကြသည်။ လေးရာလား၊ ငါးရာလား စသဖြင့် ဇဝေဇဝါဖြစ်နေကြဆဲ။ တစ်လောက သုံးရာ့ငါးဆယ်ဆိုတော့ သည်ဈေးမရနိုင်တာကတော့ သေချာသည်။

"ကဲ... ငါးရာထား တွက်ကြည့်လိုက်မယ်၊ ငါးထုပ်ဆိုတော့ နှစ်ထောင့်ငါးရာ၊ ဒီထက်ကျော်ရင် မဝယ်နဲ့တော့၊ မတန်တော့ဘူး၊ မတန်တာ ငါလည်း မကျွေးချင်ဘူး"

စားရမည့်သူများမှာ အမေ့စကားကြောင့် ရယ်မိကြသည်။ ကျွန်မတို့ ရယ်ကြခြင်းမှာ အမေ့အကြောင်းကို သိနေခြင်းကြောင့်ပါ။ အမေသည် ဈေးဝယ်သည့်ကိစ္စတွင် အလွန်နာမည်ကြီးသူ ဖြစ်သည်။ ကုန်ပစ္စည်းအရည်အသွေး၊ ကုန်ဈေးနှုန်းစတာတွေထက် သူ့ စိတ်တိုင်းကျ ကျေနပ်မှ ဈေးဝယ်ခြင်းအလုပ် ပြီးမြောက်အောင်မြင်တတ်သူ ဖြစ်သည်။ ကျွန်မတို့ ဈေးဝယ်ပြန်လာလျှင် ပစ္စည်းတွေကို တစ်ခုချင်း ဈေးမေးတတ်သည်။

"ညည်းတို့ ဈေးဝယ်ရင် အကုန်ဈေးကြီးမိတာချည်းပဲ၊ ဈေးသည်က ညည်းတို့ဂိုက်ကြည့်ပြီး ဈေးတင်လိုက်တာ ကိုယ်က နာနာဆစ်ရတယ်အေ့"

ဈေးသည်အကြော နှောကျေနေသည့် အမေကတော့ ဈေးဝယ်တိုင်းလိုလို ရာဇဝင်တွင်ကျန်ရစ်သူ ဖြစ်သည်။ ရပ်ကွက်ထဲမှာ အမေက ဈေးဝယ်တော်သလိုလို၊ ဈေးဝယ်ချေးများသလိုလို အဓိပ္ပာယ် နှစ်ခွထွက်သော စကားရှိသည်။

"ကြီးတော်မြတင် ဈေးဝယ်ပြီးမှ လိုက်ဝယ်ကြ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



(၂)

မန္တလေးအနောက်တောင်ဖျားက ကျွန်မတို့ရပ်ကွက်ကလေးထဲတွင် ခေါင်းရွက်ဗျပ်ထိုး ဈေးသည်ကလေးတွေ သူဝင် ငါထွက် အမြဲလာတတ်သည်။ ရောဝတီမြစ် အနောက်ဘက်ကမ်း အာလောင်၊ ဝါးချက်ရွာများမှ ရွှာခံကုန်စိမ်းသည်များ၊ ပေပင်ကျောင်းသောင်ဆိပ်မှ ငါးသည်များ၊ ပဲပြုတ်၊ ချေါတ်ပေါင်းသည်များ၊ ဘုရားပန်းသည်များ စသဖြင့် အရပ်ထဲ လည်ရောင်းတတ်သော ဈေးသည်မကလေးတွေ ရှိသည်။ ဈေးသည်တွေက အမေ့အိမ်ရှေ့ ပိတောက်ပင်ရိပ်ကြီးအောက် ဈေးပန်းချလိုက်ပြီး "ကိုင်း... လာကြနော် ဟောသည်က" ဆိုလိုက်လျှင် ဝိုင်းအုံလာတတ်ကြသော်လည်း ချက်ချင်း ဝယ်ကြတာတော့ မဟုတ်၊ သည်လူတွေက အမေ ဝယ်တာလိုက်ဝယ်ဖို့ အကဲစောင့်နေကြသူတွေသာ ဖြစ်သည်။ မနက်မိုးလင်းသည်နှင့် ရပ်ကွက်ထဲ အစောဆုံးလာတတ်သော ဈေးသည်တွေကတော့ မနက်ခင်း သွားရည်စာ ပဲပြုတ်၊ ချေါတ်ပေါင်းတောင်းကြီးတွေ ဖြစ်သည်။ သည်လို ပဲပြုတ် ချေါတ်ပေါင်းသည် ဆယ်ဦးရှိလျှင် အမေနှင့်တည့်သူက နှစ်ဦးမှအနိုင်နိုင်။ သည်ရပ်ကွက်မှာတော့ ဝယ်သူ အမြဲမှန်သည် ပြောလို့မရ။ ဝယ်သူ ပထမဆိုတာလည်း မသေချာ။

"ဟောဒီက ပဲသည် ချေါတ်ပေါင်းသည်..."

ဈေးသည်သံကြားတိုင်းလည်း အမေက ဝယ်သူမဟုတ်ပြန်၊ သူနှင့် မျက်နှာကြောတည့်သူဟုတ်,မဟုတ် အရင်ထွက်ကြည့်ပြီးမှ ခေါ်ဝယ်သည်။ သည်ဈေးသည်က အသစ်လည်းဖြစ်ချင်ဖြစ်မည်။ အရင်က ပြဿနာကို နှစ်ဦးနှစ်ဖက် ရောင်းဝယ်ခြင်းဖြင့် အမေနှင့် ပြဿနာကျေအေးပြီးသူလည်း ဖြစ်နိုင်ပါသည်။



"ထည့်ဦး အဆစ်ကလေး ဘာလေး...၊ ညည်းတို့ဟာက တစ်ဆယ်သားလည်း ဒါပဲ... အစိတ်သားလည်း ဒါပဲ၊ ချိန်ခွင်နဲ့အလေးကပြောလို့ရတာမဟုတ်ဘူး၊ အဆစ်စားရတာ"

ဈေးသည်က ထည့်သင့်သလောက်ထည့်ပေးသော်လည်း အမေက ကျေနပ်နိုင်သူမဟုတ်။ ထည့်ဦး ခိုင်းတတ်သည်။

"ကြီးတော်ရယ် အခု ပဲတစ်ပြည်ကို ခုနစ်ရာ၊ ရှစ်ရာကျော်တယ်၊ အရင်းရအောင် ဖတ်ဖတ်မော ရောင်းရတာ၊ ပြီးတော့ ကျွန်မတိုပဲက ရေမကျန်ဘူးတော့"

ရေမကျန်ဘူးဆိုတာ ပဲပြုတ်စဉ်က ရေကုန်အောင်ပြုတ်ခဲ့ခြင်းကို ဆိုလိုတာပဲ ဖြစ်သည်။ ရေကျန်တော့ အလေးချိန်စီးသည်။ ဝယ်သူက နာသည်။

"ရေမကျန်လို့ ဝယ်တာပေါ့အေ၊ ကဲပါအေ အဆစ်ကလေးနည်းနည်း တောင် မသထာဘူးလား အမေကြီးကို"

ပဲသည်က အမေ စိတ်ကျေနပ်အောင် တစ်စေ့နှစ်စေ့ ထည့်ပေးလိုက်သည်။ ပြီးတော့ တောင်းကို ဆတ်ခနဲမပြီး စောင့်ခနဲ ထွက်သွားတော့သည်။ ပဲသည်တောင် အိမ်ရှေ့ လေးငါးလမ်းရှိသေး အမေ့မှတ်ချက်က ရှေ့ရောက်နေပြီ။

"ဒီကောင်မ မစွံဘူး၊ တွန့်တိုချက်တော့။ သင်း လေပေါက်ကို ငါ မကြိုက်တာ"

ထိုပဲသည်ကို အမေ ဘယ်တော့မှ ခေါ်မဝယ်တော့တာ သေချာသည်။ နေ့လယ်နေ့ခင်း နေပူပူကျက်ကျက်ကြီးထဲ ရောက်လာတတ်သည့် ငါးသည် ပုံစံအမျိုးမျိုးကတော့ မဖြစ်မနေ အမေ့ ပိတောက်ပင်ရိပ် ဝင်နိုရမြဲ။ အမောဖြေရင်း ရေသောက်ကြမြဲ။ သူတို့တစ်တွေက မြစ်ဆိပ်ကငါးတဲကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေဆီကနေ သောင်ပြင်ကျယ်ကြီးကိုဖြတ် တာရိုးကြီးကိုကျော်ပြီးမှ ကျွန်မတို့ရပ်ကွက်ကလေးထဲ ရောက်သည်။ ပြီးမှ ညနေဈေးကလေးထဲ အချိန်မီပြေးကြရသူတွေ။ အမေ့ပိတောက်ပင်ရိပ်ကတော့ သူတို့ ခရီးတစ်ထောက်နားရာစခန်း အလိုလိုဖြစ်ရသည်။ ခေါင်းခုကလေးနှင့် ချွေးသုတ်ကြ၊ ဗန်းထဲကငါးတွေ ဟိုလှန်သည်လှန် လုပ်ကြ၊ ငါးသည်အချင်းချင်းဆိုလျှင်လည်း ဈေးစကား နားစကားပြောကြသည့်နေရာ။

"ဘာငါးတွေလည်း မသိဘူး၊ ကိုမောင်ဦး ကျွန်မ သွားဝယ်လိုက်ဦးမယ်"

ကျွန်မတို့အိမ်နှင့် ခပ်လှမ်းလှမ်း လက်ဖက်ရည်ဆိုင်မှ မရွှေမိက ငါးဝယ်ထွက်လာမယ်ပြင်တော့ သူ့ယောကျ်ား ကိုမောင်ဦးက လက်ကာပြသည်။ အမေ ပိတောက်ပင်အောက် ထွက်လာတာ လှမ်းမြင်လိုက်လို့ဖြစ်သည်။ အမေနှင့် ငါးသည် ဈေးစစ်ထိုးတာကို စောင့်ကြည့်ပြီးမှ ဝယ်လျှင် နောက်ဆုံး ဖြတ်ဈေးရနိုင်တာကိုး။

"အသာနေဦး၊ ကြီးတော် ဝယ်သလား လှမ်းကြည့်လိုက်၊ ကြီးတော်နဲ့ဈေးတည့်ရင် နင်သွားဝယ်တော့၊ ဘာတစ်ခွန်းမှ ထပ်ဆစ်စရာမလိုတော့ဘူး၊ ကြီးတော်ပေးတဲ့ဈေးက ဂိတ်ကုန်ပဲ မယုံကြည့်နေ"

လက်ဖက်ရည်ဆိုင်ထဲက လူတွေ အုံးခနဲ ရယ်ကြသည်။ သည်စကားကို တစ်ဆင့်စကား အမေ ပြန်ကြားတော့ ပြုံ့ပြုံ့ကြီး လုပ်နေပါသည်။ အမေ ထွက်လာလို့ တစ်ယောက်ယောက်က ဝယ်နှင့်ပြီဆိုလျှင် အမေ ဈေးထပ်ဆစ်ဖို့ ခက်သွားပြီ။ ထိုအခါ အမေက ငါးသည်ပြန်သည်နှင့် "ညည်းနှယ်အေ ငါ့များ စောင့်ပါဦးတော့"လုပ်တတ်သည်။

"လူတွေက ငါ ဈေးဝယ်တာ ကြည့်နေကြတာ၊ ငါနဲ့တည့်တဲ့ ဈေးသည်ဆိုရင် ဒါအတော်ကိုတန်လို့ အတော်ကို သဘောကောင်းလို့လို့ ဆိုကြတာအေ့"



ဂုဏ်တောင်ယူလိုက်သေးတော့သည်။ ဆောင်းဦးပေါက် ရာသီရောက်တိုင်း ပေါက်ပေါက်လာတတ်သည့် အနောက်ဘက်ကမ်း အာလောင်ရွာ၊ ကြက်ထောင့်ရွာတွေက ကုန်စိမ်းသည်တွေနဲ့ကတော့ အမေက တည့်တာများသည်။ သည်ဈေးသည်တွေက ကိုယ်ပိုင်အခင်းထွက်တွေဆိုတော့ကုန်ကလည်း လတ်ဆတ်၊ ရော့ အင့်နဲ့ အလကားပေးတာလည်း ပါသေးသည်။ အမေက ပဲသိပ်ကြိုက်သည်။ ထမင်းဝိုင်းမှာ ပဲမပါမဖြစ်၊ ပဲက ပဒေသာဟင်း၊ နေ့တိုင်းပဲမပါ မစားတတ်။ ပဲဝယ်ပြီးလျှင် အမေက...

"ပူးညွှန့်ကလေး တစ်ညွှန့်လောက် ပေးခဲ့စမ်းပါအေ"

"နံနံကလေးတစ်စည်းလောက် ထည့်ခဲ့ပါအေ"

"ပေးခဲ့စမ်းအေ ငရုတ်သီးစိမ်းကလေး လေးငါးတောင့်"

စသဖြင့် သူ့ဈေးဗန်းကြီးနှင့် အပြည့်ဝယ်တတ်သည်။ အမေ့ကို အဲသလို ဈေးဝယ်တာစီးလို့၊ ညွှန့်လို့ဆိုပြီး မရောင်းတော့ဘူးမထင်ပါနှင့်။ နောက်နေ့ မနက်က မိုးချုပ်ထိ ဈေးသည်တကာတို့ အမေ့ပိတောက်ပင်ရိပ်မှာ နားရင်း ရေအိုးကရေကိုသောက်ရင်း လှမ်းအော်တတ်ကြသည်။

"ကြီးတော် ပဲယူဦးမလား၊ ခုတင် အခင်းထဲက ဆွတ်လာတာ၊ ချိုလိုက်တာမှ"

"ကြီးတော် ငါးသည်လေ။ အိုးကပ်ငါးကလေးတွေ ပေါပေါပေး ခဲ့မယ်"

ကျွန်မတို့အိမ်ရှေ့မှာ ဆူညံနေတတ်သည်။

(၃)

အမေ့ဈေးဝယ်ဗျူဟာနှင့် ပတ်သက်ပြီး ပြောစမှတ်တွင်ရသည့် အဖြစ်အပျက်ကလေးတွေလည်း ရှိသည်။ တံမြက်စည်းသည် အဘိုးကြီး၏

www.burmeseclassic.com

www.burmeseclassic.com



"တံမြက်စည်း... ကြက်မွေး"အော်သံကြားတော့ အမေက အိမ်ပေါက်ဝတ ဆီးခေါ်သည်။ အမေ တံမြက်စည်းသည် မျှော်နေတာ ကြာပြီ။ တံမြက် စည်းသည်ကြီးက ထမ်းဆိုင်းကိုချ၍ ချွေးသုတ်နေစဉ် အမေက တံမြက် စည်းတွေကို ပတ္တလားတီးသလို မွှေတော့သည်။ အမျှင်တွေက နုသလား ရင့်သလား၊ လက်ကိုင်ကကော မကြိုက်ဘူး နောက်တစ်ချောင်း။

"နေစမ်းပါဦး ခင်ဗျားက ဘာလိုချင်တာတုန်း"

"တံမြက်စည်းရော ကြက်မွေးရောပေါ့၊ ဘာဖြစ်လို့တုန်း"

"ဟုတ်ပြီလေ ဘာတံမြက်စည်းတုန်းလို့ ကျုပ်မေးနေတာ၊ အကြမ်း လား၊ အနုလား"

အမေက သူ့ကို စပ်ဆတ်ဆတ်ကလေးမေးတာကို မခံချင်ဖြစ် သွားပုံရပါသည်။ ဈေးသည်၏ ဆက်ဆံရေးကို မကြိုက်တာတစ်ခုတည်း နှင့် အမေ ဆက်မဝယ်တော့။

"တော်ပြီ တော်ပြီ၊ ဘာမှ မဝယ်တော့ဘူး"

လက်ထဲက ရွေးလက်စ တံမြက်စည်းတွေကို ဝုန်းခနဲ ပစ်ချလိုက် ပြီး မတ်တပ်ရပ်လိုက်သည်။ အဘိုးကြီးက သူ့တံမြက်စည်းတွေကို တစ်ချောင်းချင်းပြန်စီရင်း ဗျစ်တောက်ဗျစ်တောက် လုပ်တော့သည်။

"ဘာမှ မဝယ်နိုင်ဘဲနဲ့ ခင်ဗျားက ကျုပ် တံမြက်စည်းတွေကို ပိုင်စိုးပိုင်နင်း မွှေရတယ်လို့"

အဘိုးကြီးကလည်း လူစွာကြီးဖြစ်ပုံရသည်။ သည်လောက် မွှေနှောက် ထားပြီးမှ မဝယ်ရကောင်းလား စိတ်တိုနေပုံ ရသည်။ အမေကလည်း သည်လို မေးရပါ့မလားဆိုပြီး မဝယ်တော့တာပါ။ ဒါပေမဲ့ 'မဝယ်နိုင်ဘဲနဲ့' ဆိုသည့်စကားကို အမေ မခံချင်၍ ချက်ချင်းအော်တော့သည်။

"မဝယ်နိုင်လို့မဟုတ်ဘူး တော့်အပေါက်အဆတ် မကြိုက်လို့၊ တံမြက်



စည်းရောင်းစားတာပဲတော် ပိုးဖဲကတ္တီပါကိုင်သလို ရှုရှုလေးလုပ်နေရမလား တော့်၊ လာ... လာချည်သေး၊ တော်လိုလူမျိုး ဈေးရောင်းစားနေတာ အံ့ပါရဲ့"

"ခင်ဗျားခေါ်လို့ ကျုပ်လာတာ ခင်ဗျား မစော်ကား နဲ့"

အမေက အကျီလက်မောင်းတင်၊ ထမီတင်းတင်းဝတ်ပြီး တကယ် တွယ်သတ်မည့်ပုံပြင်လိုက်တော့ ကျွန်မတို့ ထွက်ဆွဲရတော့သည်။ အမေက ဈေးဝယ်လျှင် အဲသလိုလည်း ရန်ဖြစ်တတ်သေး၏။

တစ်ခါက မိသားစုများသော ကျွန်မတို့အိမ်တွင် ထီးပျက်တွေ ပုံနေသည်။ ကိုင်းကျိုးတဲ့ထီးကကျိုး၊ ထီးရွက်စုတ်တဲ့ ထီးကစုတ်နှင့်မို့ အမေက ထီးပြင်သည် မျှော်နေသည်။ တစ်ပတ်၊ နှစ်ပတ်။ ထီးပြင်ဆရာ တစ်ယောက်တစ်လေတောင် ယောင်လို့မှ ပေါ်မလာ။

"မျှော်ရင်တော့ မလာဘူးတော်၊ မမျှော်ရင်တော့ လမ်းထဲ သင်းတို့ ကို ရှောင်လို့မလွတ်ဘူး"

ဘယ်သူမှန်းမသိသည့် ထီးပြင်ဆရာကို လှမ်းပြီး ရန်လုပ်နေတတ် သည်။

"ထီးပြင်တယ်၊ သော့ပြင်တယ်၊ ဖိနပ်သဲကြိုးလဲတယ်"

"ဟော... လာပါပြီတော်၊ မောင်မင်းကြီးသား"

ထီးဟောင်းထုပ်ကြီးကို ထမ်းလာသည့် ထီးပြင်သမား ရပ်ကွက် ကလေးထဲ ရောက်လာသည်။ အမေက ကြိုးနှင့်စုချည်ထားသော ထီးလေး ငါးချောင်းကို ဆွဲတဲ့ပြီး ပိတောက်ပင်အောက်က ထိုင်စောင့်နေသည်။ အသံသာကြားပြီး လူမတွေ့ရတော့ ဟိုဟိုသည်သည် ရှာသည်။ အသံကြား လိုက်လျက်ကနဲ့ လူပျောက်သွားတာကို မခံချင်ပုံဖြင့် ပြောသည်။

"အလိုတော်... ကိုယ်တော်က ဘယ်ဇရပ်ချိုး ဝင်သွားပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



အမေ့စကား မဆုံးခင်မှာပင် ထီးပြင်သမား လမ်းကြားကလေးထဲက ဘွားခနဲထွက်လာပြီး ဆွဲဆွဲငင်ငင် အော်သည်။

"ထီးပြင်တယ်... သော့ပြင်တယ်... ဖိနပ်သဲကြိုးလဲတယ်"

"လာဦးဟေ့ အောင်မယ် သူ့အသံကို မတိုးနိုင်ဘူးတော်၊ တကထဲ အရေးထဲ ဝါကျဆုံးအောင်များ ဟစ်နေရသေး"

ထီးပြင်သမားကတော့ ဘာမှမကြားပါ။ သူ့အာရုံတွေက အမေ့ဘေးမှာ ချထားသော ထီးတွေဆီကို ရောက်နေပုံရသည်။ ထီးပုံကြီးကိုမြင်တော့ သူလည်း ဝမ်းသာအားရထမ်းလာသော ခုံဆိုင်းထမ်းနှစ်ခုကိုချကာ မြေကြီး ပေါ်မှာ ပယ်ပယ်နယ်နယ်ကြီး ထိုင်ချလိုက်သည်။

"ဒီထီးတွေ ငါ ပြင်ချင်တာပဲဟေ့၊ ကြည့်ပေးဦး"

ထီးပြင်သမားက ထီးတွေကို တစ်လက်ပြီးတစ်လက် ကောက်ကိုင်ကာ ဖွင့်ကြည့်လိုက်၊ ချထားလိုက်နှင့် စစ်ဆေးနေတုန်း အမေ့မျက်လုံး တွေက ထီးပြင်သမား မျက်နှာဆီ ရောက်နေသည်။

"အမေကြီးထီးတွေက တော်တော်စုတ်နေပြီပဲ၊ အကောင်းဝယ်သုံးရော ပေါ့ အမေကြီးရာ၊ ပြင်နေတာကမှ ငွေကုန်ဦးမယ်"

"အသစ် မဝယ်နိုင်လို့ပေါ့ လူကလေးရယ်၊ အမေကြီးကို ကြည့်ကြံ ပြီး ပြင်ပေးခဲ့ကွာ၊ မင်း ပြင်လိုက်ရင် သစ်ရောပေါ့ကွဲ့၊ ထီးပြင်ပါတယ် ဆိုမှ ထီးကောင်းတော့ ကိုင်ရမှာပေါ့"

ထီးပြင်သမားက ဈေးခေါ်ခြင်းကို အမေက ပြန်အုပ်လိုက်ခြင်းပဲ ဖြစ်သည်။ ကျွန်မကတော့ ထုံးစံအတိုင်း အမေနှင့် ဈေးသည်များကို စိတ် ဝင်တစား ဘေးက ရပ်ကြည့်နေလိုက်သည်။

"ဒီထီးက ကိုင်းတွေဆက်ပိုင်းကျိုးနေတာကိုက လေးငါးချောင်း ကိုင်းတံလဲရင်လဲရ၊ မရရင် သံနန်းကြိုးနဲ့ တုပ်ပေးရမှာပဲ၊ ဒီထီးက ထီး



ရွက်က အသားကနေစုတ်နေတာဆိုတော့ တစ်ရွက်လုံးလဲမှရမယ် မေကြီး၊ အင်း... ဒီထီးကတော့ အဲ... ခေါင်စုတ်တာရော လက်ကိုင် ရော တပ်ရမှာဆိုတော့ကာ အမေကြီး ပြင်ရင် အားလုံး တစ်ထောင် ကျော်လောက် ကုန်လိမ့်မယ်ဗျ"

"မဟုတ်တာကွယ် မင်းနှယ် ထီးတစ်လက်မှ လေးငါးရှစ်ရာပါ၊ ည့်များပြောပါဦး"

"အမေကြီးကို ပြောသားပဲ၊ အသစ်ဝယ်တာကမှ သက်သာဦးမယ်လို့၊ ပေမဲ့ အသစ်ဝယ်ရင် တစ်လက်ပဲ ဆောင်းရမှာ၊ ပြင်လိုက်ရင်တော့ း‌ငါးလက် ဆောင်းပါလေ့ဗျာ"

"တစ်ထောင်တော့ မလုပ်ပါနဲ့ကွယ်၊ လျှော့ပါဦး"

"အင်း... ဒီထက် မလျှော့နိုင်ဘူး အမေကြီးရေ၊ ဒါတောင် ရင်း ဆင်ရင်း တွေ့တာမြင်တာလေးတွေ ထည့်ရရင် ဒီထက် ပိုချင် ဦးမှာ"

"ကဲ... ဒါဆိုလည်း မပြင်တော့ဘူးကွယ်"

အမေက သူ့ထီးစုတ်တွေကို သိမ်းကြုံးလိုက်သည်။ ထီးပြင် မားကလည်း ထီးဟောင်းလေးငါးလက်ကို အလွတ်ခံချင်ပုံ မရပါ။ နည်းနည်းပြင်သည်။

"ကိုင်း... အမေကြီး ဈေးမဆစ်နဲ့တော့ တစ်ထောင်ပဲပေး၊ အမေကြီး တွေ အကောင်းပကတိ ကျွန်တော် လုပ်ပေးခဲ့မယ်"

"တော်ပြီ... တော်ပြီ၊ ပိုက်ဆံတစ်ထောင်ကြီးများတောင် မပေးနိုင် င်ကွယ်"

"ဒီလောက်တော့ ပေးရမှာပေါ့ဗျ၊ တစ်ပြားမှ မပေးချင်လို့ လား၊ ... အမေကြီး ဘယ်လောက်ပေးချင်တုန်း"

www.burmeseclassic.com

www.burmeseclassic.com



ထီးပြင်သမားက လေသံနည်းနည်းမာလာတော့ အမေကလည်း ခပ်တင်းတင်းပင်။

"ဘယ်လောက်မှ မပေးချင်တော့ဘူး၊ မင်းဇဂထွက် (စကားထွ... ကို ငါမကြိုက်တာ"

ထီးပြင်သမားက အမေ့ကို တစ်ချက်လှမ်းကြည့်ပြီး ဘယ်လို... ဈေးတည့်မည့်ပုံမပေါ်တော့ သူ့ပစ္စည်းတွေ သူထမ်းပြီး ထွက်သွားတော့ သည်။ ထီးပြင်သမား ထသွားသည်နှင့် အမေက ပြောပါတော့သည်။

"လူ့မျက်ခွက်ကိုက မရိုးသားဘူး၊ ငါ့ကို အဘွားကြီး နှပ်လိုက်ဦး မယ်ဆိုတဲ့ ပုံမျိုးနဲ့ ငါ့ထီးတွေကို လျှောက်အပြစ်ရှာနေတာ သိသား... ထီးပြင်သမား ပေါလွန်းလို့"

သည်လိုနှင့် အမေ့ထီးစုတ်ကြီးတွေက အိမ်အောက်ပြန်ရောက်လာ သည်။ နောက်ရက်တစ်ပတ်လောက်အကြာမှာတော့ ကျွန်မတို့ရပ်ကွက် ကလေးထဲ ထီးပြင်သည် ရောက်လာပြန်သည်။ အမေက ရေချိုးရန်ပြင်နေ ရာမှ ထမီရင်လျားကြီးနှင့်ပင် အိမ်ရှေ့ပြေးထွက်လာပြီး ခေါ်သည်။

"ထီးပြင်သည် လာဦးဟေ့"

ကျွန်မက အိမ်ရှေ့တန်းလျားမှာ စာဖတ်နေသောကြောင့် လမ်းထဲ... ကို မြင်နေရသည်။ ဟိုတစ်နေ့က ထီးပြင်သမားပဲ။ ထီးပြင်သမားက အမေ့ကို ခဏရပ်ကြည့်လိုက်သေးတယ်။ ပြီးမှ မှတ်မိသွားဟန်ဖြင့် ပြောသည်။

"ခင်ဗျားနဲ့ အလုပ်မဖြစ်ပါဘူးဗျာ"

ထီးပြင်ဆရာက ပြောပြောဆိုဆို ရှေ့ဆက်သွားသည်။ ဒါကိုပဲ အမေက မကြားကြားအောင် အော်ပြောလိုက်သေး၏။

"အလိုတော်... ကျုပ်ကလည်း ကိုယ်တော်မှန်းမသိလို့ ခေါ်တာ ဟေ့"တဲ့။

## (၄)

သည်တစ်ခေါက် ကံဆိုးကံကောင်းရောက်လာသူကတော့ ဓားသည် ...သည်။ ဝါးလုံးဆိုင်းတမ်းမှာ ဓားတွေ စီတန်းချိတ်ထားလိုက်သည်မှာ ...လို့။

"ဓားရမယ် ကတ်ကြေးရမယ်"

သည်လိုဈေးသည်မျိုးကတော့ ကျွန်မတို့ရပ်ကွက်ကလေးထဲမှာ ထူးထူး ...ဆန်းဆန်းနှင့် ရှားရှားပါးပါး ရောက်လာတတ်သော ဈေးသည်မျိုး ဖြစ် ...သည်။ ဓားတို့ ကတ်ကြေးတို့က တစ်ခါဝယ်ပြီးလျှင် တစ်သက်လုံးလိုလို ...သုံးလို့ရတတ်တာပါသလို၊ ဈေးနှစ်ဈေးနှင့်နီးသည့် ရပ်ကွက်ဆိုတော့ ...တ်ရုံ ဓားသည်က မလာတတ်ပါ။

"အံမယ်... ဓားတဲ့၊ ထင်းခုတ်ဓားမကလေးတစ်ချောင်းလောက်တော့ ...ချင်သားဟဲ့၊ အိမ်ကဓားက အသွားပဲ့နေပြီ၊ ဓားသည်လာဦး"

ပြောပြောဆိုဆိုနှင့် အမေ အိမ်ရှေ့ထွက်သွားသည်။ ထုံးစံအတိုင်း ...တောက်ပင်အောက်မှာ ဓားသည်က ဝါးလုံးဆိုင်းထမ်းကိုချသည်။ လက်ဆွဲ ...င်းကြီးထဲမှာက ကတ်ကြေး၊ မီးညှပ်စသည်ဖြင့် မျိုးစုံအောင်ပါသည်။ ...င်းခုတ်ဓားမအကြီး အသေး၊ သားလှီးဓား၊ ကြက်သွန်လှီး ဓား စသဖြင့် အရွယ်စုံ၊ ဆိုက်စုံမို့ အမေ စိတ်ဝင်စားသွားသည်။ ကတ်ကြေးတွေလည်း ...လို့ပါပဲ။ စက်ကတ်ကြေးဆိုက်ကနေ လက်သည်း လှီးသည့် ကတ်ကြေး ...လေးတွေထိ ပါသည်။

"အမျိုးကို စုံလို့ပါလားတော်၊ နေဦး... နေဦး"

အမေက သူ့ ဈေးဆစ်ချင်လျှင် အပြစ်အနာအဆာ ကြံဖန်ရှာတတ် ...တာ မဟုတ်လား။ ဓားတွေကို အချင်းချင်း ခတ်ကြည့်ရင်း "မင်းသံတွေက ...သံချေးသက်ကွဲ"၊ "ဓားတွေက မီးမကျက်ဘူး" လုပ်နေတော့သည်။ ...ချောင်း ပြီးတစ်ချောင်း ကိုင်လိုက်၊ ချလိုက်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်းပါ ခေါ်မိလက်စနဲ့မို့ သည်စားကလေးတစ်ချောင်းတော့ ဝ
လိုက်ပါ့မယ်၊ ဘယ်လောက်တုန်းဟဲ့"

"နှစ်ရာ"

"သောက်ကျိုးနည်း နှစ်ရာ ဟုတ်လား၊ မင်းဟာကကွယ် စား
စားကောင်းလည်း မဟုတ်ဘဲနဲ့။ တစ်ရာ့ငါးဆယ် ထားလိုက်"

အမေက ငွေငါးဆယ် ဖမ်းဆစ်လိုက်သည်။ စားသည်ကလည်
အလုပ်ဖြစ်ချင်ပုံ ပေါ်သည်။

"ယူဗျာ"

စားသည်က အမေ ဆစ်သည့်ဈေးအတိုင်းပေးပြီး ဆေးလိပ်ထို
ဖွာနေလိုက်သည်။ သည်လို ရှောရှောရှူရှူ ဈေးလျှော့ပေးလိုက်တာမျိုး
တော့လည်း အမေက သင်္ကာမကင်း ဖြစ်နေပြန်သည်။

"မင်းဟာက သံရော ဟုတ်ကဲ့လားကွဲ့၊ ပေါ့လိုက်တာ ကပါကွယ်
တစ်ရာပဲထား"

စားသည်က စိတ်ညစ်လာဟန်ရှိသည်။

"ဘယ့်နှယ်ဗျာ စားပါဆိုမှ ထပလက်နဲ့လုပ်လို့ ရပါ့မလား အ
ကြီးရဲ့၊ ကဲ... ယူ... ယူ"

ထပလက်ဆိုသည်မှာ ထန်းလက်ကို ပြောခြင်းပင်။ စားသည်ကလည်
အမေ့ကို အရွဲ့တိုက်ပေးနေသလား အောက်မေ့ရသည်။ ဘာမှကို ပြန်မကြ
တော့ပါ။ ငွေတစ်ရာပေးပြီး စားကို ယူလိုက်ရသော်လည်း အမေ့စိတ်ထ
အစာကြေပုံမရ။ အိမ်ထဲဝင်ပြီး ထင်းတစ်ချောင်း ခုတ်ကြည့်လိုက်သေးသည်
စားသည် ပြန်သွားပြီး တော်တော်ကြီးကြာသည်အထိ အမေ ဘာတွေ
စဉ်းစားနေသည်မသိ။ ကျွန်မတို့က ပြီးပြီးပျောက်ပျောက် ဖြစ်နေ ပြီထင်
မယ် အမေကတော့ တဖျစ်ဖျစ် ပြောနေသေးသည်။



"ငါ့နှယ် ငါးဆယ်လောက်မှ မဆစ်လိုက်ရဖြစ်ရလေ"

သို့သော် စားကလေးမှာ ယခုအချိန်ထိ မာတုန်း၊ ထင်းခွဲ၍ကောင်းတုန်း၊ ဘာကြောင့် အမေ ဆစ်သမျှ လိုက်ရောရသလဲဆိုသည့် မတင်မကျမေးခွန်းကို အမေသည်စိတ်ကူးရတိုင်း ပြောနေတုန်းရှိသေးသည်။ အဲသလိုဈေးသည်မျိုးကျတော့လည်း အမေက သတိတရ ရှိနေတတ်ပြန်သည်။ ဈေးဝယ်ရတာ အဆင်တပြေပြေဖြစ်သွားလို့တော့ မဟုတ်ပါ။ သူ ခံလိုက်ရလေသလား သံသယရှိလို့ပဲ ဖြစ်သည်။

## (၅)

"တော်သေးတာပေါ့ဗျာ ခေါက်ဆွဲကြော်က တစ်ပွဲငါးရာမို့လို့"

ခေါက်ဆွဲကြော်ထုပ်တွေ တို့လို့တန်းလန်းနှင့် စက်ဘီးကြီးစီးဝင်လာသော အစ်ကိုက ပြောသည်။

ကျွန်မတို့ သားသမီးငါးယောက်ကို အမေက တစ်ယောက်တစ်ထုပ်စီဝေပေးလိုက်သည်။ ကျွန်မတို့ကလည်း အမေ့ကို ကန်တော့ပြီး မွေးနေ့ခွဲတမ်းခေါက်ဆွဲထုပ်ယူ၍ အိမ်ပြန်ခဲ့ကြသည်။ လမ်းမှာတော့ အမေ့အကြောင်းပြောပြီး ရယ်ဖြစ်ကြသေး၏။

"ဒီခေါက်ဆွဲက ကံကောင်းလို့ စားရတာနော်၊ မင်း ငါးရာနဲ့ ငါးကျပ်ဆိုရင်တောင် အမေက ဝယ်မယ့်ပုံ မပေါ်တော့ဘူး"

ကျွန်မက အမေ့အကြောင်းသိသူဆိုတော့ ရယ်နေလိုက်သည်။

"ဟိုတုန်းက အဖေတိုက်တဲ့ လက်ဖက်ရည်သောက်တာတောင် မုန့်စားခိုင်းလို့ မရဘူးတဲ့။ လက်ဖက်ရည်သောက်ရင် မုန့်အလကားစားရတယ်လို့ အဖေက ညာပြောမှ စားတာတဲ့လေ၊ စားသောက်ပြီးလို့ ငွေရှင်းမှ မုန့်ဖိုးပါပေးလိုက်ရတာသိလို့ ထိုင်ငိုတဲ့ အမေနော်"

www.burmeseclassic.com

www.burmeseclassic.com



အမေနှင့် ဈေးသည်များအကြောင်းကတော့ ကျွန်မတို့၏ မရိုးနိုင်သော ဟာသများအဖြစ် မကြာမကြာ ပြောဖြစ်ကြသည်။ နောက်နှစ် အမေ့အသက် ခုနစ်ဆယ့်တစ်နှစ်ပြည့် မွေးနေ့တွင် ကျွန်မတို့ ခေါက်ဆွဲကြော်စားရဖို့ မသေချာကြောင်း အမေ့ကို စကြ နောက်ကြလုပ်တော့ အမေက ရယ်သည်။

မြန်မာ့ဓနမဂ္ဂဇင်း၊ ၂၀၀၃–ခုနှစ်၊ မတ်လ။



www.burmeseclassic.com

www.burmeseclassic.com

# အမေနှင့် ဈေးဝယ်များ

## (၁)

အမေက လကျော်သတင်းစာအဟောင်းတွေ၊ သားတွေရဲ့ ဘောလုံးကွာနယ်အဟောင်းတွေ တစ်ထပ်ကြီးကို နီးချိန်ခွင်ကြီးနဲ့ ချိန်ကြည့်နေတယ်။ စက္ကူအဟောင်းတွေကို သူကိုယ်ပိုင် အလေးနဲ့ တစ်ပိဿာချင်းချိန်ပြီး တစ်ပုံစီပုံရင်း အမေ့စိတ်ထဲ ငွေစက္ကူ ဘယ်လောက်ရနိုင်မလဲဆိုတာ တွက်ကြည့်နေပုံရရဲ့။ အမေ့ လက်မောင်းလိုလိုကလေးနဲ့ ချိန်ခွင်ကို တစ်ဆွဲ ဆွဲကြည့်လိုက်၊ ချိန်ခွင်ထဲက စက္ကူတွေထုတ်ပြီး မြေကြီးပေါ်ပုံရင်း စဉ်းစားလိုက်နဲ့ပေါ့။

အမေ့လက်ထဲက ချိန်ခွင်ကလေးရဲ့ သက်တမ်းကလည်း ရှိရောပေါ့၊ နှစ်ပေါင်းသုံးဆယ်လောက်။ အမေ ဈေးသည်ဘဝကတည်းက ကိုင်ခဲ့တဲ့ ရှေးဟောင်းပစ္စည်းကလေးတစ်ခုဆိုရင်လည်း မမှားဘူး။ ရေစကြိုနယ် ရွှေလှံ့ရွာထွက် သစ်စေးသုတ် နီးချိန်ခွင်ဟောင်းကလေးက ခိုင်လှချည်ဆို သေမယ့် ချိန်ခွင်ကြိုးအထုံးအဆက်တွေက ပုတီးကုံးလိုက်နေပြီ။ ချိန်ခွင် ခွက်နှစ်ခွက်ကလည်း ရွဲ့တိရွဲ့စောင်း။ သည်ချိန်ခွင်ဟောင်းကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ဈေးမရောင်းတော့တဲ့နောက်တောင် အမေက သုံးနေဆဲပါ။ ဈေးဝယ်ပြန်လာရင် ပါလာသမျှ အသားငါးကအစ၊ ခရမ်းချဉ်သီး၊ ပဲသီး မကျန် အိမ်ရောက်မှ ကိုယ့်ချိန်ခွင်နဲ့တိုက်ပြီး အကုန်ပြန်ချိန်ကြည့်နေတော့တာပါ။ အဲဒါ တစ်ရက်ကိုစွမဟုတ်ဘူး၊ အမြဲလုပ်နေကျ။

"အမေကလည်း ဈေးထဲတုန်းကတော့ ချိန်မကြည့်ခဲ့ဘဲနဲ့ အိမ်ရောက်မှ ချိန်ကြည့်နေတယ်၊ အလေးမပြည့်ရင် ဘယ်နှယ့်လုပ် ပြန်ပြောနိုင်မှာတဲ့လဲ"

အမေ့ဈေးခြင်းကလေးထဲက ပစ္စည်းတွေကို ရှင်းရင်း လင်းရင်း ကျွန်မကဆိုတော့ အမေက ကျွန်မကို မိုးခနဲ၊ ဖတ်ခနဲ ထပြောတော့တာပါ။ သူလုပ်တဲ့အလုပ် အဓိပ္ပာယ်မရှိဘူး အထင်မခံချင်တာလည်း ပါမှာပေါ့။

"အလေးပြည့် မပြည့်ချိန်ဆကြည့်ရတာပေါ့အေ၊ အစိတ်သားဆို ဘယ်လောက်စီးတယ်၊ ငါးဆယ်သားဆို ဘယ်လောက်ရှိမယ်ဆိုတာ ကိုယ့်စိတ်က တန်းမိ မှန်းမိအောင်လို့ ဝါကြည့်ထားရတာ၊ တို့ဈေးဝယ်ရင် ဘယ်တော့မှ အလေးခိုးမခံရဘူး၊ အလေးခိုးထားရင်လည်း မြင်ရုံနဲ့သိတယ်၊ လက်နဲ့တောင် ဆကြည့်စရာမလိုဘူး၊ တစ်ဆယ်သားလျော့သလား၊ ငါးကျပ်သားလျော့သလား၊ ဈေးသည်ရှေ့တင် ငါက အပ်ချ မတ်ချပြောနိုင်သာ။ အဲဒါ ကိုယ့်အိမ်က ကိုယ့်အလေး ကိုယ့်ချိန်ခွင်နဲ့ ဈေးပြန်လာတိုင်း ဒီလို ချိန်တွယ်ကြည့်ထားလို့ပေါ့အေ၊ ညည်းတို့ ဒါမျိုး အတုယူ"

အမေ သည်လိုသင်လိုက်ကတည်းက ကျွန်မတောင် အမေ့ဓာတ်ကူးပြီး ချိန်ခွင်ကလေးကို သုံးကြည့်နေတတ်ခဲ့ပြီ။ အလေးချိန်ကို မှန်းဆကြည့်နေတတ်ပြီ။ ဒါပေမဲ့ ဈေးထဲတုန်းကတော့ ပြည့်လောက်ရဲ့လို့ ထင်ထားခဲ့တဲ့ ပစ္စည်းကလေးကို အမေ့ချိန်ခွင်နဲ့ အလေးထည့်ချိန်ကြည့်လိုက်ရင် သာချည်ဓောက်ထိုးရယ်လို့တော့ မရှိပါဘူး၊ ပေါင်ပိတ်ရင် ပိတ်နေမယ်။



ဆိုသလောက်ကလေး လျော့ချင်လျော့နေမယ်။ ကျွန်မ ချိန်တာတွယ်တာကို ဘေးကနေကြည့်ရင်း အမေက မှတ်ချက်ဝင်ချတော့တာပါပဲ။

"အခုခေတ်တော့ မပြောနဲ့၊ ပေါင်ပိတ်ရင်ကို အပြည့်ခေါ်ရတဲ့ခေတ်၊ တစ်ပိဿာဆိုတာ ချိန်ခွင်လျှာကလေး ပေါင်ထဲကနေ 'သာ' ထွက်လာလို့ တစ်ပိဿာလို့ပြောတာ၊ တစ်ပိတ်ကိုသာသယ်လို့ ဆိုသာကောအေ့၊ တစ်ပိတ်လို့မှ မခေါ်သာ၊ တစ်ပိတ်သာတဲ့၊ အခုတော့ တစ်ပိတ်လျော့လျော့လို့တောင် ပြောရမလားပဲအေ့၊ သာဖို့နေနေသာသာ"

အမေ ပြောတဲ့ တစ်ပိဿာခက်ဆစ်ဖွင့်ဆိုချက်ကို ကျွန်မ သဘောကျသွားမိတယ်။ အမေ့ အယူအဆ၊ အမေ့ အတွေးအခေါ်ထဲက တစ်ပိဿာဆိုတဲ့ တန်ဖိုးကိုလည်း နားလည်မိသလိုလို ခံစားလိုက်ရရဲ့။

"ပြီးတော့ တို့ အလေးတွေက ရှေးကျားလေးကြီးတွေ၊ ပိဿာလေး ပိဿာဝက်အလေးကြီးတွေဆို ဒင်ကမော်ထဲကပဲ၊ ဒီလို အလေးကြီးတွေ အခုများတော့ ရှိတော့ပေါင်အေ၊ တံဆိပ်ကသာကျား၊ အသားက ကြောင်ဖြစ်နေပါပြီ၊ ကိုင်ကြည့်လိုက်သာနဲ့သိတယ်၊ တစ်ဆယ်လေး ငါးကျပ်လေးတွေဆို တကတဲ လေပြင်းပြင်းတိုက်ရင် လေထဲလွင့်ချင်နေသာ ရှလို့"

အမေကတော့ သူ့အလေးနဲ့ သူ့ချိန်ခွင်ကို လန်ဒန်ရွှေဈေးကွက်က သမာဓိချိန်ခွင် တင်ထားတဲ့အတိုင်း မှတ်ယူထားတာပါ။ အမေ ဈေးသည်ဘဝတုန်းက သည်ချိန်ခွင်၊ သည်အလေးတွေက သူ့ဆိုင်ကလေးရဲ့ Trademark လို့လည်း ပြောလို့ရရဲ့။ ဈေးဆိုင်ရဲ့ အလယ်ထုတ်တန်းမှာ ချိတ်ဆွဲထားတဲ့ အမေ့ချိန်ခွင်ကြီးကို ကျွန်မ မျက်စိထဲ မြင်ယောင်နေမိတော့တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



(၂)

"အာလူး ရှိလား"

"ရှိတယ်"

"အစိတ်သား ဘယ်လောက်လဲ"

"တစ်ကျပ်"

"ငါးဆယ်သားယူမယ် လျှော့ဦး"

"လျှော့နိုင်ပေါင်တော် နှစ်ကျပ်ပဲ၊ အလေးချိန်ခွင်ကြိုက်ရင် ဝယ်သွား၊ ကျုပ် အာလူး ငါးဆယ်သားထည့်လိုက်ရင် တော့်ဈေးခြင်းတောင်း လှုပ်တောင်းပြန်ရမှာ၊ ဝယ်ကြည့်လိုက်လေ"

အမေက သူ့အလေး သူ့ချိန်ခွင်ကို ဈေးရောင်းတိုင်း သည်လို အမွှမ်းတင်နေကျပါ။ တကယ်လည်း အမေ့ဆီက အာလူးငါးဆယ်သား ဝယ်ထည့်လိုက်တာနဲ့ ဈေးဝယ်မှာ လက်ဆွဲခြင်းကို ခါးတစ်ဘက်စောင်းအောင် ဆွဲသွားရတော့တာပါပဲ။ အမေ့ ဈေးရောင်းတစ်သက်မှာ အလေး မပြည့်လို့ ပြန်ပြောခံရတဲ့အသံ ကျွန်မတို့ မကြားရခဲ့ဖူးပါဘူး။

"ဆီ ငါးဆယ်သားလောက်"

ကျွန်မတို့ ငယ်ငယ်က အစိတ်သား ငါးဆယ်သားဆိုရင် ဆီကိုလည်း အလေးချိန်ခွင်နဲ့ ချိန်ပေးကြတဲ့ခေတ်ပါ။ အခုခေတ်လို 'မှုတ်'ခေတ် မဟုတ်ဘူး။ မှုတ်ကပ်ပါသွားတတ်တဲ့ မှုတ်လှန် မှုတ်ခိုးဆိုတာမျိုးလည်း မရှိဘူး။ ဈေးဝယ်က ကြိုက်တဲ့ခွက်၊ ကြိုက်တဲ့ချိုင့်၊ ကြိုက်တဲ့ပုံးနဲ့လာခဲ့၊ အမေက သူ့ချိန်ခွင်ထဲကိုထည့်ပြီး ချိုင့်တို့ ပုံးတို့ကို အရင် အလေးချိန်တော့တာပဲ။ ခဲလုံးကလေးတွေနဲ့ ချိန်ခွင်လျှာညီအောင် ညှိပြီးမှ သူ့ကျား လေးကြီးကို ဈေးဝယ်ကို ပြလည်းပြ၊ ကိုင်လည်းကြည့်ခိုင်းနေကျ။ ဈေး ဝယ်ကလည်း ဘုမသိ ဘမသိ ကိုင်လိုက်တာပါပဲ။



"ဟောဒီမှာကြည့် ကျုပ်အလေးကို ရှေးကျားအလေးကြီးတွေ၊ ကိုင် ရတာကိုက စီးစီးပိုးပိုးနိုင်ချက်တော့ ပိဿာလေးနဲ့ နံဘေးပစ်ဆိုတာ ဒါမျိုးပေါ့တော်"

တစ်ခါတစ်လေ ဈေးဝယ်က အာချောင်ပြီး သူ့ချိန်ခွင်ကို မယုံ သင်္ကာသလို လုပ်နေရင် အမေက ခံမနေတတ်ဘူး။ နီးချိန်ခွင်ကြီးကို ငြိမ်သည်ထက်ငြိမ်အောင် ထားတဲ့ပြီး ပဲစေ့ကလေးတွေ တစ်လုံးချင်း ထည့်ပြတော့တာပါပဲ။ လူသာ အစော်ကားခံမယ်၊ ချိန်ခွင် အစော်ကား ခံတဲ့ပုံ။

"ကျုပ် ချိန်ခွင်က နီးချိန်ခွင်တော့် ကျောင်းအစ်မရဲ့၊ ကြေးချိန်ခွင်၊ သံချိန်ခွင်တွေလို လျှာက လှုပ်ခနဲ လှုပ်ခနဲ ပြေးနေသာမဟုတ်ဘူး၊ သူ့ အလေးနဲ့သူ တန်မှ လျှာကလေးက ပြူသာ၊ ပဲစေ့လောက်ကတော့ လျှာက ယားသယ်တောင် မထင်ဘူး၊ ဟောဒီမှာ ငါးကျပ်လေးထည့်လိုက် တော့တွေ့လား၊ ငါးကျပ်သားနဲ့တန်တဲ့ လျှာထွက်လာသာ၊ ကျုပ် ချိန်ခွင်ကို စိတ်ချ"

တစ်ဆက်တည်းမှာပဲ အမေက ဈေးဝယ်အားမှန်း မအားမှန်းမသိ၊ သူ့ချိန်ခွင်ကလေးရဲ့ သမိုင်းဝင်ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ကို ပြောဖြစ် အောင် ပြောတော့တာပါပဲ။

"ဒီချိန်ခွင်ကို နှယ်နှယ် မှတ်လို့လား၊ သူဌေးကတော်ရဲ့ ရေစကြို နေသဲ့ ကျုပ်အစ်မက သေရျာတိုက်သွင်းပြီးပေးလိုက်တဲ့ ချိန်ခွင်၊ ရေစကြို က သစ်စေးဆရာကြီး ဆရာပိုက်ကိုယ်တိုင် သစ်စေး သရိုးကိုင်ထားသာ၊ မြေတိုက်ထဲအောင်းပြီး တိုက်သွင်းထားခဲ့သာကိုက နှစ်ပေါက်၊ ဆရာပိုက်က သစ်စေးသရိုး တစ်ခါကိုင်ပြီးတိုင်း ခရီးထွက်တော့သာပဲ၊ သူ ခြောချင် သလောက်ကြာသာ၊ သူ ပြန်လာမှ သစ်စေးထည့်တွေ တိုက်ကာထုတ်သာ၊

www.burmeseclassic.com

www.burmeseclassic.com



ခိုင်သာလည်း မပြောနဲ့၊ ခုနေများ တော်တို့ ရွှေနဲ့လုပ်တဲ့ ချိန်ခွင်သာ ဝယ်လို့ရချင်ရမယ်၊ ရေစကြို ဆရာပိုက်ရဲ့ သစ်စေးသရိုးကိုင် ချိန်ခွင်ကတော့ တစ်သက် မရတော့ဘူ မှတ်"

ဈေးဝယ်ခများ ယောင်တောင်ပေါင်တောင်နဲ့ အမေ့ ချိန်ခွင်ကြီးကို အဖိုးတန်ပစ္စည်းကြီးပါလားဆိုတဲ့ အကြည့်မျိုးနဲ့ ငေးကြည့်နေရတော့တာပါပဲ။ အမေ့ဈေးသည်ဘဝ သက်တမ်းတစ်လျှောက်လုံး သုံးခဲ့တဲ့ ချိန်ခွင်ကြီးကလည်း အမေ အမွမ်းတင်မယ်ဆို တင်ထိုက်ပါရဲ့။ နှစ်ပေါင်းသုံးဆယ်ကျော်တဲ့အထိ သစ်စေးချိတ်ရောင် တောက်ပြောင်ပြီး နီးကွက်အရာကလေးတွေ ထင်းနေတာကိုး။ ဟောင်းလေ ကောင်းလေ၊ ကြာလေ မရိုးလေဆိုသလို အမေ့ ချိန်ခွင်ဟောင်းကြီးကို ကာလရှည်ကြာလာတာနဲ့အမျှ ကျွန်မတို့ တန်ဖိုးထားရကောင်းမှန်း သိလာခဲ့တော့တာပါပဲ။ အမေ့ အပြောကောင်းတာလည်း ပါမှာပေါ့။

(၃)

"ဆန်တစ်ပြည် ဘယ်လောက်တုန်း"

"ဘယ်ဆန်ကို ပြောသာလဲ၊ ငစိန်လား၊ ငကျွဲလား၊ ရွှေဝါထွန်းလား၊ ဧည့်မထလား၊ ဧယာလား၊ ဆန်လို့ သောကောရောကော ပြောလို့မရဘူးအေ့၊ ဆန်နာမည်တပ်ပြောမှ ငါက ဈေးပြောလို့ရမှာပေါ့"

ဆန်ဝယ်လာသူတိုင်းကို အမေက သူ့ထန်းခေါက်တောင်းကြီးတွေထဲက ဆန်နာမည် အကုန်ရွတ်ပြတတ်တယ်။ ဒါကလည်း အမေ့ရဲ့ ဈေးသည်ဝသီကလေးဆိုပါတော့။ ဈေးဝယ်က ပါးပါးနပ်နပ်မရှိတဲ့ ဈေးဝယ်ဆိုရင်တော့ အမေက ဆန်အကြောင်း တစ်စေ့တစ်စောင်း သိကောင်းစရာပဒေသာတွေ ဟောတော့တာပါပဲ။



"ဆန်ကို ပြူးကြည့်မနေနဲ့ မကြီးစာရဲ့၊ ညည်း လက်ဝါးနဲ့ကော်ကြည့်၊ ဆန်လုံးချောရဲ့လား၊ ဝက်ဆံပါသလား၊ ဆန်နီကြောင်ပါသလား၊ ဖွဲ့ကပ်များသလား၊ အကျိုးအကြေ နည်းရဲ့လား၊ ကျိုးရင် ဆန်လတ်ကျိုးလား၊ ဆန်ကြေလား၊ အဖျင်းအမှော်ရောနေသလား စပါးလုံးစင်ရဲ့လား၊ ခဲသလဲစင်ရဲ့လား၊ ဖွဲဆန်ကွဲကင်းရဲ့လားကြည့်၊ စားအိုးကြီးရင်တော့ ဆန်ရိုးမာသာကြမ်းသာကိုယူ ထမင်းများ လေကားဆောင်တက်သာ အစားလည်းခံတယ်၊ လူနှစ်ယောက်စာလောက်များ ရေတစ်မှုတ်တိုးရုံပဲ၊ အကျိုခံဆန်ဆိုတော့ ပျော့သယ်ရယ်လို့ မရှိဘူး၊ ထမင်းကြမ်းခဲနဲ့ ဒိုးပစ်လို့ရသယ်ဆိုတာမျိုးပေါ့၊ တွက်သားကိုက်သာစားဟဲ့၊ အရသာနောက် မလိုက်နဲ့"

ဈေးဝယ်က ဆန်ကို စိတ်ကြိုက်ရွေးပြီးရင်တော့ အမေက ဆန်တောင်းကြီးတွေကြားမှာ ထပ်ထားတဲ့ သူ့ခြင်တောင်းတွေကို ဆတ်ခနဲ လှမ်းဆွဲယူလိုက်တော့တာပါ။ အမေ့ ခြင်တောင်းကလေးတွေက သံထည်မဟုတ်ပါဘူး၊ နီးတောင်းကလေးတွေပါ။ ပြည်တောင်းကလေးဆိုရင် စဥ့်အိုးကလေးလို လုံးလုံးဝိုင်းဝိုင်းကလေးနဲ့ နှုတ်ခမ်းဝက နီးကွပ်ကလေးတင်းနေအောင်ကွပ်ထားပုံကလည်း ပါးစပ်ပေါက်ကလေး စုထားသလိုပါ။ ထက်ထက်မိုးဦးရဲ့ 'ဒေဝုး'ဆိုတဲ့ နှုတ်ခမ်းလေးလိုပေါ့။ အမေ့မှာ စလယ်တောင်း၊ ခွက်တောင်း၊ ပြည်တောင်း၊ ခွဲတောင်း၊ တင်းတောင်းအထိ အစုံရှိတယ်။ အားလုံး နီးတောင်းတွေချည်း။ ဟိုတုန်းက ရပ်ကွက် ပပကမှာတောင် သံပြည်တောင်းနဲ့ ခြင်ပေးနေပါပြီ။ ဒါပေမဲ့ အမေကတော့ သူ့ ခြင်တောင်းကလေးတွေပဲ သူ သုံးခဲ့တယ်။

"ပုဆိုးဖြန့်ခင်းလေ ရော့... တစ်ပြည်၊ လုံအောင်စည်းဟဲ့၊ ဆန်တစ်ဆော့ဆိုတစ်ဆေ့၊ ငါတို့က ထမင်းမနှမြောဘူး ဆန်နှမြောသာ၊ ဆန်တစ်ပြည်ဆို အလေးချိန် တစ်ပိသာစီးသဟဲ့၊ ဒါ ငါမို့ရောင်းနိုင်သာ၊ ခုခေတ်

www.burmeseclassic.com

www.burmeseclassic.com



သံပြည်တောင်းတွေက ခုနစ်ဆယ်သား၊ ရှစ်ဆယ်သား အနိုင်နိုင်ရယ်၊ ကိုင်း... နောက်လည်း လာဝယ်"

ဈေးဝယ်က ပုဆိုးထုပ်ကလေး ခေါင်းပေါ်ရွက်ပြီး ထွက်သွားတဲ့နောက်တောင် အမေက လှမ်းပြောနေတုန်း။ ဈေးခေါ်နေတုန်း၊ အမေက အရောင်းအဝယ် ကျွမ်းကျင်သလောက်၊ စကားရေး စကားရာကလည်း တတ်ရဲ့။ အမေ့ဆီက တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်တဲ့စကားတွေ ကြားနေရတတ်တယ်။ အမေ့စကားတွေထဲမှာ ကျွန်မတို့ မသိ၊ မမိလိုက်တဲ့၊ ကျွန်မတို့ နားမလည်တဲ့အကြောင်းအရာတွေ အတွေ့အကြုံတွေကို ကျွန်မ မှတ်မှတ်သားသား ထားခဲ့မိတာကလည်း ငယ်ငယ်တုန်းကတည်းကပါပဲ။ တစ်ခါတစ်လေ အကြောင်းအရာတွေက ထပ်ချင်ထပ်နေတတ်သလို၊ တစ်ခါတစ်လေမှာတော့ အမေ့နှုတ်က အကြောင်းအရာဆန်းတွေ ထွက်ချင်ထွက်လာတတ်ပြန်ရော။ ဒါကြောင့်ပဲ ထင်ပါရဲ့၊ အမေ့ဈေးဆိုင်ကလေးမှာ ကျွန်မ ဈေးကူရောင်းခဲ့ရသမျှကာလပတ်လုံး ပျင်းတယ်ရယ်လို့ မရှိခဲ့ပါဘူး။

(၄)

"ဘာ... ဘယ်လိုကွယ့် ပြန်ဖတ်ပြစမ်းပါဦး"

ကျွန်မတို့ စာကျက်နေတဲ့ အနားမှာထိုင်ရင်း ဈေးစာရင်းတွက်နေတဲ့ အမေက ကိုယ်ကို ဆတ်ခနဲမတ်တဲ့ပြီး လှမ်းမေးတယ်။ အမေ့မှာ ကျွန်မအပါအဝင် သားသမီးခြောက်ယောက်စလုံးက ကျောင်းသားတွေချည်းပါ။ သည်ကျောင်းသားတွေတဲ့ ကျောင်းနေစရိတ်ကို အဖေ့လှေကြီးကရတဲ့ဝင်ငွေအပြင် အမေ့ဈေးဆိုင်ကလေးကရတဲ့ ဝင်ငွေကလေးနဲ့ပါ ကျားကန်ထားရတာလေ။ စားပွဲခုံဝိုင်းကြီးမှာ လသာမှန်အိမ်ကလေးတစ်လုံး မီးထွန်းထားတဲ့ အလင်းရောင်အောက်မှာ ကျွန်မတို့မောင်နှမတစ်တွေက



စာကျက်၊ အမေက ဈေးစာရင်းတွက်။ ဒါက ကျွန်မတို့မိသားစုရဲ့ ညစဉ်ညတိုင်း ဝတ္တရားမပျက် လုပ်နေကျကိစ္စ။ ကျွန်မတို့ ကျက်တဲ့စာတွေကိုလည်း နားတစ်ဖက်စွင့်ရင်း မှတ်မှတ်သားသား ရှိတတ်တာကလည်း အမေ့ရဲ့ ချစ်စရာ လေးစားစရာကောင်းတဲ့ ဝသီကလေးပါပဲ။

"ဘယ်လို... ဘယ်လို၊ မင်း စောစောက ဖတ်လိုက်သယ့်ဟာကို ... ပြန်ဖတ်ပြစမ်း"

အမေက ကျွန်မတို့စာကျက်ဝိုင်းထဲ တိုးဝင်လာရင်း ပြောတော့ ...ွန်မအစ်ကိုက တစ်ခေါက် ထပ်ဖတ်ပြတယ်"

"ကုန်းဘောင်မင်းဆက် ဘိုးတော်ဘုရားလက်ထက်က စံတော်မီ ...လေးတင်းတောင်းများ သုံးစွဲရန် အောက်ပါအမိန့်ကို ထုတ်ပြန်ခဲ့လေ...ည်တဲ့ အမေရဲ့"

"အင်း... အင်း... ဘိုးတော်ဘုရား သိသယ်... သိသယ်၊ ...ဆက်ဖတ်စမ်း"

အမေ ပြောပုံက ဘိုးတော်ဘုရားနဲ့သူနဲ့ တရင်းတနှီး သိပုံမျိုးဖြစ်...နေတော့ ကျွန်မတို့က ဝိုင်းရယ်ကြတယ်။ ကျွန်မတို့ရယ်ပေမယ့် အမေက ...ရယ်ပါဘူး။ မရယ်တဲ့အပြင် မျက်မှောင်ကြီး ကြုတ်ထားလိုက်လို့။ ...သာမှန်အိမ် အလင်းဖျော့ဖျော့အောက်က အမေ့ရဲ့ ထက်သန်လွန်းလှ...ဲ မျက်နှာကို ကျွန်မ မှတ်မိနေသေးတယ်။ အစ်ကိုက ဆတ်ဖတ်ပြတယ်။

"ငွေဆို၊ ငွေကြမ်း၊ အဆန်းအပြား မမှုတ်မလုပ် မသုံးစေနှင့်၊ ...တ်နီမှန်ကိုသာ မှုတ်လုပ်သုံးစွဲစေ၊ အလေးစဉ်းလဲ၊ တောင်းစဉ်းလဲ၊ ...တြာစဉ်းလဲ ပြုလုပ်ရောင်းဝယ်ခြင်းလည်း ခိုးခြင်း ၂၅ ပါး အပါအဝင် ...သည်၊ အလေးတင်းတောင်း မမှန်မကန် မသုံးမစွဲ မရောင်းမဝယ်စေ

www.burmeseclassic.com

www.burmeseclassic.com



နှင့်၊ ကျမ်းဂန်ထုံးစံနှင့်အညီ ငါသမုတ်ပိုင်းခြားတော်မူသည့်အတိုင်းသ သုံးဆောင်ရောင်းဝယ်ကြစေတဲ့ဗျာ”

အစ်ကိုစာဆုံးသွားတော့ ကျွန်မတို့အားလုံး အမေ့ကို မော့ကြည့် ကြတာပါ။ အမေနဲ့ သည်စာနဲ့ ဘယ်လိုပတ်သက်ပါလိမ့်ပေါ့။ အမေ တော့ တွေတွေကြီး စဉ်းစားရင်းကနေ ခေါင်းကို တဆတ်ဆတ်ညိတ် လိုက်တာကိုက အကြာကြီး။

“အလေးစဉ်းလဲ၊ တောင်းစဉ်းလဲ၊ သပြာစဉ်းလဲ လုပ်သာလည် နိုးခြင်း နှစ်ဆယ့်ငါးပါးထဲ ပါသတဲ့လား၊ ဟုတ်သာပေါ့၊ တောက် ကောင်းလိုက်တဲ့ ရှင်ဘုရင်နှယ်တော်”

အဲဒီနောက်တော့ အမေ ဈေးရောင်းတဲ့အခါမှာ လိုအပ်ရင် လိုအ သလို ဘိုးတော်ဘုရားကို ကြားဖူးတယ် ထင်လောက်သူကိုမှ ပြေ တာပါ။

“ဒီမယ် ဘုရားအစ်မရဲ့၊ ဘိုးတော်ဘုရားလက်ထက်တုန်းက အလေ တင်းတောင်း မမှန်တဲ့လူကို သူခိုးလို့ သတ်မှတ်သတဲ့၊ အလေးစဉ်း တောင်းစဉ်းလဲ၊ သပြာစဉ်းလဲ လုပ်သဲ့သူကို ဒဏ်တပ်သတဲ့တော်၊ ရော တဲ့လူက စဉ်းလဲမှတော့ ဝယ်တဲ့လူလည်း လူစဉ်းလဲ ဖြစ်ပြီပေါ့တော် ဦးလှသိန်း ဟောသလို ရောင်းတဲ့သူက သူခိုး နှိုက်တဲ့သူက ဓားပြ”

အမေက စကားကြွယ်သူဆိုတော့ သူကြားဖူးကြုံဖူးထားတာထ ပိုပိုသာသာကလေး ထည့်ပြောတော့တာပဲ။ သူ့အတွေး၊ သူ့အမြင်၊ သ အယူအဆတွေကနေ ဆက်လက်ပေါက်ပွားလာတဲ့ ဒဿနတွေဆိုတာ လည်း တသီတတန်းကြီး ထွက်ကျလာတတ်တာကိုး။ ဒါကြောင့်လည် အမေ့ဈေးဝယ်တွေက အမေ့ဈေးဆိုင်ကလေးဆီ စိတ်ချလက်ချ လာဝယ် ကြတာပဲလား။ အမေကတော့ သူ့ဈေးသည် သက်တမ်းတစ်လျှောက်



သူ့အကျင့်သီလကို သူ့အလေး၊ သူ့ချိန်ခွင်ပေါ်တင်ပြီး မှတ်ကျောက်တင်ခဲ့ ရှာတယ်။ အလေးစဉ်းလဲ၊ တောင်းစဉ်းလဲကရတာကိုစားရင် သံတွေခဲမျို ရသလိုပဲလို့လည်း ပြောတတ်တယ်။

(၅)

“ဒါန် ဝဒေ၊ ကြေး ဝဒေ၊ ပလပ်စတစ်တွေ ဝဒေ၊ ပုလင်းခွံ ဝဒေ၊ သတင်းစာဟောင်းတွေ၊ ကျောင်းသုံးစာအုပ်တွေ ဝဒေ”

“လာဦး အောင်မယ်လေး... ဝယ်တယ်ကို ပီပီသသ မဟုတ်ဘူး၊ ဝဒေများ ဖြစ်ရသေးတော်”

အမေ့ ဈေးခေါ်သံနှင့်အတူ နောက်ဆက်တွဲ မှတ်ချက်စကားကြောင့် ကျွန်မမှာ အတွေးစကိုဖြတ်ပြီး ရယ်မိသေးတယ်။ ထန်းခေါက်တောင်း ရောမလောက်ကြီး ခေါင်းပေါ်ရွက်ပြီး သတင်းစာ စက္ကူဝယ်မယ့်သူက အိမ်ထဲဝင်ချလာတယ်။ ယောကျ်ားသန်သန်နှစ်ယောက်က ဆီးချရလောက် တဲ့ တောင်းကြီးရွက်လာတဲ့ သည်ဈေးဝယ်မိန်းမတွေကိုတော့ ကျွန်မ တကယ် အံ့ဩမိပါရဲ့။ သူတို့မှာ အချိန်တွေ အများကြီးနဲ့ တောင်းကြီး ရွက်ပြီး အရပ်တကာ လှည့်နိုင်ကြတာမို့လား။

“သတင်းစာတွေ ဘယ်ဈေးလဲအေ့”

“အကြီးက နှစ်ရာ၊ အသေးက တစ်ရာငါးဆယ်”

“ဂျာနယ်ကရော”

“တစ်ရာငါးဆယ်ပဲ”

အကြီးဆိုတာ ရန်ကုန်ထုတ်သတင်းစာ၊ အသေးဆိုတာကတော့ ကျွန်မတို့ မန္တလေးထုတ်သတင်းစာ။ သည်ဈေးသည် အခေါ်တွေက အမေ သိပြီးသား။ မေးချင်လို့မေးတဲ့ မေးခွန်း။ ရပ်ထဲရွာထဲ ဘယ်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဈေးပေါက်နေသလဲဆိုတာ အမေ သိနေတတ်တာကလည်း အဆန်းမဟုတ်ပါဘူး။ အမေက သူရွေးသန့်ထားတဲ့ သတင်းစာဂျာနယ် စက္ကူပုံကြီးကိုပြရင်း ချိန်ခိုင်းတယ်။

"ကဲ... ချိန်အေ"

စက္ကူဟောင်းကောက်သူက အမေ့သတင်းစာတွေကို တစ်ဆွဲပြီး တစ်ဆွဲ ချိန်တယ်။ ဒေါင်းကိုပုံတယ်။ ထပ်ချိန်တယ်။ စဉ်းစားတယ်။ ခဏနေတော့မှ သေချာပြီဆိုတဲ့ လေသံနဲ့ပြောတယ်။ ဒါပေမဲ့ လေသံထဲမှာ မဝံ့မရဲလေကတော့ပါရဲ့။

"လေးပိဿာတောင်ရှိတာ ကြီးတော်ရဲ့"

"လေးပိဿာ ဟုတ်လား၊ ငါ့ချိန်ခွင်နဲ့ ငါ ချိန်ကြည့်ထားပြီးသားပါအေ၊ ငါးပိဿာ ဟိုဘက် နှစ်ပြလောက်တောင် ကျော်သေး"

"ကြီးတော်ရှေ့တင် ကျွန်မ ချိန်တာပဲ လျှာထွက်တောင် ထည့်မတွက်ဘူးရယ်"

"မှန်းစမ်း ညည်းတို့အလေး"

အမေက ဈေးဝယ်ရဲ့ အလေးတွေကို ဆကြည့်တယ်။ အလေးဆိုတာကလည်း ဝယ်လေး ရောင်းလေး ရှိတတ်တာမို့လား။ သူ့ဘက်က ဝယ်လက်ဆိုတော့ အလေးကတော့ ပြည့်မှာ သေချာတယ်လို့ တွက်ပုံရရဲ့။ အလေးတွေနဲ့ပတ်သက်လို့ ဘာမှမပြောဘဲ ပြန်ချထားလိုက်တယ်။

"ချိန်ခွင်ပြစမ်းပါဦးအေ"

အမေက ဈေးဝယ်လက်ထဲက ချိန်ခွင်ကို လှမ်းဆွဲတော့ ဈေးဝယ်က လက်မလွှတ်ဘဲ ပြတယ်။

"ဒီမှာ ကြည့် ကြီးတော်၊ ဘယ်ဘက်ကမှ လျှာမသာဘူး၊ ကြီးတော်



ကြည့်ချင်တဲ့ဘက်က အလေးထည့် ကျွန်မ အလေးမကြိုက်ရင် ကြီးတော်အလေးရှိရင် ယူခဲ့ပေါ့။

အဲဒီမှာပဲ အမေ့သံသယတွေက ချိန်ခွင်ပေါ် လုံးလုံးရောက်သွားတော့တာပါ။

"ကဲပါအေ ညည်းအလေး ညည်းချိန်ခွင်နဲ့ ပြန်ချိန်ပြပါဦး"

ဈေးဝယ်မက ချိန်ခွင်ကို သူ့တောင်းပေါ် တစ်ဖက်တင်လိုက်ပြီး အလေးတွေထည့်တယ်။ သတင်းစာတွေထည့်ဖို့ လှမ်းယူမယ်လုပ်တုန်း အမေက ဈေးဝယ်ရဲ့တောင်းပေါ်က အလေးထည့်ထားတဲ့ ချိန်ခွင်ခွက်ကို ဆွဲမှောက်လိုက်တော့တာပါပဲ။

"ဟောသဟာကြီးက ဘာကြီးတုန်း၊ ကိုင်း..."

ချိန်ခွင်ခွက် ဖင်ဘက်မှာ သံလိုက်ပြားကလေး ကပ်လျက်သား။ အမေက ဆွဲခွာယူပြီး လက်နဲ့ ဆကြည့်နေတယ်။

"ကြီးတော်ရေ ကျွန်မတို့လည်း ဒါလေးစားရတာပါ၊ သတင်းစာပြန်သွင်းရတဲ့ဒိုင်ဆီက နှစ်ရာဈေးဆိုရင် ကျွန်မတို့ကလည်း ရပ်ကွက်ထဲ နှစ်ရာပေးဝယ်ရတာပါ။ ကိုယ်က တစ်ရာ့ငါးဆယ်လုပ်လို့လည်း မရဘူး၊ ကျွန်မတို့လို ဈေးဝယ်တွေအကုန်လုံးက နှစ်ရာပေးဝယ်နေကြတာဆိုတော့ အလေးပေါ် စားရတာပါ၊ ဈေးက တစ်ညီတည်းပေးမဝယ်နိုင်ရင် ကိုယ်က ကုန်မရမှာစိုးတော့ ဈေးမချရဲဘူး၊ ချိန်ခွင်ကို သံလိုက်ကပ်ရတော့တာ ကြီးတော်ရဲ့"

ဈေးဝယ်က လေသံပြောင်းသွားတော့ အမေက သိပ်စိတ်ခုပုံ မရပါဘူး။

"ဒါဖြင့် ငါ့ဟာ ငါးပိဿာကျော်သယ်မို့လား၊ ပိုသာမပေးနဲ့တော့၊ ငါးပိဿာဖိုးတော့ ပေးခဲ့၊ ငါလည်းဈေးရောင်းဈေးဝယ်လုပ်ဖူးသာပါအေ၊

www.burmeseclassic.com

www.burmeseclassic.com




စာနာတတ်ပါတယ်၊ ဒါပေသိ ညည်းတို့ကာလ အရောင်းအဝယ်များတော့ ငါဖြင့် နားလည်း မလည်နိုင်ပေါင်အေ”

ဈေးဝယ်က သတင်းစာစက္ကူတွေကို အမေ တောင်းတဲ့ ငါးပိသာ ဖိုးပေးပြီး သုတ်ခနဲ ထွက်သွားလေရဲ့။ အမေကတော့ သူ့လက်ထဲက သတင်းစာစက္ကူဖိုးတွေကို ကိုင်ရင်း ငိုင်နေတော့တာပါ။ ဈေးရောင်းတုန်းကလို စကားတွေ ထွေထွေရာရာမပြောတော့တဲ့ အမေ့ကိုပဲ ကျွန်မ တအံ့တသြ လှမ်းကြည့်ဖြစ်ခဲ့တယ်။ အလေးချိန်ခွင်နဲ့ပတ်သက်ရင် ကျွမ်းကျင်သလောက် သူ့ဈေးသည့် သက်တမ်းတစ်လျှောက်လုံး မမှန်တာ မလုပ်ခဲ့သူက သည်တစ်ခါ ဘာဖြစ်တာပါလိမ့်။ ဈေးရောင်းတုန်းက အမေ့ လက်သုံးစကားတွေ ဘယ်များရောက်ကုန်ပါလိမ့်လို့ ကျွန်မ တွေးနေမိတယ်။

ခဏနေတော့ အမေက ရယ်တယ်။ အားရပါးရကို ရယ်တာပါ။ ကျွန်မတို့က အမေ ဘာလို့ရယ်တာလဲဆိုတော့ ချက်ချင်း မပြောသေးဘူး။ ပြီးမှ စို့တက်လာတဲ့ မျက်ရည်ဥကလေးတွေကို လက်ဖဝါးပြင်နဲ့ သုတ်ရင်း အမေက ပြောတယ်။

“သြော်... ဘိုးတော်ဘုရား ပြောပါတယ်၊ သူ့အမိန့်တော်ထဲ သံလိုက်စဉ်းလဲမှ မထည့်ခဲ့လေခြင်းဆိုသာ တွေးမိလို့ပါအေ၊ ဖြစ်ရပုံများ”

မြန်မာ့စနေမဂ္ဂဇင်း၊ ၂၀၀၄-ခုနှစ်၊ ဇန်နဝါရီလ




www.burmeseclassic.com

www.burmeseclassic.com

# ပွဲဈေးတန်း

## (၁)

မနက်ဆလီဝေလင်းကတည်းက ဘုရားပွဲ ‘ဈေးခင်း’ ကလေးက စည်နေပါပြီ။ တောဘုရားပွဲဆိုတော့ ရွာတွေရဲ့ထုံးစံ ပွဲတော်ရက်မတိုင်ခင် နှစ်ရက်သုံးရက်လောက်ကတည်းက တဲကနားဖျင်းတွေထိုးပြီး ဆိုင်နေရာ ဦးနှိုက်နှင့်ကြပြီးသားကိုး။ မြေခင်းဈေးသည်တွေကတော့ ဟိုတိုးသည်တိုး ပါ။ ပွဲနေ့ရောက်တာနဲ့ မီးနီးတစ်အူအူ၊ ဖုန်တစ်လုံးလုံးနဲ့ ပွဲခင်းကလေး တို စပြီး ပုတ်နှိုးလိုက်ကြပြီ။ ဘာဖွင့်ပွဲမှ မလိုဘူး။ သူ့ဟာသူ စည်လာ တာပါ။

ပွဲဈေးတန်းဆိုပေမယ့် ပွဲကမယ့် ဇာတ်ခုံနေရာနဲ့ကတော့ အတော် ကလေးလှမ်းတယ်။ လှမ်းတယ်ဆိုတာက ပွဲဈေးတန်းနဲ့ ဇာတ်ခုံရောမနေ အောင် တမင် ခွာထားတာပါ။ ဇာတ်ခုံရှေ့မှာက တစ်ဧကခွဲလောက်ကျယ် တဲ့ ပွဲခင်းကွက်လပ်ကြီး ရှိတယ်။ အဲသလောက်မရှိလို့လည်း မဖြစ်ဘူး။ ရွာပေါင်းစုံက ပွဲလာကြည့်မှာဆိုတော့ နေရာကျယ်ပါမှ။ ဖျာစုတ်တွေ၊ သိမ်ထရံစုတ်တွေ၊ ဝါးကပ်ကြမ်းတွေ၊ နှမ်းရိုးတွေ၊ မြေဆီအိတ်ခွံ ညစ်စုတ်

www.burmeseclassic.com

www.burmeseclassic.com



စုတ်တွေ၊ စိုက်ထားတဲ့ငုတ်တွေနဲ့ ပြည့်ကျပ်နေအောင် နေရာယူထားကြ
တယ်။ ပွဲခင်းရဲ့ဘေးပတ်လည်မှာ ဟိုရွာသည်ရွာက ပွဲကြည့်လာကြမယ့်
လှည်းတွေချွတ်ဖို့ နေရာဆိုတာကလည်း နေရာအတော်ကလေး ပေးထား
ရတယ်။ လှည်းလှည့်သာ နွားလှည့်သာပေါ့။ အဲသည် ပွဲခင်းနေရာကို
စိုက်မြေလေးငါးကွက်စာလောက် ရှိတာပါ။ ပွဲခင်းနဲ့ တည့်တည့်လောက်မှာ
မှ ပွဲဈေးတန်းဆိုင်ခန်းကလေးတွေ ရှိတယ်။

ပွဲဈေးတန်းဆိုလို့ မြို့ဘုရားပွဲတွေလို အစီအတန်း သပ်သပ်ခပ်ခ
မဟုတ်ဘူး။ ရိတ်သိမ်းပြီးစ သစ်ခင်းတွေကြားမှာ မိုးတိုးမတ်တတ်ပေါ
နေတဲ့ ထန်းပင်ကြီးတွေ၊ ဆူးချုံတွေနဲ့ လွတ်တဲ့နေရာ။ ကန်သင်းရိုးပြေ
နေရာ။ မြေပတ်ကြားအက်ချိုင့်ခွက်၊ အဖုအထစ်တွေ ညှိဖို့ ပြုဖို့ အဆ
ပြေတဲ့နေရာမှာ ကြုံသလို၊ ကျသလို၊ ရှိသမျှပစ္စည်းကလေးနဲ့ အဖြစ်ဆော
ထားရတာပါ။ ပွဲခင်းဘက်ကိုလှည့်ထားတဲ့ ပွဲဈေးတန်းထိပ်နဖူးမှာ
'တော' လက်ဖက်ရည်ချိုဆိုင်ကလေး ရှိတယ်။ သည်ဆိုင်က ဆယ်ရ
လောက်ကတည်းက ကြိုရောက်နှင့်တာ။ သူနဲ့တစ်ဆက်တည်းမှာ ခေါ
ဆွဲသုပ်၊ မုန့်တီသုပ်ရောင်းတဲ့ ဆိုင်သုံးလေးဆိုင် ရှိတယ်။ ထန်းရည်
တွဲရောင်းတဲ့ ဆယ့်နှစ်ပွဲကူး အကြော်ဆိုင်ကြီးတစ်ဆိုင်လည်း ရှိရဲ့။ မ
မဖြစ် အရက်ဆိုင်ကလေးတွေကတော့ မလွတ်ဘူး။

ပွဲဈေးတန်းအလယ်လောက်မှာ ဆံပင်ကောက်ဆိုင်နဲ့ ဓာတ်ပုံဆိုင်
တွဲလျက် ရွက်ဖျင်ရုံကြီးထိုးထားပြီး မင်းသား၊ မင်းသမီးပုံတွေ ချိတ်ထာ
တယ်။ တရုတ်စီဝိုင်စီ ပွင့်ရိုက်ထည်ကလေးတွေ အလျားလိုက် တွဲလော
ချထားတဲ့ အထည်ဆိုင်နဲ့ အလှကုန်ရောင်းတဲ့ဆိုင်ကြီးကတော့ ရွာသူ
အကြိုက်ဆုံးပေါ့။ မြိုင်လို့။ ကလေးကစားစရာ ပလပ်စတစ်ပစ္စည်းမျိုး
ကလည်း ကလေ့တွေကို မျက်စပစ်ရင်း ဝါးလုံ့တန်းတွေမှာ တို့လို့



သောင်း၊ ဝါးလုံးတွေထိုး၊ ထန်းလက်တွေမိုးပြီး ဆိုင်ပီပီသသဆောက်ထားတဲ့
သည်လိုဆိုင်တွေကြားမှာ ဖင်တစ်ထိုင်ခုံခင်းပြီးရောင်းတဲ့ မုန့်ဆိုင်ကလေးတွေ
လည်း ဝါးရုံတောထဲ မှိုပေါက်နေသလိုပါပဲ။ ဈေးဆိုင်၊ မုန့်ဆိုင်တွေရဲ့
ဘက်မှာရှိတဲ့ အဲစာဝိုင်းတွေဆီက ဂလုံး ဂလုံး အသံတွေကလည်း
ဒုန်းဒုန်းနဲ့။ ကြက်၊ ဆင်၊ ကျား၊ ပုစွန်၊ လိပ်၊ ငါး ဆိုတာတွေကတော့
ချောက်ရုံရောက်နေသလား မှတ်ရတယ်။

ကလေးတွေကတော့ အိမ်သေးသေးတစ်လုံးစာလောက်မြင့်တဲ့ ရဟတ်
ကြီးဘေးမှာ ဝိုင်းလို့ အုံလို့။ ပွဲတော်ရက်ရောက်မှ စီးရတာဆိုတော့
လွတ်မခံချင်ကြဘူး။ ပွဲခင်းဆီက ဘာသံမှမကြားရသေးပေမယ့် ဟိုဆိုင်
သည်ဆိုင်ကဖွင့်တဲ့ ကက်ဆက်ဆောင်းဘောက်သံတွေကတော့ မဖြစ်ညစ်
ယ်ကြားနေရပါပြီ။ မီးခိုးတအူအူ။ ဖုန်ငွေ့တလူလူကြားမှာ ရွာခံပွဲတော်လာ
တိုးဖျောက်တောက်ကလည်း ပွဲဈေးတန်းဘက် ပြေးမော့လိုက်၊ ရွာထဲ
ပြေးလိုက်နဲ့ သွေးပူလေ့ကျင့်ခန်းဆင်းကြလို့။

တစ်နှစ်တစ်ခါ ရွာဦးစေတီဘုရားပွဲပါနိုင်တဲ့နှစ်မှ ပါတတ်တဲ့ ဇာတ်ပွဲ၊
ငြိမ့်ပွဲဆိုတာမျိုးကတော့ ကြုံတောင့်ကြုံခဲကိုး။ သည်တော့လည်း ဘယ်လို
သား၊ ဘယ်လိုမင်းသမီးဖြစ်ဖြစ် ဖြေလာလာ၊ မေည်းလာလာ ကြည့်
သာ ပဓာန။ ကြည့်လိုက်ရချေသေးဆိုတဲ့ ကြိမ်းသံ မောင်းသံတွေက
ည်း နှစ်ဝက်လောက်ကတည်းက အားခဲထားကြတာကလား။ သည်နေ့
ညရက်၊ သည်ညခင်းကလေးကို ရောက်ရပါမယ့်အကြောင်း မျှော်လိုက်ရ
ဆိုတာကလည်း 'ကတော' ရွာထွက် ညောင်ရေအိုးကိုဖြစ်လို့။

"တွိ... တော်... ဟုတ်ကဲ့၊ ကျွန်တော်များရဲ့ ရုံတော်မင်္ဂလာ
လန့်ကာ အသာမလို့ လာသမျှ ရွှေပွဲလာများကို ကြိုဆိုလိုက်ပါပြီ"

ပွဲဈေးတန်းအစွန် ရွက်ဖျင်တဲကြီးဆီက တတွိတွိ တတော်တော်
သံချဲ့စက်သံ ဆူဆူညံညံ ဝေါခနဲ ထွက်ကျလာတယ်။ ပွဲဈေးတန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ပွဲဈေးတန်းကြား၊ ကျွမ်းထိုးကြ၊ ဖျာနေရာစောင့်ကြ၊ ခဲထုကြ၊ ပွက်ပွက်ရိုက်ဆော့နေကြတဲ့ ဖိုးထောင်တို့ ကလေးတစ်သိုက် အသံကြားရာ တစ်ပြိုင်တည်း ပြေးကြတော့တာပဲ။ ရွက်ဖျင်တဲဆောက်က သေတ္တာခွံကြီးပေါ် တင်ပျဉ်ခွေထိုင်ရင်း မိုက်ခွက်ကို ဟန်ပါပါကိုင်ထားတဲ့ ရုံပိုင်လူဝကြီးက ကလေးအုပ်ကို အရင်ဆီးဟန့်လိုက်ရတယ်။ ပြီးတော့မှ ခပ်လှမ်းလှမ်းက ပွဲခင်းထဲ သုတ်သုတ် သုတ်သုတ်နဲ့လာနေတဲ့လူတွေဆီ လှမ်းကြည့်ပြီး ဆက်အော်တယ်။ အသံချဲ့စက်သံက ပွဲခင်းကိုပေးတာ မဟုတ်သေးဘူး ရွာကိုပေးနှင့်တာ။ ဟွန်းက ရွာဘက်တစ်လုံး လှည့်ထားတာကိုး။ ကောင် လိုက်တဲ့စက်၊ ရွာပေါက်ကြားရတာ ဟိန်းလို့။

"ဟုတ်ကဲ့ ကျွန်တော်များရဲ့ သားကလေး တိုးပွားမောင်ဆိုတာ တကယ့် သနားစရာ ချစ်စရာ နွားသတ္တဝါကလေးပါ၊ အဟိတ် တိရစ္ဆာန်နွားဆိုပေမယ့် လူသားနဲ့မခြား မိဘကို လုပ်ကျွေးသမှုပြုနေတဲ့ သားကလေး၊ ပြောရရင်တော့ဗျာ ဟိုး... လူ့ဘဝတုန်းက မိခင်ဝမ်းက ကျွတ်ပြီး ကျွေးမွေးသုတ်သင်လာတာ ခုနစ်နှစ်သားအရောက် ကိုရင်ကထွေ သင်္ကန်းစီးပြီးလို့ မကြာဘူး၊ မရဏမင်းက လာလိုက်ခဲ့တော့ခေါ်လို့ သွားရ။ မိဘများ ရင်ကျိုးပြီပေါ့၊ သားရေ အမေ့သား၊ အမေ အားကိုး မယ့်သား အခုတော့ အမေကို ပစ်သွားပြီလား သားရဲ့၊ ထားရက်ခဲ့ပြီလား မိခင်ခမျာ မပင်္ဂာမြေလူးပေါ့ ခင်ဗျာ၊ စဉ်းစားတော်မူကြည့် သိနိုင်ပါရဲ့

ရုံရှေ့ကို ကလေးတွဲလောင်း သားတွဲလောင်းနဲ့ ရောက်လာကြ ဒေါ်ဘုမတို့တစ်တွေကတော့ မြင်တောင် မမြင်ရသေးတဲ့ နွားကလေး မျက်ရည်တွေ ကလယ် ကလယ် သနားနှင့်ကြပြီ။ ရုံပိုင်က ပရိသတ် ကို တစ်ချက် လှမ်းအကဲခတ်ပြီးမှ ဆက်အော်တယ်။



"ဟုတ်ကဲ့ သားကလေးတို့ပွားမောင်ဆုံးလို့ တစ်လအကြာမှာ မိခင်ကြီးခမျာ အိပ်မက်များ မြင်မက်သတဲ့။ အမေရေ သား. အမေတို့ကို ပစ်မသွားပါဘူး၊ အမေ့ဆီ သားပြန်လာမယ်၊ အမေ အမေတို့ အဖေတို့ကို သား လုပ်ကျွေးဖို့ ပြန်လာမှာ အမေရဲ့လို့ သုံးကြိမ်သုံးခါတောင် အိပ်မက် ပေးသတဲ့၊ အိပ်မက်မက်ပြီး မကြာပါဘူး၊ အိမ်က နွားမကြီးမှာ ဗိုက်ရှိလာပါ ရော၊ ကိုင်းဗျာ မဆန်းဘူးလား"

ပွဲဈေးတန်းဘက် ခေါက်ဆွဲသုပ်ကလေးတစ်ပွဲ ထွက်စားရင်းက သည်ရုံဘက်ရောက်လာတဲ့ ဘကြီးမှုန်တစ်ယောက်ကတော့ မြေကြီးပေါ်ကို ထိုင်လိုက်ရင်း တောင်ဝှေးကို ထောင်လိုက်ရင်း၊ တရားများနာသလို မျက်စိတွေစုံမှိတ်လို့။ ငြိမ်ငြိမ်ကလေး နှလုံးသွင်းနေပုံရရဲ့။ တောသူတောင်သားဆိုတော့ နွားမွေးဘယ်ကြားတာကိုပဲ အရသာရှိနေတာမျိုး။

"ဟုတ်ကဲ့ နွားမကြီး သားမွေးတော့ နွားကလေးမှာက ခေါင်းက နှစ်လုံး၊ ခြေထောက်က ခြောက်ချောင်း၊ အံ့သြစရာကောင်းလိုက်ပုံများတော့ လေ၊ ဟဲ့... ဟဲ့... သေချာကြည့်စမ်းပါဦးဟဲ့၊ အမှတ်ကလေး ဘာလေ-များ ပေါ်ဘူးလား၊ ကြည့်လိုက်တော့ လည်ပင်းမှာ အမှတ်ကြီးက ထင်ခနဲ။ သားကလေး တိုးပွားမောင် လူ့ဘဝတုန်းက လည်ပင်းမှာ ဆင်နှုလည်ပြတ်နာ ကြီးပေါက်ပြီး သေသွားရှာတာကိုး၊ သေချာပြီ ဒါ... ငါ့သားလေး တိုးပွားမောင် ဝင်စားတာပါပဲဟဲ့၊ သားရယ် ဖြစ်ရလေ သားရယ်၊ ဟယ်... ဟယ်"

ပွဲခင်းဘက်ဖျာနေရာကလေး ပျောက်မှာစိုးလို့ တစ်ခေါက်လာကြည့်တဲ့ အားမိတို့တစ်တွေကတော့ ရှေ့ကွယ်နေတဲ့ လူတွေကိုတိုးရင်း အသံလာရာ မျှော်ကြည့်ရတာ လည်ကြောတွေများ ထောင်လို့။ လူတွေက စိတ်ဝင်စားလေ နွားဆရာက ဇာတ်ကြောဆွဲလေပဲ။ မင်းသားလေများ ဟဲ့နေလိုက်တာ

www.burmeseclassic.com



ကမယ့်ဓာတ်တောင် အဲသလောက် အသံမအောင်လောက်ဘူး။

"မိခင်က မျက်ရည်ကျတော့ နွားကလေး တိုးပွားမောင်က ခေါင်းနဲ့ ဝင်ခွေ့ရှာတယ်။ ဟော... ညကျ အိပ်မက်ပေးပြန်ရော၊ အမေ မငိုပါနဲ့၊ အမေ မျက်ရည်မကျပါနဲ့၊ သားဟာ လူ့ဘဝကို ပြန်မရနိုင်တော့လို့ နွားမကြီးဗိုက်ထဲ ဝင်စားရတာပါ၊ တိရစ္ဆာန်ဘဝကနေ အမေ့ကို လုပ်ကျွေးဖို့ သားပြန်လာတာပါ၊ သားကို ရုံသွင်းပြီး ပြစားပါအမေ၊ ရတဲ့ငွေနဲ့ အမေ စားပါ၊ အလှူအတန်း ကုသိုလ်ယူပါ၊ သား ကုသိုလ်ယူပါရစေ အမေလို့ အိပ်မက်ထဲမှာ တတွတ်တွတ်ဆိုရှာသတဲ့လေ၊ ဟော... အဲသဟာ ကြောင့် ကုသိုလ်ကလေး အကြောင်းဆက်ရင်း သားကလေး တိုးပွားမော ကို ရှုစားကြပါဦးလို့ ကျွန်တော်များ ဖိတ်ခေါ်ပါတယ်လို့နော် ခင်ဗျာ"

သည်တော့မှ ရုံပေါက်ဝမှာ ကပ်ထားတဲ့ ပိတ်စပေါ် သဘော်ဆေးနဲ့ ရေးထားတဲ့ ဈေးနှုန်းဆီကို လူတွေ မျက်စိရောက်ကုန်ကြတယ်။ ကလေ သုံးဆယ်၊ လူကြီးငါးဆယ်။ အံမယ် သည်ငွေလောက်တော့ ဆိုပြီး ဈေး သုံးဆယ်၊ အင့် ငါးဆယ်နဲ့ ရွက်ဖျင်ရုံထဲ တိုးဝင်ကြသူတွေရှိသလို ကြည့်ချင်စိတ်တွေ ရှိနေပေမယ့် ငွေငါးဆယ်တော့ ပေးနိုင်ပေါင်တော်ဆို သူတွေကလည်း အများကြီး။ နွားတော့ ငါးဆယ်ပေးမကြည့်သေးဘူး ဗွီဒီယိုသုံးကား ကြည့်လိုက်မှာပေါ့လို့ တွက်သူကတွက်တယ်။

(၂)

ရွှေကြည်တို့၊ ကြင်သန်းတို့ ဆွဲမိတို့တစ်တွေကတော့ တိုးပွားမောင် ထက် မြို့ကလာဖွင့်တဲ့ ဆံပင်ကောက်ဆိုင်နဲ့ ဓာတ်ပုံဆိုင်ကို ပိုပြီး စိတ် ဝင်စားကြတဲ့သူတွေပါ။ နွားစားကျင်းထဲ ရေနှစ်ခေါက်၊ သုံးခေါက်လောက် ရွက်ထည့်ပြီး ပွဲဈေးတန်းဘက် လာငေးကြတာ။ မနေ့ညနေကတည်းက



ရိုက်ထားတဲ့ ဓာတ်ပုံတွေကို သူတို့ ကြည့်ခဲ့ပြီးပြီလေ။ ကာလာဓာတ်ပုံ ရောင်စုံတွေထဲကလို မိတ်ကပ်လိမ်း၊ ဆေးခြယ်ပြင်ဆင်ပြီးတော့ ရိုက်ပေး ယ်ဆိုလိုက်ကတည်းက ညဘက် အိပ်တောင်မပျော်ကြဘူး။ သည်ကနေ့လို ဘုရားပွဲအဝင်ရက်မှာ ဆံပင်ကလေးကောက်၊ ဓာတ်ပုံကလေးရိုက်ထားမှ အဆင်ပြေမှာပေါ့။ ဒါကြောင့်လည်း အိမ်အလုပ်တွေ မနည်းကြီးဖြတ်ချ ပြီး ခွတ်ပြေးလာခဲ့ရတာ မဟုတ်လား။ ဓာတ်ပုံကလေးရှိတော့ အိမ်ချိတ် တယ်။ ရည်းစားပေးနိုင်တယ်။ ပေးစရာမရှိသေးရင်တော့ သိမ်းထားပေါ့။

"ညီမလေးက အသားညိုချောကလေးဆိုတော့ ရှေ့ရော နောက်ရော ကောက်ရင်လှမှာ။ ဖြန့်ချချ၊ စည်းထားထား ရတဲ့ဆံပင်ပုံမျိုးလေ၊ ဒီဓာတ်ပုံ ကလေးကိုကြည့် ဘယ်လောက် လှသလဲလို့"

ဓာတ်ပုံထဲက လှချင်တိုင်းလှနေတဲ့ မော်ဒယ်မိန်းကလေးကို မြင် ကတည်းက ရွှေကြည်တို့ အဲသလို လှလာမယ်လို့ တွက်ပြီးပြီ။ သည်လို လှလို့ကတော့ သောင်းတင်က မိသေးကို ဘယ်မြင်နေတော့မလဲ။ ၊ မရရင် မနေဘူး သက်လျှာရေတောင် ဖြစ်သွားဦးမယ်။

"ရှေ့ရော နောက်ရောဆို ဘယ်လောက်လဲတော့"

"ခုနစ်ရာထဲပါ ညီမရယ်၊ ဒီခေတ်မှာ ဒါ ဈေးပေါတာနော်"

"ပလုတ်တုတ် ခုနစ်ရာ ဟုတ်လား"

ကြင်သန်းက သူ့ရင်ဘတ်ကို သူဖိရင်း မျက်လုံးမျက်ဆံ ပြူးသွား တယ်။ သူတို့မှာက နေပူစပ်ခါး တစ်နေ့လုပ် တစ်နေ့စား၊ တောလိုက်သမ ား၊ ငွေခုနစ်ရာ လျှာထွက်အောင် လုပ်ရှာရသူတွေဆိုတော့ မဖြုန်း နိုင်ပေါင်တော်။

"မြို့မှာဆို ထောင့်ငါးရာ နှစ်ထောင်ပေးရတာ ညီမရဲ့၊ ညီမလေး အစ်မက လျှော့ပေးတာပါ၊ ငယ်တုန်းလှရပရတာကွယ်၊ တောသူ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး တစ်သက်လုံး သည်ဆံပင်ပုံကြီးနဲ့ နေသွားရတော့မှာတဲ့လား။ ကိုယ်က နဂိုရှိပြီးသား ပြင်လိုက်မှ ရုပ်ထွက်လာမှာ”

အမျိုးသမီးက တစ်ဖက်လှည့်သွားတော့ ရွှေကြည်တို့တစ်တွေ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်ရင်း မျက်လုံးချင်းတိုင်ပင်ကြတယ်။ ဓာတ်ပုံထဲက မော်ဒယ်မကလေးတွေကို အားကျနေတဲ့ သူတို့မျက်လုံးတွေက အရောင်တစ်လက်လက်နဲ့။ ငွေခုနစ်ရာနဲ့မြော်တဲ့ကြားက သဘောတူလိုက်ကြဖို့ ခပ်ယိမ်းယိမ်းပုံမျိုး။ နောက်ဆုံးတော့လည် သုံးယောက်စလုံး ဆံပင်ကောက်ဖြစ်သွားကြတယ်။ ဆံပင်ကောက်ပြီ. ဓာတ်ပုံရိုက်ကြတယ်။ ဓာတ်ပုံဆိုင်က တောက်လျှောက်အကျီစကပ်ကြီးတွေ ကျပ်ကျပ်သပ်သပ် ဆင်ပေးတယ်။ ပင်လယ်ကမ်းခြေနောက်ခံ ဆက်တင် ကားချပ်ရှေ့က ဆိုင်ကယ်ပုံညှပ်ထားတဲ့ သုံးထပ်သားကြီးကို ခွလိုက်လို့။ လည်ပင်းမှာလည်း ခရုပုတီးတွေ သီးကြလို့။ ပင်လယ်ဘယ်ဆီမှန်းမသိတဲ့ အညာသူတွေ ချောင်းသာရောက်ကုန်ကြပြီ။

“ဆိုင်ကယ်နောက်က ခုံပေါ်ကို တက်ထိုင်လိုက်လေ ညီမ၊ ခြေထောက်ကို ခြေနင်းခွပေါ်တင်၊ ဒါမှ ဆိုင်ကယ်စီးထားတဲ့ပုံ ဖြစ်မှာပေါ့၊ ဟုတ်ပြီ ပြုံးပြုံးလေး တောင့်မထားနဲ့လေ၊ ခါးကလေးဖျော့ထား သိပ်မရယ်နဲ့ ညီမ”

ဓာတ်ပုံဆိုင်က မျက်နှာချိုယ် အပေါ်စားတွေကို ပြာတောက်နေအောင် လိမ်းပြီး နှုတ်ခမ်းတွေ ရဲပဒေါင်းခတ်အောင်ဆိုးထားတဲ့ ဆွဲမိက ရယ်လိုက်တော့ ခါနေတဲ့သွားက ရှေ့ကို ငေါ်ခနဲ ထွက်လာတာကိုး။ ပြုံးလိုက်ဆိုတော့ သွားကို နှုတ်ခမ်းနဲ့အုပ်ပြီး စေ့ထားလိုက်တယ်၊ သည်တော့မှ ဂဠုန်သွားကိုက်တာနဲ့ တူသွားတာပါ။

“ကဲ... ပြီးပြီ၊ တစ်ပုံတော်ပြီလား၊ နှစ်ပုံလောက် ရိုက်ပါ့လား၊ တစ်ပုံမှ တစ်ရာ့ငါးဆယ်တည်းဥစ္စာ၊ နောက်တစ်မျိုးက ဟောဒီ ဒန်းပိုက်



ကလေးပေါ် ထိုင်ရိုက်ပေါ့ ညီမရဲ့၊ အဝတ်အစား နောက်တစ်မျိုး လဲပေးမယ်လေ”

သည်လိုနဲ့ တစ်ယောက်နှစ်ပုံစီ ရိုက်ဖြစ်သွားကြတယ်။ တစ်ယောက်ငွေတစ်ထောင်စီ ထွက်သွားလို့ အသည်းခိုက်နမြောပေမယ့် သည်အစ်မလေးပြောသလို ပျိုတုန်းလုပ်ကြရတာကိုး။ မနှစ်တုန်းက ဆံပင်ကောက်ပြီး ဓာတ်ပုံမရိုက်လိုက်ရတဲ့ ကြင်သန်းအစ်မ ကြင်စန်းတစ်ယောက်သားသည်အမေဘဝရောက်မှ တောက်တစ်ခေါက်ခေါက် ယူကျုံးမရဖြစ်ရတာမျိုးကလည်း သာကေရှိတာကိုး။

(၃)

ပွဲဈေးတန်းကလေးကတော့ နေ့မြင့်လေ စည်လေပဲ။ အထည်နဲ့အလှကုန်ရောင်းတဲ့ စတိုးဆိုင်ရှေ့မှာ လူတွေဆိုတာ ထန်းလျက်ခဲ ပရွက်ဆိတ် ဝိုင်းအုံနေသလိုပဲ။ အထည်စ ဝယ်တဲ့သူ၊ အိမ်သုံးပစ္စည်းကလေးတွေ ဝယ်တဲ့သူ။ ကျွတ်ဘူးကလေး၊ မျက်ခုံးမွေးဆွဲတံကလေး၊ ကြိုးဆွဲနှုတ်ခမ်းနီခဲတံကလေး ဝယ်တဲ့သူ အစုံပဲ။ သည်ကြားထဲမှာ ပလပ်စတစ်ကစားစရာအရုပ်ဝယ်တဲ့ သားသည်အမေတွေက အဆိုးဆုံးပေါ့။ ပလပ်စတစ်ခြောက်လုံးပြူးက အရောင်းရဆုံး။

“ဒီဖော့သေနတ်ကလေးက ဘယ်လောက်တုန်းတော့်”

“နှစ်ရာ”

“ပစ်ပြစမ်းပါ တော့်ဥစ္စာ”

ဈေးသည်က သေနတ်ကလေးထိပ်က ဖော့ဆို့ကိုဖွင့်ပြီး ပလပ်စတစ်တစ်လုံးကလေးထည့်တယ်။ ပြန်ပိတ်တယ်။ ခပ်လှမ်းလှမ်းက ဝါးလုံးတန်းချိန်ပြီးပစ်ပြတယ်။ ထိုင်းခနဲ မှန်သွားတာကိုကြည့်ပြီး ကလေးက သဘောကျသွားပုံရရဲ့။ အမေကို ဝယ်ပေးဖို့ ဇွတ်ပူဆာတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"လျှော့ဦး နှစ်ရာ များတယ်"

"မများပါဘူးဗျာ ဟိုဘက်ရွာတွေမှာဆို နှစ်ရာ့ငါးဆယ်တောင် ရောင်းခဲ့တာပါ၊ သိပ်မကျန်တော့ဘူးဗျ"

သိပ်မကျန်တော့ဘူးဆိုလေ သားက မအေ့ခါးကို တို့လေ။

"ကိုင်း... ဒီဘက်ရွာမှာတော့ တစ်ရာ့ငါးဆယ် ထားလိုက်"

"မရလို့ပါ အစ်မရယ်၊ ကျွန်တော်တို့က ရောင်းဈေး တစ်ခါတည်း ပြောရောင်းတာပါ"

"မရလည်း နေတော်"

မအေက သေနတ်ကို အပုံထဲ ဝုန်းခနဲပစ်ချပြီး ချာခနဲ လှည့်ထွက်ခဲ့တယ်။ ငိုယိုနေတဲ့ ကလေးလက်ကိုလည်း ဓောင့်ခနဲ ဆောင့်ဆွဲလို့။ ဈေးသည်ကို မူကြည့်တာပါ။ ဒါပေမယ့် ဈေးသည်က လှမ်းမခေါ်တော့ ငိုနေတဲ့ ကိုယ့်ကလေးကို မရိုက်တော့တာပဲ။ ဘယ့်နှယ် သေနတ်ကလေး တစ်လက် နှစ်ရာရယ်လို့။ သင်းက လိုချင်မှန်းသိလို့ ညစ်တာ မသိမှတ်လို့။

"သေနာကလေး သေနတ်မှ လိုချင်တယ်၊ နင့်ပထွေးက နှစ်ရာ မလျှော့ဘူးဟဲ့၊ လာ... ကိုယ့်အိမ်က လောက်လေး ကိုယ်ပစ်စမ်း၊ ကော်သေနတ် အဟုတ်လုပ်လို့ ဝယ်နိုင်ပေါင်"

သေနတ်မရလို့ ငိုတဲ့ကလေး။ အိုးစည်ဝယ်မပေးလို့ ငိုတဲ့ကလေး။ ကားလေးမဆွဲရလို့ ငိုတဲ့ကလေးသံတွေဆိုတာ ပွဲခင်းထဲ ဒီးတိုက်လို့။ ပွဲဈေးတန်းအနောက်ခြမ်းက ရဟတ်ကြီးနားမှာလည်း ကလေးပုံကြီးက တစ်ပုံကြီး။ တစ်ယောက်သုံးဆယ်ပေမယ့် မစီးနိုင်တဲ့ကလေးက ခပ်များများ ရယ်။ သည်တော့လည်း တစ်လှည့်လည်ဖို့ရာက အကြာကြီးစောင့်ရတာပေါ့။ လူပြည့်သွားလို့ ရဟတ်ကြီးလည်ပြီဆိုတော့လည်း စီးလိုက်ရတယ်တောင် မထင်ဘူး။ ခဏလေးရယ်။ နိမ့်သွားလိုက်၊ မြင့်သွားလိုက် လည်နေတဲ့ ရဟတ်ကြီးက ဆီမထည့်လို့ မြည်နေတဲ့ ဝင်ရိုးတံတကျွိကျွိနဲ့။



အံစာဝိုင်းတွေကလည်း ညနေလောက်မှာ ရွာပေါင်းစုံက လူတွေနဲ့ အတော်ကလေး အလုပ်ဖြစ်လာတယ်။ တဒုန်းဒုန်း အံစာကျသံတွေနဲ့ သူ့အော်သံတွေက ထလုံးလိုက်လို့။ အိမ်းခနဲ ဆူလိုက်ကြ၊ ရှီးခနဲ ဆဲလိုက်ကြ။ ကြက်တွေ၊ ပုစွန်တွေ၊ ငါးတွေဆိုတာ ဖုန်တောထဲမှာ နစ်လို့။ အရောင်အဆင်းကလည်း ပျက်ချင်တိုင်း ပျက်နေပြီကိုး။ ကြိုးကလေး တစ်ချက် ဆောင့်ဆွဲလိုက်တိုင်း ခါးကြားထဲက ပိုက်ဆံထားခဲ့ရတာချည်းပါ။ ဒါပေမယ့် သည်ကြိုးကိုပဲ လုနေကြတာကလည်း အံ့သြစရာ။

(၄)

ညနေစောင်းမှာတော့ ဟိုရွာသည်ရွာက ပွဲကြည့်လှည်းတွေ ခြူသံ တဆူဆူနဲ့ ရောက်လာကြပါပြီ။ ဘုရားပွဲလာတဲ့ လှည်းတွေက ရွာထဲ တန်းမမောင်းကြဘူး။ ပွဲခင်းဘက်ဆီအရင်မောင်း။ နေရာကောင်းကလေး မှာလည်းထိုး။ နွားတွေ အရိပ်ကောင်းကောင်းကလေးမှာ ဆွဲလာပြီး နမ်းရိုးတစ်စည်းနဲ့ ချွတ်ကြ လှန်ကြ။ ပြီးမှ ရွာထဲကို ခင်ရာမင်ရာ သွားကြတယ်။ ဘုန်းကြီးကျောင်းနဲ့ တစ်ဆက်တည်းမှာရှိတဲ့ ရွာဦးဆု တောင်းပြည့်စေတီဘုရားကုန်း ကျဉ်းကျဉ်းကလေးပေါ်မှာ လူတွေစည် လာပါပြီ။ ရပ်နီး ရပ်ဝေးက ဆွမ်းတော်ကြီးပွဲပို့တဲ့ သူတွေကလည်း တဖွဲ ဖွဲ၊ ရွာထဲမှာလည်း အဝေးဧည့်သည်တွေ တရုန်းရုန်း။ ကိုယ့်ရွာလာတုန်း ဧည့်ခံကြရတာကိုး။

ထမင်းကျွေးဧည့်သည်ရှိသလို ဘုရားပွဲမုန့်လောက်နဲ့ ပြီးရတဲ့ဧည့် သည်လည်း ရှိတယ်။ ဘုရားပွဲမုန့်ဆိုတာ မုန့်ဆီကြော်၊ မုန့်ဖက်ထုပ် မုန့်ခဲ ဖွယ်စတဲ့ တောမုန့်တွေပါ။ တစ်အိမ်က နှစ်အိမ်ဝင်လိုက်မိရင်တော့ ထိုးမစားနိုင်တော့ဘူး။ ကောက်ညှင်းနဲ့ထန်းလျက် မြန်မာသွားရေစာ မုန့်ဆိုတာမျိုးက ဝရုံအပြင် အီလန်သွားကြတာမျိုး မှတ်လား။ တစ်ချို့

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကျေးရုံမကဘူး၊ လက်ဆောင်ပေးရတာတွေလည်း ရှိတယ်။ ကိုယ့်ဆွေမျိုး သူ့ဆွေမျိုး။ သူ့ရွာ ဘုရားပွဲတုန်းက ကိုယ်က သည်လို လက်ဆောင်မုန့်ရထားခဲ့ဖူးရင် မုန့်လက်ဆောင် ပြန်ရတာမျိုးကလည်း ခလေ့ထုံးစံပါပဲ။

နေရောင်မပြယ်တပြယ် အချိန်လောက်ရောက်တော့ ရွာထဲက ဧည့်သည်တွေ ပွဲဈေးတန်းကလေးဘက်ဆီ ပြန်ရောက်လာကြပြီး ဝယ်စရာရှိတာ ဝယ်ကြ။ ခြမ်းစရာရှိတာ ခြမ်းကြ။ သည်အချိန်မှာတော့ ကြိတ်ကြိတ်တိုးပေါ့။ ပွဲဈေးတန်းကလေ ဆဲမှာ လူတွေ ပွတ်ကြဲနေသလို ပွဲခင်းကလေးထဲကလည်း လူတွေခဲလို့ပါ။ နှစ်လုံးပေါက်ဝင်တော်နေတဲ့ ကန့်လန့်ကာ အမှောင် ခနေကြတာ။

ရွာပေါင်းစုံ ပွဲကြည့်ပရိသတ်ကသာ အားခဲနေကြပေမယ့် ဇာတ်ခုံပေါ်မှာတော့ ဗလာနဲ့ ဟောင်းလောင်း။ ဇာတ်ကားက ခုထိ ရောက်မလာသေးဘူး။ သည်အချိန်ဆို ရောက်ဖို့ကောင်းပြီလေ။ တောပွဲ ရွာပွဲတွေဆိုတာ ပွဲစောစောထွက်မှ ကြိုက်တာပါ။ အခုထိ ဇာတ်ကားက ရောက်မလာတော့ ရွာဆော် ကိုသြက ဘုန်းကြီးပြေးလျှောက်ရတယ်။ ဘုန်းကြီးကလည်း တပည့်တပန်းထဲက ပတ်တီးချားလည်ရှိတဲ့သူ လေးငါးယောက်ကိုခေါ်ပြီး ဇာတ်ကားကြို လွှတ်ရတယ်။ သတင်းယူခိုင်းရတယ်။

မှောင်လာတော့ ဘုရားကုန်းပေါ်က ဒီဇယ်မီးစက်ကြီးကို တဝုန်းဝုန်းနှိုးပြီး ပွဲဈေးတန်းကလေးဘက်ဆီကို မီးပေးလို့ မီးကလေးဖျောက်ဖျောက် လင်းပါပြီ။ တစ်မနက်လုံး ဆင်ထားရတဲ့ ဘုရားစေတီကလေးပေါ်က တန်းဆက်မီးပွင့်ကလေးတွေ မှိတ်ချည် လင်းချည်။ တစ်ဆိုင်ကို မီးချောင်းတစ်ချောင်းကျနှုန်း ဆင်းပေးထားတဲ့ မီးချောင်းရောင်အောက်မှာ လူတွေကတော့ အုံကြီး ခဲကြီး။ ဇာတ်ပွဲကိုမျှော်ရင်း ပွဲဈေးတန်းကလေးထဲ



တိုးတိုးခွေ့ခွေ့။ တိုးပွားမောင်ရုံရှေ့မှာ၊ ဓာတ်ပုံဆိုင်ရှေ့မှာ၊ စတိုးဆိုင်ရှေ့မှာ၊ အကြော်ဆိုင်၊ မုန့်ဆိုင်၊ လက်ဖက်ရည်ဆိုင်တွေမှာ လူတွေ ပျားအုံတုတ်နဲ့ထိုး ပွတ်ကြဲလို့၊ စားကြလို့၊ သောက်ကြလို့။ ပွဲမရောက်သေးတော့ လတ်လျား လတ်လျားနဲ့ပေါ့။ ဇာတ်ခုံကြီးကတော့ ဘာအဆင်တန်ဆာမှ မရှိသေးဘူး။ ဇာတ်ကား အချိန်မီမရောက်လာလို့ ပွဲမှ ကြည့်ရပါတော့မလားဆိုပြီး မြည်တွန်တောက်တီးတဲ့ သူက တီးပေါ့။ တော်တော်ကြီးနေတော့မှ ဇာတ်ကြိုအဖွဲ့ ပြန်ရောက်လာတယ်။ ဘုန်းကြီးကို လျှောက်တာပေမယ့် သတင်းက ပွဲခင်းထဲ ရောက်လာတယ်။

"ဇာတ်ကားကြီးက တောင်ဘက်ရွာ သဲချောင်းထဲ သဲနစ်နေလို့တဲ့။ ဇာတ်ပစ္စည်းတွေကို လှည်းတွေနဲ့ ကဲ့ရမှာတဲ့"

ဇာတ်ခုံပေါ်မှာ ဘာမှမရှိသေးပေမယ့် ပွဲဈေးတန်းကလေးထဲက လူတွေကတော့ ဇာတ်လှည်းတွေအလာကို စောင့်ရဦးမှာပါ။ အဝေးရွာက လှည်းတွေကလည်း ရောက်မှတော့ မထူးပါဘူးဆိုပြီး ရွာထဲ ထမင်းတလော ဝင်စားကြပြန်တယ်။ ဘုန်းကြီးရဲ့ လှည်းဆင့်သံ အသံချဲ့စက်က ထွက်လာတော့ ရွာလှည်းတွေ အသင့်ဖြစ်ပါပြီ။ သဲချောင်းဘက် ဒုန်းစိုင်းကြလေရဲ့။ ညသန်းခေါင်ယံလောက်တော့ ကဖြစ်မယ်ထင်ပါရဲ့။ ပွဲဈေးတန်းကတော့ ဇာတ်မလာလေ ရောင်းရလေ။ မုန့်ပေါင်းသည်တောင် လက်မလည်ဘူး။

မဟေသီ မဂ္ဂဇင်း၊ ၂၀၀၄-ခုနှစ်၊ ဇန်နဝါရီလ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ရှေးစာရင်း

ကျွန်တော်တို့နေတဲ့ သင်ပန်းကုန်းရပ်ကွက်လေးဆီ လာချင်ပြုချင်ရင် စိတ်တော့ရှည်ရှည်ထားနိုင်ဖို့လိုတယ်။ မန္တလေးမြို့လယ်ခေါင်က မှုံ့ဆယ်လေးလမ်းမကြီးပေါ်မှာ တစ်ဝေါဝေါ ပြေးလွှားနေတဲ့ လိုင်းကားတံဆိပ်စုံ အစင်းပေါင်းမြောက်များစွာထဲကမှ အချိန်ရယ် ဘာရယ်မဟုတ်ဘဲ ရောက်ချင်သလို ရောက်လာတတ်တဲ့ 'နန်းယာဉ်ပျံ' လိုင်းကားကို ဂိတ်ဆုံးအထိစီးခဲ့။ ဂိတ်ဖျားရောက်ပြီဆိုရင်ပဲ မန္တလေး ရတနာပုံမြို့သစ်လို့ ခမ်းခမ်းနားနား နာမည်ပေးထားတဲ့ ကျွန်တော်တို့ သင်ပန်းကုန်းရပ်ကွက်ကလေးထဲကို ရောက်ပြီပေါ့။

သည်မြန်မာရပ်ကွက်ကလေးက လူနေအိမ်ခြေထူထပ်သလောက် မန္တလေးနဲ့ စိမ်းစိမ်းကားကားကြီး ဖြစ်နေတာတော့ ကျွန်တော်လည်း နားမလည်နိုင်ဘူး။ ဟိုတုန်းက ရောဝတီကမ်းနားတစ်လျှောက် မြစ်ကြီးတို စားကျက်လုပ်ပြီး လုပ်ကိုင်စားသောက်နေကြတဲ့ လူတွေက အများဆုံးပေါ့။ ခုတော့ အရှေ့ဘက်ဆေးဆေးက ရှမ်းတောင်တန်းကြီးတွေရဲ့ မြူနှိုးမြူငွေ့ကိုတောင် လှမ်းမြင်နေရတဲ့နေရာ ဖြစ်နေပါပြီ။ ရောက်လာကြတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတွေဆိုတာကလည်း မြစ်ကမ်းပါး တွယ်ကပ်နေတဲ့ ဗေဒါဖုတ်ကို ဝါးလုံးရှည်ရှည်တစ်ချောင်းနဲ့ ထိုးထုတ်လိုက်သလိုပါပဲ။ တစ်အုံတစ်ခဲကြီး အစုလိုက် ရောက်လာကြတာဆိုတော့ ပျော်စရာလည်းကောင်း စိတ်ညစ်စရာလည်းကောင်းပေါ့။

ဟိုးတုန်းကတော့ ကျွန်တော်လည်း မြစ်ကမ်းနားလုပ်စားရတဲ့ မော်တော်ဆလင်တစ်ယောက်ပါ။ ဧရာဝတီမြစ်ရိုးထိုထိုပေါက် မရောက်ဖူးတဲ့ ဆိပ်ကမ်း ဘယ်ရှိလိမ့်မလဲ။ နှစ်ပေါင်းသုံးဆယ်လောက် ရေထဲကြီးလာတဲ့ ကောင်ဆိုတော့ လူတောင် မြစ်ရောင်ပေါက်နေတာကြည့်။ ပြာပြာညိုရောင် မှိုးမှောင်လို့ပိန်း ဆိုသလိုပေါ့နော့။ ဒါပေမဲ့ ဟောသည့် သင်ပန်းကုန်းရပ်ကလေးထဲ ကျွန်တော်တို့မိသားစု ရောက်လာခဲ့ရပြီးနောက်တော့ ကျွန်တော် ချစ်တဲ့ ကျေးဇူးရှင်မြစ်ကြီးနဲ့ မခွဲချင်ဘဲ ခွဲခဲ့ရတာပါပဲ။ အခုတော့ ကျွန်တော်လည်း ဈေးသည်ကြီးဆန်နီ၊ ဆန်နီဈေးသည်ကြီးပေါ့ဗျာ။ မော်တော်ဆလင် လူထွက်နဲ့ ဈေးသည်နဲ့ ဘာမှ မဆိုင်ပေမယ့် လုပ်တတ်တာလေး လုပ်ရတာကိုး။

ဘာလုပ်ရကိုင်ရမှန်းမသိလို့ ဈေးထရောင်းတဲ့ ဈေးသည်အမျိုးအစားထဲမှာ ကျွန်တော်လည်းပါတယ်။ အစတုန်းကတော့ အိမ်ရှေ့ကဲလားတံခါးကလေး တစ်ချပ်စာလောက် ဈမ်းရောင်းကြည့်တာပါ။ နောက်တော့လည်း နှစ်ကလေးရလာတာနဲ့အမျှ အဆင်တပြေပြေဖြစ်သွားပြီး မုန်ကောင်တာနှစ်လုံးနဲ့ ကုန်စုံဆိုင်ကြီးတောင် ဖြစ်ခဲ့ပေါ့။ ကျွန်တော့်မိန်းမကလည်း အလုပ်လောဘ က ခပ်ကြီးကြီးရယ်။ မနက်ခင်းကလေးမှာ ပွက်ခနဲ တစ်ဖြန့်ထိုးစည်တတ်တဲ့ သင်ပန်းကုန်း ပျံကျဈေးကလေးထဲမှာ အထည်ဆိုင်ပြေးဖွင့်လိုက်သေးတာပါ။ သူ့အထည်က လက်ငင်းထက် လပေးယူဆိုတာမျိုး၊ အပေါင်းပေး အသစ် ယူဆိုတာမျိုး၊ တစ်နေ့ သတ်မှတ်နှုန်းထား ဘယ်လောက်နဲ့ ဘယ်တော့



အကြေဆိုတာမျိုး ရောင်းတာ။ စာရင်းမှတ်ရတဲ့ အလုပ်ပိုဝှာပေမယ့် မြတ်တော့ အမြတ်သား။ အဝင်အထွက် အသွင်းအထုတ်ကလေးမှတ်ရုံပဲ။

အိမ်က ကုန်စုံဆိုင်ကတော့ မနက်လင်းကတည်းက ညမိုးချုပ်တဲ့ အထိ ဖွင့်ထားတာပါ။ အိမ်တံခါးဖွင့်တာဟာ ဆိုင်တံခါးဖွင့်တာပါပဲ။ ကျွန်တော်က နေ့လယ်ခင်း စားသောက်ပြီးချိန်လောက် မန္တလေးဈေးချိုတော်ကြီးဘက် လိုသမျှ ကုန်ပြေးဝယ်တယ်။ ညနေပိုင်း ညပိုင်းတော့ ဆိုင်ထိုင်၊ ကလေးထိန်းပေါ့။ အခု ကျွန်တော်ပြောချင်တာက ကုန်စုံဆိုင်မှာ မနက် နေထွက်ကတည်းက ညနေ နေဝင်အထိ တန်းလျားတစ်လုံးပေါ်မှာ ငုတ်တုပ်မည်းတည်း ဆိုင်စောင့်ရင်း၊ ဈေးရောင်းရင်း၊ မြေးတွေထိန်းရင်း ကျွန်တော့်ဆိုင် ကူရောင်းတတ်တဲ့ ကျွန်တော့်ယောက္ခမ ဒေါ်စိန်မြအကြောင်း ပါ။ ယောက္ခမဆိုပေမယ့် အမေပါပဲ။

*

အမေက အသက်(၆၀)ကျော်ပါပြီ။ ဒါပေမယ့် သွက်သွက်လက်လက် ချက်ချက်ချာချာ ကျန်းမာရေးဆိုတာကလည်း ဒေါင်ဒေါင်မြည်ထဲကပါ။ သူ့မှာ ဖျားတယ် နာတယ်ဆိုတာမျိုး မပြောနဲ့ နှာစေးခေါင်းခဲမျိုးတောင် ဖြစ်နေတာမျိုး မဟုတ်ပါဘူး။ ဒီတော့ ဈေးဆိုင်မှာ တစ်ဖက်တစ်လမ်းက မျက်နှာလွှဲထားနိုင်တာပေါ့။

"ဒေါ်ကြီးမြ အမေက ခေါင်းလျှော်ရည်တစ်ထုပ် ပေးလိုက်ပါတဲ့"

"ဘာခေါင်းလျှော်ရည်တုန်း၊ တင်လှတို့ကလည်း ကလေးလွှတ်လိုက် ပြန်ပြီ၊ နားပင်းကိုးကန်းနဲ့"

ပါးစပ်က မြန်တွန်တောက်တီးရင်းနဲ့ လက်က ဆိုင်ရှေ့ထုတ်တန်းမှာ တွဲလောင်းကျနေတဲ့ အထုပ်တွေကို လှမ်းဆွဲတယ်။ သည်အခါတ်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



ရယ်ဒီမိတ်ခေတ် မဟုတ်လား။ ဘာမဆို ကော်ထုပ်ကလေးတွေနဲ့လာတာ တံဆိပ်မျိုးစုံ ကော်ဖီထုပ်တန်းလန်းတွေကြားထဲ ညှပ်နေတဲ့ အတွဲတစ်တွဲကိုဆွဲပြီး ဈေးနှုန်းဖတ်လိုက်သေးတာပါ။ ကျွန်တော်က ဆိုင်မှာရှိတဲ့ ကုန်ပစ္စည်းတိုင်းမှာ သူ့ဈေးနဲ့သူ့ဟာကို မြန်မာလိုရေးထားတဲ့ လေဘယ်လေးတွေကပ်ပေးထားရတယ်။ ဘာပစ္စည်းလာဝယ်ဝယ် ကပ်ထားတဲ့ ဈေးနှုန်းအတိုင်းရောင်းလိုက်ရုံပါပဲ။ ရောင်းရတာ မခဲယဉ်းပေးမယ့် ဝယ်သွားတဲ့ပစ္စည်းကိုလျက်ဆားထုပ်ကအစ ကျွန်တော်တို့က ဈေးစာရင်းမှတ်တာပါ။ ဒါမှလည်း ဘယ်ပစ္စည်း ဘယ်လောက်တွင်တယ်၊ ဘယ်လောက် လူကြိုက်တယ်၊ ရောင်းကြေးဘယ်လောက်ရတယ် သိမှာပါ။

အမေက စာတော့ဖတ်တတ်ပါရဲ့။ ဒါပေမယ့် သူ့ခေတ် သူ့အခါ ဘုန်းကြီးကျောင်းထွက်ဆိုတော့ လက်ရေးပဲတီပင်ပေါက်က တောင်တစ်လုံးမြောက်တစ်လုံး ဆိုသလိုပါ။ သူ့ဟာသူတော့ သိတယ်။ တက္ကသိုလ်ကျောင်းသားလူထွက် သားမက်နဲ့ ဆယ်တန်းကျောင်းသူဟောင်းသမီးရဲ့ လက်ရေးဝိုင်းဝိုင်းတွေကြားမှာ အမေ့ ပဲတီပင်ပေါက်တွေက တစ်ဘာသာ ဖြစ်နေလေရဲ့။ အမေက ဆိုင်ထိုင်ရတာများသူဆိုတော့ သူ့လက်ရေးစာရင်းက များတယ်။ တစ်ခါတစ်လေ ဘာရေးလို့ ရေးထားမှန်းမသိတဲ့ စာလုံးတွေကို သူကိုယ်တိုင် ပြန်ဖတ်ပြမှ သဘောပေါက်ရတာလည်း ရှိတယ်။

"အာချီဆိုတာ အပ်ချည်လုံး"

"မျင့်ကျီဆိုတာ မြင်းကြယ်တံဆိပ် ဖိနပ်"

"ဘလစာအုပ်ဆိုတာက ဗလာစာအုပ်"

အဲသလိုပေါ့၊ ကျွန်တော်တို့ဆိုင်က အကြွေးပေးတယ်ရယ်လို့ မဟုတ်ပေမယ့် ကိုယ့်အရပ်နဲ့ ကိုယ်ဇာတ်ဆိုသလိုပဲ ဖောက်သည်ဖြစ်နေတဲ့ လူတွေကိုတော့ တစ်ရာချန် နှစ်ရာချန် မလွဲမကင်းသာ ချန်ရတာပေါ့ဗျာ။



တစ်ခါတစ်လေ ကျွန်တော်တို့ဆိုင်မှာမရှိတဲ့အချိန် ဈေးထဲက အထည်ကြွေးကို အမေ့ဆီ လာပေးကြတာမျိုးလည်း ရှိတာပေါ့။ ကြုံသလို ဝင်ပေးကြတာကိုး။ လာပေးသမျှတော့ သူက မမေ့မလျော့ စာရင်းမှတ်ထားတာ ချည်းပါပဲ။ လူတစ်ယောက်၊ ငွေတစ်ကျပ် မလွတ်ရဘူး။ သားသမီးပစ္စည်း ဆိုတော့ အမေက သူ့ကြောင့် လစ်ဟင်းတယ်ဖြစ်မှာလည်းစိုးတော့ ငေါက်ခနဲ ထထမှတ်ထားတာ များတယ်။

"ရော့… ဒီကနေ့ ညည်းတို့အကြွေး လာဆပ်တဲ့ စာရင်း"

ကျွန်တော့်မိန်းမ မသင်းက တစ်နေ့ တစ်နေ့ အိမ်အလုပ် ဈေးအလုပ် အပြင် သူ့အမေရဲ့ ဈေးစာရင်းနဲ့ လုံးလည်လိုက်နေတတ်သူပါ။

သားအမိနှစ်ယောက် မေးကြ၊ မြန်းကြ၊ ရှင်းလင်းကြလုပ်ရင် ကျွန်တော်က ထောင့်တစ်ထောင့်ထိုင်ရင်း ရယ်ချင်နေတယ်။ ရဲရဲလည်း မရယ်ဝံ့ဘူး။ နောင်လုပ်မပေးရင် ခက်မှာကိုး။

"စမိစမိမိုးက ဘာလဲ အမေရဲ့"

"စမ်းစမ်းမိုးလေဟယ် မသောင်းသမီး၊ နားကွင်းတန်းလန်းနဲ့ ကလေးမလေးဟာ သူက နှစ်ရာပေးသွားတာ"

"မခတ်ထားကရော"

"မခတ္တာလေအေ ကြေးညှိမယား ခပ်ညိုညို ကောင်မလေးဟယ်၊ ညည်း မသိဘူးလား"

"သေနာက ဘယ်သူတုန်း"

"သန်းနိုင်လို့ ရေးတာပါဟယ်၊ သူက ဖိနပ်ကြွေး"

"ဝံအူမြစ်က ဘာပါလိမ့်။ အမေနဲ့တော့ စိတ်ညစ်တာပါပဲ"

ဝံအူမြစ်ဆိုတော့ ကျွန်တော်က "တောရှောက်မြစ်နဲ့စိမ်ပြီး လိမ်းရင်လေမဖြတ်ဘူးဗျ"လို့ ဝင်နှောက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… ညည်းကို ဆယ်တန်းစာအထိ သင်ပေးထားတာ သလောက်စာကလေးတောင် စပ်ဟပ်မဖတ်တတ်ဘူးလား၊ ဝင်းဦးမြင့်ဟော့ ဝင်းဦးမြင့် ဝံအူမြစ်က မျက်စိနာမှ သွေးလိမ်း"

ကျွန်တော်နဲ့ မသင်း တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ရင်း ပြုံးလိုက်ကြသည်။ အမေကတော့ သူ့ဆံထိုးမှာထိုးထည့်ထားတဲ့ ဘောလ်ပင်ကြီးကို ဆွဲဖြုတ်တဲ့ပြီး စာရင်းစာအုပ်ပေါ် လှမ်းပစ်တင်လိုက်တယ်။ စိတ်ဆိုးတာပေါ့လေ။ သည်လိုဖြစ်နေတုန်းမှာ ဆိုင်ရှေ့ကောင်တာတွေကို ပိတ်ရပ်ရင်း မတင်လှ ရောက်လာတာပါပဲ။ ထဘီရေစိုတန်လန်းနဲ့ ခေါင်းက ရေတွေကလည်း တစ်ပေါက်ပေါက်။

"ဒေါ်ကြီးမြရေ ကျွန်မက ခေါင်းလျှော်ရည်ထုပ်ဝယ်နိုင်းလိုက်တာလေ"

"အေး… အဲသာ ဘာဖြစ်တုန်း၊ ညည်းသမီး ပေးလိုက်သားပဲ၊ ဒါကြောင့်ပြောတာ ကလေးတွေလွှတ်ပြီး ဘာမှန်းမသိ၊ ညာမှန်းမသိ တကတဲ"

ကျွန်တော်တို့အပေါ် အရှိန်မသေသေးတဲ့ ဒေါသက မတင်လှအပေါ် ရောက်သွားပုံရတယ်။ မတင်လှကတော့ ခေါင်းလျှော်ရင်းတန်းလန်းက ကပျာကယာ ထလာပုံပါ။

"ခေါင်းပေါ်ရေလောင်းပြီး ခေါင်းလျှော်ရည်ထုပ် ဖွင့်ချလိုက်တာ သနပ်ခါးနှစ်တွေ ဖြစ်နေတာ ဒေါ်ကြီးမြရဲ့၊ ဒီမှာ ကြည့်ပါလား"ရေနဲ့ သနပ်ခါးဗွက်ထနေတဲ့ ခေါင်းကြီးကို လက်နှစ်ဖက်နဲ့ဖြပြရင်းက မတင်လှရဲ့ မျက်လုံးထဲ သနပ်ခါးရည်တွေ စီးဝင်လာတယ်။ သူ ငွေခြောက်ဆယ်ပေးပြီး သူလိုချင်တဲ့ ခေါင်းလျှော်ရည်မဟုတ်တာ လက်တွေ့ သက်သေပြတဲ့ သဘောပေါ့။



"မသိပေါင် တင်လှရယ်၊ သူတို့ဟာက ကော်ဖီထုပ်လည်း အတွဲလိုက်၊ ခေါင်းလျှော်ရည်ထုပ်လည်း အတွဲလိုက်၊ သနပ်ခါးထုပ်လည်း အတွဲလိုက်၊ တကတဲမှာပဲ ဆိုင်ကို ပဒေသာပင်သီးလို့၊ ဒီကြားထဲ မြန်မာ ပစ္စည်း ဘိုလိုရေးကြတာကိုးအေ့"

မတင်လှကို ခေါင်းလျှော်ရည်ထုပ် ဖြုတ်ပေးပြီး ရယ်ချင်တာနဲ့ ကျွန်တော် နောက်ဖေးဘက် ထွက်လာခဲ့တယ်။ သနပ်ခါးနဲ့ ခေါင်းလျှော်တဲ့ မတင်လှကတော့ ပြန်ပါပြီ။

အမေကတော့ မပြီးနိုင်သေးဘူး။ သနပ်ခါးတစ်ထုပ်ဖိုးကလည်း ပါသွားတာဆိုတော့ နမြောနေပုံလည်း ရတယ်။

"အမေ တစ်မှေးအိပ်ချင်အိပ်လေ၊ ကျွန်တော် ကနေ့ ဈေးမဝယ်ဘူး"

ဆိုင်မှာ ကုန်လက်ကျန်များတဲ့နေ့ဆိုရင် ကျွန်တော် ဈေးဝယ်မထွက်ပါဘူး။

မသင်း ဈေးက ပြန်မလာသေးပေမယ့် ကျွန်တော် ရှိနေတာနဲ့ပဲ အမေ့ကို အနားယူခိုင်းလိုက်တာပါ။ မြေးနှစ်ယောက်ကလည်း သည်အချိန်ဆိုရင် ကျောင်းတက်သွားကြပြီလေ နားပါစေတော့။

"အေး… အေး… သဟာဖြင့် ငါ တစ်ရေးမှေးလိုက်ဦးမယ်"

အထည်အိတ်တွေတင်ထားတဲ့ ခုတင်ကြီးပေါ်တက်ပြီး အမေခများ အိပ်ပျော်သွားပြီထင်ပါရဲ့။ နေ့လည်ဆိုတော့ ဈေးဝယ်လည်း ပါးတတ်ပါတယ်။ ကျွန်တော်လည်း မဂ္ဂဇင်းတစ်အုပ်နဲ့ ဆိုင်ထဲက ပက်လက်ကုလားထိုင် ထိုင်ရင်း စာဖတ်ပေါ့။

"နှစ်ကဆင်ရှိလား"

www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးကို စလွယ်သိုင်းပြီး ဖွားဖက်တော် ဝေါက်တောက်နဲ့ ကလေးတစ်ယောက် ရောက်လာတယ်။ လက်ထဲလည်း ပိုက်ဆံစက္ကူကလေးကိုင်လို့"

"ဟော့ကောင် ဒီနားလာခဲ့၊ ဘာဝယ်ခိုင်းတာလဲ"

"အဖေက ခေါင်းကိုက်လို့တဲ့၊ နစ်ကဆင်ဝယ်ခိုင်းလိုက်တာ"

နစ်ကဆင် နစ်ကဆင် ခေါင်းကိုက်လို့တဲ့။ ဘယ်နှယ့်ကြောင့်လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးလေးဆယ်က အမေရိကန် သမ္မတဟောင်းရဲ့နာမည်ဟာ သင်ပန်းကုန်းရပ်ကွက်ထဲမှာရှိတဲ့ ကလေးပါးစပ်ထဲ ရောက်ရတာပါလိမ့်။ ခေါင်းကိုက်ပျောက်ဆေးကို ဆိုလိုတာမှန်း ကျွန်တော် သိပါရဲ့ဘာကိုပြောတာပါလိမ့်။ တွေးလို့ကို မရတာ။

"မင်းအဖေကို သေသေချာချာ ပြန်မေးချည်စမ်း၊ ဆေးဆိုတာရမ်းရောင်းလို့ မရဘူးကွ၊ စာရေးပေးလို့ ကြားလား"

ကလေးနဲ့ကျွန်တော် ပဋိပက္ခဖြစ်နေတုန်းမှာပဲ ကုတင်ပေါ် အိပ်ပျော်နေပြီလို့ထင်တဲ့ အမေက ဝုန်းခနဲ ထထိုင်တယ်။ ခေါင်းက ပြေကျနေတဲ့ဘီးကိုကောက်ယူပြီး ဘီးဆံပတ်ကလေး ကဗျာကသီ ပတ်တယ်"

"ကျော့ဖေ အဝယ်ခိုင်းတာ မဟုတ်လား၊ နေ... နေ ငါသိတယ်"

မှန်ကောင်တာကလေးဖွင့်ပြီး ဆေးဗူးတွေကို လျှောက်ကြည့်တယ်။ ဆေးဗူးတွေမှာက ဆေးအမည်နဲ့အတူ ဘာဆေးဆိုတာကို ကျွန်တော်ရေးကပ်ထားရတာပါ။ ဘာမိတ္တန်ဆို ပန်းရောင်ပြား၊ ပါရာစီတမော့ဆိုနှစ်ထပ်ပြား။ (အခုခေတ်တော့ အဖြူရောင်ဆေးပြားပေမယ့် ဟိုတုန်းကတည်းက နှုတ်ကျိုးခဲ့တဲ့ အမည်မို့ပါ) မက်ထရီဆို ဝမ်းကိုက်ပျောက်ဆေးထက်ထရာဆိုရင် ခါးပတ်ကြား စသည်ဖြင့်ပေါ့။ အမေက ဆေးတစ်ကတ်ယူတဲ့ပြီး ဆေးကပ် ဖဲ့ရောင်းလိုက်တယ်။



"နစ်ကဆင်ဆိုတာ ဒီဟာကိုပြောတာ မင်းတို့လည်း မှတ်ထားဦး"

သူက ဟုတ်... ဟုတ်သေးတော့ဗျာ။ အနာလဲဂျက်ဆင်ဆေးပြားကိုနစ်ကဆင်လို့ မှတ်ရမတဲ့။ အင်္ဂလိပ်ဆေးတွေမို့ အခေါ်အဝေါ် မတတ်ရော့သလားဆိုတော့ မဟုတ်သေးဘူး။ မြန်မာဆေးလည်း သည်လိုပဲဗျ။

"မဏ္ဍာပ်ရှိလား"

"ဘာလဲကွ မဏ္ဍာပ်ဆိုတာ"

"နေစမ်းပါဟယ် မင်းတို့ နေရာတကာ မပါစမ်းပါနဲ့၊ မင်းတို့နဲ့အလုပ်ကို မဖြစ်ပါဘူး၊ ရော့... ရော့"

ကျွန်တော့်ကိုလည်းငေါက်၊ မှန်ကောင်တာထဲက မဏ္ဍိုင်ဝမ်းနုတ်ဆေးထုပ်ကိုလည်း ထုတ်ပေးလိုက်တော့တာပါပဲ။ ရှိသေးတယ်။ ဂဒီတ်ဝေါ(ဂရိတ်ဝေါ)ဒဏ်ကြေဆေးတို့။ မင်းအောကဒစ် (မင်းဇကရာဇ်) မန်းဆေးတို့ဆိုတာမျိုးတွေ။ ပြီးတော့ တံဆိပ်ကိုမပြောဘဲ သူတို့အထာနဲ့ သူတို့ဆောင်ပေစူး ပေးပါတို့၊ ရှမ်းအိုးစည် ပေးပါတို့။ တစ်ခါကလည်း ဖိနပ်လာမေးပုံ ကြည့်ဦး။

"အုန်းကျင်စီးတဲ့ ဖိနပ်ရှိလား"

"အုန်းကျင် ဘာစီးထားတာတုန်းဟ၊ တံဆိပ်ပြောလေ ဖိနပ်တော့အစုံရှိတယ်"

"တံဆိပ်တော့ မပြောတတ်ဘူး၊ အုန်းကျင်က ဒီဆိုင်က ဝယ်တာဆိုလို့"

ကျွန်တော်က ကောင်တာအောက်ဆုံးမှာ ထည့်ထားတဲ့ မိန်းမစီးဖိနပ်မျိုးစုံ ထုတ်ပြတယ်။ သားရေဖိနပ်၊ ကတ္တီပါဖိနပ်၊ ယင်းမာ၊ ချယ်ရီအစုံထုတ်ပြတယ်။

"ဒါတွေ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ရှုပ်သွားမိတယ်။ ကျွန်တော့်ဆိုင်မှာလည်း မိန်းမစီး ဒါ အကုန်ပဲ။ သည်မှာတင် လက်ဖက်ရည်ချိုကလေးသောက်နေတဲ့ အမေက လှမ်းမေးတယ်။

"ဘာလဲ မိချိုရဲ့"

"ဒေါ်ဒေါ်မြရေ ဟိုတစ်နေ့က အုန်းကျင်ဝယ်သွားတဲ့ ဖိနပ်ဟာလေ အဲသာကို မေးနေတာ"

"ရှိတယ်... ရှိတယ်"

အမေက ဆိုင်ဘေးမှာ တွဲလောင်းချိတ်ထားတဲ့ ကြိုးသိုင်းဖိနပ် သွားဖြုတ်ပြီး ပြတယ်။ မိချိုက သည်တော့မှ စိတ်ကြိုက်ရွေးပြီး ဝယ် တော့တာပါ။ အုန်းကျင်ဖိနပ်ဆိုတာ ဒါကိုး။

*

"ဒကာမကြီး နားကျပ်ပေးစမ်းပါ"

ကျွန်တော်က ဈေးချိုသွားမလို့ အိတ်တွေကို ဆိုင်ကယ်ပေါ်တ ကြိုးချည်နေတုန်း ဦးပဥ္စင်းကလေးတစ်ပါး ဈေးလာဝယ်တာပါ။ အမေ သည်တစ်ခါတော့ ခုံပေါ်ထိုင်ရင်း ရေနွေးသောက်ရာက မထဘူး။ မျက် ကြီး ပြူးကြည့်နေတာပဲ ရှိတယ်။ ဦးပဥ္စင်းက နားကျပ်ဆိုတော့ ဒါမျိုး အီလက်ထရောနစ်ဆိုင်တွေမှာ ရှိတတ်တာ မဟုတ်လား။

"တပည့်တော်တို့ဆိုင်က အဲဒါမျိုးတွေ မထားပါဘူး၊ ကုန်နှုတ်လော ရောင်းတာပါ"

ဦးပဥ္စင်းကလေးက မရှိဘူးဆိုတာ လက်မခံပုံမျိုးနဲ့ မှန်ကောင်တ ကို သေချာငုံ့ကြည့်တယ်။ မှန်ကို လက်နဲ့ထောက်ထားလိုက်ရင်းက ပြန်တယ်။ သေချာပေါက်ကြီး တွေ့နေပါလျက်နဲ့ ဘယ့်နှယ့်ကြောင့် ဘူးပြောတာလဲဆိုတဲ့ လေသံနဲ့ပါ။



"ဒီမှာလေ ဒကာမကြီးရဲ့၊ ကျုပ် မြင်နေရတဲ့ ဥစ္စာ"

သည်တော့မှ ရေနွေးပန်းကန် လက်ကလွှတ်ပြီး အမေ ထလာတယ်။ မှန်ကောင်တာရှေ့သွားပြီး ဦးပဥ္စင်းကလေး လက်ထောက်ထားတဲ့ပစ္စည်း ကို အရင်ငုံ့ကြည့်လိုက်သေးတာပါ။ အဲသည်ကျမှ သဘောပေါက်သွား ပုံနဲ့ ပြုံးလေရဲ့။

"ဩော်... အဲဒါလား၊ တပည့်တော်က ကက်ဆက်နားထောင်တဲ့ နားကျပ်ပြောတာမှတ်လို့ဘုရား၊ ဒါက နားကြက်တောင်ပါဘုရား"

ပလပ်စတစ်ချောင်းကလေးကို ဟိုဘက်သည်ဘက် ဂွမ်းလုံးကလေး တွေတပ်ထားတဲ့ နားယားရင်ကျပ်တဲ့ နားကျပ်ထုတ် ရောင်းလိုက်ရတယ်။ အမေက ရွာမှာတုန်းက သူတို့သုံးသလို နားကြက်တောင်တဲ့လေ။ ရွာမှာ တုန်းက သည်လို ခေတ်ပစ္စည်းမျိုး ဘယ်ရှိပါ့မလဲ။ နားယားရင် ကြက် တောင်နဲ့ ကျပ်ခဲ့ရတာကိုး။ သည်လို မိရိုးဖလာ အခေါ်အဝေါ်ကိုလည်း သူက လက်မလွှတ်ပါဘူး။

"မင်းတို့ ပဆိုးဒင်း ကုန်နေပြီနော်၊ ဝယ်ခဲ့ကြဦး"

ဒါဆိုရင် သွားတိုက်ဆေး မရှိတော့တာကို ဆိုလိုတာပါ။ အမေက ကိုးလ်ဂိတ်လည်း ပဆိုးဒင်းပဲ။ ကလို့စ်အပ်လည်း ပဆိုးဒင်းပဲ။ ပက်ဆိုးဒန့် **Pepsodent**က 'ပပက'ခေတ်မှာကတည်းက သုံးခဲ့တာဆိုတော့ အမေက အားလုံးကို ပဆိုးဒင်းချည်း ခေါ်တာပါ။

"မျက်နှာချေတို့၊ ကျွတ်ဖူးတို့လည်း ကြည့်သွားဦး၊ လျော့နေပြီ"

မျက်နှာချေဆိုတာ မိတ်ကပ်အခြောက်၊ ကျွတ်ဖူးဆိုတာ မိတ်ကပ်အစို၊ **Plastic Tube** လေးနဲ့ ထည့်ထားတာကို ပြောတာပါ။

"ဟဲ့... ဟိုတစ်နေ့က မိသန်းက အော်တော်မီးတစ်လိပ်ပြော လာ မှာထားသေးတယ်၊ ပြီးတော့ လှမောင်က စက်ဘီးဟွန်းအစ်လုံးတဲ့၊ ရင်မေက သူ့သားဖို့ ဟယ်လိုတစ်လုံးမှာတာလည်း ဝယ်ခဲ့ဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိတ်ထောင်ထဲက ဝယ်ရမည့် စာရင်းစာရွက်ကလေးကို ထုတ်ပြီး အမေမှာတာ မှတ်ရတယ်။ ဘာကိုဆိုလိုတာပါလိမ့်လို့လည်း တစ်ဖက်က စဉ်းစားရသေးတာပါ။ မီသန်းက အော်တော်မီးတစ်လိပ်ပြာပုံ၊ လှမောင်က စက်ဘီးဟွန်း၊ ရင်မေ့သားက ဟယ်လိုတစ်လုံးတဲ့။

"ကိုလှမောင်နဲ့မရင်မေမှာတာက ဘာတဲ့ အမေ"

"ဟောတော်... စက်ဘီးလက်ကိုင်မှာတပ်တဲ့ ဟွန်းလေ၊ ကလင် ကလင်ကို ပြောတာဟဲ့၊ ဓာမဏီတံဆိပ်တဲ့၊ အဲသာကမှ မြည်တာတဲ့၊ ရင်မေ့သားက ဟယ်လိုတဲ့နော်၊ ဖုန်းဆက်တဲ့ဟာဟယ်"

စက်ဘီးဘဲလ် ရစ်ငှက်တံဆိပ်၊ ကလေးကစားစရာ တယ်လီဖုန်း။ ကျွန်တော်တို့ ရပ်ကွက်ကလေးမှာက လိုချင်တာရှိရင် အဲသလို သူ့အမှတ် အသားနဲ့သူ တကူးတကန့် မှာတတ်ကြသေးတာပါ။ မှာတာကလည်း ကျွန်တော်တို့မတွေ့ရင် အမေ့ကို မှာသွားရတာကိုး။ သည့်တော့ သူတို့ ချင်းနားလည်တဲ့ စကားလုံးချင်း ဖလှယ်သွားကြတာပေါ့။ အဲသည်စကား လုံးကိုမှ ကျွန်တော်က ထပ်ဘာသာပြန်ရသေးတာပါ။ ကျွန်တော့်မိန်းမ ကတော့ ကျွန်တော့်ထက် ဘာသာပြန်ပိုတော်တယ်။ သားအမိချင်းကိုး။ ဒါပေမဲ့ ဘာသာပြန်မှားလို့ အယူအကောက်လွဲတဲ့အခါမှာတော့ သားအမိ နှစ်ယောက် ငြင်းကြ၊ ခုန်ကြ ဆူပွက်လို့။ တစ်ခါတော့ အမေက စိတ် ဆိုးပြီး ရှာပြန်ပါမယ်လုပ်လို့ ကျွန်တော့်မှာ မနည်းကြီး တားထားရတော့တာ ခင်ဗျ။

"ဖိုးကျော် ငါ့ကို မတားနဲ့၊ နင့်မယားနဲ့ ငါ မဖြစ်ဘူး၊ ငါမွေးတဲ့ သမီးက ငါ့ကို ချယ်ယာမင်လုပ်နေတာကို မခံချင်တာ၊ နင်တို့အိမ်နေမှ မဟုတ်ဘူး၊ မန်းနီးမိတ် အဲဗလီးသင်း ထည်ကြ် (ထန်းလျက်)ရှိ ဘာမုန့် လုပ်လုပ် ရသဟော့"



သည်တစ်ခါတော့ အင်္ဂလိပ်စကားတွေ ညှပ်သုံးတာ အဟုတ်ကြီး။ ဒါကလည်း သူများသုံးတာ လိုက်သုံးတာပါ။ ခမ်းနားအောင်ပြောတာလည်း မဟုတ်ဘူး။ ကြားဖူးတာ ပြောလိုက်တာပါ။

*


ကျွန်တော် ပြောခဲ့တယ် မဟုတ်လား။ ကျွန်တော်တို့ရပ်ကွက်ကလေး က မန္တလေးနဲ့အတော်ကြီး လှမ်းတယ်ဆိုတာ။ မဟာဈေးချိုတော် မျှော် ဆိုင်းဝေးနေလေတော့ ကျွန်တော်တို့ ကုန်စုံဆိုင်ကလေးကို အားပြုနေကြ တာ မဆန်းပါဘူး။ ကျွန်တော်တို့ ကုန်စုံဆိုင်ကလေးဆိုတာကလည်း အမေ့ရဲ့ ဈေးစာရင်းတွေနဲ့ ခရီးဆက်နေရတာပါ။ ခေတ်ပညာတတ် လူငယ် တွေဆိုပေမယ့် ကျွန်တော်တို့ကိုယ်တိုင်က အမေရေးတဲ့ 'စမိစမိမိုး'တို့ သနာ'တို့ 'ဝံအူမြစ်'တို့ကို နေ့စဉ်ဖတ်ပြီး အလုပ်လုပ်နေရတာပါ။ ရပ်ကွက်ကလေးကိုယ်တိုင်ကိုက အမေနဲ့ အသားကျသလိုဖြစ်နေတော့ အမရှိလို့ မဖြစ်ဘူးလို့ အမေပြောတာ ဟုတ်သလိုလို။

ပြောမယ့်သာ ပြောရတာပါ။ အမေကိုယ်တိုင်ကလည်း ဈေးဝယ်လာ ရောင်းလိုက်ရမှ၊ စာရင်းကလေး ထမှတ်လိုက်ရမှ။ သူ့လက်ရေး၊ သူ့ ကော်တ၊ သူ့အတေးအမှတ်နဲ့သူ ကျေနပ်နေတော့တာပါ။ ကျွန်တော်တို့ ကလည်း အမေ့ဈေးစာရင်း ပဲတီပင်ကွေးကွေးတွေကို ကြည့်ရှု စခန်းသွား ရတုန်းပဲ။ အမေနဲ့ ကျွန်တော်တို့ရပ်ကွက်ကလေးနဲ့ကလည်း အခုထိ တော့ ဟန်ကျနေတုန်းပဲ။

ရှုပ်ရှင်သဘင်မဂ္ဂဇင်း၊ ၂၀၀၄-ခုနှစ်၊ ဇန်နဝါရီလ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဈေးသည်မ မပိုင်း

မန္တလေးအနောက် ဧရာဝတီမြစ်ပခုံးစွန်းက တာရိုးကြီးအတိုင်း တောင်ဘက်လျှောက်လာခဲ့မယ်ဆိုရင် ကျွန်မတို့နေတဲ့ ကန်တော်ကြီးတိုက်တန်းတွေကို တွေ့ရမှာပါ။ တောင်နဲ့မြောက် အလျားလိုက် လက်ချင်းဆက်ထားသလို တန်းစီနေတဲ့ လေးထပ် လူနေတိုက်ခန်းတွဲကြီး တစ်ဆယ့်သုံးလုံးထဲက တိုက်နံပါတ် ၁၂ (မန္တလေးကတော့ အဆောင် ၁၂ လို့ ခေါ်ကြတယ်)မှာ ကျွန်မတို့ နေတယ်။ တစ်တိုက်ကို ဆယ်ခန်း၊ လေးထပ်အခန်းပေါင်းလေးဆယ်ရှိတဲ့အနက် ကျွန်မတို့အခန်းက အပေါ်ဆုံးထပ်အလယ်တည့်တည့်မှာ ရှိတယ်။ သည်အခန်းပေါ်ကိုရောက်ဖို့ တာရိုးမြင့်မြင့်ကြီးကနေ အောက်ကို လျှောဆင်းပြီး မြေညီထပ်ကနေ လှေကားထစ်ပေါင်း လေးဆယ့်ရှစ်ထစ်ကို မှောတက်ရဦးမှာပါ။ အဲသည် လှေကားထစ်တွေကို ရင်ဆို့အောင် ကျော်ဖြတ်တက်ပြီးရင်တော့ အသက်ပြင်းပြင်း မှုတ်ထုတ်ရင်း အမောဖြေဖို့သာ ပြင်ပေရော့။ ချွေးသုတ်ချဖို့သာ ပြင်ပေရော့။ စကားပြောလို့ ချက်ချင်းမရသေးဘူး။

အဲသည် လက်ချင်းဆက် တစ်ဆယ့်သုံးလုံးသော တိုက်တန်းကြီးတွေထဲကမှ မြောက်ဖျားဆုံးကျတဲ့ ကျွန်မတို့ တိုက်သုံးလုံးက သီးခြား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတော့ ရပ်ကွက်ကလေးနဲ့ အဆက်အစပ် သိပ်မရှိလှပါဘူး။ တိုက်ရဲ့ မျက်နှာစာမှာ တာပေါင်ကားလမ်းမကြီး ရှိတယ်။ တာပေါင်ရဲ့ အနောက်မှာတော့ သစ်ခင်းစိမ်းစိမ်းလေးတွေနဲ့ဆက်နေတဲ့ ဧရာဝတီမြစ်ပြင်ကျယ်ကြီး။ မြစ်ကြီးရဲ့ တစ်ဖက်ကမ်းမှာက စစ်ကိုင်း၊ မင်းဝံတောင်တန်းညိုညိုကြီးတွေ၊ တိုက်ရဲ့ ကျောဘက်မှာက အတော်ကြီးကျယ်တဲ့ ငါးကန်ကြီးရှိရဲ့။ ကန်ခြားထားတဲ့ ဟိုမှာဘက်က ရပ်ကွက်ကလေးထဲက အသံဗလံတွေကတော့ ကျွန်မတို့ မကြားရသလောက်ပါပဲ။ သည်တော့ မလွဲသာမရှောင်သာကိစ္စကလွဲရင် တော်ရုံ တန်ရုံကိစ္စနဲ့လည်း မြေကြီးပေါ်ကို မဆင်းဖြစ်တော့ဘူး ဆိုပါတော့။

မြေကြီးပေါ်ကို မဆင်းဖြစ်တဲ့ ကျွန်မအဖို့တော့ တိုက်တန်းတွေဘက် ဈေးကွက်သဘောထားပြီး လှည့်ရောင်းတတ်တဲ့ အထွေထွေသော ဈေးသည်ကလေးတွေကို အားကိုးနေရတာကလည်း အဆန်းမဟုတ်ပါဘူး။ မနက်မိုးလင်းကနေ မိုးစုတ်စုတ်ချုပ်တဲ့အထိ ပြောက်တိ ပြောက်ကြား ရောက်လာတတ်တဲ့ ဈေးသည်တွေဆိုတာ မရေနိုင်ဘူး။ များလွန်းလို့ ပစ္စည်းမျိုးစုံ လူမျိုးစုံ ကျားကျားမမ။

"ဒံပေါက်... ဒံပေါက် ရွှေဒံပေါက်တွေ၊ တစ်ပွဲမှ တစ်ရာ၊ ဝယ်စားထားကြ၊ မျက်စိလည်လို့ သည်ဘက်ရောက်လာတာ၊ စားချင်လို့မှ မစားလိုက်ရဖြစ်မယ်နော်၊ နှစ်ပွဲစာပဲ ကျန်တော့တာ၊ ဒံပေါက်... ဒံပေါက်၊ ရွှေဒံပေါက်တွေ"

မကြာမကြာ ရောက်လာတတ်ပြီး လာတိုင်းလည်း သည်လိုပဲ နှစ်ပွဲစာကျန်တယ် အော်နေကျ ကိုရွှေဒံပေါက်ကအစ...

"ကတ်ကြေးသွေးတယ်... ဓားသွေးတယ်"

"ဂက်စစ်ဖြည့်တယ်"ဆိုတဲ့, ဈေးသည်အထိ ရောက်ရောက်လာတတ်တယ်။ ဒါပေမယ့် မြင်သာမြင် မကြင်ရ ကိုယ့်ဘာဝဆိုသလို



လှေကားလေးဆယ့်ရှစ်ထစ်ကို နင်းပြီး ကျွန်မတို့နေတဲ့ အပေါ်ဆုံးထပ်အထိ တက်လာဖို့တော့ မစွန့်စားကြပါဘူး။ လိုချင်တဲ့သူက ဆင်းဝယ်ပဲ။ တစ်ခါတစ်လေ လိုချင်ပေမယ့် ကိုယ်တိုင်တောင်မှ သည်လှေကားတွေ အဆင်းအတက်လုပ်ရမှာ စိုးတာနဲ့ပဲ မဝယ်ဖြစ်တာ များတယ်။ ဒါပေမယ့် အခန်းပေါက်အရောက် တက်ပြီး ရောင်းတတ်တဲ့ဈေးသည်ကလေးတွေ မရှိတော့တာ မဟုတ်ပါဘူး၊ ရှိတယ်။

သည်လို ဈေးသည်ကလေးတွေထဲကမှ ဆန်ကောကြီးတစ်ချပ်စာလောက်ရှိတဲ့ ငါးဗျပ်ကြီးကို ရွက်ရွက်ပြီး တက်လာတတ်တဲ့ မြစ်ငါးသည် 'မဝိုင်း'ကို ကျွန်မ အခင်ဆုံးပါပဲ။

*

"ဆရာမရေ ငါးယူဦးမလား၊ ဒီကနေ့ ငါးတွေ ကောင်းတယ်"

မဝိုင်းလာတိုင်း သူ့မြစ်ငါးတွေက ကောင်းနေတတ်တာချည်းပါပဲ။ ငါးဗျပ်ထဲက ငွေရောင်ထနေတဲ့ မြစ်ငါးကလေးတွေက လတ်လတ်ကော့ကော့ကလေးတွေဆိုပေမယ့် ငါးမျိုးက ရှိသေးတာကိုး။ ကျွန်မတို့က ငါးချောင်း၊ ငါးဘတ်၊ ငါးဖျဉ်းတောင့်ကလေးတွေကို စားပေမယ့် ငါးစင်ဇတ်တို့၊ ငါးယောင်တို့၊ ငါးလမြွှေတို့တော့ မစားဖြစ်တာ များတယ်။

"ဒီကနေ့ ငါးတွေစုံလှချည်လား မဝိုင်းရဲ့"

မဝိုင်းရဲ့ ငါးဗျပ်ထဲမှာ ငါးလူးတွေ၊ ငါးဖန်းမတွေလည်း ပါတယ်။ ငါးဖျဉ်းတောင့် ခါးရှည်ကလေးတွေလည်း ပါတယ်။ ငါးချောင်းပေါက်ကလေး နှစ်ကောင်လောက်လည်း ပါသေးရဲ့။ ငါးစင်ရိုင်းနဲ့ ငါးမြင်းကွမ်းမန်ကလေးတွေကတော့ နည်းနည်းများတယ်။ မြစ်ပုစွန်ထုပ်ကျေ စိမ်းစိမ်းကြီးတွေတောင်ပါရဲ့။

www.burmeseclassic.com



"စုံဆို ဆရာမရေ ကျုပ်ယောကျ်ားကလေး မနက်လင်းကတည်းက ထမင်းကြမ်းတစ်ခဲနဲ့ မြစ်မထဲ ထွက်သွားလိုက်တာ ခုနကမှ ပြန်ရောက်တာလေ၊ ပင်ပန်းရှာတယ် ဆရာမရေ၊ လုပ်ကိုင်ကျွေးတဲ့ ယောကျ်ားပါပဲတော်၊ သနားချက်တော့"

ဒါဆိုရင် မဝိုင်းယောကျ်ားနဲ့ အဆင်ပြေလာတာ သေချာနေပါပြီ။ အဆင်မပြေဖြစ်လာတဲ့အခါဆိုရင် ကျွန်မကတောင် ဘာမှ မမေးရသေးဘူး။ ငါးဗန်းကလေး ဆောင့်အောင့်ချပြီး တသီကြီး ပြောတော့တာပါ။

"အိမ်က မောင်ပျင်း ပြောပါတယ် ဆရာမရယ်၊ မကောင်းချက်တော် ငါးရှာမရတဲ့အထဲ သူ့ဒွေးဦးဘောဂသားက လက်ဖက်ရည်ကို မနက်ပြန် ညပြန် ထွက်သောက်နေတော့တာ။ မနေ့တုန်းကလည်း နေသာ စစ်ကိုင်းတောင် ဒုတ်ဒုတ်ထိကရော တစ်ကောင်မှ မရခဲ့ဘူး၊ ပိုက်ကျဲသလေး ပိုက်စိပ်သလေးနဲ့ အကြောင်းရှာနေတော့တာ ယောကျ်ားများ စိတ်ကုန်ချက်တော့"

မဝိုင်းက အသက်သုံးဆယ်ကျော် လေးဆယ်တွင်းလောက်တော့ ရှိရောပေါ့။ ကလေးသုံးယောက်နဲ့ တဲငါမိုးသားစုကလေး ဆိုပါတော့။ ကျွန်မတို့တိုက်ခန်းရဲ့ ရှေ့တည့်တည့်က ဧရာဝတီမြစ်ကို မေးတင်ထားတဲ့ သစ်ခင်းစိမ်းစိမ်းကြားက တဲငါတဲလေး ငါးလုံးရှိတာ အဝေးက လှမ်းမြင်ရပေမယ့် ဘယ်တဲမှာ မဝိုင်းတို့နေသလဲဆိုတာတော့ ကျွန်မတို့ မသိပါဘူး။ တစ်ခါတစ်လေ ကျွန်မတို့ ဇနီးမောင်နှံက မဝိုင်းကို စချင်တာနဲ့ပဲ သူ့ရှေ့တွင် အိမ်မှာရှိတဲ့ မှန်ပြောင်းကြီးကို ထုတ်ပြီး မဝိုင်းတို့နေတဲ့ တဲစုတွေဘက် လှမ်းကြည့်ကြတယ်။

"အိမ်ရှေ့ ဗူးစင်ကလေးနဲ့ဟာ ကျုပ်တို့တဲလေ၊ မြင်ရတယ်မို့လား"

"မြင်ရပါ့ဗျား။ ကပြင်ပေါ်မှာ နေခြည်ဆေးလိပ် ထိုင်သောက်နေတာ မဝိုင်းယောကျ်ား ထင်တယ်"



"အသားမည်းမည်းနဲ့လေ၊ ကျုပ်ယောကျ်ားက ရုပ်တော့ဆိုးတယ် ဆရာကြီးရဲ့။ နေပါဦး နေခြည်ဆေးလိပ်တောင် မြင်ရသလား၊ သူ သောက်တာ နေခြည်တော့ မဟုတ်ဘူး၊ ရွှေမန်းမေတော့"

"ရုပ်မဆိုးပါဘူးဗျာ ရာဇာနေဝင်းနဲ့တောင် တူသလိုလိုပဲ"

ကျွန်မအိမ်သားက သည်လိုစလိုက်ရင် မဝိုင်းက ပြုံးပြုံးကြီး လုပ်နေတော့တာပါ။ ဆရာကြီးကလည်း စတတ် နောက်တတ်သားပဲဆိုတဲ့ ပုံမျိုးနဲ့လေ။ သူပါကြည့်ချင်လို့ အူတွေယားနေတဲ့ ပုံမျိုးလည်းပေါက်ရဲ့။

"ဟော... မိန်းမတစ်ကောက် ဘာလာလုပ်တယ် မသိဘူးဗျ၊ တဲထဲ ဝင်လာပြီ"

အဲသလိုပြောတဲ့အခါမျိုးကျ မဝိုင်းက စတယ်နောက်တယ်လို့ မထင်ဘူး။ တကယ်မှတ်ပြီး မျက်စိမျက်နှာတွေများ ပျက်လို့လေ။ သူ့တဲစုတ်ဘက်ကို လက်ကလေးကာပြီး ပြူးပြဲနေအောင် လှမ်းကြည့်သေးတာ။

"ဘယ်လိုပုံစံလဲ ဆရာကြီး၊ ကျုပ်ကို သေချာကြည့်ပေးစမ်းပါ"

"မိန်းမက အရုပ်ပုပု အသားမည်းမည်းနဲ့ ဆိုးလိုက်တဲ့ရုပ်ဗျာ မဝိုင်းနဲ့ တခြားစီပဲ၊ ဟောဟော... ဆေးလိပ်လှမ်းယူလိုက်ပြီ၊ အောင်မယ် ရယ်ကြမောကြပါလား"

စိုးရိမ်ရိပ်တွေ သန်းနေတဲ့ကြားကပဲ မဝိုင်းမျက်နှာက ကွက်ခနဲ ကျေနပ်သွားပုံ ပေါ်လိုက်သေးတယ်။ ပြီးတော့မှ တွေတွေကြီး စဉ်းစားရင်းက ပြောတယ်။ နမူးက ချွေးတွေ ခေါင်းခုနဲ့သုတ်ရင်း ငါးဗန်းတစ်လှည့်၊ သူ့တဲတစ်လှည့် ကြည့်နေတာပါ။

"ဒီကောင်မ ထားရီ နေမှာပဲ၊ သင်းက ကျုပ်အလစ် ချောင်းနေတာ၊ ကျုပ်ယောကျ်ားကို အပျိုတုန်းက ကြိုက်ခဲ့တဲ့ ကောင်မပေါ့၊ ကျုပ်မှာလည်း ဆရာမရေ ဈေးရောင်းသာထွက်ရတာ အိမ်ကလူကိုစိတ်မချတော့ အပြန်

www.burmeseclassic.com



ကျမှ တွေ့ဦးမယ်၊ သူကများ ဆေးလိပ်နဲ့ ညှော်ခံနေရသေးတယ်၊ ဘာ ကောင်းမှုမို့တုန်း"

အဲသလို မဝိုင်း ဒေါ်တွေ မောတွေထွက်လာရင် ကျွန်မအိမ်သား ပြန်ဖြေရတယ်။ သူ့ခမျာ ဈေးရောင်းဖြော်မှာ မဟုတ်တော့ဘူးလေ ငါးမရောင်းရလို့နေနေ၊ ပြဿနာတော့ အရင်ရှင်းလိုက်မယ်ဆိုတာမျိုး ဖြစ်နေတာကိုး။

"အလကားပြောတာပါ မဝိုင်းရ၊ ဘယ်က မိန်းမမှ မလာပါဘူး ခင်ဗျား ယောကျ်ားက ကွပ်ပျစ်ပေါ် အိပ်နေလိုက်တာ စန့်စန့်ကြီးကြီးဗျား"

အဲသလိုဆိုရင်လည်း မဝိုင်းက ချက်ချင်း စိတ်ပြေလွယ်တယ် မဖုံးနိုင် မဖိနိုင် ဟီးခနဲ ရယ်တယ်။ ဒါပေမဲ့ ယုံပုံတော့ မရဘူး။ ကျွန် ကို ကြည့်ပေးစမ်းပါ ဆရာမရယ်။ သူတို့ယောကျ်ားချင်း ဖေးတာနေမှာ လို့ပြောရင်း ကျွန်မကို စစ်ကူးတောင်းသေးတာ။ ကျွန်မက ဟုတ်ပါတယ် ဆိုမှ ဟင်းချယုံတာပါ။

"ပန်းရှာလို့ နေမှာ၊ ကျုပ်ထွက်လာတော့ ထားရီတို့လင်မယား ရေထဲက တက်မလာသေးပါဘူးတော်"

ကျွန်မတို့မှာ ငါးဝယ်ချင်တာထက် စလို့နောက်လို့ကောင်းတဲ့ မဝိုင်း ရယ်ချင်တာနဲ့ပဲ သူ ဈေးရောင်းတက်အလာကို မျှော်ကြရတယ်။ မဝိုင်းလည်း ငါးဗန်းကို ချက်ချင်း ကောက်မပြီး ကသုတ်ကရက် ဆင်းပြေးရှာတယ် ငါးဆိုတာကလည်း ပန်းလိုပဲ လန်းတုန်းတန်ဖိုးရှိတာလေ။

*

ကျွန်မတို့က နေ့တိုင်းလိုလို နေ့လယ် နှစ်ချက်ထိုး သုံးနာရီလောက် လာနေကျ။ မဝိုင်းမလာရင် ပျင်းနေတတ်တယ်။ တစ်ခါတစ်လေ မဝိုင်း



လေးငါးခြောက်ရက်လောက် ငါးရောင်းတက်မလာရင်တော့ ဘာများ ဖြစ်နေပါလိမ့်ဆိုပြီး သူ့သတင်း စုံစမ်းရတော့တာပဲ။ သည်သတင်းကို တစ်ခါတစ်လေ မဝိုင်းကိုယ်တိုင်လာမှ အကျိုးသင့် အကြောင်းသင့် သိရ တာတွေလည်း ရှိရဲ့။ သည်တစ်ခေါက်တော့ ချုံးချုံးကြီးကျလို့။ ခါတိုင်း ပါနေကျ လိမ္မော်ရောင် နှုတ်ခမ်းနီတောင် ဆိုးမလာနိုင်ဘူး။

"နေမကောင်းလို့ ဆရာမရေ၊ လူကို တုံးပဲ၊ ရင်ဘတ်တွေထဲက ထိုးထိုးအောင့်တာ ကျွဲများဝင်ခတ်သလား အောက်မေ့ရတယ်၊ လူးလှိမ့် နေရတာ၊ ချောင်းတွေကလည်း တစ်ဟွတ်ဟွတ်၊ သွေးတွေတောင်ပါတယ်၊ ကျုပ်ကလည်း ကျုပ်ပါပဲ၊ ကိုယ့်အလုပ်နဲ့ ကိုယ်ရှုပ်နေတာပဲ ဘုရားမေ့ နတ်မေ့လေ"

ပြောရင်းက ရင်ဘတ်ကလေး လက်နဲ့ဖိပြီး ဘာတွေရွတ်နေမှန်း မသိဘူး။ ပါးစပ်က တတွတ်တွတ်နဲ့။ တော်တော်နဲ့ မပြေသေးဘူး။ ပြေ လောက်ပြီဆိုမှ မေးရတယ်။

"ဘာဖြစ်တာလဲ မဝိုင်း၊ ဟင်"

"ဘာဖြစ်ရမလဲ ဆရာမရဲ့ မြင်းဖြူရှင် အဖေကြီး ကိုင်တာလေ၊ အဲဒီညက လသာသာ သောင်ပေါ်တင် ပုဆိုးကလေးဖြန့်ခင်းပြီး ကလေး သိပ်ရင်း အိပ်ပျော်သွားတာ၊ ရင်ဘတ်ထဲ ထိုးအောင့်မှ နိုးတော့တာ။ ယောကျ်ားကိုနှိုးပြီး အနိုပ်ခိုင်းတာလည်း မသက်သာဘူး၊ မြင်းဖြူရှင် နှာနဲ့ခုတ်ထားတော့ မနက်အထိ လှိမ့်ခံနေရတာ"

"အအေးပတ်တာ နေမှာပေါ့ မဝိုင်းရဲ့၊ ဆေးခန်းသွားပြသလား"

"ဘယ်က ဆေးခန်းသွားပြရမှာတုန်း၊ ဆရာမကလည်း မြင်းဖြူရှင် နှာနဲ့ခုတ်တာပါဆိုနေမှ၊ အမေ့သွားခေါ်ပြီး မြင်းဖြူရှင် တင်လိုက်ရတာပေါ့၊ တင်လိုက်တာနဲ့ နင်နေ ငါသွားပဲ"

www.burmeseclassic.com

www.burmeseclassic.com



မဝိုင်းက ရင်ဘတ်ကလေးဖိကာ ဖိကာ ပြောနေတာပါ။ သည်တစ်ခါ တော့ သူ့ငါးပန်းထဲ ငါးသိပ်မပါဘူး။ ဒါပေမဲ့ သူ့ငါးက အင်းငါး၊ အိုင် ငါးမဟုတ်ဘဲ မြစ်ငါးစစ်စစ်ဆိုတော့ ပါသလောက် ကုန်တာပါပဲ။

"နတ်တင်တာ ဘယ်လောက်ကုန်သလဲ"

"နှစ်ထောင်ကျော်လောက် ကုန်သွားတာပေါ့တော်"

ကျွန်မတို့နှစ်ယောက် မဝိုင်းကိုငေးကြည့်ရင်းက စိတ်မကောင်းဖြစ် မိကြတယ်။ ကျွန်မအိမ်သားက ဆေးခန်းမှာ ဆရာဝန် သွားပြဖို့ပြောတော့ မဝိုင်းက လက်မခံဘူး။

"မြင်းဖြူရှင်ကို ဆရာကြီးတို့ အင်္ဂလိပ်ဆရာဝန်က ဘယ်နှယ့်လု သွားကိုင်လို့ရမှာတုန်းတော့"တဲ့လေ။

တစ်ခါကလည်း တိုက်ပေါ်ကို ငါးပန်းကြီး မနိုင်ရင်ကန်နဲ့ မောအေ ပန်းပန်းတက်လာတဲ့ မဝိုင်းကို ကျွန်မက စေတနာနဲ့ ရေခဲသေတ္တာထဲ ထည့်ထားတဲ့ သခွားမွှေးကလေးတစ်စိတ် ထုတ်ကျွေးတယ်။ သခွားမွှေး စိတ်ကလေး တစ်ကိုက်ကိုက်လိုက်ကာရှိသေး မဝိုင်း မျက်နှာက ရှုံ့မဲ့ ချက်ချင်းပဲ ရေခဲရိုက်လိုက်သလို ဖြစ်သွားတယ်။

"အောင်မယ်လေး... အေးလိုက်တာတော်၊ ပါးပိတ်ရိုက်လိုက်သ အတိုင်းပါပဲလား၊ အင်း... ကျွတ်... ကျွတ်... ကျွတ်၊ သွားတွေအေး ကျွတ်ကုန်ပါပြီတော်"

ညည်းရင်း ညူရင်းကနေ တဝိုင်းဝိုင်းနဲ့ တုန်တက်လာတဲ့ မဝိုင်း ကိုကြည့်ပြီး ကျွန်မတို့မှာ ခြေမကိုင်မိ လက်မကိုင်မိပေါ့။ ဘာဖြစ်မှန်းလည် မသိနဲ့လေ။ မဝိုင်းကတော့ ငါးအစိတ်သားကို မနည်းကြီးချိန်ရောင်းပြီ မေးဝဲ မေးရိုက်ရင်းတန်းလန်းနဲ့ ပြန်ဆင်းသွားတော့တာပါ။ ကျွန်မတို့မှ မဝိုင်း ဘာများဖြစ်လေသလဲလို့ နေမထိထိုင်မသာနဲ့ စိတ်ပူရတော့တာ



နောက်တစ်နေ့ မဝိုင်း ငါးရောင်းတက်လာတော့မှ သက်ပြင်းချရတော့တယ်။

"ကျုပ်က အအေးနဲ့ မတည့်ဘူး ဆရာမရေ၊ မီးတွင်းထဲတုန်းက မီးယပ်ကျိုး ကျိုးထားတာ၊ အိပ်ရာထဲ လေးလလောက် ကြာတယ်။ ယောဒီ နားတစ်ဖက်က အဲဒီကတည်းက လေးနေတာရယ်၊ အအေးနဲ့တွေ့ ရင် မီးယပ်ချမ်း ထချင်လာတော့တာပဲ၊ အိမ်ကျ ယောကျ်ားပြောပြလို့ ကျုပ်တောင် အဆူခံရသေး၊ မင်းတဲ့ ဟိုကလူတွေက လူနတွေဟုတ်တဲ့၊ ရေခဲပုံးကြီးထဲကဟာများ မစားလေနဲ့တဲ့တော်၊ ငါတို့က အပူသမားတွေတဲ့၊ ကျုပ်ကလည်း တကယ့်အချက် မေ့သွားတာရယ်"

ကျွန်မမှာ မဝိုင်းရဲ့ မီးယပ်ချမ်းရောဂါဟောင်းက ကယ်လိုက်လို့ သာ သက်သာရာရသွားတာ မဟုတ်လား။ နို့မို့ရင် ကျွန်မကိုတောင် ပညာသည်လိုလို၊ စုန်းလိုလို ထင်ရင်ထင်နေဦးမှာလေ။ သူတို့တစ်တွေက အပူသမားတွေတဲ့။ မဝိုင်းတို့တဲကလေးတွေက တံလျှပ်တွေကြားမှာ ငုတ်စိ ကလေးတွေ။ မြစ်ကလည်း အပူနိုးတွေပြန်လို့။ စစ်ကိုင်းတောင်တန်းကြီးက လည်း တောင်ခိုးတွေနဲ့။ သူတို့က အပူသမားတွေဆိုတာ ဟုတ်ရှာမယ် ထင်ပါရဲ့။

*

"ဆရာမတို့ မဝိုင်း လေ့ အခိုးခံရလို့တော်"

မဝိုင်း မလာတာ ရက်အတော်ကြာသွားရင်တော့ ကျွန်မတို့က တခြား ငါးသည်ကို ခေါ်ဝယ်ရတယ်။ ငါးသည် ဒေါ်ပိန်သေးကလည်း မဝိုင်းတို့နေတဲ့ တဲငါတဲစုကလေးကပါပဲ။ မဝိုင်းရဲ့ သတင်းဆိုးကိုကြား ရတော့ ကျွန်မတို့လည်း စိတ်မကောင်းဖြစ်ရတာပေါ့။ သည်လေကလေးနဲ့ မြေပြင်ကို ငါထွက်ရှာရင်း မိသားစုဘဝ ရပ်တည်နေရတဲ့ မဝိုင်းရဲ့ ချွေး

www.burmeseclassic.com

www.burmeseclassic.com



စိုနေတဲ့ မျက်နှာသွယ်သွယ်ကလေးကိုလည်း မြင်ယောင်နေမိရဲ့။ ခများ ငါးမှ လာရောင်းနိုင်ပါတော့မလား မသိ။ ဒါပေမဲ့ ကျွန်မတို့ မဝိုင်းက နောက်တစ်နေ့မှာပဲ ဆိုက်ဆိုက်မြိုက်မြိုက်ဆိုသလို ကျွန်မတို့အခန်းကို ရောက်လာခဲ့တယ်။ သနပ်ခါးတွေလည်း ပိန်းလို့။ ထုံးစံအတိုင်း နှုတ်ခမ်းနီက လိမ္မော်ရောင်။ လက်ပြတ်အင်္ကျီ ချောင်ပွပွကြီး ဝတ်လိုက်လို့။

"မဝိုင်း လှေပျောက်လို့ဆို"

"ဟုတ်ပါ့ ဆရာကြီးရယ်၊ ခုတော့ ပြန်ဝယ်ပြီးပါပြီ၊ ဒါကြောင့်မို့ အခု ငါးလာရောင်းနိုင်တာပေါ့"

ကျွန်မက ဘယ်လို ပြန်ဝယ်တာလဲလို့ မမေးရက်တာနဲ့ မမေးဘဲနေ လိုက်တော့ မဝိုင်းက စပြောတော့တာပဲ။ သူကလည်း ပြောချင်လှပုံ လက်တို့ကိုး။

"ကျုပ်တို့ လင်မယား စီးပွားဖြစ်ကြတာကို မနာလိုလို့ လုပ်ကြတာလေ။ ဆရာမ မြင်ရဲ့မို့လား၊ ကျုပ်လည်ပင်းက ဆွဲကြိုးလို ဒီနှစ် အဲသဟာကလေး ပိုတာပဲ၊ သူများ ဝင်းဝင်းလက်လက်ဖြစ်တာ မရှုစိမ့်နိုင်တဲ့သူတွေ လုပ်ကြစမ်းပါစေတော်၊ ကုန်ရှုံးတော့ တစ်ခေါက်ပေါ့ သင်းတို့ အမှုပေါ်လို့ကတော့ မသက်သာဘူးမှတ်"

မဝိုင်းကတော့ တရားခံကို သိထားသလိုပြောနေတဲ့ လေသံနားထောင် ကြည့်ရတာ သူတို့အချင်းချင်းထဲကလို့ ဆိုလိုချင်ဟန် တူပါရဲ့။

"လင်ဆိုးရလို့ တဘုန်းဘုန်းအရိုက်ခံနေရတဲ့ ကောင်မက မြှောက်ပေးတာနေမှာပေါ့၊ မိဝိုင်းတို့က လင်ကုန်တော့ မရှုံးဘူးတော်ရေ့၊ မိဝိုင်း ယောကျ်ားက မိဝိုင်းကို ချစ်လိုက်တာများ တုန်လို့၊ လှေအခိုးခံရတဲ့နေ့က ငါ့မိန်းမ မပူနဲ့တဲ့၊ ငါ့ဟာငါ ဖြစ်အောင်ရှာမယ်ဆိုပြီး ငွေတစ်သောင်း ချေးလာသတော်၊ ကျုပ်ကလည်း လည်ပင်းက ကြိုးပါရောင်းလိုက်တော့



လှေကလေးတစ်စင်း ဝယ်လောက်သွားတာပေါ့တော်၊ လှေတင်မကဘူး အခု ကျုပ်တို့က နိုင်သင်းကြည်ပိုက်တောင် ဝယ်ပြီးပြီ၊ ငါးတွေကို ခါလိုက်တာမှ"

မဝိုင်းစကားထဲက 'နိုင်သင်းကြည်ပိုက်'ဆိုတာကို ကျွန်မ နားမလည်လို့ မေးကြည့်မိတယ်။

"ဟောတော်... ဆရာမတို့ တီဗီရှိရက်သားနဲ့ မသိဘူးလား၊ နိုင်သင်းကြည်နဲ့ ဒွေးနဲ့ ငါးဖမ်းတဲ့ ကြော်ငြာလေ ဆရာမ၊ မကြည့်ဖူးဘူးလား၊ အဲဒီထဲကပါတဲ့ ပိုက်စိပ်မျိုးကို နိုင်သင်းကြည်ပိုက်လို့ ခေါ်ကြတာ၊ သဘာယိုတာ ငါးမယိုဘူးရယ်"

လှေတစ်စင်းလုံး ပျောက်သွားတာတောင် ခံနိုင်ရည်ရှိပုံရတဲ့ မဝိုင်းကို ကျွန်မ လေးစားသွားမိတယ်၊ သူ့ယောကျ်ားကို ကျွန်မ မမြင်ဘူးပေမယ့် ကောင်တစ်ထမ်း မယ်တစ်ရွက် လုပ်ကိုင်စားသောက်ပုံရရဲ့။ မဝိုင်းစကား ထဲမှာ ပါပါလာတတ်တဲ့ 'ကျုပ်ယောကျ်ားကလေး' အစချီ ချီးမွမ်းခန်းတွေကို ကျွန်မ ခန့်မှန်းကြည့်ရတာပါ။

"ကျုပ်ယောကျ်ားကလေးက ရိုးရှာတယ်ရယ်၊ သူတကာလို အရက်သောက်၊ ဖဲရိုက်၊ မယားရိုက်ဆိုတဲ့လူစားမျိုး မဟုတ်ဘူး၊ ငါးဖမ်းတဲ့အလုပ် လွဲလို့ အကုသိုလ်ကင်းလိုက်တာမှ လူဆောတောင် မတိုးဘူး၊ ထားရီလင်နဲ့ ခြားစီ"

ဧရာဝတီမြစ်ကမ်းစပ်က သဲသောင်ပြန့်ပြန့်ပေါ်မှာ ထိုးထားတဲ့ တဲငါ တဲကလေးတွေဆီကို ကျွန်မတို့ မရောက်ဖူးပေမယ့် အဲသည် တဲစုကလေး မှာနေကြတဲ့ လူတွေအကြောင်းကို ကျွန်မတို့ အကုန်သိနေပြီ။ မဝိုင်း စကားတွေကို ဇာတ်လမ်းဆင်ကြည့်ရုံနဲ့တင် လွမ်းမောဆွတ်ပျံ့ဖွယ်ကောင်း တဲ့ ဘဝသရုပ်ဖော် ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို ဖတ်ရသလို ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



ခံစားယူလို့ ရနေပြီ။ လှေကလေးတစ်စင်းနဲ့ မိသားစုဘဝ ရပ်တည်နေရတဲ့ မဝိုင်းရဲ့ ဘဝကလေးကိုတော့ ကျွန်မ အခံစားရဆုံးပေါ့။

*

“မင်း မဝိုင်း မလာပြန်ပါလားဟေ့”

မနက်စာ ထမင်းစားရင်း ကျွန်မခင်ပွန်းက ပြောတော့ ကျွန်မမှာ မဝိုင်းကို လွမ်းစိတ်တောင် ဝင်သွားမိသေးရဲ့။ သည်တစ်ခါ မဝိုင်းမလာတာ ခါးတိုင်းလို တစ်ရက်လည်းမဟုတ်။ တစ်ပတ်လည်းမက၊ တစ်လလောက် ရှိသွားပြီ။ သူ့စကားတွေက ရယ်ရပေမယ့် သူ့ဘဝက ရယ်စရာမကောင်းတဲ့ မဝိုင်း။ သူ့ကို စရ၊ နောက်ရတာ ပျော်စရာကောင်းပေမဲ့ သူ့အကြောင်းတွေက ပျော်စရာမဟုတ်တဲ့ မဝိုင်း။ လည်ပင်းမှာ အပ်ချည်ကြိုး မှုင်သာသာလောက် ရှိတဲ့ ဆွဲကြိုးကလေး ပျောက်သွားလိုက်၊ ပေါ်လာလိုက်။ မျက်နှာချေတွေ ပြာတောက်တောက်မှာ နှုတ်ခမ်းနီ လိမ္မော်ရောင်ကြီး ထင်းထင်းကွင်းကွင်း ဆိုးလာလိုက်။ အဆီတပြောင်ပြောင် ငါးညှီနံ့တထောင်းထောင်းနဲ့ ချွေးတွေ၊ ချေးတွေ ပေတူးလာလိုက်။ သုံးပန်းလှ ဖြစ်နေတတ်တဲ့ မဝိုင်း။ ကျွန်မတို့ရဲ့ မဝိုင်း ဘယ်ဆီရောက်လို့ ဘယ်လိုဖြစ်နေပြီလဲ။

နေ့လယ်လောက်မှာ ငါးသည် ဒေါ်ပိန်သေးကို ငါးမဝယ်ချင်ဘဲနဲ့ ခေါ်ဝယ်ရင်း မဝိုင်းသတင်း မေးရတယ်။

“ဆရာမတို့ မဝိုင်းက အခု အရပ်ထဲ မလှည့်တော့ဘူးတော်၊ ဈေး တရုတ်တန်းဈေးဆိုလား၊ ဈေးချိုဆိုလား မသိပေါင် ဆရာမရယ်၊ အဲ သွားရောင်းနေတာတဲ့၊ မဝိုင်းက ဟိုတုန်း မဝိုင်း မဟုတ်တော့ဘူး၊ ဈေး ရောင်းထွက်တော့မယ်ဆိုရင် ရွှေအပြည့်နဲ့ ကျုပ်တို့နဲ့တော့ ကောင်းကောင်း စကားမပြောပေါင်၊ ဘဝမြင့်တယ် ထင်လို့”



ဒေါ်ပိန်သေးက မဲ့ကာ ရွဲ့ကာပြောနေတော့ ကျွန်မမှာ တောင်တွေး မြောက်တွေး တွေးလိုက်မိတယ်။ အင်မတန်ရိုး၊ အင်မတန် အပင်ပန်းခံနိုင်တဲ့ မဝိုင်းတစ်ယောက် ဆန်းဆန်းပြားပြားတွေများ ဖြစ်သွားပြီလားလို့ပါ။ ဒါပေမဲ့ နောက်နှစ်ရက်လောက်နေတော့ မဝိုင်း ကျွန်မတို့ဆီ ရောက်လာတယ်။ ခါတိုင်းလိုပဲ၊ နှစ်ပေလောက်ရှိတဲ့ ငါးဗျပ်ကို ရွက်လို့။ သနပ်ခါး တစ်စက်မှမပါတဲ့ မျက်နှာအဆီပြန်ကြီးကို ခေါင်းခုပုဆိုးနဲ့ သုတ်လိုက်လို့။ လှုကလည်း ပိန်ကျသွားလိုက်တာ။ ငွေရောင်ထနေတဲ့ မြစ်ငါးကလေးတွေကတော့ လတ်လို့။

“မဝိုင်း ဈေးဘက်တွေ သွားရောင်းနေတာဆို၊ တို့ကို မေ့သွားပြီ ဆိုလေ”

“မေ့လို့ဖြင့် မဟုတ်ပေါင် ဆရာမရယ်၊ စိတ်က ရောက်ပါတယ်၊ ဈေးပိုရလို့ သွားရောင်းကြည့်တာပါ၊ ငါးဘတ်၊ ငါးချောင်းက ဒီနားရောင်းရင် နှစ်ထောင်ဈေးလောက်ရတာ၊ ဈေးကြီးတွေမှာက သုံးထောင်ဈေး၊ လေးထောင်ဈေးရတာကိုး”

“ဩော်... ဟုတ်လား၊ ဟန်ကျတာပေါ့၊ ရွှေတွေကလည်း အပြည့်ထုတ်နေတာဆို ကြားတယ်”

မဝိုင်းက ကျွန်မကို ဘယ်ကကြားပါလိမ့်ဆိုတဲ့ ပုံမျိုးနဲ့ တစ်ချက် ကြည့်လိုက်သေးတယ်။ ပြီးတော့ ခြေထောက်နှစ်ချောင်းကို ကားထိုင်တဲ့ ပြီး ပယ်ပယ်နယ်နယ် ပြောတော့တာပဲ။

“ရွှေထုတ်ရတာက မြို့ပေါ်သူဌေးဈေး တက်ရောင်းရတာမို့ပါတော်၊ ငါးသည်ဆိုပြီး စုတ်စုတ်ပြတ်ပြတ်သွားရင် ဈေးနှိမ်ကြလွန်းလို့ အဝတ်အစားနဲ့ ခြောက်ရတာ၊ ငါးကတော့ သုံးထောင်ဈေး လေးထောင်ဈေး ရပါရဲ့၊ ဟန်ပါဘူးတော်”

“သုံးထောင် လေးထောင် ဈေးရတာတောင် မဟန်ဘူးလား”

www.burmeseclassic.com



ကျွန်မ ခင်ပွန်းကမေးတော့ မဝိုင်းက ထုံးစံအတိုင်း မသိလိုက်လေခြင်းဆိုတဲ့ပုံမျိုး လုပ်ပြီးတော့မှ ပြောတယ်။

“ဆရာကြီးနယ် ဈေးထဲမှာက လမ်းပေါ်လျှောက်ရသလို သပိတ်ဝင်အိတ်ဝင် မဟုတ်ဘူးတော့၊ ဖင်ထိုင်ကြေးပေးရတယ်၊ ခုံခင်းကြေး ပေးရတယ်၊ ဈေးကောက်ပေးရတယ်၊ ပြီးတော့ ယင်အုံကြေးလည်း ပေးရသေးတာ၊ ပြီးတော့ ဈေးကထိန်တော်ကြေးတဲ့၊ သာရေး နာရေးကြေးတဲ့၊ ဘာတွေမှန်းလည်း မသိပေါင်တော်၊ ကျုပ်ဖြင့် အမည်တောင် မတပ်တတ်ပါဘူး၊ နောက်ပြီး အသွားအပြန် လိုင်းကားကိုက ငါးအစိတ်သားဖိုးလောက်ရှော့တာ၊ ဒီကြားထဲ ကိုယ်က မနေနိုင်လို့ ဝယ်စားမိတဲ့ မုန့်ဖိုးကပါသေး၊ စိတ်စက်များ ညစ်ချက်တော်”

မဝိုင်းက လက်နှစ်ဖက်နဲ့ ဒူးကိုသိုင်းမွေ့ထားရာကနေ တကယ့်ကိုစိတ်ညစ်သွားပုံမျိုးနဲ့ လက်သိုင်းကို ဖြုတ်ချလိုက်တယ်။ သက်ပြင်းကြီးကိုလည်း ‘ဟင်း’ခနဲ ချလိုက်လို့။ ကျွန်မမှာ မဝိုင်းပြောနေတဲ့ ကြေးဆိုတာတွေကို မနည်းဘာသာပြန်ကြည့်ရတယ်။ ငါးချိန်ပေးပြီး ငါးဗန်းကိုရွက်ပြန်သွားတဲ့ မဝိုင်းက တိုက်ခန်းအပြင်ဘက်ရောက်မှ သမင်လည်ပြန်ပြန်ရင်း ပြောသေးတာက...

“ဆရာမ ကျုပ် နေ့တိုင်းလာမှာနော်၊ ဈေးဘက်မသွားတော့ဘူးရယ်”

ရှာဖွေလုပ်ကိုင်စားသောက်နေရတဲ့ ဘဝအရင်းအနှီး လေ့ကလေးပျောက်သွားတုန်းကတောင် အားတွေ မာန်တွေ တင်းထားနိုင်တဲ့ မဝိုင်းကို ဘာကများ နှိပ်စက်လိုက်တာပါလိမ့်။ ဖိုသီဖတ်သီနဲ့ ရင်ဘတ်ကလေးလက်နဲ့ဖိရင်း ပြန်ထွက်သွားတဲ့ မဝိုင်းကို လှမ်းကြည့်ရင်း ကျွန်မရင်ထဲမကောင်းဖြစ်မိတယ်။ မဝိုင်းကို မြင်းဖြူရှင် ခွာနဲ့ခုတ်ပြန်ပြီထင်ပါရဲ့ ■

ကလျာမဂ္ဂဇင်း၊ ၂၀၀၄-ခုနှစ်၊ ဖေဖော်ဝါရီလ



www.burmeseclassic.com

www.burmeseclassic.com

# ရထားဈေးသည်များ

(၁)

အမြဲမဟုတ်သော်လည်း ရထားဥသြသံကြားရတိုင်း သူတို့တစ်တွေ
ဆို မေထွေး သတိတရရှိနေမိတတ်သည်။ ဘူတာရုံတစ်ရုံဝင်တိုင်း ထွက်
ဆိုင်း အက်ကွဲကွဲ စူးရှရှအသံ ထွက်ကျလာတတ်သည့် ရထားဥသြသံနှင့်
တွေ ဆူညံစွာ ကပ်ပါလာတတ်သော ဈေးကြီးသံ၊ ဈေးအော်သံတွေကို
သုံးနှစ်ကျော် လေးနှစ်နီးပါး မေထွေး နားယဉ်ခဲ့ရသည်။ မသေကောင်း
ပျောက်ကောင်း တွဲကူးတွဲပြောင်းတွင် ဈေးဗန်းကြီးတွေ တကားကားရွက်
င်း ချိတ်ရင်း ခုန်ပျံကျော်လွှား သည်းထိတ်ရင်ဖို စွန့်စားခန်းများကိုလည်း
မေထွေး မြင်တွေ့နေကျ ဖြစ်သည်။

ခရီးသည်တွေ ညပ်သပ်နေသည့် ရထားတွဲပေါ် မရမက တွယ်တက်
င်း အလုအယက် အော်ဟစ်တိုးဝှေ့ ရောင်းတတ်သော ရထား ဈေးသည်
တွေကို ကိုယ်ချင်းမစာနာဘူးပဲဆိုဆို အစက မေထွေး ကြည့်မရခဲ့ပါ။
မှန်းမသိတတ်လေခြင်း၊ ရိုင်းစိုင်းလေခြင်းဟု အောက်မေ့နေခဲ့မိသည်။
ခဲ့သော် သူတို့တစ်တွေနှင့် တွေ့ပါကြုံပါများလာတော့ သူတို့၏ ရုန်းကန်

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှား ပျားပန်းခပ်ဘဝများကို ကူးစက်ခံစားနာလည်လာတတ်ခဲ့မိ၏။ အထူးသဖြင့် မေထွေးကိုယ်တိုင် ကျောင်းလက်ဆွဲခြင်းတောင်းကလေး ထဲ ကြွပ်ကြွပ်အိတ်ထုပ်ကလေး အပိုယူဆောင်လာခဲ့ရသောအခါ ပို၍ ကိုယ်ချင်းစာတတ်ခဲ့လေတော့သည်။

မန္တလေး မတ္တရာရထားလမ်းဘေးရှိ ရွာကလေးတွင် မူလတန်းပြ ဆရာမကလေးအဖြစ် အလုပ်စဝင်ခဲ့စဉ်က မေထွေး အသက် နှစ်ဆယ်ကျော် ကလေးပဲ ရှိပါသေးသည်။ မန္တလေး သူ့ရဲ့ဈေးဘူတာမှ မနက်စောစော အခေါက်ဖြင့် မတ္တရာဘက်သို့လိုက်၊ ညနေနောက်ဆုံးအခေါက်ဖြင့် မန္တလေး ပြန်။ မေထွေးလို ကျေးလက်ဆရာမကလေးတွေ တော်တော်များများ ရှိပါသည်။ မန္တလေးမြို့ကျောင်းများသို့ ပြောင်းရွှေ့သွားတတ်သော ဆရာမ ကလေးတွေရှိသလို နောက်ထပ် အသစ်ခန့်လိုက်သော ဆရာမကလေး တွေက ထပ်တိုးလာတတ်သည်။ ထို့အတူ သည်လမ်း သည်ခရီး သည်ရထား ကြီးပေါ်မှာ မေထွေး ခရီးနှင်ခဲ့ရသည့် ကာလတစ်လျှောက်လုံး ပျောက် သွားလိုက်၊ ပေါ်လာလိုက် ရထားဈေးသည်တွေကလည်း မနည်းလှပါ။

ရထားဥသြသံ၊ ဈေးအော်သံနှင့် ခရီးသည်တို့၏အသံများကို တိုက် ဆိုင်မှုရှိလေတိုင်း မေထွေး ကြားယောင်နေတတ်၏။

*

"ကိုင်း... ရထားစီး ခရီးသည်အပေါင်း ညောင်းလို့ ညာလို့ ဟိုဘက် ဒီဘက်တောင် မလှည့်နိုင်ဖြစ်နေသလား၊ ရှေ့ကို လက်ကလေးဆန့် လက်ဝါးကလေးဖြန့်၊ မှာတ်ကဲ့ ရှေ့ပါ... ယူပါ၊ လျက်ဆားတစ်ထုပ် ခံတွင်း ကောင်းရုံဆို တစ်ခါဖြန့်တော်တော့ မဟုတ်သေးဘူး၊ ကျုပ်တို့အ သည့်ထက် ပိုချင်သေးတာဆိုရင်တော့ နောက်တစ်ခါ ထပ်ဖြန့်၊ ခဏနေရင်



မ်းထဲက လေဆိုး၊ လေပွေ လေတွေကြောလို့ ထကွဲတော့မှ အနားကလူက ထဆဲရင် ကျုပ်အပြစ်မပြောနဲ့၊ ကိုင်းဗျာ... ဒါတင် အားမရသေးဘူးလား ရတယ်၊ နောက်တစ်ခါထပ်ဖြန့်၊ ဟုတ်ကဲ့ သုံးခိုရှာ သုံးခါရှိသွားရင် ဆာ်တော့သည်ထက် ကျုပ်ပေးလို့ မကောင်းဘူး၊ နမြောလို့ဟုတ်ပေါင် ဗျာ။ ခင်ဗျားတို့ဗိုက်ထဲက အစာဟောင်းနဲ့ ကျုပ်လျက်ဆား သွားညားရင် ယားတရားတွေဖြစ်ကုန်မှာစိုးလို့၊ အဲ... ပြီးရင်တော့ ကိုယ့်ကိစ္စကိုယ်ရှင်း၊ ကိစ္စပြီးလို့ ကျေနပ်တော်မူကြပြီဆိုမှ ကျုပ်ကို မေတ္တာပို့ ဟုတ်ပြီလား၊ သမားတော်ကြီး ဆရာထွန်းရဲ့ အစာကြေ လေနိုင်လျက်ဆား ကြံုတုန်း ယ်ထားကြဗျား"

လျက်ဆားပုံးကြီးကို ကြိုးပြားတစ်ချောင်းနှင့် စလွယ်သိုင်းလွယ်ကာ လက်ထဲမှာလည်း လျက်ဆားဘူးရှည်ကြီးတစ်လုံးကို ကိုင်ထားရင်း မလိုချင် သော်ရှိ၊ လိုချင်သော်ရှိ မေတ္တာလက်ဆောင် လျက်ဆားတွေ ဝေငှနေတတ် သော ဦးဖိုးထွန်း၏ ဈေးအော်သံကိုပင် မေထွေး အလွတ်ရနေခဲ့သည်။ တစ်ခါတစ်လေ သူက မေထွေးတို့ ဆရာမတစ်သိုက်နှင့် စကားလက်ဆုံလာ ကျနေတတ်တာမျိုးလည်း ရှိသည်။ မေထွေးကတော့ စပ်စုသူပီပီ ဦးဖိုး ထွန်းအကြောင်းကို မေးကြည့်ခဲ့ဖူးသည်။

"ကျုပ်မှာ သားသမီး သုံးယောက်ရှိတယ်၊ အကုန် တက္ကသိုလ်ကျောင်း သားချည်းပဲ၊ ကိုယ့်မူကလေးနဲ့ကိုယ် လျက်ဆားဖော်ပြီး ရောင်းချလာတာ တိုက နှစ်သုံးဆယ်ကျော်ပြီ၊ လျက်ဆားနဲ့ တက္ကသိုလ်ကျောင်းပို့နိုင်တာ ယာဒီတစ်နယ်လုံး ကျုပ်သားသမီး သုံးယောက်ပဲရှိတယ်၊ ဆေးအ ဆာ်တော်ပါ ဆရာမရယ်၊ ကျုပ်တို့လို ဈေးသည်မျိုးက ဟုတ်တာရော ဟုတ်တာရော နှုတ်နဲ့စားရတာပါ၊ နှုတ်က အာဝဇ္ဇန်းရွှင်လေ လျက်ဆား ရောင်းရလေပဲ၊ ပစ္စည်းမင်တာ မဟုတ်ဘူး၊ လူကိုခင်လို့ ဝယ်ကြတာကိုး၊

www.burmeseclassic.com

www.burmeseclassic.com



သဟာကြောင့်ပြောတာ ကျုပ်လျက်ဆားက လျှက်တဲ့သူ လေကောင်း မကောင်းတော့ မသိဘူး၊ ကျုပ်အတွက်တော့ လေက ကောင်းရုံတင်မက ဘူး၊ ဟိုဘက်လွန်နေတာ ဆရာမရေ"

နှစ်သုံးဆယ်ကျော် လျက်ဆားရောင်းကာ သားသမီးသုံးယောက် ကျောင်းထားလာသော ဦးဖိုးထွန်းတစ်ယောက် ပေါ်မလာသည့်ရက် ကြာ လာသောအခါ မေထွေးတို့က လက်လှမ်းမီရာ သတင်းစုံစမ်းရသည်။ သူ့ရဲ့ဈေးဘူတာမှ သူ့ရောင်းရင်း မီးရထားဝန်ထမ်းတစ်ဦးကပြောတော့ ဦးဖိုးထွန်းကြီး လေဖြတ်ကာ အိပ်ရာထဲ လဲနေပြီတဲ့။ နောက်တော့ ရထား ကြီးပေါ်တွင် မေတ္တာလက်ဆောင် လျက်ဆားတွေ လိုက်ဝေငှနေတတ်သော ဦးဖိုးထွန်းကြီးကို မေထွေးတို့ မတွေ့မမြင်ရတော့ပါ။ ဆော်ဆော်ကလေးများ စားမိရင် မော်တော်ကလေးများသွားသလို လေပုန်းကလေး တဖုတ်ဖုတ်နဲ့ ပေါ့ခင်ဗျာဟု သူ့လျက်ဆား သူ ကြော်ငြာတတ်သော ဦးဖိုးထွန်းလို ဈေး သည်ကြီးကိုမှ ဘယ့်နှယ် လေက ဖြတ်သွားရတာပါလိမ့်။

*

မေထွေး သတိရမိတတ်သော ဈေးသည် တစ်ဦးကတော့ ကြွေရည်တွေ ကွာချင်တိုင်းကွာနေသည့် လင်ပန်းကြီးကိုရွက်ကာ စာကလေးခွေရောင်း သည့် မကြီးတင်မ ဖြစ်သည်။ စာကလေးခွေ အမို့အမောက်ထည့်ထား သော လင်ပန်းကတစ်ဖက်။ ခါးထစ်တွင် ချိတ်ထားသော ကလေးက တစ်ဖက်နှင့် ကြိုရာတွဲပေါ် တက်လာတတ်သော မကြီးတင်မကို မေထွေး ကရုဏာသက်မိပါသည်။ မိန်းမသားတန်မယ့် ကလေးတွဲလောင်းနှင့် ခေါင်းရွက်ဗျပ်ထိုး လှမ်းကိုင်စားသောက်နေသော မကြီးတင်မ၏ ဘဝကို လည်း မေထွေးတို့ သိခဲ့ရပြန်သည်။ သူ့နှုတ်ခမ်းထော်ထော်ကို ရှေ့ထုတ် ကာ မျက်စ မျက်ရိပ်ပါပါ ပြောတတ်သူ ဖြစ်သည်။



"ယောကျ်ားက မစွံဘူး ဆရာမရေ၊ မယားနဲ့ကလေးတွေကို ရှိဟယ် လို့တောင် မထင်ဘူးရယ်၊ အလုပ်ပြန်လာရင် အရက်နံ့ကလေးနဲ့၊ ကလေး တွေကို ရမည်ရှာပြီး ရိုက်မောင်း ပုတ်မောင်း လုပ်ချင်သေးတာ၊ ကျုပ်က တော့ မအေမို့လား ဆရာမရဲ့၊ ကလေးတွေ ပါးစပ်ဟောင်းလောင်း ပစ် ထားရက်တော့ ဖတ်သီ ဖတ်သီ ရှာကျွေးရတာပေါ့၊ မနက်ရထားတစ်ခေါက် ရောင်းပြန်လာရင် သားအမိတစ်တွေ ဘူတာထဲတင် ထမင်းထုပ်ဝယ်စား လိုက်ကြတာပဲ၊ ညနေစာတော့ ညနေခေါက် ဝင်ငွေပေါ့တော်၊ မတတ် နိုင်ဘူး"

ကလေးသုံးယောက်ကို စာကလေးခွေရောင်းပြီး ထမင်းထုပ် ဝယ်ကျွေး ရသည်ဆိုသော မကြီးတင်မတစ်ယောက် စတုတ္ထမြောက် ရတနာဗိုက်ကြီး ရွှက်လာတာမြင်တော့ မေထွေးမှာ သက်ပြင်းသာ ချလိုက်ရတော့၏။ ဗိုက်ကြီးတပြုပြုနှင့် မကြီးတင်မ စာကလေးခွေဗန်းကြီးရွက်ကာ ရထားတွဲ တူးလေတိုင်း မေထွေးမှာ အသည်းတထိတ်ထိတ် ရင်တဖိုဖို စိုးရိမ်မကင်း ဖြစ်ခဲ့ရသည်။ မေထွေး စိုးရိမ်သည့်အတိုင်း တစ်ညနေ ရထားအပြန်လမ်းမှာ ရထားတွဲပေါ်မှာ မကြီးတင်မ ဝမ်းနာပါလေတော့သည်။

"အမယ်လေး... ကျွတ်... ကျွတ်... ကျွတ်၊ ဆရာမကလေးတို့ရယ်၊ ကျုပ်ကို ကယ်ပါဦး"

မေထွေးတို့ ကျောင်းဆရာမအပျိုကြီး၊ အပျိုလေးတစ်သိုက်က တဝေါ ဝေါ ခုတ်မောင်းနေသည့် ရထားကြီးပေါ်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း သိခဲ့ပါ။ ကံကောင်းထောက်မစွာဖြင့် မကြီးတင်မဗိုက်က သူ့ရဲ့ဈေးဘူတာ အထိ ဥမကွဲ သိုက်မပျက် လိုက်ပါနိုင်ခဲ့၍သာ တော်တော့၏။ ဆိုက်ကားတစ်စီးငှားကာ သူ့အိမ်အရောက် ပို့ခိုင်းကြရသည်။ မေထွေးတို့ဆရာမ ကလေးတွေ ချက်ချင်း စုလိုက်ကြရသည့် ငွေကလေးနှင့်ထောင်ကျော်

www.burmeseclassic.com

www.burmeseclassic.com



မကြီးတင်မ၏လက်ထဲသို့ ထည့်ခဲ့ရ၏။ အန္တရာယ်ကင်း ဘေးရှင်းစွာ မွေးဖွားနိုင်ပါစေကြောင်း ဆုတောင်းကြရင်း နောက်တစ်နေ့ မနက်ကျောင်းအလာ ဘူတာတွင် သတင်းစုံစမ်းရသေး၏။

"ကြီးတင်မ မွေးပြီးပြီတဲ့ ဆရာမတို့ရဲ့၊ နေကောင်းပါတယ်"

ဘဝနှင့် အသက်ကိုရင်းကာ ရင်သွေးကလေးတစ်ယောက်ကို အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့သော မကြီးတင်မတစ်ယောက် နှစ်ပတ်လောက်ကြာသည်။သူ့ကို ရထားပေါ် ဘွားဘွားကြီး တွေ့လိုက်ရတော့ မေထွေးတို့ အံ့သြသွားခဲ့ကြရသည်။ နနွင်းစတွေ မစင်သေး။ မျက်နှာက ခပ်အမ်းအမ်း၊ ကလေးပေါက်စကလေး ရင်မှာအပ်၍ စာကလေးခွေဖန်းကြီး မနိုင့်တနိုင်ရွက်ကာ ရထားတွဲပေါက်ဝမှာ စပ်ဖြဲဖြဲ လုပ်ပြနေသေးသည်။

"အို… မကြီးတင်မရယ်၊ သွေးနု သားနုနဲ့ ဘာလို့ ဈေးရောင်းထွက်ရတာလဲ၊ ကလေး အော့တီးအော့တလေးနဲ့ ဖြစ်မှဖြစ်ရလေ"

"ကလေးပေါက်စက ကျုပ်နို့တိုက်လို့ ရတယ် ဆရာမရေ့၊ မတ်တတ်ပြေးတွေအတွက် ကျုပ် ရှာကျွေးမှ"

သည်တော့လည်း မေထွေးတို့တစ်တွေ မနေနိုင်ပြန်ပါ။ သူ့စာကလေးခွေ တစ်ဖန်းစာလုံး အပြတ်သိမ်းဝယ်ကာ ပြန်လွှတ်လိုက်ရတော့၏။ သူ့ခမျာ မျက်လုံးတွေတောင် ဝါလို့နေသည်။

"ကဲ… မကြီးတင်မ မနက်ဖြန် လူချည်းလာခဲ့၊ စာကလေးခွေဖန်း ယူမလာခဲ့နဲ့၊ ကလေးလည်း တစ်ယောက်ယောက်နဲ့ အပ်ထားခဲ့၊ မတ္တရာ လိုက်ပြီး ဆန်ထုတ်ချေ၊ ရော့… ရော့"

မေထွေးက ပေးလိုက်တော့ မကြီးတင်မ အံ့သြဝမ်းသာလို့နေရှာသည်။ နောက်နေ့တွင် သူ ဆန်ထုတ်ယူပြီး လူကြုံဖြင့် မေထွေး ဆီ စာအုပ်ကလေး ပြန်ပေးလိုက်သည်။ နောက်ရက်များတွင်လည်း နွေရာသီ



ကျောင်းပိတ်ရက်နှင့် ဆက်သွားသဖြင့် မကြီးတင်မနှင့် မေထွေးတို့ မဆုံဖြစ်ကြတော့ပါ။ ကျောင်းဖွင့်ရာသီမှာ မကြီးတင်မလက်ထဲမှ ကလေးက အတော်ကလေး လူလားမြောက်နေပြီ။ ထို့အပြင် သူ့သားကြီးကလေးသည်လည်း ရေခဲချောင်းပုံး စလွယ်သိုင်းပြီး ဂလိုင်ကလေးခေါက်ကာ ရထားကြီးပေါ် ဈေးလိုက်ရောင်းနေခဲ့ပြီ။

*

ဆေးလိပ်၊ ကွမ်းယာ၊ နေကြာစေ့လှော် စသည့် မုန့်ပဲသရေစာတွဲကြီးကို လည်ပင်းမှာဆွဲ၍ ရထားစီး မိန်းမကြီးများ၏ အဆဲအဆိုကို ပါးစပ်ပြဲကြီးနှင့် ရယ်မောကာ ခံနေတတ်သော မောင်လုစိန်တစ်ယောက်ကတော့ မေထွေးတို့ ဆရာမတစ်တွေ၏ ခိုင်းဖတ်ဖြစ်သည်။ ရထားတွဲပေါ်မှ ပစ္စည်းအတင်အချ၊ တစ်ရွာ တစ်ရွာ အမှာစကား လူကြုံပါး တွေ့ရာ ပညာရေးမှူးရုံးသို့ စာပေး စာယူ စသဖြင့် ခိုင်းချင်ရာခိုင်း သူက လုပ်ပေးတတ်ပါသည်။ မောင်လုစိန်က ရှစ်တန်းအောင်၊ ကိုးတန်းတက်မည့်နှစ်တွင် ကျောင်းထွက်လိုက်ရသူဆိုတော့ လည်လည်ဝယ်ဝယ်တော့ ရှိသည်။ တစ်ခါတစ်ရံ နွေရာသီကျောင်းပိတ်ရက်လို အချိန်မျိုးတွင် မေထွေးတို့ တာဝန်ကျရာ ရွာများဆီသို့ အကြောင်းကြီးငယ် အသွယ်သွယ်ပေါ်လာပါက ဘူတာရုံအတွင်း သူ့ကိုရှာကာ မှာကြားလိုက်ရသည်။ သူ့ဈေးရောင်း အလုပ်ကြားမှ မုန့်တွဲကြီး လည်မှာဆွဲကာ တကန့်တက သွားပေးတတ်တာမျိုးလည်း ရှိသည်။ ထိုအခါမျိုးတွင် မေထွေးတို့က သူ့ကို မုန့်ဖိုးပဲဖိုးပေးသော်လည်း သူက လက်မခံပါ။

"မဟုတ်တာ ဆရာမတို့ရာ၊ ကျွန်တော် လုပ်ပေးရတာ ဘာမှ အပန်းကြီးပါဘူး၊ ခိုင်းချင်တာသာ အားမနာတမ်း ခိုင်းကြပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သည်လိုဆိုပြန်တော့လည်း မေထွေးတို့က အားပင်နာယူခဲ့ရသည်။ တစ်နေ့တော့ မောင်လှစိန်က ဖိတ်စာတွေ တစ်ထပ်ကြီးကိုင်ကာ ပြုံးပြုံးဖြီးဖြီးနှင့် မေထွေးတို့ရှေ့ ရောက်လာသည်။

"ဘာလဲ မောင်လှစိန်ရဲ့"

"အဟီး... ကျွန်တော့် မင်္ဂလာဆောင် ဖိတ်မလို့ ဆရာမ"

ပါးရှပ်ရှပ်နှင့် ဆေးပြာခပ်ဝါးဝါးရိုက်ထားသော အပေါ်... ဖိတ်စာရွက်လေးများအား မေထွေးတို့ကို လိုက်ပေးပါတော့သည်။ ကျောင်း... ဖွင့်ရက်ကြီးမို့ မင်္ဂလာဆောင်သို့ မလိုက်ဖြစ်ကြသော်လည်း မေထွေး... ဆရာမများ ငွေစု၍ မောင်လှစိန်တို့အတွက် ဓာတ်ဘူးတစ်လုံးနှင့် လက်ဖ... ရည်အချိုစုံများ လက်ဖွဲ့လိုက်ကြသည်။ ရထားကြီးပေါ်မှာပဲ မေထွေး... မင်္ဂလာဆောင် ဝင်လိုက်ကြခြင်းမျိုး ဖြစ်သည်။ နောက်တော့ မေထွေး... ရထားပေါ်တွင် မောင်လှစိန် ကောင်မလေးသည် ခါကျာမုန့်လိုက်ရောင်းရင်း ရထားဈေးသည်တစ်ယောက် တိုးလာခဲ့ပြန်သည်။

"ဆရာမတို့ကို ကျွန်တော် အကူအညီတစ်ခု တောင်းချင်လို့"

သူကသာ ကူညီတတ်၍ သူတစ်ပါးကို အကူအညီတောင်းခဲ့သော... မောင်လှစိန်စကားကြောင့် မေထွေးတို့မှာ အဆန်းဖြစ်သွားရသည်။

"တခြားမဟုတ်ပါဘူး ဆရာမတို့ရယ်၊ ဟိုတုန်းကတော့ ကျွန်တော်... က လူပျို လူလွတ်ဆိုတော့ ရသမျှပိုက်ဆံ အမေ့ အကုန်အပ်တာ... ကျွန်တော့်ညီတွေ၊ ညီမတွေက အလုပ်သင်တွေ ရှိကြသေးတာဆို... ကျွန်တော့်လုပ်စာ စားကြရတာမျိုးပေါ့၊ လောလောဆယ်တော့ အိမ်ထော... လည်း မခွဲနိုင်သေးတော့ အမေတို့နဲ့ တစ်အိုးတည်းစား၊ တစ်စီးပွားတည်း... ရသမျှ အရင်တုန်းကလိုပဲ အပ်နေခဲ့တာပါ၊ ဒါပေမဲ့ ကျွန်တော့်ကောင်... လေးအတွက်က တာဝန်ရှိလာပြီလေ၊ သူ့အတွက်လည်း ကျွန်တော် လု...



ရမှာပေါ့၊ အဲဒါ ကျွန်တော် ငွေစုချင်လို့ပါ၊ အိမ်မှာ စုလို့မဖြစ်လို့ ဆရာမတို့ တစ်ယောက်ယောက်ဆီမှာ စုရင်ကောင်းမလားလို့ပါခင်ဗျာ"

မေထွေးတို့တစ်တွေမှာ မောင်လှစိန်ကို နဂိုကတည်းက ခင်မင်ရင်းရှိသည့်အပြင် တာဝန်သိတတ်လေခြင်းဟု ပို၍ ခင်မင်လေးစားသွားရပါသည်။ မေထွေးတို့ထဲမှ အစ်မကြီး မမြင့်သန်းက တာဝန်ယူ၍ စုဆောင်းပေးလိုက်သည်။

"အပိုအလိုတွေ မအပ်နဲ့ မောင်လှစိန်၊ မင်း တစ်နေ့ ငါးဆယ်ဆို ငါးဆယ်ပဲ အပ်၊ ဒါမှ ငါလည်း တွက်လို့ရမှာကွဲ့"

တစ်နှစ်လောက် စုဆောင်းလိုက်ရသောအခါ မောင်လှစိန်တစ်ယောက် ဆိုက်ကားဟောင်းကလေးတစ်စီး ဝယ်နိုင်သွားခဲ့သည်။ သည်တုန်းက ဆိုက်ကားခပ်ဟောင်းဟောင်းတစ်စီးမှ တစ်သောင်းခွဲလောက်ပဲ ပေးရသည်။ မောင်လှစိန်တို့နှစ်ယောက် ရထားဈေးသည်ဘဝမှ ပင်စင်ယူသွားတော့၏။

*

ကြာတော့ ကြာခဲ့ပါပြီ။ အခုဆိုလျှင် ရထားကြီးနှင့် မေထွေး ခွဲခွာခဲ့ရသည်မှာ ဆယ်စုနှစ်တစ်စုပင် ရှိရောမည်။ သို့သော် ရထားဥဩသံကြားတိုင်း ရထားဈေးသည်များကို သတိတရရှိနေတတ်ပါသည်။ လေးနှစ်နီးပါး နေ့စဉ်နှင့်အမျှ ဆုံတွေ့ခဲ့ရသော သူတို့တစ်တွေ၏ ဘဝတွေကို ရင်းနှီးခဲ့ရမှုကြောင့်ပဲ ဖြစ်မည်ထင်သည်။ ဦးဖိုးထွန်း၊ မကြီးတင်မ၊ မောင်လှစိန်တို့ပင် မကပါ။

ဗယာကြော်ဒယ်ပိုင်းကလေးနှင့် ဆန်ခါခုံးကလေးစွပ်ထားသော သံတိုင်မီးဖိုကလေးမကာ ရွှေ့ကာ ပူပူနွေးနွေး ဗယာကြော်လုံးလေးများ ရောင်းတတ်သော ကုလားကလေးကိုလည်း မေထွေး မမေ့ပါ။ သူ့နာမည်

www.burmeseclassic.com

www.burmeseclassic.com



အရင်းကို မသိကြသော်လည်း သူ့အကြော်ဖိုသံတိုင်တွင် ကပ်ထားသော 'ကုလားလေးဗယာကြော်'ဆိုသည့် အမည်သာတွင်လေသည်။ မေထွေးတို့ ဗယာကြော်ဝယ်စားလျှင် အပိုတစ်ခုနှစ်ခု ထည့်ပေးတတ်သေး၏။

"ဆရာမားတို့က ကလေးတွေကို စာသင်ပေးတယ်နော်၊ ကျွန်တော်က ဆရာမားတို့ကို အကြော်ပိုထည့်ပေးပြီး အားပေးတာ၊ ဒါမှ နောက်ဘဝ ကျွန်တော် ပညာတတ်မယ်"

ကုလားကလေးသည် ရထားပေါ် စုန်ချည်ဆန်ချည် လိုက်ရင်းဖြင့် တစ်ကိုယ်တော်ဘဝကို ကျောင်းနေရသူဟု ဆိုပါသည်။

အပ်ချည်လုံး၊ ပရုတ်လုံး၊ ကလစ်၊ မီးခြစ် စသည့် ကျူလယာကုန်များကို လည်သိုင်းခုံဖြင့် တင်ရောင်းတတ်သော ဦးပေါက်စီကြီးကိုလည်း မေထွေးတို့ ခင်ပါသည်။ တစ်ခါက ရထားအထွက် တွဲပေါ်လှအတက် ခုံမှောက်ကျသဖြင့် ရထားသံလမ်းတစ်လျှောက် ဒါနပြုရင်း အရင်းပြုတ်ကာ တစ်လလောက် စုံးစုံးမြုပ်ပျောက်သွားခဲ့သေး၏။ နောက်တော့ ခုံဗန်းကလေးထဲမှာ ကုန်ပစ္စည်းစုံစီနဖာအပြည့်ဖြင့် ပြန်ပေါ်လာပြန်သည်။

"အရင်းအနှီးကလေးလိုတာ နေ့ပြန်ပေးနဲ့ ချေးရတာ ဆရာမရေ့ နှစ်ထောင်တောင် ယူရတယ်၊ တစ်နေ့ ရှစ်ဆယ်သွင်းနဲ့ တစ်လအကြေပေါ့"

"ရှစ်ဆယ်ဆိုတော့ တစ်လ နှစ်ထောင့်လေးရာပေါ့၊ နေစမ်းပါဦး ဦးပေါက်စီရဲ့၊ ဦးပေါက်စီကုန်က တစ်နေ့ ဘယ်လောက်မြတ်လို့လဲ"

"ကျွန်တော့်ကုန်က ငါးမူး၊ တစ်ကျပ်စားရတာ ဘယ်မြတ်လိမ့်မတုန်း"

"ဒါဖြင့် တစ်နေ့ ရှစ်ဆယ် ဘယ်လို ပေးသလဲ"

"ပေးရတာပဲလေ၊ ပေးနေတုန်း ကုန်သိပ်မဝယ်ဘူးပေါ့၊ အရင်းထဲက ဖဲ့ပေးရတာလေ၊ တစ်လကြေရင် ထပ်ယူ သည်လိုနဲ့ လိပ်ပတ်လည်သွားတာပါပဲ ဆရာမရယ်"



လိပ်ပတ်ဘယ်လိုလည်သလဲဆိုတာ မေထွေးမရှင်းသော်လည်း 'ဩော်' လို့သာ ထောက်ခံလိုက်ရ၏။ မေထွေးတို့မှာ ရထားဈေးသည်များအပြင် ည်းနဲ့ဝါး သီးချင်းသည်များနှင့်ပင် မိတ်ဆွေဖြစ်ခဲ့ရပါသည်။ ဘဝပေးကံချင်းမတူသော်လည်း တစ်ခရီးတည်းအတူ သွားနေကြသူများမို့ သံယောဇဉ်ရှိနေကြသလား မပြောတတ်ပါ။

နောက်တော့လည်း မေထွေးကိုယ်တိုင်ပင် မန္တလေးမြို့ ဆင်ခြေဖုံးရပ်ကွက်ကလေးထဲက စာသင်ကျောင်းကလေးသို့ ပြောင်းရွှေ့ခဲ့ရ၏။ ရထားကြီးစီးကာ ဘဝပေါင်းစုံ၊ အသံပေါင်းစုံကြား တိုးဝှေ့ရင်း အချိန်ပေးကာ ကျောင်းတက်ခဲ့ရသော ကျောင်းသွားလမ်းကလေးကို လွမ်းနေမိသလို ရထားဥဩသံနှင့်အတူ ရထားဈေးသည်များကိုလည်း မေထွေး သတိတရ ရှိခဲ့ရပါသည်။

*

ပြီးခဲ့သည့်နှစ်က ရထားကြီးစီး၍ ရွာကလေးဆီသို့ မေထွေး အလည်သွားဖြစ်ခဲ့သေးသည်။ ရထားကြီးပေါ်တွင် မေထွေး မသိသော ဈေးသည်တွေ တိုးလို့နေသည်။ မေထွေး၏မိတ်ဆွေ မကြီးတင်မတစ်ယောက်ကိုတော့ မတွေ့။ သူ့သားအကြီးကလေးပင် လူပျိုကြီးဖားဖား ဖြစ်လို့နေပြီ။ မေထွေး မေးမြန်းကြည့်တော့ "အမေ နေမကောင်းလို့ အိမ်မှာ အနားယူနေပြီ"ဆိုသော သတင်းကို ကြားခဲ့ရ၏။ မကြီးတင်မတစ်ယောက် တကယ်အနားယူနေတာလား၊ ဘဝရဲ့ အထုအထောင်းဒဏ်ကြောင့်ပဲ လဲနေလေသလား မေထွေး မတွေးတတ်ပါ။ ဦးပေါက်စီကြီးတစ်ယောက်ကတော့ ဆုံးသွားရှာပြီဆိုသည်။ ကုလားကလေးသတင်းကိုတော့ မေးမြန်းမရပါ။ ချောလင့်ဘဲ မောင်လှစိန်တစ်ယောက်ကို တွေ့လိုက်ရသဖြင့် မေထွေး ဝမ်းသာသွားမိသည်။ သူ့လည်ပင်းတွင် မုန့်ဆွဲကြိုးကြီးနှင့်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့... မောင်လှစိန်၊ မင်း ဆိုက်ကားမနင်းဘူးလား"

"ဆရာမရေ ဆိုက်ကားက တိုက်မှုဖြစ်လို့ လျော်ရပြုရနဲ့ ပေါင်းရင်းနှံရင်းဆုံးသွားတာ ကြာပေါ့၊ ကျွန်တော် ရထားဈေး ပြန်ရောင်းနေတာ သုံးလေးနှစ် ရှိနေပြီ၊ နေကောင်းတယ်နော် ဆရာမ"

တရိပ်ရိပ်ဖြင့် ပြေးလွှားနေသော ရထားပြူတင်းပေါက်မှ မြင်ကွင်းများကို မထွေး ငေးမောနေမိသည်။ သည်မြင်ကွင်းသည် ရထားကြီးနှင့်အတူ လိုက်ပါလာကြရင်း ဘဝတစ်ကွေ့ကို မောင်းနှင်ခဲ့ကြသော သူငယ်ချင်းဆရာမတွေကို အောက်မေ့ သတိရနေမိသည်။

"မထွေးက ဟန်ကျတယ်၊ ရွာမှာ အလှကုန်ကလေးတွေ ယူရောင်းတော့ ဝန်ပေါ့တာပေါ့၊ တို့အထည်ထုပ်တွေမှ သယ်ရပိုးရနဲ့"

မမြဝေက ဘေးမှာချထားသည့် မြေပြရေခွံအိတ်ကို ပြည်ရင်း စကားဆိုသည်။ မမူမူစိန်ကတော့ သည်တစ်ခေါက် သူရင်းလာသည့် ဖိနပ်ဖိုးဈေးတွက်ရင်း ချက်ရင်း "အမြတ်သိပ် မကျန်ပါဘူးဟယ်"ဟု ဆိုလေသည်။ မအေးသန်းကတော့ သည်နှစ် ဆောင်းမှာ ဆွယ်တာတွေရောင်းမည် စီစဉ်ကူးသတဲ့။ မအုန်းချစ်ကတော့ ဗလာစာအုပ်တွေ၊ ခဲတံတွေထည့်ထားသော ခြင်းကြားကြီး မနိုင့်တနိုင်ဖြင့် တွဲပေါက်ဝတွင် ရပ်နေသည်။ မထွေးတို့တစ်တွေ လည်းရထားစီးရင်း တာဝန်ကျရာ ရွာကလေးထဲကို ဈေးရောင်းခြင်းအလုပ်ကို လုပ်ခဲ့ကြသည်။ သို့သော် လက်ငင်းငွေချေကြတာ ရှားပါသည်။ စပါးပေါ်ချိန်၊ ငွေပေါ်ချိန်တွေကျမှ ပေးတတ်ကြသည်။ သို့သော် ကိစ္စမရှိ။ မထွေးတို့က ရှိတာကလေး ရင်းနှီးထားကြဖို့ပဲ လိုသည်။ သည်လိုနှင့် မထွေးတစ်ယောက် အလှကုန် ဖြတ်စဖျင်းတောင်း ဈေးအိတ်ကလေးနှင့် သုံးနှစ်ကျော် လေးနှစ်နီးပါး ရထားဈေးသည် ဖြစ်ခဲ့ဖူးသေး၏။

ရထားဥသြသံကြားတိုင်း ရထားဈေးသည်တွေကို သတိတရ ရှိတတ်ခြင်းသည်လည်း မထွေး၏ ဘဝကလေးကို အောက်မေ့နေမိခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။ အသံပေါင်းစုံ၊ ဘဝပေါင်းစုံကို တင်ဆောင်ရင်း ရထားကြီးကတော့ ခုတ်မောင်းနေဆဲပင်။

၂၀၀၄-ခုနှစ်၊ မတ်လ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# မိစျေး

## (၁)

မြို့ကလေးက ခပ်ကျဉ်းကျဉ်းပဲ ဖြစ်သည်။ အနီးချုပ်စပ် ရွာကလေးတွေထက်စာလျှင် စာသင်ကျောင်းကလေး၊ အခြေစိုက်ရုံးကလေး၊ တိုက်နယ်ဆေးရုံကလေးတွေ ရှိနေခြင်းသာ ပိုသည်။ မြို့ကလေးတွင် နေထိုင်ကြသူတွေကိုယ်တိုင်ကလည်း အနားရွာတွေက တောသူတောင်သားတွေနှင့် သိပ်တော့ မကွာကြပါ။ မြို့မဆန်သော မြို့ကလေး၏ ဈေးမဆန်သော ဈေးကလေးကြောင့်သာ မနက်ခင်းကလေး စည်ကားနေတတ်ခြင်း ဖြစ်၏။

ဈေးကလေးသည် မြို့မြောက်ဖျားတွင် တည်ရှိသည်။ လေးတိုင်စင်တဲကလေးတွေ စီကာ စဉ်ကာ ခပ်ကြဲကြဲထိုးထားသော ဆိုင်ကလေးများက လွဲလျှင် ကက်ဆက်ဆောင်းဘောက်သံ တအုံးအုံး ဆူနေတတ်သော လက်ဖက်ရည်ဆိုင်ကောင်းကောင်းပင် မရှိ။ လက်ဖက်ရည်သောက်ချင်လျှင်တော့ မြို့လယ်ခေါင်လောက်မှာ သွားသောက်ရသည်။ ဒါကလည်း အလှမ်းဝေးလှသည် မဟုတ်ပါ။ မြို့လယ်ဟုခေါ်ကြသည့် အိမ်ဆိုင်များရှိရာ

www.burmeseclassic.com

www.burmeseclassic.com



တာလမ်းတစ်လျှောက်သာ ကျောက်ခင်းလမ်း ရှိသည်။ ကျန်တာက မြေနီဆန်သော လမ်းကလေးများနှင့် ခပ်ခြောက်ခြောက် မြို့ကလေးပဲ ဖြစ်သည်။ အနီးအနား ရွာတွေကတော့ သည်ဈေးကို မြို့ဈေးဟု ခေါ်တတ်ကြပါသည်။

မြို့ဈေးကလေး၏ ထူးခြားချက်မှာ မနက်မိုးမလင်းခင် မှောင်တိမှောင်ဝါး အချိန်ကတည်းက စည်ကားနေတတ်ခြင်း ဖြစ်၏။ ဈေးဝယ်လာသူတွေက လက်နှိပ်မီး၊ ဖယောင်းတိုင် စသည်တို့နှင့် လာတတ်ကြသလို ဈေးသည်တွေကလည်း နို့မှုန့်ဘူး မီးစာတပ် ဒီဇယ်မီးခွက်ကြီးများထွန်းကာ ဈေးရောင်းလေ့ ရှိကြသည်။ မြို့ကလေး အရှေ့ဖျားရှိ ဘုန်းကြီးကျောင်းမှ မနက်လေးနာရီ တုံးခေါက်သံနှင့် တစ်ဆက်တည်းဆိုသလို မြို့မြောက်ဖျားက ဈေးကလေးဆီမှ လူသံတွေက တဝေါဝေါ ကြားနေရတတ်ပြီ။ မနက်စောစော နေကလေးအပြူ ရောင်းလို့ ဝယ်လို့ပြီးရင်တော့ မြို့ကလေးက ဘာမှမဟုတ်တော့သလို ငြိမ်သက်သွားတတ်ပြန်သည်။ တစ်ခါတစ်ရံ ကျောက်ခင်းလမ်းမကြီးပေါ် တရကြမ်းမောင်းနှင်သွားတတ်သော အဝေးပြေးကားကြီးများ၏ တကျောင်းကျောင်း တဂျင်းဂျင်း အသံကိုသာ ဆူဆူညံညံ ကြားရတတ်သည်။

အဲသည်နေ့က ပြာသိုနှင်းတွေ တဖွဲဖွဲကျနေသော နံနက်ခင်းကလေးမှာပဲ ဖြစ်သည်။ နှင်းမြူမကွဲတကွဲ၊ နေရောင်ခပ်ပါးပါး ဈေးကလေးပေါ် ဖြန်းကျနေခဲ့သည်။ နှင်းရည်စိုလူးနေသော သစ်သီးဝလံ ပန်းဖူးခိုင်များအပေါ် နေခြည်ကလေး ထိုးကျလာသဖြင့် လှချင်တိုင်းလှနေသော ဈေးကလေး၏ မင်္ဂလာနံနက်ခင်းကို အလန့်တကြား ခုန်ပေါက်ထွက်လာသော အသံစူးစူးက ရိုက်ပုတ်လိုက်သလိုပင်။

"မြမှူ ဗိုက်နာလို့တဲ့ဟေ့ လာကြပါဦး"



ကုန်စိမ်းသည် ဒေါ်အေးတင့်အသံက ဘယ်သူရယ်မဟုတ်ဘဲ တစ်ဈေးလုံးကြားအောင် ဟစ်နေခြင်း ဖြစ်သည်။ ဈေးဝယ်လာသူ၊ ဈေးရောင်း ဈေးသိမ်းလုပ်ကြသူအားလုံး၏ အာရုံတွေက ဈေးလယ်ရှိ ဒေါ်အေးတင့် အော်သံကြောင့် လန့်သွားကြသေးသည်။ ခဏနေတော့ ဈေးထုံးစံ အသံကြားရာ ဝေါခနဲ ဝိုင်းအုံကြလေတော့၏။ ထားရီက ဈေးဖန်းခင်းထားသော ကပ်ကြမ်းပေါ်မှာ ခြေဆင်းထိုင်ရင်း ညည်းညူနေသော မြမှူကို ပြေးပွေ့လိုက်သည်။ မြမှူ၏ကိုယ်ဝန်က ရင့်လှပြီ။ ကိုယ်ဝန်ရင့်သည်ရယ်လို့ နေနိုင်။ နားဖို့ပြောကြသော်လည်း မြမှူက ဈေးထဲ ပထမဆုံးရောက်လာတတ်သူသာ ဖြစ်၏။

"ထားရီရယ် ငါ မွေးတော့မှာ ထင်ပါရဲ့ဟယ်"

သူငယ်ချင်း မြမှူကို ပွေ့ဖက်ထားသည်မှလွဲ၍ ဘာလုပ်ပေးရမှန်း မသိကြီး ထားရီ မသိ။ ချမ်းသော ဆောင်းရာသီဆိုသော်လည်း မြမှူ၏ နားသယ်စပ်ဆီမှ စို့တက်လာသည့် ချွေးချွေးတွေကိုသာ ထားရီ တအံ့တသြ ငေးကြည့်မိ၏။ မြမှူ ဆိုင်ကလေးမှာတော့ ဘစတူဈေးသည်တွေ ဈေးဝယ်တွေ အုံကြီးကျင်းကြီး ဝိုင်းကြည့်နေကြသည်။

"ဟဲ့... သောင်းသောင်း၊ ဈေးထိပ်မှာ ဆိုက်ကားရှိသလား သွားကြည့်စမ်း၊ ရှိရင် တစ်ခါတည်းခေါ်ခဲ့၊ ကဲ... လူတွေ လူတွေ ဖယ်ကြစမ်းပါတော် တကတဲမှ"

နောက်ကို ဆုတ်သည်ဆိုရုံကလေး ရှဲပေးလိုက်ကြပေမယ့် တစ်ယောက်တစ်ပေါက် ပြောနေကြသည့်စကားသံကြောင့် ဆူညံလို့နေသည်။

"ဆိုက်ကားတစ်စင်းမှ မရှိဘူး"

"ဈေးလှည်းတွေလည်း ပြန်ကုန်ကြပြီတော်"

"သည်ပုံအတိုင်းဆို ဆေးရုံသွားဖို့ မလွယ်လောက်ဘူး၊ တော်ကြာ

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာမွေးနေရင် အခက်၊ ဟဲ့… ဆေးရိုးသည် အမေထွေးကို သွားခေါ် စမ်း;ဟဲ့ တစ်ယောက်”

အမေထွေးက ထားရီ၏ မိခင်ဖြစ်သည်။ အိမ်မှထောင်းသော လက်ဖြစ်ဆေးရိုး ဆေးရွက်များ ရောင်းသည်။ သားအမိနှစ်ယောက် မနက်ခင်း ဈေးကလေး ပြေးထွက်ကြခြင်း ဖြစ်၏။ တိုက်နယ်ဆေးရုံက မဝေးလှသော်လည်း သွားဖို့ပင် အခက်တွေ့နေရသည်။ ရွာထဲက ဝမ်းဆွဲဆရာမကို ပြေးခေါ်ဖို့ရာလည်း အချိန်မရှိတော့။

အမေထွေး ရောက်လာတော့ မြမှုက အမေထွေးလက်တွေကို အားကိုးတကြီး လှမ်းဆွဲလိုက်သည်။ ထားရီတို့ သားအမိရှိနေမှတော့ မြမှု မွေးရမှာ မကြောက်တော့ပြီ။ အမေထွေးက မြမှု ဗိုက်ကို လက်ဝါး နှစ်ဖက်ဖြင့် ပင့်တင်ကာ စမ်းကြည့်လိုက်သည်။ ရေမြှာတောင် ပေါက် နေပြီပဲ။

“ကိုင်း… ဆိုင်ကို စောင်ကလေးတွေ ကာလိုက်ဟဲ့၊ ဒီမှာတင် မွေးပေးရတော့မှာပဲ၊ လာဟဲ့ အေးတင့်”

“ကဲ… ကဲ… ဖယ်ကြပါတော်၊ တော်တို့အသံတွေက ဗိုက်ကြီးသည် မွေးမရဖြစ်နေပါဦးမယ်၊ ကိုင်း… အပျိုကြီးတွေ အပျိုလေးတွေ ထွက်ကြ စမ်း၊ ညည်းတို့အလုပ် မဟုတ်ဘူး”

ဆိုင်ကလေး၏ လေးဘက်လေးတန်ကို ဈေးက စောင်ပိုင်းတွေ ကာလိုက်ကြပြီ။ လူသံတွေလည်း ငြိမ်ကျသွားခဲ့ပြီ။ ထားရီက သူ့အထဲ မှာ မှီနေသော မြမှုကို စောင်ခေါင်းအုံးကလေးပေါ် မှေးတင်ပြီး ထ ပြင်သည်။ အပျိုကြီး အပျိုလေးတွေ ထွက်ကြဆိုသော်လည်း ထား ထွက်လို့မရ။ မြ က သိုင်းဖက်ထားသည် မဟုတ်လား။

“ထားရီ နင် ဘယ်မှ မသွားပါနဲ့နော်”



မမြင်ဝံ့ မမြင်အပ်ဆိုသော်လည်း အားကို တကြီး ကြောက်လန့်တကြား မော့ကြည့်နေသော သူငယ်ချင်း မြမှုကို ထား ရီ မထားသွားရက်ပါ။ မြမှု နားသယ်စပ်ဆီက ချွေးပွင့်ကလေးတွေကို ထား ရီ လက်ဖဝါးကြမ်းကြီး တွေနဲ့ သုတ်ပေးခဲ့ရဟာ နောက်ဆုံးပါပဲ။ အို… ထားရီ နားမလည်နိုင်ဟဲ့ ယာယီဒုက္ခကို မြမှု မချိမဆံ့ ခံစားရသည်ကော။ ကျဉ်းမြောင်းသော စောင်ကာ အခန်းကလေ ထဲမှာ လူ့လောကကိုရောက်လာသည့် ကလေး တစ်ယောက်၏ အော်ဟစ်ငိုကြွေးသံက ဈေးကလေး၏ မနက်ခင်းမှာ တစာစာ။

“ထားရီ ငါ့ကလေး နင့်လက်ထဲ အပ်ခဲ့မယ်… အပ်ခဲ့မယ်”

မြမှု နှုတ်ခမ်းခြောက်သွေ့သွေ့တွေကို ထားရီ လက်ချောင်းကလေးနဲ့ လှမ်းပိတ်ခဲ့မိသည် ထင်၏။ မြမှုတစ်ယောက် ကလေးငိုသံကိုတောင် ကြားသွားရပါလေစ။ ဖြစ်တောင့်ဖြစ်ခဲဆိုသော်လည်း ထိုနေ့က ဈေး ကလေးထဲမှာ ကလေးတစ်ယောက် မွေးခဲ့ဖူးပါ၏။ ထူးဆန်းသည်မဆိုသာ သော်လည်း သည်အကြောင်းက မြို့ကလေးမှာ နှစ်ပေါင်းများစွာ အကြောင်း သင့်တိုင်း ပြောစရာဖြစ်ခဲ့ရသည်။

*

“ဈေးထဲမွေးတော့ မိဈေးပေါ့ဟဲ့ ရွှေမိ၊ ရွှေအိ လုပ်မနေပါနဲ့တော့”

အမေထွေး နာမည်ပေးခဲ့သော မိဈေးကလေးကို ထားရီ ခက်ခက် ခဲခဲ မွေးမြူခဲ့ရသည်။ ရည်းစားတောင် ဟုတ်ဟုတ်ငြားငြား မထားခဲ့ဖူးသော မကျည်းတန် ထားရီတစ်ယောက် နီနီထွေးထွေးကလေးတစ်ယောက်ကို အလိုလိုပိုင်ဆိုင်ခဲ့လေသည်။ ဈေးကလေးထဲမှာ ကလေးမီးဖွားပြီး နာရီပိုင်း အတွင်း အိမ်အရောက်ပို့ခဲ့ကြသော်လည်း သမီးကလေးကို လူ့လောကထဲ

www.burmeseclassic.com

www.burmeseclassic.com



ထားရစ်ကာ မြမှူ ဘဝတစ်ပါး ပြောင်းသွားခဲ့သည်။ သည်ကြေကွဲစရာတွေ အပြီးမှာတော့ ထားရီ ကလေးမိခင် ဖြစ်ရပြီ။ သူငယ်ချင်းမြမှူ သူ့သမီးကလေးကို ထားရီ လက်ထဲ စိတ်ချလက်ချ ထားသွားခဲ့တာ တစ်ဈေးလုံးသိသည်။ မြမှူ၏ ဆွေမျိုးတွေကလည်း ကျေနပ်ကြသည်။ သားအမိနှစ်ယောက်တည်းရှိသော ထားရီအိမ်ကလေးမှာ ကလေးငိုသံတို့ဖြင့် လှုပ်ခတ်လာခဲ့သည်။

"ဟောတော့် အမေရေ၊ မိဈေးက အီး… အီးတွေနဲ့တော့်"

အမေထွေးက တစ်သက်နှင့်တစ်ကိုယ် မွေးမချီရတော့ဘူး ထင်ခဲ့မိ၏။ အခုတော့ မိထားရီက ကလေးအမေတောင် ဖြစ်နေပါရော့လားလို့ စဉ်းစားမိတိုင်း ပြုံးစိစိ ကြည့်ခဲ့မိသည်။ စကားကလေး မပီကလာ ပီကလာ တတ်လာတော့လည်း သူ့မှာ သင်လိုက်ရတဲ့ စကား။ ဈေးထွက်ရောင်းရတာကိုပင် စိတ်မရှည်ချင်တော့။

"မေထားရီ ခေါ်စမ်း မိဈေး၊ မေထားရီ"

"မေကျားရီ"

"ရှင်… ရှင့်၊ အံမယ်လေး… ချစ်စရာ ကောင်းလိုက်တာဟဲ့၊ မေကျားရီတဲ့ အင့်ဟယ်… အင့်ဟယ်"

ကလေးတစ်ကိုယ်လုံး သိုင်းပွေ့ထည့်ပြီး အငမ်းမရ နမ်းတော့သည်။ အချစ်ကြမ်းသော ထားရီလက်ထဲမှာ မိဈေး ငိုယူရသည်အထိ။ ကလေးနိုတာရဲ့ကလေးကတည်းက စောင်တဘက် ပခုံးစလွယ်သိုင်းကြီးထဲထည့်၍ ရင်မှာအပ်လို့ ထားရီ လွယ်ခဲ့သည်။ မှောင်မှောင်မည်းမည်း ဈေးတောင်းကြီး ခေါင်းပေါ်ပင့်တင်ရင်း ယိုင်သွားတတ်သည့် ဖက်ကလေးကို မခိုင့်တစ်ခိုင် ထိန်းထားရင်း ထားရီ ဈေးရောင်း မပျက်ခဲ့။



"အမေ ကျုပ်ခေါင်းပေါ်က တောင်းအရင်ချပေး၊ ကလေးမယူလိုက်နဲ့ဦး၊ နိုးသွားလိမ့်မယ်"

ခပ်လှမ်းလှမ်း ဈေးသည်တွေဆီက မီးခွက်မီးရောင်ကို အားပြုရင်း ထားရီ ခေါင်းပေါ်က ဈေးတောင်းကြီးကို အမေထွေး အရင်ချပေးရသည်။ ခေါင်းပေါ်က တောင်းလွတ်သွားတော့မှ သူ့ရင်ခွင်ထဲက ကလေးကို လက်တစ်ဖက်နဲ့ထိန်း၊ ကျန်တဲ့တစ်ဖက်နဲ့ ပခုံးက တဘက်ထုံးကိုဖြည်ပြီး ကလေးကို ကပ်ကြမ်းပေါ်က စောင်ပုံကြီးထဲ ထည့်သိပ်ပြန်သည်။ ပြီးမှ ဈေးဗန်းခင်း၊ ထားရီ ငယ်ငယ်တုန်းကတောင် အမေထွေး သည်လောက် အပင်ပန်းမခံခဲ့ရ။ ဒါကြောင့်လည်း သင်းကို ဈေးထဲက ကဲ့ရဲ့တာပေါ့ဟု အမေထွေး တွေးမိသေးသည်။ ထုံးစံအတိုင်း သဘောထားတွေကလည်း အမျိုးမျိုး။

"ထားရီတို့များ လင်မရ အသာမနေဘူးဟဲ့၊ အရှုံးနွား အတွားကျောင်းရတယ်လို့၊ ကြည့်နေပါတော် ကလေးက အမှန်မသိတတ်သေးလို့ပါ"

တချို့ကလည်း မိဈေးကလေးအပေါ် ထားရှိသော ထားရီ၏ မေတ္တာတရားကို ကရုဏာသက်ကြသည်။ ထားရီ၏ အပြုအမူ အယုယကို တွေ့ကြတာ ဈေးသည်အချင်းချင်း မြမှူကို အောက်မေ့ကြသလို ထားရီကို ကျေးဇူးတင်ကြတာလည်း ရှိသည်။

"မိဈေးကလေး သနားပါ့ဟယ်၊ ထားရီလက်ထဲ ရောက်လို့သာပေါ့၊ မြမှူအမျိုးတွေ လက်ထဲနေရင်တော့ ဒီလောက် သက်ဆိုးရှည်မှာ မဟုတ်ဘူး"

"ထားရီနဲ့ မြမှူတို့က ငယ်ငယ်ကတည်းက လည်ပင်းဖက်လာကြတဲ့ ငယ်သူငယ်ချင်းတွေအေ့၊ တစ်ယောက်တစ်ယောက်လည်း ချစ်ကြတာပေါ့၊ ဒါကြောင့် ထားရီက မိဈေးကလေးကို ချစ်တာနေမှာပေါ့"

မိဘမရှိရှာသော မြမှူက ထားရီအမေ ဆေးရိုးသည် အမေထွေးကို သူ့အမေလိုပဲ သဘောထားကာ ချစ်ခင်ခဲ့သည်။ အစ်ကိုနှင့် နေရသည်ဆို

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သမီးယောင်းမ မတည့်ကြတော့ မြမှုခများ ထားရီတို့သား အမိကို ပိုအားကိုးရာသည်။ မြမှု အိမ်ထောင်ပြုတော့ အမေထွေးကိုယ်တိုင် မြမှု၏မိဘအရာမှာ ရပ်တည်ပေးခဲ့သည်။ မြမှုယောကျ်ား ကိုလှဦးကတော့ သည်မြို့ကလေးကို ဖြတ်သွား ဖြတ်လာ ကုန်တင်ကားကြီးပေါ်က နေ့မြင်ညပျောက် စပယ်ယာဟု ဆို၏။ မှုးစာရှိလို့ ညားကြတာပဲဟု ဆိုရသော်ငြား မြမှုကိုယ်တိုင် ကိုလှဦးကိုယူမိတာ မှားခဲ့ကြောင်း ရက်တွေ ညောင်းမှ နားလည်ခဲ့ရသည်။ ငါးလလောက် ပေါင်းသင်းပြီးကတည်းက ကိုလှဦး ပေါ်မလာတော့။ ပါနေကျ ကားကြီးပေါ်မှာ ကိုလှဦး ပါမလာတော့။ မြမှုကလည်း ကိုလှဦးကို မမျှော်တော့ပါ။ သူ့ကိုယ်သူသာ အပြစ်တင်တာပဲ ရှိသည်။ ကလေးတစ်ယောက်တော့ သူ ကျွေးနိုင်သည်။

"သူ လာမှာပါ ထားရီရယ်၊ တစ်ခုခုများ ဖြစ်နေသလား၊ မသိပေါင်ဟယ်"

"ငါ့မှာ ကိုယ်လေးလက်ဝန်ကြီးနဲ့ဆိုတာ သူ သိသားပဲ"

မြမှုကိုချစ်တဲ့ ခင်တဲ့စိတ်ကလေးသာ မရှိပါခဲ့လျှင် အများတကာ စကားတင်းဆိုနေကြသလို ထားရီ ပြောမိမှာ အမှန်ပဲ ဖြစ်သည်။ မြို့ကလေးကို ဖြတ်သွားဖြတ်လာ ကုန်တင်ကားတွေဆီက သတင်းစကား စုံစမ်းရုံမှတစ်ပါး မြမှုခများ ကိုလှဦးကို ငုတ်တုတ်ထိုင်စောင့်နေရုံသာ တတ်နိုင်ခဲ့၏။ မြမှု ဘယ်လောက်စောင့်စောင့် ကိုလှဦးကတော့ သည်မြို့ကလေးဆီ ရောက်မလာခဲ့တာ လေးဆောင်းတောင် ကျော်ခဲ့ပြီ။ မိချေးကလေးတောင် သိတတ်သည့် အရွယ်ရောက်လာခဲ့ပြီကော။

*

အမေထွေးမှာလည်း တစ်နေ့တစ်နေ့ ဒါကိုပဲ ပူပန်နေခဲ့ရသည်။ တကယ်လို့ မောင်လှဦးတစ်ယောက် ကောက်ကာငင်ကာ ရောက်လာခဲ့



လျှင် သူ့သမီး သူ့ရင်သွေးကလေးကို ထားရီ ရင်ခွင်ထဲက ဆွဲထုတ်သွားခဲ့ပါလျှင် ရစ်ပတ်နှောင်တွယ်နေသော သံယောဇဉ် မေတ္တာကြိုးက အဖြည်ရခက်ပါဘိသနဲ့။ အမေထွေးကိုယ်တိုင်သည်ပင် ထားရီနှင့်မိချေးက သူ့နှလုံးသားအစုံ ဖြစ်နေခဲ့ပြီ မဟုတ်လား။ ထားရီကတော့ မိချေးကို ကလေးအသိနှင့် နားလည်နိုင်သလောက် ဘဝမှန်ကို ပြောပြထားပြီး ဖြစ်သည်။

"မိချေးရဲ့ အဖေက ကိုလှဦးတဲ့၊ ကားကြီးတွေပေါ်မှာ နေတာ၊ အမေက မမြမှုတဲ့၊ သူက မေထားရီလိုပဲ ချေးရောင်းတာ၊ မှတ်ထားနော်"

"မေထားရီကရော"

"ဟင်... မေထားရီကလား၊ မေထားရီကလည်း မိချေးရဲ့ အမေပဲပေါ့၊ ဟား... ဟား... ဟား"

သည်လိုတော့လည်း ထားရီက ပေါ့ပေါ့ပါးပါး ရယ်နိုင်လေသည်။ မိချေးကလေးကလည်း မြမှု သမီးပီပီ စိတ်ကလေးတော့ ထန်ပုံရသား။ ကလေးချင်း ဆော့ကစား၍ ရှုံးလျှင်ပင် မျက်နှာပျက်တတ်သူမဟုတ်။ မွေးကတည်းက ချေးကလေးထဲ လူလားမြောက်ခဲ့ရသော မိချေ က ထားရီကို ချေးကူရောင်းတတ်နေပြီ။ တစ်ချေးလုံးကလည်း မိချေးဘဝကို သိကြသည်။ တစ်ချေးလုံးမကပါဘူးလေ တစ်မြို့လုံး တစ်နယ်လုံးက မိချေးနှင့် ထားရီတို့ဘဝကို စာနာနားလည်ပေးခဲ့ကြလေသည်။

"ထားရီ ညည်းသမီး ဘယ်နှစ်နှစ် ရှိပြီတုံး"

"ဒီဆောင်းကျွတ်တင် ငါးနှစ်ပြည့်ပြီပေါ့တော်၊ လာမယ့်နှစ်ဆို ကျုပ်သမီး ကျောင်းတောင် ထားပေးရတော့မှာလေ"

မိချေးကလေးကို ကျောင်းထားပေးဖို့ ထားရီ စုဆောင်းပြီးလည်း ဖြစ်သည်။ မိချေးကိုပြောပြတော့ မိချေး စကားတတ်လိုက်ပုံများ ထားရီး အရည်ပျော်မယ်ဆိုလည်း ပျော်ချင်စရာ။

"ဟင့်အင်း သမီး ကျောင်းမနေဘူး၊ မေထားရီနဲ့ပဲ ချေးကူရောင်းမှာ"

www.burmeseclassic.com

www.burmeseclassic.com



သည်လိုပြောလျှင် ထားရီက မကြိုက်ချင်သည့်ကြားမှ ကျေနပ်နေတတ်သည်။ မိချေးကလေးကို အရွယ်ရောက်လာလေ ချစ်ရလေ၊ သံယောဇဉ်နှောင်းတင်းရလေ ဖြစ်သည်။ သူ့အမေ မြမှုဆိုလျှင်လည်း သူ့သမီးကလေးကို ချစ်ရှာမှာပါပဲ။ မြမှုကို သတိရမိလေတိုင်း ထားရီရင်မှာနင့်နင့်နဲ့နဲ့ ခံစားနေရဆဲပင်။

"မြမှုရယ် နင် ရှိနေရင်လည်း တို့နဲ့အတူ နေမှာပေါ့ဟယ်"

စင်စစ်တော့ မြမှုကို ချစ်ရသောကြောင့် မိချေးကလေးကို ပိုချစ်ရခြင်းပဲ မဟုတ်လား။

"ထားရီ ကလေးကျောင်းထားရတော့မှာဆိုတော့ ညည်း ဒီတစ်ခါစရိတ်ကြေးပေါက်ရင် အိမ်မပြင်နဲ့ဦးအေ၊ ကလေးအတွက် လိုအပ်တာသာဝယ်ထားတော့ အိမ်က နောက်နှစ်နွေကျမှ ပြင်ကြတာပေါ့၊ ဟုတ်ဘူးလား"

ဆေးရိုးထောင်းနေရာမှ ထားရီ အမေ့ကို ခေါင်းညိတ်ပြလိုက်မိသည်ထင်၏။ ထားရီအတွေးကတော့ ရှေ့ခရီးကို နင်လို့နေသည်။ မိချေးရဲ့အင်္ကျီလေးတွေ၊ ဘောင်းဘီကလေးတွေ စိတ်ကူးနှင့် လှမ်းဝယ်ကြည့်နေမိ၏။ လွယ်အိတ်ကလေး၊ စာအုပ်ကလေးတွေ၊ ပြီးတော့ ဖိနပ်ကလေးခြေအိတ်ကလေးတွေ မိချေး ကျောင်းသွားတက်လျှင် သားအမိနှစ်ယောက်ပျင်းနေကြရဦးမှာပေါ့။ ကျောင်းကပြန်လာရင် မိချေးက ကဗျာတွေ စာတွေရွတ်ပြဦးမှာပဲ။ ကျောင်းက ကလေးတွေနဲ့ ရန်တွေ ဘာတွေများ ဖြစ်ကြဦးမှာလား။ မိချေးကလေးကိုများ နှိမ်နေကြမှာလား။

ဟော... တကယ့် အရေးကြီးတာကိုမှ ထားရီ မေ့နေသည်။ ကျောင်းထားမှာဆိုတော့ မိချေးကို နာမည်ပေးဖို့ လိုလာပြီ။ မိချေးကို နာမည်ပေးဖို့ စဉ်းစားလာတာကိုက မိချေး အရွယ်နှင့်အမျှ ရှိခဲ့ပြီ။ ရုပ်ရှင်မင်းသမီးနာမည်တွေလည်း မှည့်ကြည့်ခဲ့ဖူးပြီ။ ကြားဖူးနားဝ နာမည်လှလှ



ကလေးတွေလည်း စုံလှပြီ။ အခုထိ ထားရီ စိတ်တိုင်းမကျနိုင်သေး။ ပြောသာ ပြောရသည်။ မိချေးဆိုသည့် နာမည်က တွင်နေပြီ။ ဘဝဆန်သည်။ ဈေးဆန်သည်။ ပြီးတော့ အဓိပ္ပာယ်တွေလည်း ရှိနေသည်။

"ဟောတော့၊ အမယ်လေး... နာလိုက်တာတော်"

ဆေးရိုးထောင်းသည့် ကျောက်ကျည်ပွေ့ကြား ညှပ်သွားသော လက်ခလယ်ကလေး ပွထူသွားတော့ ထားရီပါးစပ်ထဲ အမြန်သွင်းကာငုံထားလိုက်မိ၏။

*

"ထားရီ ထားရီ ဟဲ့... ကောင်မလေး အမယ်လေး ထတော့၊ နေက်လင်းမှများ ထမင်းလုံးတစ္ဆေခြောက်ရတယ်လို့အေ၊ ညည်းနှယ်ယောင်နေလိုက်တာများ ဟိုဘက်အိမ်ကတောင် ကြားလောက်ရဲ့ တကတဲမှဒီကနေ့ မိချေးကို ကျောင်းအပ်ရမှာလေ၊ ဟိုမှာ ကလေးတောင် နိုးနေပေါ့"

ထားရီ မျက်လုံးကို ပွတ်ပြီးထလိုက်တော့ တကယ့်ကို မိုးလင်းနေပြီ။ ညတုန်းက ထားရီ တောင်တွေး မြောက်တွေးနှင့် အိပ်မပျော် ဖြစ်ခဲ့သည်။ လင်းကြက်တွန်မှ တစ်မှေးကလေး အိပ်ပျော်သွားတုန်း အိပ်မက်ထဲမှာ ကိုလှဦးနှင့် တွေ့လိုက်ရသေး၏။ ထားရီ တစ်သျှောက်လုံး မက်ခဲ့သည့် အိပ်မက်တွေထဲကအတိုင်း မိချေးကို လာတောင်းခြင်းပဲ ဖြစ်သည်။ အိပ်မက်အကြောင်း အမေ့ကို ပြောမည်ပြင်ပြီးမှ ထားရီ မပြောခဲ့တော့။ သည်အိပ်မက်ဟာ အမေ ပြောသလို ထမင်းလုံးတစ္ဆေခြောက်တာပဲ ဖြစ်ပါစေတော့။ ရင်ဆိုင်တွေ့ခဲ့လျှင်တောင်မှ မိချေးအတွက်ထားရီ အသက်ချင်းလဲဖို့ စိတ်ကူးပြီးသား။ မိချေးကို တစ်သက်လုံးပိုင်ရောက်သွားဖို့ ထားရီ ဆုံးဖြတ်ချက်ကို ခိုင်ချည်ပြီးသား။

www.burmeseclassic.com

www.burmeseclassic.com



"မေထားရီ သမီး ကျောင်းသွားရမှာဆို"

"အေး... အေး"

မိချေးက ထားရီ ရင်ခွင်ထဲ တိုးဝင်လာသည်။ ထာ.ရီကတော့ ငယ်ငယ်တုန်းကထက် မလျော့သော အနမ်းများဖြင့် အတင်းဖိနမ်းခဲ့ လိုက်၏။ သားအမိနှစ်ယောက် ရေမိုးချိုးပြီး မူလတန်းကျောင်းကလေး ဘက် ထွက်ခဲ့ကြသည်။ မိချေးကလေးက ထားရီ စိတ်ကူးထဲက ဒဏ္ဍာရီ နတ်သမီးကလေးလို လှနေ ပနေလိုက်ပုံများ။ တကယ့် ကျောင်းသူမလေး မိချေး၊ အဖြူအစိမ်း ဂါဝန်၊ ခြေအိတ်ဖြူ၊ ဖိနပ်ဖြူ ပါးကွက်ကလေးဖွေး ကျားနှင့် လှချင်တိုင်းလှနေသည့် မိချေး။

"ဟဲ့... ကလေးကို လက်က ဆွဲသွားလေ၊ ဒီအရွယ်ကြီးကျမှ ချိုး နေရသေးအေ၊ ကလေး လွှတ်လွှတ်လပ်လပ် လျှောက်ပါစေဟဲ့"

"အို... အမေကလည်း ခြေထောက်ကို သနပ်ခါး လိမ်းပေးထား လို့ပါတော့်"

စာသင်ကျောင်းကလေးထဲကို ထားရီတို့သားအမိ ဝင်ခဲ့ကြတော့ ကျောင်းအပ်လာကြသော ကလေးမိဘတွေနှင့် ဆုံကြသည်။ တသွေးတစ်မွေး ဖြစ်နေသော မိချေးကို ဝိုင်းကြည့်ပြီး "ထားရီ သမီးက ချစ်စရာလေးဟယ်" ဟု ဆိုကြတော့ ရင်ထဲ ပီတိအဟုန် စိမ့်ဝင်သွားသည်။ သည်မြို့ကလေးရဲ့ တစ်ကျောင်းတည်းသော မူလတန်းကျောင်းကလေးက ဆရာမတွေကလည်း မိချေးကလေးကို သိကြတာ မဟုတ်လား။ ကျောင်းအပ်လက်ခံသော ဆရာမက မိချေးကိုကြည့်ရင်း ပြုံးပြသည်။

"ကဲ... သမီးနာမည် ဘယ်လိုခေါ်လဲ"

"မိချေး"



မိချေးက သွက်သွက်လက်လက်နှင့် ဝင်ဖြေသည်။ ဆရာမက သဘောကျပြီး ရယ်တော့ မိချေးပါ လိုက်ရယ်နေသည်။

"ကျောင်းမှာတော့ မိချေး မလုပ်နဲ့တော့၊ နာမည် လှလှကလေး တော့ ပေးမှကောင်းတာပေါ့၊ နော... မထားရီ"

ဆရာမက ပြုန်းခနဲ ထားရီဘက် လှည့်ပြောလိုက်တော့ ထားရီမှာ အယောင်ယောင်အမှားမှား၊ ညတုန်းက နောက်ဆုံး စဉ်းစားထားသော နာမည်ကို ထားရီ မေ့နေပြန်၏။

"သမီးနာမည် မိချေးပဲ ဆရာမ"

မိချေးက ဝင်ပြောပြန်သည်။ ဆရာမက မွေးစာရင်းထဲက အမည် အတိုင်း 'မိချေး'ဟု မှတ်ပုံတင်စာအုပ်ထဲမှာ ရေးလိုက်ပြီ။

"ကဲ... သမီး အဖေနဲ့ အမေကတော့ မထားရီ"

ဆရာမက ထားရီကို အားတုံ့အားနာဟန်ဖြင့် မော့ကြည့်ရင်း မေး သည်။ ဈေးရောင်းသွက်သော ထားရီ့နှုတ်က အခုတော့ ဆွံ့အလို့နေသည်။ ဘယ်သူ့နာမည်ပြောရမှန်း သူ မသိ။ သည်အချိန်မှာပင် မိချေးက ရုတ်တရက် ဝင်ပြော၏။

"အဖေ ကိုလှဦး၊ အမေ မမြမူ၊ အဖေ ကိုလှဦးက ကားကြီးပေါ် မှာ၊ အမေ မမြမူက ဈေးရောင်းတာ"

ထားရီ၏ မျက်ဝန်းတွေ စိုစွတ်လာခဲ့တော့၏။ ကလေးပြောတာ ဟုတ်သားပဲ။ သမီးကလေး မိချေးပြောတာ မှန်သားပဲ။ ထားရီ စိတ်ကို ထိန်းထားရင်းက ရင်ထဲမှာ ညကအိပ်မက် ပြန်ရောက်လာသည်။ ကိုလှဦး က သူ့သမီးကလေးကို လာလုနေတာမျိုး ခံစားနေရသည်။ ဆရာမက ထားရီ မျက်ရည်စတွေကို မော့ကြည့်နေသည်။ ထားရီ မျက်ရည်တွေ သွန်ကျနေသည်ကလွဲ၍ ဘာစကားမှ မဆိုမိ။

www.burmeseclassic.com

www.burmeseclassic.com



"အမေ ကိုလှဦး၊ အမေ မမြမှု"

မိချေးက ကလေးပီပီ တစ်ကျော့ပြန် ပြောနေပြန်သေး၏။ မျက်ရည်ကြားက ထားရီပြုံးရင်း ခေါင်းညိတ်ပြလိုက်သည်။ တာလမ်းဘက်ဆီက အဝေးပြေးကားကြီးတစ်စင်း ဖြတ်မောင်းသွားသံက ကျောင်းကလေးထဲ ရောက်လာခဲ့၏။ ထားရီနှုတ်က အလိုလို စကားတွေ သွန်အန်ကျလာသည်။

"ဟုတ်တယ် ဟုတ်တယ်၊ မိချေး ပြောတာ မှန်တယ်"

မိချေး မိဘတွေအကြောင်း မိချေး အပါအဝင် အားလုံ. သိကြပြီးသား။ မြို့ကလေး ကျဉ်းကျဉ်းကလေးထဲက ဈေးကလေးတစ်ဈေးမှာ ဖြစ်ခဲ့ပျက်ခဲ့သော ဇာတ်လမ်းဟောင်းကို သူကကော ဘာလို့ ဖုံးကွယ်ထားရမှာလဲလို့ ထားရီ တွေးမိသည်။ နှစ်တွေ ဘယ်လောက်ကြာကြာ မိချေး လူလားမြောက်ခဲ့ရသော ဘဝကို စကားလက်ဆင့်ကမ်းခဲ့ကြပြီးသားမို့ ညာလို့မရနိုင်တာ အမှန်ပဲ ဖြစ်သည်။ မိချေးဆိုသည့် လက်တွေ့ဆန်သည့် နာမည်သည်ပင် ထိုနေ့မှစ၍ မှတ်ပုံတင်ပြီးသား ဖြစ်သွားခဲ့ပြီ။

မိချေးကို ကျောင်းခန်းကလေးထဲ ထားခဲ့ပြီး ထားရီ ထွက်လာခဲ့တော့ ကျောင်းပေါက်ဝမှာ ကိုလှဦးကို ဘွားဘွားကြီး တွေ့လိုက်ရသည်။

"ဟင်... ကိုလှဦး၊ ရှင်... ရှင် ဘာလာလုပ်တာတုံး၊ သွား... သွား"

ထားရီ အသံဟာစ်ကာ အော်တော့ ကိုလှဦးက ကြောင်ကြည့်နေသည်။ မျက်ရည်တွေ ဝေဝါးနေသည့်ကြားက ကိုလှဦး၏မျက်နှာ ညှင်းသိုးသိုးကြီးကို ထားရီ လှမ်းကြည့်ရင်း အသားတွေ ဆတ်ဆတ်တုန်လာသည်။

"ပြောမရဘူးလား ကိုလှဦး၊ ကျုပ် ခဲနဲ့ ထုမှာနော်"

ကျောင်းတံခါးနုထားသော အုတ်ခဲကိုကောက်၍ ထုမည်လုပ်နေသော ထားရီကို လူတွေက ဝိုင်းဆွဲကြသည်။ ကျောင်းခန်းကလေးထဲမှ ဆရာမနှင့်အတူ မိချေးလည်း ထွက်လာသည်။



"မထားရီ ဘယ်လိုဖြစ်တာတုံးရှင့်၊ ဒါ ကျွန်မတို့ကျောင်းက ကျောင်းစောင့်ကြီးလေ"

"ဟင်..."

ထားရီ မျက်ရည်တွေသုတ်ရင်း ကျောင်းစောင့်ကြီးကို အားတုံ့အားနာ လှမ်းကြည့်လိုက်မိသည်။ ဘေးကလူတွေက တစ်အုပ်အုပ်နှင့်ရယ်ကြတော့ ထားရီ ရှက်နေသည်။ ထိုရယ်သံတွေထဲမှာ မိချေးရယ်သံလည်း ပါသည်။-

ထားရီကတော့ မရယ်နိုင်ပါ။ သည်လို ထမင်းလုံး တစ္ဆေကတော့ သူ့ကို တစ်သက်လုံး ခြောက်လှန့်နေမှာတော့ သေချာသည်။ လောကဖြစ်စဉ်ထဲတွင် အမှန်တရားကို မည်သည့်အကြောင်းတရားကမှ အနိုင်ယူ၍ မရနိုင်ကြောင်း ထားရီ ကောင်းကောင်းကြီး သဘောပေါက်ခဲ့ရသည့် နေ့လည်း ဖြစ်သည်။

သည်းထိပ်ရင်ဖိမဂ္ဂဇင်း၊ ၂၀၀၄–ခုနှစ်၊ ဇူလိုင်လ။

www.burmeseclassic.com

www.burmeseclassic.com

ခင်ခင်ထူး



www.burmeseclassic.com

www.burmeseclassic.com

# အမေ့ဈေးသေတ္တာကလေး

## (၁)

အခုတလော ဒေါ်မေက ကျွန်မတို့ကို သူပိုင်အိမ်ထောင်မှု ပစ္စည်းဟောင်းကလေး တစ်ခုမဟုတ်တစ်ခု စိတ်ကူးလက်ရ ပေးတတ်ပါသည်။ ကျွန်မသတိထားမိသလောက် အထူးသဖြင့် သည်ဘက်နှစ်တွေမှာ အပေးစိတ်လာသည်။ တလောက ရှေးက လှေကြီးတွေမှာသုံးကြသည့် လှော်တက်ကြီးတစ်ချောင်း ပေးပါသည်။ လှော်တက်ကြီးက ကျွန်မအရပ်ထက်ရှည်ပြီး တက်ပြားကြီးကပင် ဓာတ်ပုံကြီးကြီးတစ်ချပ်စာလောက် ရှိသည်။ ချေးတွေ ညှော်တွေက ဖြက်သန်းမှုကို ပြနေသည်။ ကျွန်မက အိမ်ရောက်တော့ ဝင်းစက်သွားအောင် ကော်ဖတ်စားလိုက်သည်။ ဝင်းပသွားသော လှော်တက်ကြီးကိုကြည့်ရင်း သည်လှော်တက်ကြီးဖြင့် မြစ်စုန်မြစ်ဆန် လုပ်ကိုင်ကျွေးမွေးခဲ့သော ကျေးရူးရှင် အဖေနှင့်အမေ လှေသမားဇနီးမောင်နှံကို မြင်ယောင်လာမိသည်။ မြစ်ဆိပ်ကကောက်လာတိုင်း သည်လှော်တက်ကြီးကို ထမ်းလာတတ်သော အဖေ အခု မရှိတော့။ လှော်တက်ကို လှေကြီးပေါ်မှာ မထားခဲ့ဘဲ ဟန်ပါပါ ထမ်းလာတာကို ထိုစဉ်က ကျွန်မ သဘော

www.burmeseclassic.com

www.burmeseclassic.com



မပေါက်ခဲ့မိပါ။ တကယ်တော့ အဖေက သူ ပင်ပင်ပန်းပန်း လုပ်ကိုင်ကျွေးမွေးနေတာ သားသမီးတွေကို ပြခြင်းဖြစ်နိုင်သလို တစ်နည်းအားဖြင့် မောင်နှမတွေများသော ကျွန်မတို့ကို စာကြိုးစားကြ၊ ကိုယ့်တာဝန်ကိုယ်ကျေကြလို့ နှုတ်ကမပြောဘဲ လော့်တက်ကြီးကို ပြောခိုင်းခြင်းလည်းဖြစ်နိုင်ပါသည်။ အခုတော့ သည်လော့်တက်ကြီးကို ကျွန်မတို့ ဧည့်ခန်းမှာ ချိတ်ထားရင်း ကျွန်မ ဂုဏ်ယူနေတတ်ခဲ့ပြီ။ မော့ကြည့်လိုက်တိုင်း မိဘနှစ်ပါး ကျေးဇူးဂုဏ်ရည်သည် လော့်တက်မှတစ်ဆင့် ကျွန်မထံ စီးဆင်းလာတတ်ပါသည်။

လော့်တက်ကြီးပေးပြီး သိပ်မကြာခင်မှာ အမေက တုတ်ကလေးတစ်ချောင်းကို ပေးပြန်ပါသည်။ ရင်းတိုက်နှစ်သားလို မာကြောပြောင်လက်နေသည့် တစ်တောင်ခန့်ရှည်သည့် ကျပ်လုံးဝိုင်းသာသာ တုတ်ချောင်းကလေးတစ်ချောင်းသာ ဖြစ်၏။

"ဒါ အမေတို့ စဥ့်အိုးဖောင်တွေဆွဲပြီး စဥ့်အိုး မြေအိုးတွေရောင်းတုန်းက အိုးခေါက်တုတ်ပေါ့၊ အိုးဝယ်သူလာရင် ဒီတုတ်နဲ့ ခေါက်ခေါက်ပြရတာ၊ ဒေါင်ခနဲမြည်ရင် ဝယ်သူကကြိုက်တော့ ဝယ်ဖြစ်အောင် ခေါက်ပြရတာပဲ၊ အမေတို့ တစ်သက်လုံးသိမ်းလာတာ မပျောက်စေနဲ့၊ အိုးခေါက်သံနဲ့ အမေတို့ ထမင်းစားလာခဲ့ရတာ သမီးရဲ့"

အမေက တုတ်ချောင်းကလေး၏ ရာဇဝင်ကို ရှင်းပြသည်။ အမေ ရှင်းမပြသော်မှ သည်တုတ်ချောင်းကလေးကိုတော့ ကျွန်မ ကောင်းကောင်းအမှတ်ရနေမိပါသည်။ ကျွန်မငယ်ရွယ်စဉ် မူလတန်းကျောင်းသူဘဝတုန်းက အဖေနှင့် အမေက ဧရာဝတီမြစ်ရိုးတစ်လျှောက် စဥ့်အိုး စဥ့်ဖောင်တွေဆွဲရင်း ဆယ့်နှစ်ပွဲလိုက်၍ အိုးရောင်းခဲ့ကြဖူးသည်။ ပွဲတော်ရာသီအလိုက် ဆယ့်နှစ်ပွဲ ဈေးသည်တစ်ဖက်က လုပ်ကိုင်ရင်း တစ်ဖက်ကလည်း မြင်းခြံ



မြို့ မြောက်ဈေးထဲတွင် အိုးဆိုင်ကြီးဖွင့်ကာ ရောင်းခဲ့ကြပါသေးသည်။ မြင်းခြံ မြောက်ဈေးအိုးဆိုင်ကို ကျောင်းပိတ်ရက်တိုင်း ကျွန်မ ဈေးကူလိုက်ရသည်။ ကပ်ကြမ်းကြီးတွေ ဆက်ခင်းကာ လှည်းသုံးစီးတိုက်စာလောက်များသော အိုးပုတ်တွေကိုပုံပေးရင်း အမေက ကျွန်မနှင့် ပစ်ထားတတ်သည်။ ဝယ်သူက အိုးပုတ်ကလေးတွေ လိုတာထက်ပိုယူတာ ခိုးကြဝှက်ကြတာကို ကျွန်မက ကလေးပီပီ ပြောတိုင်း ဆိုတိုင်း အမေက...

"သမီးရယ် ခိုးပါစေ၊ ယူပါစေ၊ ကွဲပါစေ၊ မြေထည်ပဲဟာ၊ မြတ်ပါတယ်အေ၊ အိုးဆိုင်လှည်းဝင်တိုးတာတောင် ခေါက်ချိုးကျန်ပါတယ်၊ ငါ့သမီးနှယ် မတွန့်တိုနဲ့"

အမေကတော့ ရာငါးဆယ်ဝင် ရာဝင်စဥ့်အိုးကြီးတွေကို တစ်ဒေါင်ဒေါင်ခေါက်ပြရင်း ဆုံးမနေတတ်သည်။ စဥ့်အိုးတစ်လုံး ဈေးတည့်ဖို့အရေးအမေ့မှာ အိုးခေါက်တုတ်ကလေးကို လက်အံသေအောင်ဆုပ်၍ စဥ့်အိုးတန်းကြား တစ်နေကုန် ချွေးတစ်လုံးလုံး ရှိနေတတ်သည်။ အခုတော့ဟိုတုန်းက သတိမထားမိခဲ့သော တန်ဖိုးရယ်လို့ မသတ်မှတ်မိခဲ့သောအိုးခေါက်တုတ်ကလေးကို အမေက အမြတ်တနိုး သိမ်းခိုင်းနေပြန်ပြီ။ သည်တုတ်ချောင်းကလေးကိုလည်း ကော်ဖတ်ဖြင့်စားကာ ဘုရားစင်ပေါ်မှာကျွန်မ တင်ထားဖြစ်ခဲ့ပါသည်။

သည်တစ်ခါ အမေ ပေးပြန်သည့် ပစ္စည်းကတော့ ပိုက်ဆံသေတ္တာကလေးဖြစ်သည်။ သည်ပိုက်ဆံသေတ္တာကလေးကိုတော့ အမေ ပေးလိမ့်မည်ဟု ကျွန်မ မထင်ခဲ့ပါ။ အမေကိုယ်တိုင်ပင်လျှင် အိမ်အပေါ်ထပ်ကဘီရိုဟောင်းထဲမှာ အမြတ်တနိုး သိမ်းဆည်းထားသည့် သေတ္တာကလေးဖြစ်သည်ကတစ်ကြောင်း၊ အထဲမှာ ပိုက်ဆံတွေ အပြည့်အသိပ်ထည့်ထားသည်ကတစ်ကြောင်းကြောင့် ဖြစ်၏။ သည်ပိုက်ဆံသေတ္တာ အမေတို့

www.burmeseclassic.com

www.burmeseclassic.com



ချွေးနည်းစာငွေတွေ ဖြစ်သည်။ သို့သော် ကျွန်မအပါအဝင် အမေ့သားသမီးမြေးသားတွေက သည်ပိုက်ဆံတွေကို ဘယ်သူကမှ ယောင်လို့ပင် စိတ်မဝင်စားကြပါ။ ထို့အတူ သေတ္တာကလေးကိုလည်း ပြန်စောင်းပင် လှည့်မကြည့်မိကြပါ။

"အမေတို့ အိမ်ထောင်ကျစက အိမ်ထောင်ဦးပစ္စည်းကလေး သမီးရဲ့ ညည်းအဖေနဲ့ငါ လူကြီးတွေ နေရာချထားလိုက်ကြတော့ လှေကြီးတစ်စီး လက်ဖွဲ့လိုက်ကြတယ်၊ ပြီးတော့ ညည်းအမေကြီး မမယ်ခင်က ဒီပိုက်ဆံ သေတ္တာကလေးကို ပေးတော့သာပဲ၊ အဲသာ သူ့ဘွားအေ လက်ထက်က ဟာတဲ့၊ တွက်သာကြည့်တော့၊ အနှစ်တစ်ရာ ပျော့ပျော့လောက် ရှိရော့ပေါ့အေ၊ ငါဖြင့် ယူသာလာရတယ် လိုချင်မက်စက်တယ် မရှိလှပေါင်၊ နောက်တော့မှ ဈေးရောင်းစားကြလို့ ပြောတာပါလားလို့ အောက်မေ့မိရတော့တယ်"

အခုတော့ သည်ပိုက်ဆံသေတ္တာကလေးကို ခေတ်အဆက်ဆက် ကိုင်ခဲ့ကြသူတို့ပင် လောကထဲက ထွက်ခွာသွားကြပါပြီ။ အမေပင်လျှင် ခပ်လှုပ်လှုပ်။ အမေက ပိုက်ဆံသေတ္တာဟောင်းကလေးကို ကျွန်မ လက်ရောက် လက်ဆင့်ကမ်းပြန်တာလား။ အထဲမှာ ငွေစက္ကူတွေ ပါသေးသည်။ စိမ်းစိမ်းပြာပြာ ငွေစက္ကူကလေးတွေက မိဘနှစ်ပါး၏ ချွေးနှဲစာတွေ။

သည်သေတ္တာကလေး အိမ်ယူလာခဲ့တော့လည်း အမေ့အိုးသည် ဘဝဟောင်းကို သတိရမိပြန်သည်။

## (၂)

ထိုစဉ်က ကျွန်မသည် မူလတန်းကျောင်းသူဘဝ ဖြစ်ပါသည်။ မြင်းခြံမြို့ မြောက်ဈေးတန်းထဲမှာ အမေက အိုးဆိုင်ကလေးဖွင့်ကာ အိုး



ရောင်းခဲ့တာ ကျွန်မ ပြောခဲ့ပါပြီ။ သည်အိုးတွေက ရွှေဘိုနယ်၊ ကျောက်မြောင်း၊ နွယ်ငြိမ်း၊ ရွှေကွန်ရွှေတိုက်ဘက်မှ လာသော စဉ့်အိုး၊ စဉ့်ခွက်များ၊ မြင်းခြံနယ်တစ်ဝိုက်မှထွက်သော မြေအိုးများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိခဲ့သော အမေ့အိုးဆိုင်ကလေးကို ကျွန်မ မျက်စိထဲ အခုထိ မြင်ယောင်နေဆဲပဲ ဖြစ်၏။ ပြောင်လက်တောက်ပသော စဉ့်ထည်များ၊ နဘတ်အိုး၊ ရှမ္ဘိုအိုး၊ မိတ္ထီလာအိုး၊ တောင်သာအိုး၊ ပခန်းအိုး စသည့် မြေထည်အိုးကလေးများက အမေ့ဆိုင်မှာ ပို၍ အရောင်းသွက်ပါသည်။ အမေ့အိုးဆိုင်ကလေးတွင် ကျောင်းပိတ်ရက်တိုင်း ကျွန်မ ဈေးကူရောင်းခဲ့ရတော့ တစ်နေကုန်နှင့် တစ်နေခန်း လာသမျှ ဈေးဝယ်ကို မူးစု ပဲစု မပျင်းမရိစောင့်ရောင်းနေတတ်သော အမေ့ပုံရိပ်ဟောင်းနှင့် ကျေးဇူးတရားကို ကျွန်မ မမေ့နိုင်ပါ။ အဖေ့ ပုဆိုးဟောင်းကို ခေါင်းကြီးပေါင်း ထဘီတိုတိုဝတ်ကာ ဝယ်သူလာတိုင်း အညာနေပူပြင်းပြင်းထဲထွက်ကာ အိုးပြရသည့်အမေ။ ပူရမှန်းမသိ၊ ရောင်းဖို့သာ စိတ်သန်နေသည်။ တစ်အိုးရောင်းရတော့ တစ်အိုးလျော့တာ မဟုတ်လား။

မြေအိုး အသုံးများကြသည့် အဲသည်ခေတ်တွေတုန်းကတော့ အမေ့အိုးဆိုင်ကလေးသည် သည်ခေတ် စတီးပစ္စည်းဆိုင်၊ ပလပ်စတစ်ဆိုင်တွေလိုပဲ အိမ်ထောင်မှုသုံး ပစ္စည်းအရောင်းဆိုင်ကလေးဖြစ်သည်။ အိမ်ရှင်မများ၏ မရှိမဖြစ် အိမ်သုံး မြေထည်ပစ္စည်းဆိုင်ကလေးမို့ ရောင်းပန်းဝယ်ပန်း လှခဲ့သည်။ တစ်ခေတ်တစ်ခါက မြေထည်ယဉ်ကျေးမှု ကြီးခဲ့ဖူးသည်။ ထမင်းချက်လည်း မြေအိုး၊ ဟင်းချက်လည်း မြေအိုး၊ သောက်ရေလည်း မြေအိုး၊ ဘုရားသောင်ရေအိုးသည်ပင်လျှင် မြေသောင်ရေအိုးလည်းပင်းရှည်ကလေးတွေ။

"မျှော်လိုက်ရတာတော် လည်ပင်းကို သောင်ရေအိုးကျလို့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပုံခိုင်းခဲ့ကြရသည့် မြေသြောင်ရေအိုးကလေးတွေက ရေနှင့်ပန်းတွဲလိုက်သည့်အခါ ဘုရားစင်မှာ အိုးစိုစို၊ ပန်းစိုစို ကျက်သရေတော်တစ်မျိုး တိုးရသည်မဟုတ်ပါလား။ မြေအိုးဝယ်သူက မြေအိုးကလေးကို လက်ဖဝါးပေါ်တင်ပြီး အိုးပတ်ပတ်လည်ကို လက်ဆစ်ချောင်းကလေးများဖြင့် တခေါင်ခေါင် ခေါက်ကြည့်ကာ အိုးရွေးတတ်ကြသည်။ တစ်ခါတစ်ရံ အိုးရွေးမရဖြစ်နေသော ဈေးဝယ်ကို အမေက အိုးကူရွေးပေးရသေး၏။

“ဒီအိုး မယူနဲ့၊ အက်သံကလေး လိုက်နေတယ်၊ ဒီအိုးယူ ယောင်းမရဲ့၊ အိုးကို ဟင်းတန်းမချက်နဲ့၊ ဖိုခွင်ပေါ်တင်ပြီး မီးအပူနဲ့ အိုးကျင့်လိုက်ဦး၊ နှစ်လော သုံးလောလောက် ကျင့်ပစ်လိုက် တကတည်းနေရော၊ တော်တစ်သက် လွတ်မကျလို့ကတော့ မကွဲလှချေသေးဘူး၊ သုံးပါလေ့”

အမေ့ မြေအိုးကလေးတွေက တစ်လုံးမှ တစ်မတ် ငါမူး။ အိမ်ထောင်တိုင်းက အလွယ်တကူ သုံးစွဲနိုင်သည်။ ကျွန်မ မှတ်မိသလောက် ငါးဆယ်ဝင် စဥ့်အိုးကြီးတစ်လုံးမှ သုံးကျပ်ပါ။ ထိပ်တန်းအချောစား စဥ့်ကောင်းနဲ့မှ ငါးကျပ်။ ဈေးထဲတွင် ဈေးခြင်းတစ်ဖက် မြေအိုးကလေးတွေတစ်ဖက်ဖြင့် ဈေးဝယ်လာသူ အိမ်ရှင်မများ၏ ဟန်ပန်ကလည်း ထိုခေတ်က ဈေးဝယ်မြင်ကွင်းတစ်ခုအဖြစ် ကျွန်မ စိတ်အာရုံတွင် ထင်ဟပ်နေခဲ့၏။ အမေ့အိုးဆိုင်ကလေး ဈေးရောင်းကောင်းသည့်နေ့ဆိုလျှင် အမေ့ဈေးသေတ္တာကလေးထဲမှာ ကာတွန်းဦးအောင်ရှိန်၏ ဇာတ်လိုက်သူဌေးကြီး ဦးကပ်စေး၏ ငွေတိုက်ထဲက ဒင်္ဂါးအိတ်တွေကို အကြွေအနုတ်တွေနှင့် ပြည့်နေတော့၏။ ထိုဈေးသေတ္တာကလေးသည် ကျွန်မတို့ မမွေးခင်ကတည်းက ကျွန်မတို့ အဘိုးအဘွားများ ပိုင်ဆိုင်ခဲ့ကြသော ရှေးဟောင်း ပိုက်ဆံသေတ္တာကလေးမို့ ကျွန်မအတွက်တော့ ဘိုးမွေ၊ ဘမွေ၊ မိမွေ၊ ဖမွေ ဖြစ်၏။



“ဒီသေတ္တာကလေးက ငါတို့လေ့ကြီးနဲ့ ကုန်ကူးခဲ့ကြကတည်းက ထည့်ခဲ့ သိုခဲ့တဲ့ ပိုက်ဆံသေတ္တာကလေး မပျောက်ပျက်ရပေါင်အေ၊ အကျိုးပေးလိုက်သာမှ”

ပိုက်ဆံသေတ္တာကလေးမှာ ကျွန်းသားကို ရေနံချေးသုတ်ထားသောကြောင့် ရွှေညိုရောင်တောက်နေသည်။ သေတ္တာကလေးက အလျား ဆယ့်နှစ်လက်မ၊ အနံ ခုနစ်လက်မ၊ အမြင့် ငါးလက်မ ရှိသည်။ ထောင့်လေးထောင့်တွင် ကြေးဝါထောင့်ကွေးစွပ်များဖြင့် စရွေးမကျွတ်အောင် ကျွန်းသားထဲနစ်ပင်အောင် စွန်ကုတ်,ကုတ်ထားသည်။ သေတ္တာအဖုံးကို တွဲဆက်ထားသော ပတ္တာသေးသေးကလေးများမှာလည်း ကြေးပတ္တာကလေးများဖြစ်သည်။ သေတ္တာ ရှေ့မျက်နှာစာမှာ သော့ပေါက်ကလေးတစ်ပေါက်ပါသည်။ သေတ္တာအပေါ်ဖုံးမှတော့ ပိုက်ဆံအကြွေထည့်စရာ တစ်လက်မခန့် ရှည်မျောမျော အပေါက်ကလေး ပါသည်။ သော့ပေါက်မှာရော အပေါ်အဖုံးမှာပါ ကြေးနန်းမျှင်ကလေးများကို အသားထဲမြှုပ်ကာ ကနုတ်ပန်းကလေးတွေဖော်ကာ ထွင်းထားပါသည်။ သေတ္တာအတွင်းပိုင်းတွင် ဘေးဘက်အကန့် အံဝှက်ကလေးပါသည်။ အဖုံးအပိတ်ကလေးနှင့် ဖြစ်၏။ သေတ္တာ၏ခါးပြတ်တွင် ကြေးဝါတုံးကလေးများခံထားသော အံပိတ်ကလေးပါပါသည်။

အံပိတ်၏အောက်တွင် ငွေစက္ကူများ ထားလေ့ရှိပြီး အံပိတ်ပေါ်မှာတော့ အကြွေအနုတ်များ အပေါက်မှ ပစ်ချတတ်ပါသည်။ သေတ္တာ၏အဖုံးဘက်တွင် ကြေးပြားကြီး ကန့်လန့်ခံထားသော စာရွက်တို စာရွက်များထည့်စရာ ဆောင်တန်းကလေး ရှိသည်။ သေတ္တာကလေး သေးသေးပေမယ့် အားလုံး စရွေးစွပ်ထားသည့် အနုကိုင် လက်သမားဆရာ၏ လက်ရာတွေချည်း ဖြစ်ပါသည်။ သည်သေတ္တာကလေကို ဘယ်သူတွေများ စိတ်ရှည်လက်ရှည် လုပ်ခဲ့တာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

ဈေးသေတ္တာကလေးက အမေ့၏ မီးခံသေတ္တာကလေးဆိုလျှင် မမှာ
နိုင်ပါ။ သေတ္တာသော့ကိုခတ်ထားပြီး ပိုက်ဆံထည့်လိုလျှင် အဖုံးပေါ်
အပေါက်ထဲသို့သွင်းကာ ထည့်လိုက်ရုံပင်။ အမေ အိုးရောင်းသည့်ငွေမှာ
အကြွေအနုတ်စေ့ကလေးများမို့ အပေါက်မှထည့်လိုက်လျှင် ပိုက်ဆံမြည်သံ
ဒေါက်ခနဲ ကြားရသည်ကပင် ကျွန်မအဖို့ ပျော်စရာ၊ ကြည်နူးစရာ
ထင်ခဲ့ပါသည်။ ဈေးဝယ်ပေးသွားသော ပိုက်ဆံမှာ အပေါ့စေ့မဟုတ်ဘဲ
အလေးစေ့ဆိုလျှင်တော့ ကျွန်မ ပိုတပ်မက်ပါသည်။ အလေးစေ့ဆိုတော့
ပိုက်ဆံကျသံက ပိုမြည်သောကြောင့် ဖြစ်ပါသည်။

ကျွန်မတို့ငယ်စဉ် တစ်လျှောက်လုံး သုံးစွဲခဲ့ရသော အကြွေစေ့
ကလေးတွေက တော်တော်ချစ်စရာကောင်းပါသည်။ ငါးပြားစေ့၊ ဆယ်
ပြားစေ့၊ တစ်မတ်စေ့၊ ငါးမူးစေ့၊ တစ်ကျပ်စေ့ စသဖြင့် တစ်မျိုးတစ်ဘာသာ
သူ့ပုံနှင့် သူ့ဒီဇိုင်းနှင့် ဖြစ်သည်။ ထို့အပြင် အပေါ့စေ့၊ အလေးစေ့ဟူ၍
နှစ်မျိုးရှိရာတွင် တန်ဖိုးညီ အကြွေစေ့ချင်းတူသော်လည်း ပုံစံဒီဇိုင်း
ကွဲပြားနေတတ်သသည်။ ဥပမာ ဆယ်ပြားစေ့ အပေါ့စေ့မှာ ကနုတ်ပန်း
ကနုတ်နွယ်ကလေးများဖြင့် ခပ်နှိပ်ထားသော်လည်း အလေးစေ့ကတော့
ခြသေ့ရုပ် ဖြစ်သည်။ လမ်းတွင် သွားရင်းလာရင်း ဆော့စားရင်း ပိုက်ဆံ
အကြွေစေ့ကလေးများ ကောက်တွေ့လျှင် ငွေထုပ်ကောက်ရသလို အလွန်
ပျော်ရသည်။ တစ်ခါတစ်ရံ ဈေးတက်နေသော ပိုက်ဆံ အစေ့ကလေးများ
ကို တံတွေးဆွတ် မြေကြီးပေါ်ချ၍ ဖနောင့်နှင့် ပွတ်ကာ ပွတ်ကာ
ဈေးချွတ်ရသည်မှာပင် ကစားနည်းတစ်မျိုးဟု ထင်မှတ်ခဲ့ရသည်။

အမေ့သေတ္တာကလေးနှင့်ကျွန်မ ရင်းနှီးခဲ့ရသည်မှာလည်း သည်အကြွေ
စေ့ကလေးတွေကြောင့် ဖြစ်ပါလိမ့်မည်။ အမေ့အိုးဆိုင်ကလေးမှာ ဈေး



ရောင်းရင်း ပိုက်ဆံအကြွေစေ့လေးများ သေတ္တာထဲ ခုန်ပေါက်နေသံပေါချွင်
ချွင်ကို ကျွန်မ ကြားချင်သည့်အခါတိုင်း သေတ္တာကလေးကို လှုပ်လှုပ်ပြီး
နားထောင်ခဲ့ပါသည်။ သည်လို မလုပ်ကောင်းဘူးလို့လည်း အမေက
ပြောတတ်သည်။ တစ်ခါတစ်ရံ အမေ့အလစ်တွင် ပိုက်ဆံသေတ္တာကို
အပေါ်မှောက်၍မှောက်ကာ အပေါက်မှ တုတ်ကလေးဖြင့်ချူ၍ အကြွေ
စေ့တစ်စေ့ရအောင် နှိုက်ပြီး ဈေးထောင့်က အာတာပူစီ ပြေးဝယ်စားရသည်
မှာလည်း အရသာပိုလှ၏။ သည်တုန်းက အာတာပူစီတစ်ခုမှ ငါးပြား၊
နှုတ်ခမ်းပါးနားတွေ သကြားစေးထလောက်သော ပူပူကားကားကြီးမို့
တစ်ခုစားလိုက်လျှင်ပင် ချိုအိုင်သွားရတာ မဟုတ်လား။

ညနေဈေးသိမ်းချိန် ဈေးက အိမ်အပြန်မှာတော့ အမေ့ဈေးတောင်း
ထဲတွင် ဈေးသေတ္တာကလေးကို ထည့်ရွက်ကာ မှောင်ကြီးမည်းကြီးထဲ
သားအမိတစ်တွေ ပြန်လာကြမြဲ ဖြစ်၏။ ရေမိုးချိုး ထမင်းချက်ပြုတ်
စားသောက်ပြီး ညဘက်တွင် မီးခွက်ကလေးထွန်းကာ အမေ့ဈေးသေတ္တာ
ကလေးကို ဖျာပေါ်သွန်ချရင်း ကျွန်မတို့ ပိုက်ဆံမျိုးတူ ရွေးရသည်။

"စောလင်းက ငါးပြားစေ့ရွေး၊ ဝင်းနိုင်က ဆယ်ပြားစေ့ရွေး၊
သမီးက မတ်စေ့ကလေးတွေရွေး၊ အပေါ့အလေးပါ တစ်ခါတည်း ခွဲရွေး
နော်"

အနားတွန့်ကလေး ငါးတွန့်ပါသော မတ်စေ့ကလေးများကို အပေါ့
စေ့တစ်ပုံ အလေးစေ့တစ်ပုံရွေးကာ ဆယ်စေ့၊ ဆယ်စေ့ ပုံထားရသည်။
ကျွန်မတို့ပုံထားသော ဆယ်စေ့ပုံကလေးတွေကိုမှ အမေက စက္ကူဖြင့်လိပ်
ကာ 'တောင့်'သည်။ စက္ကူအတွင်းမှ အကြွေစေ့ပုံစံအတိုင်း ပိုက်ဆံတောင့်
ကလေးတွေက ပုံပေါ်နေသည်။ ဘယ်ဟာက မတ်စေ့တောင့်၊ ဘယ်ဟာက
ကျပ်စေ့တောင့် မြင်ရုံနှင့် သိသာသည်။ အိုးလှည်းတွေလာလျှင် အိုးကုန်

www.burmeseclassic.com

www.burmeseclassic.com



သည်တွေလာလျှင် အိုးဖိုးငွေကို အမေက အဆင်သင့် ပေးချေရုံသာ။ အမေ့ဈေးသေတ္တာကလေးထဲက အကြွေစေ့ကလေးများသည် ကျွန်မ ကလေးဘဝတစ်လျှောက် အလွန်တပ်မက်ခဲ့ရသော သတ္တုစင် အရုပ်များ ဖြစ်ခဲ့သည်။

(၄)

ကျွန်မတို့မိသားစု မြင်းခြံမှ မန္တလေးသို့ အပြီးပြောင်းရွှေ့ခဲ့ကြတော့ အမေ အိုးဆိုင်ကလေးကို ဝမ်းနည်းပက်လက် မရောင်းရက် ရောင်းရက် ရောင်းပစ်ခဲ့ရသည်။ အဖေက မန္တလေးမြစ်ဆိပ်မှာ အခြေစိုက်ရင်း လှေကုန်ကူးချင်လို့ ပြောင်းခဲ့ကြခြင်း ဖြစ်သည်။ အမေ့ဈေးသေတ္တာကလေးကတော့ ကျွန်မတို့နှင့်အတူ ပါလာခဲ့သည်။ အမေကတော့ သူ့အိုးဆိုင်ကလေးကို လွမ်းဖျားလွမ်းနာပင် ကျလိုက်သေး၏။ နောက်တော့ အမေက ကျွန်မတို့နေထိုင်သည့် မန္တလေးမြို့စွန် မြစ်ဆိပ်မှ အိမ်ရှေ့မျက်နှာစာမှာ တဲပြင်ကလေးထိုးပြီး ဆိုင်ကလေးဖွင့်ခဲ့ပါသည်။ သည်တစ်ခါ အမေ့ဈေးဆိုင်ကလေးက မြေအိုးများ မဟုတ်တော့ပါ။ အဖေ့အညာဆန် လှေကြီးနှင့် တစ်ခေါက်တစ်ခေါက် တင်လာတတ်သော ဆန်၊ ဆီ၊ ဆား၊ ခွဲထင်းခြမ်းစသည့် အမာခံပစ္စည်းများနှင့်အတူ ကုန်စိမ်း၊ ကုန်ခြောက်၊ မုန့်ပဲသရေစာကလေးများပါ တင်ရောင်းသည့် ကုန်စုံဆိုင်ကလေးပဲ ဖြစ်သည်။ ဈေးရောင်းဝါသနာပါသည့် အမေ့မှာ သည်ဆိုင်ကလေးဖွင့်ဖြစ်တော့မှ အိုးဆိုင်ခံစားမှု ပျောက်သွားခဲ့သည်။

မနက်မိုးလင်းလျှင် သူ့ဈေးဆိုင်ကလေးထဲမှာ တလှုပ်လှုပ်နှင့် ချိန်လိုက် တွယ်လိုက်၊ ရောင်းလိုက်ဝယ်လိုက် လုပ်နေတတ်သော အမေ့ကို ကျွန်မတို့ အမြဲ မြင်တွေ့ခဲ့ရသည်။ ကျွန်မသည်ပင် အလယ်တန်းကျောင်းသူဘဝ ရောက်နေပြီ။ ကျွန်မ ကျောင်းပြန်လာသည်နှင့် အမေ့ဈေးဆိုင်



ကလေးကို ဝင်ကူရသည်။ မီးသွေးတစ်ခြင်း အစိတ်၊ ခွဲထင်းတစ်စည်း တစ်ဆယ်၊ ဆန်တစ်ပြည် ဆယ့်နှစ်ကျပ်။ လက်မလည်အောင် ရောင်းခဲ့ရသည်။ သို့သော် အမေ့ဈေးသေတ္တာကလေးထဲမှာ ဟိုတုန်းကလို အကြွေအနုတ်ကလေးတွေ မဟုတ်တော့။ သေတ္တာအပေါက်ကလေးထဲကို ကျပ်တန်ငွေစက္ကူရွက်များကိုသာ လိပ်ခေါက်ထည့်ရပါသည်။ တစ်ခါတစ်ရံ ရှားရှားပါးပါး ရောက်လာတတ်သော အကြွေစေ့ကလေးများကလည်း ငွေစက္ကူတွေခံနေတော့ ဟိုတုန်းကလို တစ်ချွင်ချွင် မြည်မနေတော့ပါ။

ညတိုင်းညတိုင်း ဈေးဆိုင်ခန်းကဲလားကလေးချပြီးလျှင် ကျွန်မတို့သားအမိ တစ်ကျပ်တန်၊ ငါးကျပ်တန် ဆယ်တန် ငွေစက္ကူကလေးများကို ရွေးကြရပြီ။ ကျပ်တန်စည်းကလေးများကို သားရေပင်ဖြင့်စည်းပြီး ကပ်ထိုးရသည်။ အကြွေစေ့တွေလို စက္ကူဖြင့်လိပ်ကာ တောင့်စရာမလိုတော့။ မနက်လင်း၍ ကျောင်းသွားတော့မည်ဆိုလျှင် အမေက ကျွန်မတို့မောင်နှမတစ်တွေကို ဈေးသေတ္တာကလေးထဲက နှိုက်၍ တစ်ယောက်လျှင် တစ်ကျပ်စီ မုန့်ဖိုးပေးတတ်ပါသည်။ သည်တုန်းက နာမည်ကျော် မန္တလေးမြီးရှည် တစ်ပွဲမှ တစ်ကျပ်။ စားပျော်သည်ဆိုသော်လည်း သူ့ကာလနှင့်သူ့ပိုက်ဆံ မစားဖြစ်တာများသည်။

ကျွန်မ ဆယ်တန်းတက်သည့်နှစ်မှာတော့ အမေ့ကျန်းမာရေး ချူချာလာသောကြောင့် ဈေးဆိုင်ကလေးကို ချုံ့လိုက်ရသည်။ တိုလီမုတ္တပစ္စည်းကလေးတွေ အမေ တင်မရောင်းတော့ပါ။ ဆန်၊ ဆီ၊ ထင်း၊ မီးသွေးစသည့် အမာခံ အထားခံ ကုန်ပစ္စည်းများကိုသာ အေးအေးသက်သာရောင်းတော့သည်။ သည်အခါမှာတော့ အမေ့ ဈေးသေတ္တာကလေးထဲမှာ အရွက်သေးကလေးတွေ မဝင်ကြတော့ပါ။ ငွေစက္ကူကိုလည်း အမေချက်ချက်ချာချာ မရေတွက်တတ်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က ရွာဘုန်းကြီးကျောင်းထွက်တွေဆိုတော့ ပဲတွေပိုင်တွေလောက် သင်ခဲ့ရတာကိုးအေ့၊ ဂဏန်းကြီးသွားရင် မတွက်တတ်တော့ဘူး"

အမေက သည်လိုပြောတိုင်း ကျွန်မတို့က ဝိုင်းရယ်ကြသည်။ အမေ့ဈေးသေတ္တာထဲက ငွေစက္ကူကို ညတိုင်လျှင် ကျွန်မက တစ်ထောင်အုပ်ကပ်ထိုးကာ စည်းပေးထားရသည်။ အမေ့ဈေးသေတ္တာထဲတွင် ခါတိုင်းလို အကြွေစေ့ကလေးတွေ၊ ကျပ်တန်ရွက်ကလေးတွေ ရှုပ်ယှက်ခတ်မနေတော့ပါ။ သယ်ရပိုးရ ကိုင်ရတွယ်ရတာလည်း ခါတိုင်းလောက် မလေးပင်တော့။ ညဘက် ဆိုင်သိမ်းလျှင် အမေ့ဈေးသေတ္တာကလေးထဲမှာ ငွေတွေ ပြည့်သိပ်လာတတ်သည်။ တစ်ခါတစ်ရံ ပိုက်ဆံသေတ္တာအဖုံးကလေးပင် မပိတ်မိအောင် ပွင့်အာနေတတ်၏။ ပိုက်ဆံတွေများလာတော့ အမေက သေတ္တာကလေးကို သော့ခတ်သိမ်းတတ်လာခဲ့ပြီ။

(၅)

အခုတော့ အမေ ဈေးမရောင်းနိုင်တော့ပါ။ အသက်အရွယ်ကလေးကလည်း ထောက်လာခဲ့ပြီ။ အမေ့ခေါင်းပေါ်က ဆံတံခွန်ဖြူလွှလွှကလေးတွေက ဇရာ၏အိုးမင်းခြင်း အမှတ်လက္ခဏာကို ပြလာခဲ့ပြီ။ ကျွန်မတို့မောင်နှမတစ်တွေလည်း အရွယ်ရောက်လို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်လာပြီမို့ အမေ ဈေးမရောင်းတော့တာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ မြေးတွေကိုထိန်းရင်း အိမ်မှာပဲ အနားယူခဲ့ပြီ။ အမေနှင့်အတူအမေ့ဈေး သေတ္တာကလေးလည်း ပင်စင်ယူသွားခဲ့ရပြီ။ သို့သော် အမေ့မှာဈေးရင်း ငွေတွေ အများကြီးကျန်နေပါသေးသည်။ နှစ်ပေါင်းငါးဆယ်ကျော်အသုံး ပြုလာခဲ့သော အမေ့ဈေးသေတ္တာကလေးထဲမှာ အဖေနှင့် အမေတို့၏ချွေးနည်းစာငွေတွေ အပြည့်ရှိနေသည်။



အသွေးစုံ၊ အရောင်စုံ၊ ဒီဇိုင်းစုံ လှပသော ထိုငွေစက္ကူကလေးများကို အမေသည် စိတ်ကူးရတိုင်း ထုတ်ကြည့်နေတတ်ခဲ့သည်။ အဖေ၏ လှေလှော်လှေခတ်ဘဝနှင့် သူ ဈေးရောင်းခဲ့ရသောဘဝတွေကို ပြန်အောက်မေ့ရင်းလွမ်းလွမ်းဆွေးဆွေးရှိပုံလည်း ရပါသည်။ မိဘဘိုးဘွားလက်ထက်ကတည်းက တယုတယ အသုံးပြုလာခဲ့သော ဈေးသေတ္တာကလေးကို ကျွန်မတို့သားသမီးများ အမွေဆက်မခံနိုင်ကြတာကိုလည်း စိတ်မကောင်းဖြစ်ပုံရသည်။ ကျွန်မတို့ မောင်နှမတစ်တွေကတော့ ဈေးရောင်းဈေးဝယ်ဘဝတွေမဟုတ်ကြ။ ကိုယ့်ဝန်ကိုယ် တစ်ပိုင်တစ်နိုင်ထမ်းကြရင်း အမေ့ဈေးသေတ္တာကလေးနှင့် ကျွန်မ ဝေးခဲ့တာပင် ကြာပြီ။

အမေက သူ့ဈေးသေတ္တာကလေး ကျွန်မကို အမွေပေးလိုက်သည့်နေ့က ကျွန်မ မျက်ရည်ကျမိပါသည်။ တစ်ချိန်က ရွှေညိုရောင်တောက်ပခဲ့ဖူးသော အမေ့ဈေးသေတ္တာကလေးက အခုတော့ ရေနံရောင်ပင် မစိုတော့။ အမေက ဖုန်ကလေးသုတ်ကာ ကျွန်မလက်ထဲ ထည့်လိုက်ခြင်း ဖြစ်သည်။


"တို့မျိုးရိုးက လှေသူကြီး ကုန်သည်မျိုးရိုး၊ လှေကြီးတွေနဲ့ ကုန်ရောင်း ကုန်ဝယ်လုပ်ရင်း ဘဝတွေ ဘဝတွေ ဖြတ်သန်းလာခဲ့ကြရတာများပေါ့။ သည် သေတ္တာကလေးရဲ့သက်တမ်းဟာ ခန့်မှန်းကြည့်ဟဲ့၊ နှစ်ပေါင်းတစ်ရာဆိုတာ နည်းရော့လား၊ ငါ့သားသမီးတွေကတော့ ဒီအမွေ ဆက်မခံနိုင်ကြဘူး၊ ဘာပဲဖြစ်ဖြစ်လေ တစ်ချိန်ချိန်တော့ အသုံးဝင်လို့ဝင်ငြား ငါ့သမီးသိမ်းထားကွယ့်"

အမေက ငွေစက္ကူရွက်ကလေးများကို ထုတ်ယူမထားဘဲ ပေးလိုက်ခြင်းဖြစ်သည်။ ကျွန်မကလည်း သည်အတိုင်းပဲ ယူလာခဲ့သည်။ အမေ့ဈေးသေတ္တာကလေးက ကျွန်းသားရောင်မည်းမည်း ငွေစက္ကူတွေက အရောင်စုံ၊ လွမ်းစရာတော့ အကောင်းသား။

❐

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဗီဒီယိုဈေး

သည့်ရပ်ကွက်ကလေးက မြို့ကြီးရဲ့ အပိုင်းကလေးတစ်ပိုင်းဆိုပေမယ့် တကယ်တော့ အပုံကလေးတစ်ပုံလောက်ပဲ ရှိတာပါ။ အပုံကလေးဆိုပေမယ့် သီးခြားလိုဖြစ်နေတော့ မြို့စရိုက်မရှိကြဘူး။ မြို့စွန်ရပ်ကွက်လို့ ပြောဖို့တောင် ခပ်ခက်ခက်ဆိုတဲ့ အထဲကပါ။ ပြောရရင် သာမန်တော မြို့ကလေးတစ်မြို့လောက်တောင် မြို့သွေး၊ မြို့မွေး မရှိဘူး။ လူတွေကလည်း ရိုးရိုး၊ နေကြထိုင်ကြတာကလည်း ရိုးရိုးပါ။ မြို့ပြရပ်ကွက်ကလေးတွေမှာ ရှိလေ့ရှိထရှိတဲ့ ခပ်ညစ်ညစ် လက်ဖက်ရည်ဆိုင်ကလေး နှစ်ဆိုင် သုံးဆိုင်ကတော့ မနီးမဝေး ဖွင့်ထားကြတယ်။ အပြင်ကလာသောက်တာမျိုးမရှိတော့ ကိုယ့်မိတ်ကိုယ် အားကိုရတဲ့ ဆိုင်တွေပါ။ ဗမာစစ်စစ် ဖွင့်တဲ့ တရုတ်စားသောက်ဆိုင်ကလေးလည်း ရှိတယ်။ လမ်းဆောအိမ်ဆိုင်ကလေးတွေလည်း ရှိတယ်။ ဒါကတော့ ဘာလိုချင်လဲ အကုန်ရှိတယ်။ နောက်အနီးအဝေး ပြောနိုင်သည်လို့ ရေးထားတဲ့ တယ်လီဖုန်းတစ်လုံး တင်ထားတဲ့ စားပွဲနားမှာ ကောင်မလေးတစ်ယောက်က အမြဲငိုက်လို့။ အကြော်ဆိုင်နဲ့ တွဲဖွင့်ထားတဲ့ လိုက်စင်ရ အရက်ဆိုင်ကလေးတွေကတော့

www.burmeseclassic.com

www.burmeseclassic.com



သေချာဝင် စစ်ဆေးမှသိမယ်။ ဘယ်နှစ်ဆိုင်မှန်းတောင် မသိဘူး။ နောက်ဘာရှိသေးသလဲဆိုတော့ ခေါင်နှစ်လက်ချ ခပ်ကုပ်ကုပ် ခပ်မှောင်မှောင် ဗီဒီယိုရုံတစ်ရုံ ရှိတယ်။ အခုပြောတဲ့ ဆိုင်တွေလောက်ရှိရင် လူတွေနေဖြစ်တာပဲ မဟုတ်လား။

ရပ်ကွက်ကလေးနဲ့ကပ်လျက် အနောက်ဘက်ထိပ်မှာ ကန့်လန့်ခံနေတဲ့ တာပေါင်ရိုးကြီးက တောင်နဲ့မြောက်တန်းလို့။ စစ်ကိုင်းတံတားခြေမှာ သွားဆုံးတယ်။ တာပေါင်ရိုးနဲ့ အနောက်ဘက်ကပ်လျက် အနိမ့်ထဲမှာ စီးဆင်းနေတဲ့ ဧရာဝတီမြစ်ပြင်ကျယ်ကြီးရှိတော့ တစ်ဖက်ပိတ်ထားသလိုဖြစ်နေရော။ မြစ်ဆိပ်ကမ်းမှာ နယ်တကာ ရပ်တကာကလာကပ်တဲ့ လှေမော်တော်ကလေးတွေက လှေသမား မော်တော်သမား တွေဆိုရင် သည်ရပ်ကွက်ကလေးထဲ ခြေချမိတာနဲ့ ဇာကယ်မြို့ပြထဲ ရောက်ပြီအောက်မေ့တတ်ကြတယ်။ အဝေးခရီးကနေ ဇုန်လာဆန်လာလို့ ကိုယ့်လှေ ကိုယ့်မော်တော် ကမ်းကပ်ကြိုးချည်ပြီးတာနဲ့ မြစ်ထဲမှာပဲ ရေကလေး မိုးကလေးချိုး ရှိတာလေးနဲ့ ရိုးကလေးထုတ်ပြီး သည်ရပ်ကွက် ကလေးပေါ်တက်လို့ ညတစ်ဝက်စာလောက် ဖြုန်းကြတာကိုး။

ရပ်ကွက်ကလေးရဲ့ အရှေ့ထိပ်မှာတော့ စာသင်ကျောင်းဝင်းကျယ်ကြီးနဲ့ သစ်စက်ဝင်းဟောင်းကြီး ဆက်လျက်ရှိတယ်။ သည်ဝင်းကြီးနှစ်ဝင်းကို တကူးတကကျော်ပြီး အရှေ့ပိုင်းကားလမ်းဘက် အကူးအလူး လုပ်လေ့လုပ်ထမရှိတော့ အရှေ့ရပ်ကွက်နဲ့လည်း အလိုလို အဆက်ဝေးနေရသလို ဖြစ်နေပြန်ရော။ ရပ်ကွက်ကလေးရဲ့ တောင်ဘက်မှာကျတော့ ဘီအိုစီဝင်းလို့ ခေါ်ကြတဲ့ ရေနံလှောင်ကန်တွေထားရာ အုတ်တံတိုင်းကြီးတွေက ရပ်ကွက်ကလေးကို စည်းခြားထားသလိုဖြစ်နေတော့ တောင်ဘက်ဆို အဲသည်ဘက်



နေတဲ့ လူတွေလောက်ကလွဲရင် မသွားကြသလောက်ပဲ။ လူအရောက်အပေါက် မရှိသလောက်ပါဘဲ။

မြောက်ဘက်ပိုင်းမှာကတော့ လူနေအိမ်ခြေတွေ ရှိတာပါ။ တာပေါင်ရိုးကြီးက ရစ်ဝိုက်သွားတာဆိုတော့ ရပ်ကွက်ကလေးကို လက်နဲ့ဝိုက်ပြီးပိုက်ထားသလိုဖြစ်နေတာကလည်း ခြံစည်းထိုးခတ်ထားသကဲ့အတိုင်း။ သည်တော့ ရပ်ကွက်ကလေး မြို့ထဲနဲ့ သီးခြားလိုဖြစ်နေတာ ဆန်းတော့ မဆန်းလှပါဘူး။ လူတွေကလည်း သည်အထဲကထွက်ဖို့ သိပ် စိတ်မကူးကြဘူး။ မလွှဲသာတော့မှ ထွက်ကြတယ်။ မြို့နဲ့စာရင် ရပ်ကွက်ကလေးလို့ ပြောရပေမယ့် အိမ်ခြေကတော့ လေးငါးရာလောက်ရှိမယ် ထင်ပါရဲ့။ အဲသည် အိမ်ခြေလေးငါးရာကြား အလယ်တည့်တည့် မကျတကျလောက်မှာ အရှေ့အနောက် တန်းတန်းဖြောင့်ဖြောင့်ကြီးရှိနေတာကတော့ ဈောက်ခင်းလမ်းကလေးပါပဲ။ သည်လမ်းက အရှေ့ကားလမ်းနဲ့ အနောက်တာရိုးကို ဖြတ်ဆက်တဲ့လမ်း။

သည်လမ်းကလေးက ကတ္တရာ ပရောပရီလမ်းကလေးပေမယ့် ရပ်ကွက်ကလေးအတွက်တော့ ပင်မ ဆက်သွယ်ရေး အချက်အချာလမ်းမကြီးပါပဲ။ မြစ်ဆိပ်ကတက်လာတဲ့လူတွေ၊ မြင်းလှည်းတွေ၊ ကားတွေ၊ ထော်လာဂျီတွေက သည်လမ်းကလေးကိုဖြတ်ပြီး အရှေ့လမ်းကတစ်ဆင့် မြို့ထဲကို သွားရသလို ရပ်ကွက်ကလေးဆီ လာချင်တဲ့ လူတွေကလည်း လှည်းတွေ ကားတွေနဲ့ သည်လမ်းကလေးပေါ် ရောက်ရတာပါပဲ။ ရပ်ကွက်ကလေးထဲမှာနေတဲ့ ဟိုဘက်ခြမ်း သည်ဘက်ခြမ်း နှစ်ခြမ်းက လူတွေကိုယ်တိုင်ကိုက ဘယ်သွားချင် သွားချင် သည်လမ်းကလေးပေါ်ကို တက်လာရတာပဲမှုတ်လား။ မတက်ရင် ဘယ်မှ မရောက်နိုင်ဘူး။

ညနေစောင်းလို့ နေကလေး မြစ်ဆိပ်ဖက်ဝင်ပြီဆိုရင် လမ်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ လူတွေ ကြိတ်ကြိတ်တိုးနေတတ်တာကလည်း ပွဲငတ်နေတဲ့ ပွဲကြည့်တွေ ရှုရှုတက်နေတဲ့ ပွဲဈေးတန်းကိုသာ မြင်ကြည့်ပါတော့။ ကုန်းပေါ်က မြစ်ဆိပ်ဆင်းတဲ့လူတွေနဲ့ မြစ်ဆိပ်ကနေ ကုန်းပေါ်တက်နေကြတဲ့ လူတွေဆိုတာ အစုန်အဆန်ပဲ။ လက်ဖက်ရည်ဆိုင်ထိုင်မယ့်လူတို့၊ တရုတ်စာကလေး တစ်ထုပ်စ နှစ်ထုပ်စ ဝယ်ချင်တဲ့လူတို့၊ အကြော်ဆိုင် ဝိုင်းတဲ့လူတို့၊ ယမကာဆိုင်၊ ကုန်စုံဆိုင်၊ အသုပ်ဆိုင်တွေကိုလာတဲ့လူတို့၊ ဘာရယ်မဟုတ်ဘဲ လမ်းသလားကြတဲ့သူတို့၊ လူရှုပ်ရတဲ့ကြားထဲ လမ်း ဆောအုတ်ခုံမှာ ဒင်ဒင်ဒေါင်ဒေါင် ဂစ်တာခေါက်တဲ့သူတို့ အကြောင်း တစ်စုံတစ်ရာရှိလို့ လူအုပ်ထဲ ဖြရဲထွက်လာကြတဲ့ လူတွေဆိုတာ ပွစိတက်လို့။ တောင်နဲ့မြောက်ကို သွားမရတော့ အရှေ့ကနေ အနောက်၊ အနောက်ကနေ အရှေ့ချောင်းပေါက်အောင် သွားနေလိုက်ကြတာများ ဆီးဆော့သာဆိုရင် နိမ့်လိုက်မြင့်လိုက် ဖြစ်နေမှာပဲ။

ကတ္တရာပျက်လမ်းကလေးရဲ့ အလယ်လောက်မှာတော့ ရပ်ကွက်ရဲ့ အဆင်တန်ဆာ ဗီဒီယိုရုံကလေး ရှိတယ်။ သည်ရုံရှေ့မှာ အနက်မပေါ်တော့တဲ့ ကျောက်သင်ပုန်း ဖွေးဖွေးကြီးတစ်ချပ် ချိတ်ထားတယ်။ ညပြမယ့်ကားကို ရောင်စုံမြေဖြူနဲ့ ရေးထားပေမယ့် လူတွေက ဇာတ်ကားဖတ်ပြီး ရွေးချယ်နေကြတာမျိုး မဟုတ်ဘူး။ ဘာကားဖြစ်ဖြစ် ကြည့်လိုက်စမ်းမဟ ဆိုသလို ညနေစောင်းရင်တော့ ကြိတ်ကြိတ်တိုးပေါ့။

ရုံနာမည်က 'နေလ'တဲ့။ ရပ်ကွက်ကလေးထဲမှာတော့ တစ်ခုတည်းသော ဖျော်ဖြေရေးဆိုတဲ့ ဂုဏ်နဲ့ရှိတာ ကြာပြီ။ ရုံနာမည်သာ 'နေလ' ဗီဒီယိုရုံလို့ ပေးထားတာပါ။ လူတွေက ကြီးတော်စိန်ရုံလို့ပဲ အလွယ်ခေါ်ကြတယ်။ ဗီဒီယိုရုံရှေ့ ဇာတ်ကားနာမည်ကြော်ငြာတဲ့ ကျောက်သင်ပုန်းပေါ်မှာ လေးပေမီးချောင်းကြီး ထွန်းထားတော့ သည်မီးချောင်းအလင်း



ရောင်အားကိုးနဲ့ ဗီဒီယိုရုံရှေ့ လာထွက်ကြတဲ့ သွားရည်စာဆိုင်တွေဆိုတာ မနည်းဘူး။ ဗီဒီယိုမပြခင် မီးစက်နှိုးပြီဆိုတာနဲ့ မီးချောင်းလင်းပြီ။ မီးချောင်းလင်းတာနဲ့ ဗီဒီယိုဈေးတန်းကလေးက စည်တော့တာပဲ။ ဗီဒီယိုကားက ကောင်းလို့ပဲဖြစ်ဖြစ် မကောင်းလို့ပဲဖြစ်ဖြစ် ရုံရှေ့က ဈေးတန်းမှာတော့ လူတွေ စည်းနေကျပါပဲ။

*

သည်ဗီဒီယိုရုံကို ပိုင်တာက လူပျိုကြီးကိုရိုးခပါ။ မအေအိုကြီးနဲ့ သားအမိနှစ်ယောက် နေကြရင်းက ဗီဒီယိုရုံထောင်ချင်တယ်ဆိုတော့ မအေကလည်း ထောင်ခိုင်းတယ်။ ရပ်ကွက်ထဲ စိတ်ကူးတူမရှိတော့ အောင်လည်း အောင်မြင်ပါတယ်။ မအေအိုကြီးနဲ့ နှစ်ယောက်တည် နေရတယ်ဆိုပေမယ့် အိမ်ထောင်ရှင်အမ်ဂိုက မွေးထားတဲ့ ကြွတွေ တူမတွေက သည်အိမ်မှာ အတူနေကြသူတွေဆိုတော့ ဘာပဲဖြစ်ဖြစ် တစ်ဝန်တစ်ထမ်း ထမ်းနေရတဲ့သူ။ ရပ်ကွက်ကလေးရဲ့ တစ်ရုံတည်းသော ဗီဒီယိုရုံပိုင်ရှင်ဆိုတဲ့ ပါဝါကလေးကလွဲရင် သူလည်း သက်သာတာတော့ မဟုတ်ဘူး။ ဖတ်ဖတ်မောအောင် ပြေးရလွှားရ၊ မီးစက်နှိုးရ၊ တံမျက်လှည်းရ၊ သောက်ရေအိုးတွေ ရေဖြည့်ရ၊ ဆိုင်းဘုတ်ရေးရနဲ့ ချွေးတစ်လုံးလုံးနဲ့ပေါ့။

ရပ်ကွက်သူ ရပ်ကွက်သားတွေက လုပ်လုပ်စားစား ဝါးဝါးမှိုမှိုသမားတွေဆိုတော့၊ ညဦးပိုင်းတစ်ပွဲကိုပဲ ရချင်သလောက်ရ၊ ရသလောက်ကလေးနဲ့ အားကိုးတစ်ကြီး ပြရတာပါ။ ညဦး ခြင်တွေ မြူးချိန်ဆိုရင် တရုတ်မီးစက်ကြီး ဂေါက်နဲ့လှည့်ပြီး တစ်ဂျုန်းဂျုန်း နှိုးတော့တာပဲ။ လူခေါ် အငြိမ့်ခွေ အလကားထိုင်ကြည့်ပြီး ဇာတ်ကားပြချိန်နီးလို့ ပိုက်ဆံလည်း ကောက်ရော မယောင်မလည်နဲ့ ထွက်သွားကြတာမျိုးလည်း ရှိရဲ့။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ဗီဒီယိုရုံထောင်ကတည်းက သူ့အခါနဲ့ သူ့ဈေးကောက်မိတဲ့ လူတစ်ယောက် ငွေကလေးသုံးဆယ်က အများတကာ ရုံတွေမှာယူကြသလို လေးဆယ်လည်း တိုးမရ၊ ငါးဆယ်ဆို ပက်လက်လန်ဆိုတော့ အင်ဂျင်မောင်းရတဲ့စက်ဆီဈေးကသာ တိုးရင်းတိုးဖို့ရှိမယ်။ ရုံဝင်ကြေးက ယောင်လို့တောင် တိုးမရဘူး။ တိုးမယ်ဆိုတဲ့နေ့ လူမလာတော့ဘူး။ ပရိသတ်ဘက်ကတော့ ရှင်းတယ်၊ မလာဘူး။ လူမလာတော့မှ သုံးဆယ်ကျပ်ဖြင့် ပြန်လည်တင်ဆက်နေပါပြီဆိုပြီး ဘောထောင်တော့မှ နဂိုပရိသတ်တွေ ပြန်ရောက်လာကြတယ်။

"အဲသလိုလုပ်ပါ ကိုရိုးခရဲ့၊ ဘယ်နှယ့်... လေးဆယ်ရယ်လို့၊ ငွေတစ်ဆယ် နည်းမှတ်လို့၊ ကျုပ်တို့က ဇာတ်ကားကြိုက်လို့ရယ် မဟုတ်ဘူး၊ အိမ်နေလို့လည်း ခြင်က ဖွဲနဲ့ဆုပ်ပက်နေသလို ကိုက်တဲ့အတွက်ဗီဒီယိုရုံထဲက ပန်ကာအောက်ဝင်နေတာကမှ ခြင်ကိုက်သက်သာသေးဆိုပြီး ငွေသုံးဆယ် ပေးဝင်ရတာ၊ ခင်ဗျားက လူတစ်ယောက် တစ်ဆယ်တိုးထားတာ ကျုပ်တို့မှာက မိသားစုငါးယောက်ဆိုတော့ ငါးဆယ်ဗျ၊ ငါးဆယ်ဆိုမှတော့ ခြင်ဆေးခွေလေး နှစ်ခွေဝယ်ထွန်းပြီးနေတော့မပေါ့၊ သူများယောင်လို့ မယောင်စမ်းပါနဲ့ဗျာ"

ကိုရိုးခ ခများလည်း ပရိသတ်ကို တင်းရဲတာမဟုတ်ဘူး။ ဆိုဖိုနှုတ်၊ ခွေဖိုးနှုတ်၊ ဟိုဟာ သည်ဟာကြေးနှုတ်လို့ ပိုတာ ကျန်တာပါလေဆိုပြီး ပြရတာပါ။ လာကြည့်ကြတဲ့လူတွေဘက်ကလည်း ငွေသုံးဆယ်ပေးပြီး ဗီဒီယိုရုံထဲခင်းထားတဲ့ နီးချောဖျာကြမ်းတွေပေါ် တစ်နေကုန်ပန်းသမျှ ခြေဆင်းလဲလူ အနားယူနိုင်တဲ့အပြင် ခြင်ကိုက်တာကလည်းသက်သာတယ် သဘောထားပြီး လာကြည့်ကြတဲ့လူတွေရှိသလို ကိုယ်မကြိုက်တဲ့ဇာတ်ကား ကိုယ်မကြိုက်တဲ့ မင်းသား၊ မင်းသမီးနဲ့တိုးရင်



ရုံထဲ တရေးတမော ဝဝကြီး အိပ်ပြန်ကြတာလည်း ရှိတယ်။ တစ်ခါတစ်လေ ဇာတ်ကားပြီးလို့တောင် မထကြသေးလို့ မနည်းကြီးနှိုးလွှတ်လိုက်ရတာလည်း ညတိုင်းရှိတယ်။ ဒါနဲ့တောင် ကိုရိုးခတစ်ယောက် သည်လောက်သည်းညည်းခံတာများ အံ့သြတယ်ဗျာလို့ပြောလာရင် ကိုရိုးခ ကွမ်းသချိုးတွေနဲ့ မည်းမည်းချိတ်နေတဲ့ သွားတွေပေါ်အောင် ပြုံးပြုံးကြီး လုပ်နေတော့တာပါ။ ချွေးတွေပြန်နေတဲ့ မျက်နှာပြပြဲကြီးကို ပုဆိုးခါးပုံစနဲ့သုတ်ရင်းက ပြောတတ်တယ်။

"ဘယ်နှယ့်လုပ်မလဲ ကိုယ့်ဆရာရဲ့၊ သူတို့က တစ်ယောက်သုံးဆယ်ပေးပြီး ရုံထဲဝင်ကြတဲ့ လူတွေဗျ၊ ကျုပ်ပြတဲ့ ဇာတ်ကားကြည့်ချင်ကြည့်၊ အိပ်ချင်အိပ်၊ သူတို့ သဘောလေဗျာ၊ တစ်ညသုံးဆယ်လာပေးဖော်ရတာကိုပဲ ကျုပ်က ကျေးဇူးတင်နေရတာဗျို့"

ကိုရိုးခ သည်းညည်းခံရတာ ငွေသုံးဆယ် လာလာပေးတတ်တဲ့ ဗီဒီယိုကြည့် ပရိသတ်တွေတင် ဘယ်ကပါ့မလဲ။ သူ့ရုံရှေ့မှာ ဈေးတန်းကြီးခင်းပြီး ရောင်းနေကြတဲ့ဈေးသည်တွေကိုလည်း သည်းခံရသေးတယ်။ သူ့ရုံရှေ့က မီးရောင်အောက် ရောင်းတယ်ရယ်လို့ ဈေးကောက် တစ်ပြားတစ်ချပ်မှ မရတာထား။ ဗီဒီယိုဈေးသည်တွေ အချင်းချင်း နေရာလုကြ၊ စကားများကြ၊ သတ်ကြ၊ ပုတ်ကြတာကိုလည်း ပိုက်ဆံကောက်ရင်းရန်ပွဲရှိ ရှိသလို ထွက်ဖြေရှင်းရတာမျိုးကလည်း နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါပေါ့။ ဈေးသည်တွေကလည်း ရုံပိုင်ရှင် ကိုရိုးခစကားကို နားတော့ထောင်ကြတယ်။ ကိုရိုးခကို လေးစားလို့ ရှိသေလို့ ကျေးဇူးရှင်ရယ်လို့မဟုတ်ပါဘူး။ ကိုရိုးခလောက်တော့ ဈေးသည်တွေက မဆလာနဲ့ဆေးသကြားနဲ့တောင် နယ်ပစ်လိုက်ဦးမယ်။ သူတို့လန့်တာက ကိုရိုးခရဲ့အမေကြီးတော်စိန်ကိုပါ။ ကြီးတော်စိန်က သူ့အိမ်ရှေ့ သူ့သားဗီဒီယိုရုံရှေ့

www.burmeseclassic.com

www.burmeseclassic.com



ဈေးလာရောင်းကြတဲ့ ပြွတ်စပျင်းတောင်း ဈေးသည်တွေကို စိတ်ထဲကြည်သာရင် ကြည်သာသလို၊ မကြည်သာရင် မကြည်သာသလို သူထားချင်ထား၊ နှင်ချင်နှင် လုပ်တတ်တယ်။

သည်တော့ ဈေးသည်တွေခမျာ စည်ပင်သာယာဈေးမဟုတ်လို့ ဈေးကောက်ရယ် ဘာရယ်လို့ ပေးရတာမဟုတ်ပေမယ့် ကြီးတော်စိန် ကျေနပ်ပါစေတော့ရယ်လို့ မျက်နှာလိုအားရ ဦးဦးဖျားဖျား ကျွေးရပေးရတာမျိုးတော့ ရှိတယ်။ ကြီးတော်စိန်ကတော့ ရှင်းတယ်။ သူ့ကို လာဘ်ထိုး ထိုးသလို၊ မထိုး မထိုးသလို ကြည်တစ်ခါ နောက်တစ်လှည့်ဆိုတော့ ဗီဒီယိုရုံရှေ့က ဈေးခင်းကလေးက အတည်တကျရယ်လို့တော့ ပြောမရဘူး။ ကြီးတော်စိန်ရဲ့ သဘောထားအပေါ်မှာ အပြောင်းအလဲရှိတယ်။ အတိုးအဆုတ်ရှိတယ်။ ဒါပေမယ့် ဈေးခင်းကလေးက ညတိုင်ရင် မီးစက်ခုတ်သံတစ်ကျောင်းကျောင်းကြားက လေးဆမီးချောင်းရောင်အောက်မှာ ဈေးဝယ်တွေ အုံးခဲနေတာကလည်း ရုံရှေ့ မြို့တော်သိန်းအောင် ဇာတ်လားကျလို့။ သွားရည်စာအမျိုးမျိုး၊ မုန့်အမျိုးမျိုး၊ လက်လုပ်ချဉ် အမျိုးမျိုး၊ အကြော်အလှော် အမျိုးမျိုး၊ ရောင်းကြတဲ့ ဈေးသည်တွေကလည်း အမျိုးမျိုးပေါ့လေ။

*

ဗီဒီယိုရုံရှေ့ ဝင်ပေါက်ဘေးတစ်ဖက်တစ်ချက် ဈေးခင်းကလေးမှာ ကြာဆံကြော်၊ ခေါက်ဆွဲကြော်ရောင်းတဲ့ မလှစီရယ်၊ ပေါ်ပင်ရာသီ အသီးအနှံကလေးတွေ ခွဲကာ စိတ်ကာ လှီးချွတ်ရောင်းတဲ့ မသန်းရယ်၊ စိန်ဖေကြီးတို့ ဆနွင်းမကင်းတို့ရောင်းတဲ့ မတိုးရယ်ကတော့ ကြီးတော်စိန် အကြိုက်တင်မကဘူး အလိုက်ပါသိတဲ့ ပင်တိုင်လက်ယောင်းဈေးသည်တွေပေါ့။



မလှစီက ဗီဒီယိုရုံရှေ့ ဝင်းပေါက်ထရံကို ကျောကပ်ပြီး ဒူးခေါင်းလောက်မြင့်တဲ့ ခုံကလေးနဲ့ ဈေးဗန်းကြီးတင်ပြီး သပ်သပ်ရပ်ရပ် ရောင်းတတ်တယ်။ ကြာဆန်ကြော်တစ်ခြမ်း၊ ခေါက်ဆွဲကြော်တစ်ခြမ်း၊ ဇလုံကြီးက အပြည့်အမောက်ထည့်လာတာပေမယ့် ဗီဒီယိုဇာတ်ကားပြီးရင် အဲဒီ ဇလုံကြီးတစ်လုံးလုံး မှောက်ကျသလို တက်တက်ပြောင်သွားတော့တာပဲ။ ကုန်လို့သာကုန်တာ၊ လက်ရာကောင်းလို့၊ အရသာရှိလို့၊ အဆာပလာများလို့ မဟုတ်ဘူး။ အသားငါးရယ်လို့ အနံ့ကလေးတောင် မပါတဲ့အပြင် မုန်လာထုပ်ခပ်ထူထူနိုင်းချင်း၊ ကြာညို့နိုင်းချင်း၊ ဆီမပါ ပြားမပါ ကြော်ထားသလိုမျိုး။ ဒါပေမယ့် တစ်ပွဲမှ ငါးဆယ်ဆိုတော့ အယုတ်အလတ် အမြတ်မရွေး စားနိုင်ကြတယ်။ ဝယ်စားသူတွေ ရှေ့လာထိုင်ရင် မလှစီက သူ့ဒန်ပြားခွက်ကလေးထဲ လက်တွင်းတစ်ဆုပ် ဖြန့်ပုံပေးလိုက်ရုံပဲ။ ခုံအလယ်မှာချထားတဲ့ မန်ကျည်းနှစ်နဲ့ ငရုပ်ဆီရဲရဲစပ်စပ် အချဉ်ရည်ကတော့ ကြိုက်သလောက် ခပ်ဆမ်းထဲကပေါ့။ ရပ်ကွက်ကလေးထဲက တချို့အိမ်တွေများဆို ညစာရယ်လို့ ဟင်းချက်နေတာမှုတ်ဘူး။ ထမင်းတစ်လုံးလောက်တည်ထားတာ။ ညစာ ထမင်းစားတာနဲ့ ထမင်းဇလုံခူးလာပြီး မလှစီရဲ့ ကြာဆံကြော်ဆိုင် ခွထိုင်ကြတော့တာပဲ။ ကြာဆံကြော် ငါးဆယ်ဖိုး ထမင်းပေါ်ဖြန့်ခင်း အပေါ်ကမှ အချဉ်ရည်တွေ စိတ်ကြိုက်ဆမ်းချလိုက်ပြီး ပလုတ်ပလောင်း စားလိုက်ကြတာများ အားရစရာပါ။ တန်ပါ့ ငါးဆယ်ဖိုး။ ဟင်းချိုကလေးတောင် အဆစ်ပါလိုက်သေး။ ဟင်းချက်စရာမကုန်၊ ထင်းမကုန်၊ ဆီမကုန်၊ ပြားမကုန်၊ ဗိုက်ဝဖို့သာ ပဓာန။

"ငါတို့တော့ ညစားချက်နေနိုင်ပေါင်အေ၊ မနက်ကကျန်တဲ့ အိုးတစ်ခြမ်းစာ ထမင်းခြမ်းခဲ သားအမိတစ်တွေ ဝေမျှပြီး ငွေငါးဆယ်ကိုင် လှစီဆီ သွားစားလိုက်တာပဲ၊ မြိန်ချက်တော်"

www.burmeseclassic.com

www.burmeseclassic.com



သည်လို မီသားစုတွေများလေ မလှစီကလည်း ကိုက်လေပဲ။ သနပ်ခါးပိန်းကြမ်းကြီးနဲ့ မလှစီက သဘောလည်းကောင်းတာ ပါပါတယ်။ ဘေးက မီးသွေးဖိုပေါ်တင်ထားတဲ့ ဟင်းချိုအိုးကြီးကလည်း တဗွမ်းဗွမ်းနဲ့ အမြဲတမ်း အငွေ့တစ်ထောင်းထောင်း။ ထမင်းစားပြီး ဟင်းချိုတွေ ဖလူးဖလဲသောက်လိုက်ရင် ဗိုက်တင်းသွားတော့တာဆိုတော့ ဈေးဖိုး ထင်းဖိုးနဲ့ တွက်လိုက်ရင် မလှစီဆီ ဝယ်စားတာက ဖယားကိုက်တယ်ဖြစ်ကြရော။

မသန်းကတော့ ရာသီအလိုက် ပေါ်လာတတ်တဲ့ နာနတ်သီး၊ ဖရဲသီး၊ သရက်သီး စတဲ့ အသီးအနှံကလေးတွေ ခြင်းကြားတောင်းကြီး တစ်တောင်းထဲထည့်ရွက်ပြီး လာရုံပဲ။ ရုံရှေ့ရောက်မှ လှီးတန်တာလှီး၊ ချွတ်တန်တာချွတ်၊ ဆေးစရာရှိတာဆေးပြီး ခုံပေါ်တင် ရောင်းလိုက်တာပါ။ သူ့အသီးတွေက ကောင်းကောင်းကန်းကန်း လတ်လတ်ဆတ်ဆတ်တော့ မဟုတ်ဘူး။ သစ်သီးဈေးကတည်းက အရည်ထွက်ချင်နေတဲ့ အနာသီးမျိုးဆိုတော့ ခေါင်းပေါ်တင်ရွက်လာတဲ့ မသန်း ပခုံးပေါ်မှာတင် အရည်တွေ စီးကျနေလိုက်တာ အစေးများတောင် ပေါက်လို့။ နာနတ်သီးကို ခေါင်းလှီး ဖင်ဖြတ်ပြီးရင် အနာတွေ အပုတ်တွေ ဓားထက်ထက်နဲ့ သန့်ထုတ်လိုက်ရင်ပဲ နာနတ်သီးပုံ မပေါ်ချင်တော့ဘူး။ သူ့နာနတ်သီးတုံးတွေက မြင်ရိုးမြင်စဉ် မဟုတ်ဘူး။ အလျားလိုက်လည်းပါတယ်၊ အဝိုင်းလည်း ပါတယ်၊ စမူဆာတုံးပုံးလည်း ပါတယ်၊ ဘာပုံရယ်လို့ ပြောဖို့ခက်တာလည်းပါတယ်။ သူကတော့ တစ်စိတ် ငါးကျပ် ကြိုက်တာယူပဲ။ ပုံစံသာမတူတာ အလေးချိန်ကတော့တူတယ်။ လက်ဆလည်း ကောင်းတယ်။ မြို့ထဲမှာ နာနတ်သီး တစ်စိတ် ငါးဆယ် တစ်ရာဖြစ်နေချိန်မှာ မသန်းက တစ်တုံး ငါးကျပ်ရောင်းနိုင်နေတာကလည်း သူ့ကုန်မို့ကိုး။ ငါးကျပ်ထက် ကျော်လို့လည်းမဖြစ်ဘူး။



ကိုရီးခ ဗီဒီယိုရုံခ ပိုတောင်းလို့မရသလိုပဲ။ ပိုရောင်းရင် လှွင်ပစ်ရုံရှိမယ်ဆိုတာ မသန်းကလည်း သိတယ်။

စိန်ဖေကြီးတို့ ဆန္ဒင်းမကင်းတို့ရောင်းတဲ့ မတိုးကတော့ မနက်ကတည်းက ဗန်းလိုက် ဖောက်သည်ယူရောင်းတဲ့မုန့်၊ တစ်နေ့ကုန်ရောင်းလို့မကုန်တဲ့ ကျန်ကောင်းကျန်ရာကလေး လာချရောင်းတာမျိုးပါ။ မနက်ပိုင်းဗန်းလိုက်ယူလာကာစက တစ်တုံး ငါးဆယ်တန်ပေမယ့် တစ်နေကုန်ရောင်းလို့မကုန်ရင် မုန့်တွေက ပဲ့ရွဲ့ကုန်တာရော၊ မုန့်မကုန်ရင် အရင်းထဲကပါမှာဆိုးတာရောဆိုတော့ တစ်တုံးနှစ်ဆယ် အစိတ်နဲ့ လျှော့ရောင်းရတယ်။ အတုံးလိုက်လို့ပေါ့။ သည်လိုဈေးချရောင်းတော့ တော်ရုံတန်ရုံကလေးတွေ ဝယ်စားနိုင်ကြရော။ ကလေးတွေဆိုတာ ချိုတာမက်ကြတော့ ကောင်းသည်ဆိုးသည် သိပ်ပြီး ခွဲခြားနေတာ မဟုတ်ဘူးလေ။ မတိုးက ဆနွင်းမကင်းဗန်းထဲက မုန့်တုံးတွေ ကုန်ပြီဆိုရင် ဗီဒီယိုရုံထဲ တအောင့်ဝင်ကြည့်လိုက်သေးတာပါ။ ဇာတ်ကား သုံးချိုးနှစ်ချိုးကျော်ရင် ပိုက်ဆံမပေးရတော့ အလကားကြည့်တာပဲ။

တခြားဈေးသည်ကလေးတွေကတော့ တစ်နေ့ကုန် လုပ်ရောင်းလို့မကုန်တဲ့ ပြောင်းဖူးပြုတ် တောင်းကလေး လာချရောင်းတာမျိုး၊ ဆီးပဲလှော်ကလေးတွေ မြေကြီးပေါ်တင် အဝတ်ထုတ်ဖြေချ နို့ဆီဘူးပေါ် ကြိုက်သလောက်တင် တစ်ဘူးတစ်ဆယ်နဲ့ ရောင်းတာမျိုး၊ အနယ်နယ် အရပ်ရပ် ရွာရိုးကို ပေါက်လှည့်လာပြီး ဘယ်လိုမှ မကုန်နိုင်တဲ့ ဝက်သားတုတ်ထိုးတွန်းလှည်းကြီးကလည်း ဘက်ထရီ မီးသီးနီကျင်ကျင်ကလေးနဲ့ မှောင်ရိပ်ခိုရောင်းတာမျိုး။

သည်လို ပျံကျဈေးသည်တွေ အလယ်မှာမှ ဗီဒီယိုရုံပေါက်ဝ[illegible]ကပ်စားပွဲကြီးတစ်လုံး ခန့်ခန့်ညားညား ခင်းရောင်းတဲ့ [illegible]ရီးခရဲ့တူမ

www.burmeseclassic.com

www.burmeseclassic.com



စိုးစိုးရဲ့မုန့်စုံဆိုင်က အလုပ်အဖြစ်ဆုံး။ ရုံပိုင်တူမအရင်းဆိုတော့ သူများထက် အခွင့်အရေးရတာကိုး။ ရုံပေါက်ဝရပ်ပြီး ပိုက်ဆံကောက်ယိုက်၊ ဝယ်သူ ရှိတော့ မုန့်လှည့်ရောင်းလိုက်နဲ့။ သူ့စားပွဲပေါ် ခမ်းခမ်းနားနားတင်ထား တဲ့ သွားရည်စာမုန့်မျိုးစုံတွေကလည်း ငါးကျပ် တစ်ဆယ်တန်ကနေ တစ်ရာတန် နှစ်ရာကာန်အထိ ရှိတယ်၊ ငါးကျပ်တစ်ဆယ်တန်ကတော့ ကလေးတိုင်းစားနိုင်လို့ အရောင်းသွက်တယ်။ တစ်ရာတန်၊ နှစ်ရာတန်က တော့ ဝယ်စားနိုင်တဲ့ ကလေးလူကြီး ခပ်ရှားရှားပါ။ ဆိုင်ခန့်အောင် မုန့် တင်ထားတာပေမယ့် မရောင်းရတာကြာလာရင် စိုးစိုး သူ့မုန့်တွေ သူ ဖြုတ်ယူစားလိုက်တာပါပဲ။ ကိုယ်စားရတာ အမြတ်လို့ တွက်တယ်ထင် ပါရဲ့။

*

"ကြီးတော်စိန် နေကောင်းလား၊ ဟောဒီမှာ ကြီးတော်အတွက် တို့ဟူး သုပ် ပူပူနွေးနွေးကလေး သုတ်လာတာ စားပါဦး"

တာရိုးထိပ်ကုန်းဆင်းမှာ အကျထိုင်ရောင်းနေတဲ့ တို့ဟူးသုပ်သည် မကြည်က ကျကျနနသုပ်ထားတဲ့ တို့ဟူးသုပ်တွေကို ရှေးခေတ်တိုက်ပန်း ကန်ပြားကြီးနဲ့ တစ်ချပ်သုပ်ပြီး ကြီးတော်စိန် စားဖို့ဆိုပြီး လာပို့တယ်။ ကြီးတော်စိန်ကလည်း ကျွန်မ တို့ဟူးသုပ်ကလေး စားစမ်းပါလုပ်တာနဲ့ ဇွန်းကလေးနဲ့ အသာကော်ပြီး မစားချင်တာ လာပေးရော့မယ်ဆိုတဲ့ အထင် စီးပုံနဲ့ စားကြည့်ရသေးတယ်။

"အင်း... ကောင်းသားအေ့၊ ဆီကလေးအိအိနဲ့ အဆာပလာစုံသားပဲ ညည်းက တစ်ပွဲဘယ်လောက် ရောင်းတာတုန်း"

"ရောင်းတမ်းကတော့ ကြီးတော်ရယ်၊ အများဈေး တစ်ပွဲငါးဆယ်



ဘစ်ရာပေါ့၊ ဒီဟာက ကြီးတော်စားဖို့ ကျွန်မ ကုသိုလ်လုပ်တာပါ၊ ဒပါယ်ရှယ်ကို သုပ်လာတာ"

တို့ဟူးပန်းကန်တောင် တစ်ဝက်မကျိုးသေးဘူး၊ မကြည်က နောက်ည တွေကစပြီး ဗီဒီယိုရုံရှေ့ ဈေးလာရောင်းပါရစေ စကားထည့်ကရော့။ ကြီးတော်စိန်ကလည်း လျှာထဲစိမ့်ဝင်သွားတဲ့ တို့ဟူးမျက်နှာနဲ့ ချက်ချင်း ခွင့်ပြုလိုက်တယ်။ အခန့်သင့်ရင် သင့်သလို တို့ဟူးသုပ်လေး စားရတော့ မှာကိုး။

"ရောင်းပါ့အေ့...မလှူတတ် ဈေးရောင်းတဲ့စကား ရှိသားပဲ၊ နေရာ တော့ ကြည့်ကျက်ရှာပေါ့အေ၊ ငါ့ရုံရှေ့လည်း ဈေးသည်တွေက ဈေးချို သောက်ဖြစ်နေပြီ"

နောက်ညကစပြီး ကြီးတော်စိန်အတွက် တို့ဟူး တစ်ပန်းကန်က တော့ စေတနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ပူပူနွေးနွေး ရောက်လာ တော့တာပါပဲ။ အဲသလို ကြီးတော်စိန်ရဲ့ ခွင့်ပြုချက်လက်မှတ်နဲ့ လာရောင်း ရတဲ့ ဈေးသည်တွေ ဗီဒီယိုရုံရှေ့မှာ ပွဲကြည့်မယ့်လူတွေ ဝင်လို့မရအောင် ကို အုံခဲနေပြီ။

မလှစိန်နဲ့ မသန်းနဲ့ကလည်း ဈေးသည်တစ်ယောက်တိုးတာ သူတို့ အထဲ ဖဲ့ပေးရပုံနဲ့ မျက်စောင်းတစ်ချိတ်ချိတ်။ မကြည်ရောက်လာတော့ မလှစီ ရောင်းအားကျသွားတာပေါ့။ ထမင်း တစ်ဇလုံခူးလာတဲ့ လူတချို့ က မကြည် တို့ဟူးသုပ်ဆိုင်ဘက် ရောက်ကုန်တာကိုး။ မတိုးရဲ့ စိန်ဖေ ကြီး မုန့်ဗန်းကတော့ ရုံရှေ့ချခွင့် မရတော့ဘူး။ မတိုး ဗန်းချမယ့်နေရာ ကို မကြည်က ဘာမပြော ညာမပြောနဲ့ ခုံချ ခင်းလိုက်တာကိုး။ မတိုး တော်ဆက်နေကျ စိန်ဖေကြီး အေးစက်စက်တစ်တုံးထက်စာရင် မကြည် တို့ဟူးသုပ်က ကြီးတော်စိန်အတွက် ပိုပြီး အရာရောက်တာပါသလို၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း အပေါက်အလမ်းမတည့်ချင်တဲ့ ဟောင်ဖွာဖွာ မတိုးကို ကြီးတော်စိန် ကြည့်မရတော့တာလည်း ပါတယ်။ မသန်းလည်း ခပ်ဝေးဝေးကို နေရာ ရွှေ့သွားပြီ။ အပြစ်က ပွဲပြီးတာနဲ့ အမိုက်မလှဲခဲ့လို့တဲ့။ ကြီးတော်စိန်က ရုံရှေ့တည့်တည့် ဈေးမရောင်းရလို့ အမိန့်ချလိုက်တယ်။ လွတ်သွားတဲ့ မသန်းနေရာကို မုန့်ဆီးမ မိချစ်က ကြံပန်းခိုင် လာရောင်းတယ်။ ကြံပန်းခိုင်းကလည်း ချိုလိုက်တာ နှစ်လို့။ ကြံသေးသေးလေးတွေ အကွင်းလိုက် လှီးပြီး သကြားဆီဖျော်ထည့်ထားတဲ့ ရေဇလုံထဲနှစ်ပြီး တုတ်ချောင်းကလေးတွေ စိုက်ချလိုက်တဲ့ ကြံပန်းခိုင်ဆိုတော့ မချိုခံနိုင်ရိုးလား။ တစ်ခိုင် တစ်ဆယ်။ လက်မလည်ဘူး။

သရက်သီးစိမ်း ကြွပ်ကြွပ်တွေကို အနေတော်ခုတ်ထစ်ပြီး ငရုပ်သီးမှုန့်နိုင်းချင်း အရောင်တင်နိုင်းချင်း ပနော်ထားတဲ့ မအေးရဲ့ သရက်ကင်ဇလုံကြီးကလည်း ရုံဝင်ရုံထွက် ထွက်ခလုတ် ဝင်ခလုတ်ဖြစ်နေတော့ ကြီးတော်စိန်က နောက်နည်းနည်းဆုတ်ရောင်းဖို့ ပြောတယ်။ မအေးကလည်း ကြီးတော်စိန်ကို လက်ဆောင်ဆက်ဖို့ ပျက်ကွက်သူတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သွားရယ်လို့ ကောင်းကောင်းကန်းကန်း မရှိတော့တဲ့ ကြီးတော်စိန်အဖို့ရာက မအေးရဲ့ သရက်သီးစိမ်းက မက်စရာမရှိသလို ဖြစ်နေတယ်။ သည်တော့ ကြီးတော်စိန်က မအေး နောက်ဆုတ်၊ ငှက်ပျောထုပ်သည် မိလှ ရှေ့တိုး လုပ်ကရော။ မိလှ ရှေ့တိုးလာတော့ မိချစ်က သူ့ကြံပန်းခိုင်ဆိုင်ကို ကွယ်တယ်ဖြစ်ကရော။ ဖြစ်တော့ ကြီးတော်စိန်သား ရုံပိုင်ရှင် ကိုရိုးခကို ခါးတို့တိုင်တယ်။

"ကိုကြီးရိုးရယ် ကျုပ်က မုန့်ဆီးမပါတော်၊ ကလေးသုံးယောက်နဲ့ပါ၊ ကျုပ်မှ ဒီကြံပန်းခိုင်ကလေး ရောင်းစားရတာ ခုတော့ မိလှက ရှေ့ကကွယ်ရောင်းနေတော့ ကျုပ်ဆိုင် လူမမြင်တော့ဘူး၊ မိလှကို နောက်နားနည်းနည်းဆုတ်ဖို့ ပြောပေးပါဦး"



ကိုရိုးခကတော့ မိလှကို နောက်ဆုတ်ဖို့ထက် နှစ်ယောက်အတူယှဉ်ပြီး သာတူညီမျှ ပခုံးချင်းညိုရောင်းကြဖို့ ပြောတယ်။ နှစ်ယောက်စလုံးကို ရှေ့လည်းမတက်နဲ့၊ နောက်လည်းမဆုတ်နဲ့ သည်အတိုင်း ဗန်းချင်းထိ ရောင်းကြဆိုတဲ့ သဘောပေါ့။ အဲသလို ဗန်းချင်းထိရောင်းရာကနေ လူချင်းထိကြပြီး ဘာမပြော ညာမပြော သတ်ကြ ပုတ်ကြတော့တာပဲ။ မိချစ်က ကြံပန်းခိုင်တုတ်နဲ့ ထိုးလိုက်တာ မိလှ မျက်စပြဲသွားတယ်။ မိလှကလည်း ဘယ်ခံလိမ့်မလဲ။ ငှက်ပျောထုပ်ထည့်ရောင်းတဲ့ သံလင်ပန်းနဲ့ စောင်းခုတ်ချလိုက်တာ မိချစ် နဖူးစပ်ကွဲကရော။ လက်ထဲက ပစ္စည်းတွေကုန်တော့ လူချင်း ထလုံးကြတယ်။ မိချစ်နဲ့ မိလှ နှစ်ယောက်လုံးကြီးကို ဗီဒီယို ပရိသတ်က အပြင်ကမှ ဇာတ်ကြမ်းကားကွဆိုပြီး တခဲနက် ထွက်ကြည့်ကြတယ်။

ကိုရိုးခကတော့ တတ်နိုင်သလောက် နင်တော်၊ နင်တန်နဲ့ ဝင်ဖျင်ရှာပါသေးတယ်။ သူတောင် လက်သည်းတစ်ချက် အကုတ်ခံလိုက်ရသေးတယ်။ အနားက သဲလှေလိုက်ကြတဲ့ ယောကျ်ား အားကောင်းမောင်းသန်တွေ ဝင်ဖျင်တာတောင် မရပါဘူး။ မိချစ်က မိလှဆံပင်ကို တစ်ပတ်ရစ်ပြီး အားကုန်ဆွဲထားတယ်။ မိလှကလည်း သူမိလိုက်ရာ မိချစ်ပေါင်ကို သွားနဲ့ခဲထားတာ မလွှတ်ဘူး။ အနားက မီးသတ်ရေအိုးထဲကရေနဲ့ပက်ပြီး ဖျင်တာတောင် လုလုံးမကွဲဘူး။ နောက်တော့ ကွက်စိတ်မျှုးသွားခေါ်ပြီး ဖင်ယူရတဲ့အထိ ရန်ပွဲက ကြီးကျယ်သွားတော့တာကလား။ မိလှလည်း ဓက်လှည့်လို့မရဘူး။ မိချစ်ပေါင်လည်း သွေးတွေနဲ့။ ကြံပန်းခိုင်တွေ ငှက်ပျောထုပ်တွေရော ရစရာမရှိဘူး။ ဆန်ကွဲ ကြဲကုန်ပြီ။

အဲသည်နေ့က ဗီဒီယိုရုံရှေ့မှာ လူတွေဆိုတာ မနည်းဘူး။ ကျောက်လမ်းပေါ် လူတောင် သွားမဖြစ်တဲ့အထိ။ ဗီဒီယိုရုံထဲမှာလည်း ဇာတ်လမ်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



က လွမ်းခန်းဆိုပေမယ့် ခံစားမယ့်သူမရှိဘူး။ မိချစ်နဲ့ မိလှကို ရပ်ကွက်လူကြီးတွေက ကုတ်ကကိုင်ပြီး ဆွဲခေါ်သွားတော့ ဇာတ်ကားလည်းပြီးရော။ ဘာမှန်းလည်း မသိလိုက်ကြဘူး။ ကြည့်လည်း ဇာတ်ကားထဲ စိတ်ရောက်ကြတဲ့လူတွေမှ မဟုတ်တာ။ ကိုရိုးခလည်း သူ့လေးပေမီးချောင်းကြီး ပိတ်လိုက်ပြီ။ ကြီးတော်စိန်တောင် တစ်ရေးနိုး ရန်ပွဲထကြည့်လိုက်သေးရဲ့။

"ရုပ်ရှင်ထက် ကောင်းသေးကွာ"

လှေသမား၊ မော်တော်သမားတွေ မြစ်ဆိပ်ဆင်းကြရင်း အော်သွားကြတာပါ။

*

မကြာပါဘူး။ မိချစ်ရော မိလှရော ဗီဒီယိုရုံကလေးရှေ့မှာ ဈေးပြန်ရောင်းနေကြပါပြီ။ ကြံပန်းခိုင်တစ်ခိုင် တစ်ဆယ်။ ငှက်ပျောက်ထုပ်တစ်ထုပ် တစ်ဆယ်။ ကြိုက်ရာဝယ်စားပေါ့။

မလှစီနဲ့ မကြည်ကလည်း အပြိုင်ပါပဲ။ ကြာဆန်ကြော်တစ်ပွဲ ငါးဆယ်။ တို့ဟူးသုပ်တစ်ပွဲကလည်း ငါးဆယ်။ မသန်းရဲ့ နာနတ်သီးစိပ်ကတော့ တစ်စိပ်ကို ငါးကျပ်က တက်လို့မရဘူး။ မတိုးကလည်း စိန်ဖေကြီးတစ်တုံး နှစ်ဆယ် အစိတ်။

ကျောက်လမ်းကလေးပေါ်မှာ လူတွေကတော့ ညတစ်ဝက်စာကို ဖြုန်းလိုက်မယ့်ဆိုတဲ့စိတ်နဲ့ သွားကြလာကြ။ ဗီဒီယိုရုံပေါက်က လေးပေမီးချောင်းရောင်အောက်မှာ လူတွေ ကြိတ်ကြိတ်တိုးနေမြဲ၊ ပိုးကောင်တွေ တစ်ဒီးဒီးကျနေတဲ့ကြားက ဗီဒီယိုရုံရှေ့ ဈေးခင်းကလေးကတော့ သူ့မိတ်ကိုယ့်မိတ် ရောင်းအားကောင်းနေတုန်း။

ဗီဒီယိုရုံဝင်ခ သုံးဆယ်ကလည်း မကိုက်ဘူးဆိုတဲ့ကြားက ဈေးမတက်



ဘူး။ ရုံပေါက်ဈေးတန်းက ဈေးသည်ကလေးတွေကလည်း ငါးကျပ်တစ်ဆယ်လောက်နဲ့ သူတို့ဟာသူတို့တော့ ရောင်းနေကြတာပါပဲ။ ကြီးတော်စိန်ကို ပွဲတော်ဆက်နိုင်လို့ကတော့ လာရောင်းလှည့်ပါပဲ။ ဈေးသည်တွေ သာများလာတာပါ မရောင်းရမရှိပါဘူး။ အချိန်တန်တော့ သူ့ဟာသူတော့ ဟုတ်သွားကြတာပါပဲ။ ပိုက်ဆံတွေ အများကြီးရင်းပြီး ရုံထောင်ထားတဲ့ ကိုရိုးခသာ ချွေးတစ်လုံးလုံးနဲ့။


မြို့ကြီးရဲ့ အပိုင်းကလေးတစ်ပိုင်း အပဲ့ကလေးတစ်ပဲ့စာလောက်ရှိတဲ့ သည်ရပ်ကွက်ကလေးက လူတွေကတော့ အပန်းဖြေချင်ရင် ဈေးနှုန်းချိုချိုသာသာနဲ့ ဖြစ်သလိုကလေးစားချင်ရင် ကျောက်လမ်းကလေးပေါ်လာလိုက်ကြရုံပဲ။

**ခင်ခင်ထူး**

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂလိပ်စကားပြော အီဒီယံ
## ENGLISH IDIOMS DRILLS
### ဆန်းလင်းထွန်း




- အင်္ဂလိပ် ဘာသာပြောစကားကို အီဒီယံဖြင့် အဆင့်မြင့်မြင့် ပြောဆိုလိုသူများ အတွက် လမ်းညွှန်စာအုပ်ကောင်း

- အပြန်အလှန်ပြောစကားများ အဓိပ္ပာယ်ဖွင့်ဆိုချက်များ အစားထိုးသွင်းနှုတ်တိုက် လိုက်ဆိုစရာများနှင့် ဖတ်ရှုရန်ဝတ္ထုတိုများ ပါဝင်သည်

စာမူခွင့်ပြုချက်အမှတ် ၄၀၁၁ ၂၉၀၀၈

## အလိုအပ်ဆုံး အင်္ဂလိပ်အီဒီယံ
## ESSENTIAL IDIOMS IN ENGLISH
### ဆန်းလင်းထွန်း




- အင်္ဂလိပ် အီဒီယံကို စတင်လေ့လာလိုသူများအတွက်အခြေခံမှစ၍ အဆင့်မြင့်အထိ တိကျနိုင်မှုဖြင့် ရှင်းလင်းထားသောစာအုပ်

- အင်္ဂလိပ်စာ အရေးအသားနှင့် ပြောစကားတို့ ပိုမိုပြည့်စုံနှင့် တန်ဆာဆင် ရေးနိုင် ပြောနိုင်ရန်အတွက် အကောင်းဆုံး ဖော်ပြ လမ်းညွှန်စာအုပ်

စာမူခွင့်ပြုချက်အမှတ် ၃၀၁ ၂၉၀၀၆၁၀

www.burmeseclassic.com